# မောဇနှင်း

ပုတီးကုန်း

## လိပ်ပြာလှမှကျွန်မချစ်သူ

# သက်ရိုဝေး

## အသက်ကိုပါပိုင်ကာစိုးလှည့်

ပန်းချီ ဝဏ္ဏဟန်






| | | |
|---|---|---|
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် |
| | – | ၁၉၉၅၊ ဖေဖော်ဝါရီ မတ်လ |
| စာအုပ်ချုပ် | – | ပပစိုး |
| အုပ်ရေ | – | ၁၀၀၀ |
| မျက်နှာဖုံးပန်းချီ | – | ဝဏ္ဏဟာန် |
| စာမူခွင့်ပြုချက် | – | ၉၆၀/၉၄ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၃၉/၉၅ (၁) |
| တန်ဖိုး | – | ၃၀ ကျပ် |




မောင်စိန်ဝင်း (ပုတီးကုန်း)


လိပ်ပြာလှမှ ကျွန်မချစ်သူ

# သက်ပိုင်စိုး

အသက်ကိုပါ ပိုင်ကာစိုးလှည့်



ထုတ်ဝေသူ

ဦးရန်အောင် (မြဲ - ၀၂၇၀

ရန်အောင်စာပေဖြန့်ချိရေး

တိုက် ၃၄၃၊ အခန်း (၁၈)

အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးကြည် (မြဲ - ၀၂၄၀၉)

ပညာ့ဗိမာန်ပုံနှိပ်တိုက်

အမှတ် ၄၁၊ ၄၄ လမ်း၊ ရန်ကုန်မြို့တွင်

င်အတွင်းစာသားများကို

ည်။



ပိတောက်-စာပေ

အမှတ်(၂၈)ဘုရင့်နောင်လမ်း

၃/ရပ်ကွက်၊လှိုင်

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု

မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာ အာဏာတည်တံ့

ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ

ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

ပဓာနကျသော တာဝန်ဖြစ်သည်

## မောင်စိန်ဝင်း (ပုတီးကုန်း)

# လိပ်ပြာလှမှ ကျွန်မချစ်သူ

ရုံးဆင်းတော့ ကြုမ္ဘာ ရှေ့မှာ ရပ်စောင့် နေသည့် မောင့်ကို လှမ်းမြင်သည်။ လွယ်အိတ်တစ်လုံးကို လွယ်ရင်း ရှေ့တူရှုကို လှမ်းငေး တွေကြည့် နေသော မောင်က ကျွန်မကို မမြင်သေး။ မောင့်ကို ကြည့်ရသည်မှာ ပင်ပန်း နွမ်းနယ်နေဟန် ရှိသည်။ ဆီမလူး သဖြင့် ဖွေ့စား သွေ့ ရော်နေသော ဆံစတို့ ရှေ့မှာ ခပ်ဖွားဖွား ကျနေသည်။

ရှပ်အင်္ကျီ အဖြူ လက်ရှည်ကို လက်ခေါက်လျက် ဝတ် ထားသော်လည်း အဖြူရောင်က မလွင်။ ကချင်လုံချည် သည်လည်း နွမ်းပြီဟု သိလျက် မောင့်ကို အဝတ် အစား ဝယ်ပေးရန် သတိရရင်း လမ်းကို ဖြတ်ကူးလိုက်သည်။

ကား မှတ်တိုင်နှင့် မလှမ်း မကမ်း ဓာတ်ရပင် ရိပ်မှာ ရပ်စောင့်နေသည့် မောင့်ဆီ လျှောက်၏။ မလှမ်း မကမ်း ရောက်တော့ မောင် တွေ့သွားသည်။ မောင်က ရပ်နေ ရာမှ ကျွန်မဆီ လျှောက်လာ၏။

"မောင် အလုပ်များနေလားလို့ လာမကြိုတော့ဘူး ထင်တာ"

လှမ်းကြည့် ပြုံးပြရင်း ကျွန်မ စကားစသည်။ မောင်က ပြုံးပြလိုက်သော်လည်း အပြုံးကမလတ်ဆတ်။ မောင့် မျက်နှာကို လန်းဆန်း လတ်ဆတ်သွားအောင် မောင့် အပြုံးက မဖန်တီးနိုင်။

"မောင် ဘာဖြစ်နေလဲဟင်"

မောင့် မျက်နှာကို စူးစိုက် ကြည့်ရင်း ကျွန်မ မေးသည်။

"ဘာမှ မဖြစ်ပါဘူး"

"မဟုတ်ဘူး မောင့် မျက်နှာလဲမကောင်းဘူး"

"အလုပ် ပင်ပန်းလို့ ဖြစ်မှာပါ"

သက်ပြင်း ငွေ့ငွေ့ကို ကျွန်မ ချမိသွားတာ ဘာသာ သတိမထားဖြစ်။ မောင် အလုပ်ပင်ပန်းလွန်းတယ် ဆိုတာ ကျွန်မ နားလည်ထားသည်ပဲ့။ နှစ်ယောက် သုံးယောက် လုပ်ရမည့် ကိစ္စများကို မောင် တစ်ယောက်တည်း ဒိုင်ခံ လုပ်နေရသည်ပဲ။

"အခုလေးပဲ မျက်နှာဖုံး ပန်းချီအပ်ပြီး ပြန်လာတာ၊ ပန်းချီ ဆရာ မတွေ့လို့ သုံးခေါက်တောင် သွားရတယ်၊ အဲဒီကနေ ဒီကို လှည့်ဝင်လာတာ"

အတူ ယှဉ်လျှောက်နေရင်း မောင် ပြောသည်။



"လက်တို လက်တောင်း ကူလုပ်ဖို့တစ်ယောက်လောက် ငှားပါလား မောင်ရာ"

မောင်က ပြုံးသည်။

"လူ ငှားနိုင်တဲ့အဆင့် မဟုတ်သေးပါဘူး.... ခင်မိုးရာ၊ ရှိုး သမျှ အရှုံး လေး ကာမိအောင် မောင် တစ်ယောက် တည်းပဲ အပင်ပန်း ခံရမယ့် ကာလပဲဟာ"

"မောင် အရမ်း ပင်ပန်းနေလို့ပါ"

"အစ ဒီလိုပါပဲ....လာ လက်ဖက်ရည်ဆိုင်ခဏ ဝင်ရအောင်"

ပလက်ဖောင်းမှ ညာဘက်ကို ချိုးကွေ့လိုက်သည်။

သူတို့ ထိုင်နေကျ လက်ဖက်ရည် ဆိုင်ကလေးကို လှမ်းမြင်ရ၏။ ဆိုင်ရှေ့မှာ လမ်းသွား လမ်းလာတို့ဖြင့် ပျားပန်း ခပ်နေ့ကြသော်ငြား ဆိုင်ထဲမှာကား လူရှင်းသည်။

ဆိုင်အဝင်မှာ မောင်က ကျွန်မလက်ဖျားကလေးကို တယုတယ ဆုပ်ကိုင်လိုက်၏။

ရင်ထဲမှာ နွေးထွေးလျက် ကြည်နူးမှုတို့ဖြင့် ရိုက်ခတ် ဆူဝေသွားပြန်သည်။

* * *

"ခင်မိုး"

မောင်သည် ကျွန်မ မျက်နှာကို စူးစိုက် ကြည့်ရင်း ခေါ်လိုက်၏။ ပြီးတော့ စကားကိုမဆက်သေးဘဲ သက်ပြင်း ငွေ့ငွေ့ကို ချသည်။

"ပြောလေ....မောင်"

ရှေ့မှာ လာချပေးထားသည့် လက်ဖက်ရည် ခွက် မှ ထွက်နေသော အငွေ့ကို ကြည့်ရာမှ မောင့် မျက်နှာကို မော့ကြည့်ရင်း ကျွန်မပြောသည်။

"စိတ်မကောင်းတော့ မဖြစ်နဲ့ခင်မိုး"

"ဘာလဲ....မောင်ကလဲ"

"ဒီနေ့ ခင်မိုးစာအုပ်တွေ ရန်ကုန်မှာပြန်သိမ်း တယ်"

"အင်း...."

"မရောင်းရဘူး ခင်မိုးရာ"

မောင့်အသံက စိတ်ပျက် အားလျော့သံ မဟုတ်သော် လည်း စိတ်မကောင်းသည့် လေသံဟု ကျွန်မ နားလည် လိုက်ပါသည်။

"ဘယ်နှလောက် ရောင်းရလဲဟင်"

မောင်က မျက်ခုံးကိုတွန့်၍ စဉ်းစားဟန်ပြု၏။



"နယ်ရီတန်းတွေ ပြန်လာတာ ကုန်လောက် ပြီလား မသိဘူး၊ ရန်ကုန် ပြန်သိမ်းတာတော့ တစ်ရာကျော် လောက်ပဲ ရောင်းရတယ်၊ နယ် ရန်ကုန်ဆိုရင် နှစ်ရာလောက်ပဲရှိမယ်ထင်တယ်"

"အရမ်း နည်းတာပေါ့နော်"

"အစတော့ ဒီလိုပါပဲ၊ မောင်က ခင်မိုး စိတ်ပျက်သွားမှာကိုပဲ စိုးရိမ်တာ"

"မောင်က ပင်ပန်းပြီး ငွေကုန်ရတဲ့အတွက် စိတ်မကောင်းဘူး၊ သိပ်ရှုံးမှာပေါ့"

မောင်က ချက်ချင်းမဖြေ။

"ရှုံးတယ်မဟုတ်လား မောင်"

သူထပ်မေးတော့မှ....

"ရှုံးတော့ ရှုံးတာပေါ့"

"ဒါဆိုရင်လဲ ရပ်လိုက်ပါလားမောင်၊ ခင်မိုး ကို မငဲ့နဲ့တော့၊ တခြားစီးပွားရေး မောင်လုပ်ချင် လုပ်လေ...."

မောင်က သက်ပြင်းချသည်။ ပြီးတော့ လက်ဖက်ရည် ပန်းကန်ကို ကောက်ယူပြီး တစ်ငုံသောက်၏။

"မရပ်ပါဘူး ခင်မိုး၊ မောင့် ရည်ရွယ်ချက်က ခင်မိုးကို အောင်မြင်တဲ့ စာရေးဆရာမတစ်ယောက် ဖြစ်အောင် လုပ်ပေးဖို့ပဲ၊ ခင်မိုးသာ စိတ်မပျက်နဲ့

ဆက်ရေး၊ မောင် တခြား စာရေးဆရာကြီးတွေ ဆီက စာမူတွေ လိုက်တောင်းပြီး အရှုံး ကာမိ အောင် ထုတ်မယ် စဉ်းစားတယ်''

''မောင့်မှာ ငွေအရင်းအနှီး နည်းတာပဲ''

ကျွန်မနှင့်မောင်တို့ မရှိ၊ရှိကာလေးတွေ စုဆောင်းပြီး စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို စခဲ့မိတာ အသိမို့ ကျွန်မ က ပြောလိုက်မိသည်။

''ငွေရင်းတော့ မရှိဘူးပေါ့ ခင်မိုးရာ၊ ရင်းနှီး မှုနဲ့ ဒီလိုပဲ လုပ်ရမှာပဲ၊ အသစ်တော့ မတတ်နိုင် ဘူးပေါ့၊ အဟောင်းလေး ဘာလေး လုပ်မယ် စိတ်ကူးတယ်''

ကျွန်မ မောင့်ကို သနားငဲ့ညာစွာ စူးစိုက် ကြည့်နေမိ ပြန်သည်။

''မောင် စာမရေးတော့ဘဲ ထုတ်ဝေသူ လုပ် လိုက်တာ ခင်မိုးဖြူဆိုတဲ့ ကလောင်တစ်ချောင်း အောင်မြင်လာဖို့ပဲ ခင်မိုး....၊ ခင်မိုးကသာ စိတ် မပျက်ဘဲ ဆက်ရေးပါ''

ခပ်ပြုံးပြုံးကြည့်ရင်း မောင်က ကျွန်မကို အားပေး စကား ဆိုနေပြန်သည်။

ပွဲဦးထွက်၊ ထွက်ခဲ့သော ကျွန်မ၏ လုံးချင်းဝတ္ထုမှာ သည်အတိုင်းဆိုပါက နှစ်ရာလောက်ပင် ရောင်းကုန်သည်



ဆိုသော် အသိက စိတ်ပျက်ချင်စရာတော့ အတော်ကောင်း သည်။

သို့သော် မောင့် အားပေးစကားတို့က ကျွန်မနှလုံး သားကို ရိုက်ခတ်လျက် ကျွန်မ စိတ်မပျက်မိပါ။

တစ်နေ့မှာ ကျွန်မ အောင်မြင်ရမည်ဟု ယုံကြည်နေမိ ပြန်သည်။ စိတ်မကောင်း ဖြစ်မိသည်က မောင်သည် ကျွန်မကဲ့သို့ပင် စာရေးခြင်းကိစ္စကို အလွန်အမင်း ဝါသ နာပါသူ ဖြစ်ပါလျက် သူကိုယ်တိုင် စာမရေးတော့ဘဲ အနစ်နာခံကာ ကျွန်မစာအုပ်များ ထွက်ရှိနိုင်ရေးကိုသာ အာရုံစိုက်နေခဲ့ခြင်းအတွက် ဖြစ်သည်။

ရှေ့မှာ ချထားသည့် လက်ဖက်ရည်ခွက်ကို ကောက်ယူ သောက်လိုက်၏။

''မောင် စီးကရက် မသောက်ဘူးလား''

''မောင် ဆေးလိပ် ဖြတ်လိုက်တာ သုံးရက် ရှိပြီ''

ကျောင်းမှာတုန်းက ဆေးလိပ် အရမ်းသောက်လွန်း သည် ထင်၍ ကျွန်မက ဆေးလိပ်ဖြတ်ရန် ပြောစဉ် က မောင် မဖြတ်နိုင်ခဲ့ပါ။

အခု ဆေးလိပ်ဖြတ်လိုက်ပြီဆိုတော့ မောင့်ကို ကျွန်မ အံ့သြစွာ ငေးစိုက်ကြည့်နေမိပြန်၏။

"စီးပွားရေးလုပ်ပြီဆိုတော့ မောင် တတ်နိုင်
သမျှ ခြိုးခြံကြည့်ချင်တာ ခင်မိုး"

"မောင်ရယ် ..."

စိတ်မကောင်းစွာဖြင့် နှုတ်မှထွက်သွားရင်း မောင့်ကို ငေးကြည့်မြစ်ပြန်သည်။

* * *

အဆောင်ကိုပြန်ရောက်တော့ မေမေ့ထံမှစာတစ်စောင် ရောက်နေတာ တွေ့ရသည်။

စာထဲမှာတော့ ထုံးစံအတိုင်းပင် အိမ်ပြန် လာခဲ့ဖို့ ရေးထားသည်။ စာရေးပြီး အသက်မွေးဝမ်းကျောင်းပြု မည်ဟု စိတ်ကူးယဉ်ခြင်းကို စွန့်လွှတ်လိုက်ဖို့ ထပ်ပြော သည်။ ကုမ္ပဏီမှာ ဝင်လုပ်သည့်ကာလည်း ထမင်းနပ်မှန် အောင်ပင် ဝင်ငွေမရနိုင်သည်မို့ အိမ်က မိဘသက်ငုတ် ကုန့်သည်အလုပ်ကို ပြန်လုပ်ဖို့ တိုက်တွန်းထားပြန်၏။

စာဖတ်ပြီးဆုံးတော့ မောင့်ဘစ်ချက်နှာဖြင့် သည်မှာ သူက အရဲကိုးလျက်နေခဲ့မိပုံကို ပြန်တွေးမိပြန်၏။



သူ့မှန့်ဖိုးထဲမှ စုဆောင်း ထားခဲ့မိသည့် ငွေအရင်း အနိုးလေးကိုယူလာ၏။ မောင့်ကို စာအုပ်လုပ်ငန်း လုပ် ကိုင်နိုင်ဖို့ သူ့မှာရှိသည့် ငွေလေးကိုထုတ်ပေးလိုက်သည်။ တစ်နေ့မှာ မောင့်အရည်အချင်းဖြင့် စာအုပ် လုပ်ငန်း အောင်မြင်ရမည်ဟု ယုံကြည်ခဲ့သည်ပဲ။

မေမေ့ထံမှစာကိုကိုင်ရင်း မောင်နှင့် စတင် ရင်းနှီး ကျွမ်းဝင်ခဲ့သည်များကို ပြန်၍သတိရနေမိပြန်တော့၏။

* * *

# အပိုင်း ( ၁ )

( ၁ )

"အောင်ဇော်အေးတဲ့ ခင်မိုး....၊ ဇော်အေး ဆိုတဲ့ နာမည်နဲ့ကဗျာတွေ၊ ဝတ္ထုတွေရေးတယ်"

တစ်နေ့မှာ ထွန်းသန့်ကျော် ကျွန်မထံကို ရောက်လာ ခဲ့သည်။ ကျောင်းကဲင်တင်းမှာထိုင်ရင်း ထွန်းသန့်ကျော က သူနှင့်အတူ ပါလာသော အသားဖြူဖြူသူငယ်ခ ကို မိတ်ဆက်ပေးလိုက်သည်။ အသိအမှတ်ပြုပြီး စိုးချင်း ခေါင်းညိတ်ဖြစ်၏။ နပြီ"

"ခင်မိုးဖြူ....တဲ့၊ သူလဲ စာတွေ ဘာတွေ ရေးတယ် ဇော်အေး"

"အခုမှ ကြိုးစားတုန်းပါ"

ဟု ခပ်ပြုံးပြုံး ပြန်ပြောလိုက်မိသည်။ လက်ဖက်ရည်မှာပြီးတော့ ကဗျာတွေ စာတွေအကြောင်း သူတို့ပြောဖြစ်ကြသည်။

"ကိုအောင်ဇော်အေး"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို ဇော်အေးလို့ပဲ ခေါ်ရင် ရပါတယ်"

"ကလောင်နာမည်လဲ ဖြစ်နေတော့ ငါတို့က တော့ ဇော်အေးပဲ နှုတ်ကျိုးနေပြီ"

ဟု ထွန်းသန့်ဇော်က ဝင်ပြောသည်။

"ပြောပါဦး မခင်မိုးဖြူ"

"ကျွန်မနာမည်က ခင်ခင်မိုးပါ၊ ကလောင်နာမည်ကို ခင်မိုးဖြူလို့ ယူထားတာ၊ ကျွန်မကို ခင်မိုးလို့ပဲ သူငယ်ချင်းတွေ ခေါ်သလို ခေါ်လို့ ရပါတယ်"

"ဟုတ်ကဲ့"

"တိုက်တိုက်ဆိုင်ဆိုင် ကျွန်မ ဟိုတစ်နေ့ကပဲ ကိုဇော်အေးရဲ့ ဝတ္ထုလေး တစ်ပုဒ် ဖတ်လိုက်ရတယ်"

"ရောင်နီမဂ္ဂဇင်းမှာလား"

"ဟုတ်တယ် ထွန်းသန့်ကျော်"



"ငါ့ကိုလဲ မျိုးဆွေက ပြောတယ်၊ ငါမဖတ်ရသေးဘူး"

"ဥယျာဉ်မှူး ကဏ္ဍမှာ ပါလာတာပါ၊ ကျွန်တော်တို့ ကလောင်သစ်တွေ အတွက်တော့ ဝင်တိုးဖို့ ဒီနေရာလေးက အပိုးတန်တယ်"

"ကျွန်မလဲ ပို့ဖူးတယ် ကိုဇော်အေး၊ အရွေးမခံရတာ"

"ဆက်ပို့ပေါ့ခင်မိုး၊ ကျွန်တော်လဲသုံးလေးခါ ပို့ပြီးမှ အရွေးခံရတာပါ"

"ကျွန်မ ပြောဦးမလို့၊ အဲဒီဝတ္ထုလေးဖတ်ပြီးတော့ ကိုဇော်အေးလက်က အတိုလက် မဟုတ်သလိုပဲ၊ လုံးချင်းရေးဖို့ ကောင်းတယ်နော်၊ ကျွန်မ ဖတ်ပြီး ခံစားရတာကို ပြောတာပါ"

ကျွန်မကိုကြည့်ရင်း ပြုံးနေသည်။ ပြီးတော့ စီးကရက်ကို ဖွာ၏။

"နင်မသိသေးလို့ခင်မိုး၊ ဒီကောင်က လုံးချင်းတွေပဲ ရေးနေတာ သုံးလေးအုပ်တောင်ရှိနေပြီ"

"ဟုတ်လား"

"စမ်း ရေးကြည့်နေတာပါ ခင်မိုး"

"ကျွန်မလဲ ရေးနေတာ တစ်ပိုင်း တစ်စနဲ့ ဖြတ်ထားတယ်"

"ဆက်ရေးပါဗျာ၊ ဘာ ဖြစ်ဖြစ် အလေ့အကျင့်တော့ ရတာပေါ့"

"နောက်နေ့ ငါတို့ ရောင်နီမဂ္ဂဇင်းကို သွားမလို့၊ အဲဒီဥယျာဉ်မှူးကဏ္ဍကို စာမူသွားပို့ဦးမယ်၊ နင်ပို့စရာရှိလား"

"ရှိတော့ရှိတယ် ထွန်းသန့်ကျော်"

"လိုက်ခဲ့ပါလား"

"မအားရင်လဲ ကျွန်တော်တို့ ယူသွားပေးပါမယ်၊ နောက် ရေးပြီးတိုင်း ကျွန်တော့်ကိုပေး၊ ကျွန်တော် ပို့ပေးမယ်"

"လိုက်ခဲ့တော့ ရောက်ဖူးသွားတာပေါ့ခင်မိုး၊ မျိုးဆွေလဲ လိုက်မယ်"

"ဘယ်နေ့ သွားမှာလဲ"

"သန်ဘက်ခါ ချိန်းထားတယ်"

"ကြည့်သေးတာပေါ့"

ကျွန်မတို့ စကားဝိုင်း ကောင်းနေစဉ်မှာပင် မျိုးဆွေ ရောက်လာသည်။ မျိုးဆွေက လက်ဖက်ရည် ဝိုင်းမှာ ဝင်ထိုင်ရင်း....

"ခင်မိုး နင်ဘာကျွေးမလဲ"

"ငါ့ရှင်းမှာပဲ၊ နင်ကြိုက်တာ စားလေ"

ကျွန်မပြန်ပြောတော့ သူ့လက်ထဲမှ ရောင်နီမဂ္ဂဇင်းကို ကျွန်မထံ လှမ်းပေးသည်။



"နင့်ကဗျာလေး ပါလာတယ်၊ ငါဝယ်လာခဲ့တာ"

"ဟုတ်လား"

"ဟုတ်တယ်၊ ငါ့မှာ မရှိရှိတာလေးနဲ့ နင့်အတွက် ဝယ်လာခဲ့ရတာ"

"ငါ ပြန်ပေးပါ့မယ်"

စာအုပ်ကလေးကို တမြတ်တနိုး ဆုပ်ကိုင်ထားမိရင်း သတိရကာ သူ့ကဗျာပါမည့် စာမျက်နှာကို ယုယစွာ လှန်နေမိပြန်၏။ ရင်ထဲမှာ တလှပ်လှပ်ဖြင့် ခံစားကြည်နူးနေရပြန်သည်။

ကဗျာလေးကို တွေ့ရတော့ ဝမ်းသာ ပျော်ရွှင်မှု၏ အရှိက်အခတ်ဖြင့် စိတ်လှုပ်ရှား လွန်းလှပြန်၏။

"ခဏပေး"

စာအုပ်ကို ထွန်းသန့်ကျော်က လှမ်းယူသည်။

ထွန်းသန့်ကျော်နှင့်အတူ ဇော်အေးက ခေါင်းငုံ့ရင်း ဖတ်နေတာကြည့်လျက် စိတ်ထဲမှာ ကြည်နူး ပျော်ရွှင်စွာ ခံစားနေရပြန်တော့သည်။

*　　*　　*

( ၂ )

ကိုဇော်အေးနှင့် မိတ်ဆွေဖြစ်သွားရပြီးနောက် တက္ကသိုလ်သည် ကျွန်မအတွက် ပို၍အဓိပ္ပါယ် ပြည့်စုံလာသလို ထင်ရပြန်သည်။ ထွန်းသန့်ကျော်၊ မျိုးဆွေတို့နှင့် အတူ ကိုဇော်အေးတစ်ယောက် ကျွန်မထံသို့ မကြာခဏ ရောက်လာလေ့ရှိသည်။ သူတို့သုံးဦးက ဝိဇ္ဇာဘာသာတွဲ ယူထားကြ၍ ကျွန်မက သိပ္ပံဘာသာတွဲယူကာ ကျောင်းတက်ရသည်မှာမတူ။ အတန်းအားသည်နှင့် ကျွန်မထံသို့ ရောက်လာတတ်သဖြင့် ဘာသာတွဲ အတူတူ၊ အတန်း အတူတူ တက်နေရသကဲ့သို့ပင် ကျွန်မတို့ လေးဦးမှာ တစ်တွဲတွဲ ဖြစ်နေကြပြန်သည်။

ကျွန်မ အဘန်းအားသည်နှင့် ကြုံသည့် ရက်များတွင် မြို့ထဲ မဂ္ဂဇင်းတိုက်တွေကို ကျွန်မတို့ သွားတတ်၏။ တစ်တိုက်ဝင် တစ်တိုက်ထွက်နှင့် စာမူတွေကို သွားပို့ကြသည်မှာ စိတ်အားထက်သန် ပျော်ရွှင်စရာပင်။ ယခင်ပို့ထားသော စာမူများ ပါမပါမေးလျက် အယ်ဒီတာကြီးများ ရှေ့မှာ ရပ်စောင့်ရသည့်အချိန်သည် ရင်ခုန်စိတ်မောစရာ ကောင်းလှပါ၏။

ကျွန်မတို့လေးဦး မဂ္ဂဇင်းတွေမှာ အကူတူပို့ကြလျှင် ကိုဇော်အေး ဝတ္ထုတိုလေးတွေ၊ ကဗျာလေး တွေကို အရွေးခံရတာများပါသည်။ ကျွန်မနှင့် ထွန်းသန့်ကျော်က တစ်နှစ်လုံးမှာမှ ဝတ္ထုတို တစ်ပုဒ်နှင့် ကဗျာတစ်ပုဒ်စီသာ ပါ၍ မျိုးဆွေက ဝတ္ထုတို တစ်ပုဒ်ပါချိန်မှာ ကိုဇော်အေးက ဝတ္ထုတိုသုံးပုဒ်၊ ကဗျာလေးပုဒ် မဂ္ဂဇင်းမှာ ပါလာသည်။

ကျွန်မတို့လေးဦးထဲမှာ သူ့ကို ရေးအား အကောင်းဆုံးနှင့် အကြိုးစားဆုံးသူဟု ကျွန်မတို့ သတ်မှတ်ထားလိုက်၏။

ဝတ္ထုတိုတစ်ပုဒ်၊ ကဗျာတစ်ပုဒ် ရလာလျှင် နောက်နေ့မှာ ကျောင်းကင်တင်းထိုင်ရင်း ဘယ်လိုကစ၊ ဘယ်လို ရလာတာကို အာပေါင်း ဖောရင်းသန်သန်နှင့် ကိုဇော်အေး ပြောတတ်တော့သည်။

ကျွန်မတို့က သူ့လောက် စာမရေးဖြစ်တာကို သူက အားမလိုအားမရ ဖြစ်နေတတ်ပြန်၏။



"ကြိုးစားစမ်းပါကွာ၊ တစ်နေ့မှာ တို့လေးယောက်စလုံး အောင်မြင်ရမယ်"

ကိုဇော်အေးမှာ မျှော်လင့်ချက်၊ ရည်ရွယ်ချက်ကြီးသူဟု ကျွန်မတို့ နားလည်ထားသည်။ နောက်...သူ့ အနုပညာကို ဖန်တီးရာ၌ ကျွန်မတို့ထက် အနုပညာ အင်အား ကောင်းသူဟုလည်း ကျွန်မတို့ သုံးဦးစလုံးက လက်ခံခဲ့သည်ပဲ။

* * *

( ၃ )

"နှင့်ကဗျာတွေရော စကားပြေပါဇော်အေးနဲ့ ဆင်နေတယ် ခင်မိုး၊ ဇော်အေးရဲ့ဟန်တွေ နှင့်စာတွေထဲမှာပါနေတယ်၊ နှင်သတိထားမိလား"

ထွန်းသန့်ကျော်က ဇော်အေးမပါသော တစ်ရက်မှာ ကျွန်မကို ဝေဖန်သည်။ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားရ၏။

"ဟုတ်တယ် ခင်မိုး၊ ငါလဲ နှင့်ကို သတိပေး မလို့ပဲ၊ သိပ်တူသွားရင်တော့ မကောင်းဘူး၊ သူ့နောက်ကိုလိုက်သလို ဖြစ်သွားပြီး နှင်ကဲ ဒုတိယ ဖြစ်နေမယ်"

မျိုးဆွေကပါ ဝင်ပြောသည်။ ကျွန်မ တံတွေးကို မျိုချလိုက်မိသည်။ ကြွေကျသွားသော ရွက်ဝါလေးဆီကို ဘာရယ်မဟုတ်ဘဲ အကြည့်ကိုလွှဲလိုက်၏။ ပြီးမှ အားတင်းကာ သူတို့ကို မျက်နှာချင်းဆိုင်လိုက်ရသည်။

"ငါ့ဘာသာလဲ သတိထားမိတယ်၊ ငါတမင်လုပ်ရေးတာ မဟုတ်ဘူး မျိုးဆွေ၊ ကိုဇော်အေး ကဗျာလေးတွေဆို ငါအလွတ်ရနေတယ်၊ ကြိုက်တယ်၊ ကြိုက်လွန်းလို့ သူ့ဟာန် ငါ့ကို လာလွှမ်းသွားတာဖြစ်မယ်"

ကျွန်မ ဝန်ခံစကားကို ဆိုလိုက်ရင်း လိပ်ပြာသန့်သလိုဖြစ်သွားမိသည်။

တကယ်တမ်း မှာတော့ ကျွန်မ က ကိုဇော်အေးကို အလိုလို အထင်ကြီးမိနေသလို့ ဖြစ်နေတာ ကျွန်မဘာသာ အသိဆုံးပင်။ စာဟန်တွေ တူနေသည်ဟု စွပ်စွဲသဖြင့် သူငယ်ချင်းတွေကို ရှက်ကြောက်သွားခြင်း မဟုတ်ဘဲ ကျွန်မအပေါ်မှာ ကိုဇော်အေး လွှမ်းမိုးနေတာကို သူတို့ ရိပ်မိသွားကြပြီလားဟု ရင်၌ တုန်လှုပ်ချောက်ချားသွားခြင်းပင်။

ထွန်းသန့်ကျော်နှင့်မျိုးဆွေက ကိုဇော်အေးနှင့်ကျွန်မကို အမျိုးမျိုး စလေ့ နောက်လေ့ ရှိကြသော်လည်း ကျွန်မရင်ထဲမှာ ကိုဇော်အေး လွှမ်းမိုးရောက်ရှိနေတာကိုတော့ သူတို့ မသိစေချင်သေးပါ။



ကိုဇော်အေးကတော့ သူ့ထုံးစံအတိုင်းခပ်အေးအေး ခပ်မှန်မှန်ပင်။ သူ့ကဗျာတွေ သူ့စာတွေက တစ်ဆင့် သူ ကျွန်မအပေါ်မှာ လွှမ်းမိုးနေပြီဟု ကျွန်မကတော့ ဘာသာသိနေသဖြင့် တုန်တုန်လှုပ်လှုပ် ဖြစ်ရပြန်သည်ပဲ။

* * *

## ( ၄ )

"ကဗျာ ဘာလို့ရေးတာလဲ ခင်မိုး"

ရှေ့မှာ ကြွေကျနေသော ကံ့ကော်ရွက်ကလေးတွေကို ငေးကြည့်နေစဉ်မှာ သူ့အမေးကြောင့် သူ့မျက်နှာကို ကျွန်မ ကြည့်လိုက်သည်။

ထွန်းသန့်ကျော်နှင့် မျိုးဆွေတို့ လိုက်လာမည်ဆိုသဖြင့် သူနှင့် ကျွန်မနှစ်ဦးတည်း ခုံတန်းမှာ ထိုင်စောင့်နေခိုက်ဖြစ်၏။

"ကဗျာ ဘာလို့ ရေးတာလဲ၊ ဟုတ်လား ကိုဇော်အေး"

ကျွန်မ ချက်ချင်းဘာဖြေရမည်မသိသဖြင့် သူ့မေးခွန်းကို ထပ်မေးလိုက်သည်။ သူကကျွန်မကိုကြည့်ရင်း ခေါင်းကို ညိတ်၏။

ပြီးတော့....သူ့လွယ်အိတ်ထဲမှ လက်ကိုင်ပဝါ အမွေးပွပွကို ထုတ်ပြီး မျက်နှာကိုသုတ်နေပြန်သည်။

"ကျွန်မ ထင်တာတော့ မရေးဘဲ မနေနိုင်လို့ ရေးမိတာပါပဲ"

"ကျွန်တော်လဲ အဲဒီလိုပဲထင်လို့ခင်မိုး၊မရေးဘဲ မနေနိုင်အောင် ရင်ထဲကို ရောက်လာရပြီ ဆိုရင် ပွင့်ထွက်လာတတ်တဲ့ အရာပဲ ထင်တယ်"

"ဘာလို့ မေးတာလဲ ကိုဇော်အေး"

ခပ်လှမ်းလှမ်းဆီမှ ငှက်ကြီးငှက်တစ်ကောင်၏ အသံကို သဲ့သဲ့ကြားရပြန်သည်။

"ကျောင်းပိတ်တော့မယ်နော်"

"ဟုတ်တယ်"

"နောက်တစ်နှစ်ပဲ တက္ကသိုလ်မှာကျွန်တော်တို့ ဆုံခွင့်ရှိတော့တယ်"

"ရှင်...."

သူ့စကားတွေက အမြီးအမောက် သိပ်ပြီးမတည့်လှဟု ကျွန်မ ထင်နေပြန်သည်။ ကျွန်မကို သူမကြည့်ဘဲ ဆက်ပြင်းရှည် ချပြန်၏။



"ကဗျာတွေ ရေးပြီးရင် ကျွန်တော် ခင်မိုးကို ပြချင်တယ်၊ အဲဒီလိုပြပြီး ဆွေးနွေးရတာ ပျော်တယ်"

"ကျွန်မလဲ ဖတ်ရတာ ပျော်ပါတယ်"

"ဒါပေမယ့် မပြဖြစ်တဲ့ ကဗျာတွေ ရှိဝယ် အဲဒီကဗျာတွေ ကျွန်တော် သိပ်ပြချင်တာပဲ"

"ပြလေ....ဘာလဲ၊ ကျွန်မဖတ်ရမှာ အားနာလို့လား"

ခေါင်းကိုယမ်းရင်း စူးစိုက်ကြည့်သည်။

"ကျွန်တော်ပါးစပ်ကရွတ်ပြမယ်၊နားထောင်ကြည့်"

ခေါင်းကို ညိတ်လိုက်၏။

"ခေါင်းစဉ်က 'ရင်ထဲသစ်ပင်'....တဲ့"

ကျွန်မ သူ့ကို မကြည့်မိဘဲ ရှေ့တူရှုကို ကြည့်ရင်း သူရွတ်ပြမည့် ကဗျာကို နားစွင့် ထားလိုက်သည်။

— ဖူးမည့်ရက်ကို
မတွက်မသိ
ပေါင်းသင်မိဆဲ
ရေလောင်းမြဲ....

— ပွင့်မည့်ရက်လဲ
လက်ချိုးမနေ
တွက်ရေမသိ
ရေလောင်းမိဆဲ
ပေါင်းသင်မြဲ....

— မပွင့်မထုံ
မငုံ့မဖူး
နေစေဦးကွယ်
ကြည်နူးယုယ
နေခွင့် ရရုံ
မျိုးခွင့်ကြုံမျှ
'မြုံ' တယ်ဆိုလဲ
တစ်ပင်တည်းသာ....
ရင်ထဲ ထာဝရ စိုက်တော့မည်....။

ကဗျာ ဆုံးသွားတော့ သူ့မျက်နှာကို ကျွန်မ ဖျတ်ခနဲ အကြည့်ရောက်၏။ သူ မျက်လွှာကို ချလိုက်တာတွေ့သည်။

"ကောင်းသားပဲ ကိုဇော်အေး....ဘယ်မှ မပို့ဘူးလား"

"မပို့ဘူး"

ပြောရင်း သက်ပြင်းချတာ တွေ့ရပြန်၏။



"ကျွန်တော့်ရင်ထဲမှာ အဲဒီလို ခံစားလာရလို့ ချရေး လိုက်မိတာ၊ ကျွန်တော် ရေး ထား တာ ကြာပြီ"

"ဪ...."

"ခင်မိုး"

"ရှင်"

"ခင်မိုး အတွက် ကဗျာတစ်ပုဒ် ရှိသေးတယ်"

"ခင်မိုး အတွက်...."

"ဟုတ်တယ်ဗျာ.... ကျွန်တော့် ရင်ထဲမှာ.... ကျွန်တော် ခင်မိုးကို ချစ်တယ်ဗျာ၊ အဲဒါလဲ ကဗျာ လိုပါပဲ၊ သူ့အလိုလို ပေါက်ပွား လာခဲ့ တာပါ၊ ခင်မိုး ခံစားပြီး ဖတ်ကြည့်မှ ကျွန်တော့်ရင်ထဲက အချစ် ကဗျာကို ဖတ်နိုင်တော့မှာ"

ကျွန်မ ခြေဖျား လက်ဖျားတွေ အေးလာသလိုထင်မိသည်။ ခေါင်းကို ငုံ့ထားကာ၊ ဘာရယ် မဟုတ်၊ ကျွန်မ လွယ်အိတ်၏ အမြိုးဖျားလေးတွေကို ဆုပ်ကိုင်နေမိတော့သည်။

"ခင်မိုး"

"ရှင်"

"စိတ်ဆိုးလား"

ကျွန်မ အလိုလို ခေါင်းကို ခါယမ်းပြီးသား ဖြစ်နေတာက အံ့ဩစရာပင်။

"စောစောက ကဗျာထဲကအတိုင်းပါပဲ ခင်မိုး ရယ်၊ ကျွန်တော် ရေလောင်း ပေါင်းသင် လုပ်မိ တာက ပွင့်မှ ငုံမှ ရယ် မဟုတ်ပါဘူး၊ နောက်ဆုံး ကိုယ် စိုက်မိတဲ့ ပန်းပင်ဟာ မြုံ နေတယ် ဆိုလဲ ဒီ တစ်ပင်ပဲ ရင်ထဲမှာ စိုက် ချင် မိ တာပါ၊ ကျွန်တော့်ဘဝမှာ ချစ်သူဆို တစ်ယောက်တည်းပဲ ရှိချင် ချစ်ချင် တာပါ၊ ခင်မိုး ကျွန်တော့်ကို ပြန် မချစ်ရင်လဲ ကျွန်တော့်ကို ချစ်နေခွင့်တော့ ပေးပါဗျာ"

ကျွန်မ ဘာတွေ ပြန်ပြောရမှန်း မသိ။ ကျွန်မ မျက်နှာ တစ်ခုလုံး ထူပူပြီး ရှက်စိတ်၊ ကြည်နူးစိတ် တို့ဖြင့် ရင်မှာ ဘာလောင်ဆူနေပြီ။ သူ့မျက်နှာကို မော့မကြည့်ရဲ။ ကျွန်မ လက်ဖျား လေးတွေကို သူ လှမ်းဆုပ်ကိုင်လိုက်လေ မလား အတွေးဖြင့် ကျွန်မလက်ကလေးတွေကို လွယ်အိတ်အောက် မှာ ဖွက်လိုက်သည်။

"ခင်မိုး"

သူက တည်တည်ငြိမ်ငြိမ် ကျွန်မ ကို ထပ်ခေါ်သည်။

"ကျွန်တော့်ကို စိတ်ဆိုးလား"

ကျွန်မက ခေါင်းကိုပဲ ထပ်ခါသည်။

"ပါးစပ်က ပြောပါဗျာ"

ဟု သူ ထပ်၍ တောင်းဆိုသည်။



"ကျွန်မ စိတ်မဆိုးပါဘူး"

ခေါင်းကိုတော့ ငုံ့ထားမိဆဲ။

"ဒါဆိုရင်လဲ ကျွန်တော့်ကို ပြုံးပြပါလား ဟင်"

ပြောရင်း ကျွန်မ မေးဖျား လေးကို သူကဲ လက်ဖြင့် ကိုင်၍ မ့လိုက်တော့ ကျွန်မ အံ့သြသွားမိတော့သည်။

ခေါင်း မော့ လာ ကာ သူ့ကို စူးစိုက် ကြည့်လျက် အလိုလို ပြုံးပြ နေမိပါလည်း ကျွန်မ ဘာသာ ထူးဆန်း နေသလိုပင်။ သူ့ လက်များကို ရုပ်လိုက်စဉ် ကျွန်မ ထံ၌ အရှက်တရားတို့ ဝင်လာပြန်ကာ၊ ခေါင်းကိုပြန်ငုံ့ချလိုက်မိ ပြန်တော့၏။

ကံ့ကော်ရွက်များကို လေ ခတ်သံသည် နားထဲမှာ သိသိသာသာ ကြားနိုင်လောက်ပြန်သည်။

ထို အသံသည် ခါတိုင်းနှင့် မတူဘဲ ပို၍ ချိုမြနေ သယောင်။

## အပိုင်း ( ၂ )

## ( ၁ )

မောင်ဟု ခေါ်ရသည့် အခါတိုင်း ကျွန်မ၏ ရင်၌ အင်အားသစ်တို့ တိုးပွားလာသလို ခံစားရစမြဲ။ မောင့်လွယ်အိတ်ကြိုးကို ဆွဲယူမိဘွယ် လမ်းလျှောက်ရသည်မှာ အရာရာအတွက် လုံခြုံ စိတ်ချနေရသလို။ ကျွန်မဘဝ၌ မောင်ရှိလာခြင်းသည် ကျွန်မ၏ ပြည့်စုံခြင်း ကွက်လပ်များအား ဖြည့်စွက်ပေးလိုက်သလိုပင်။

မောင်သည် ကျွန်မ၏ နေ့ဖြစ်သလို ကျွန်မ၏ ညလည်း ဖြစ်ပါသည်။ နေခြည်နှင့် အတူ နွေးနွေးထွေးထွေး လှုပ်ရှားစေနိုင်၍ လရောင်နှင့် အတူ မှေးစက်အနားယူနိုင်ပြန်၏။

မောင်သည် ကျွန်မ၏လေပြည် လေညင်း ဖြစ်သလို ကျွန်မ၏ မုန်တိုင်းလည်း ဖြစ်ပါသည်။

လေပြည်လေညင်းကို အသက်ရှင်နိုင်ရန် ရှူရှိုက်ခွင့်ရနေသကဲ့သို့ မုန်တိုင်း တစ်ခုလို ဘဝကို မွှေနှောက် ဖျက်ဆီးပစ်နိုင်မှုန်းလည်း ကျွန်မ နားလည် ထားပြန်သည်။

ပခုံးမှာ မှီနွဲ့၍ မောင်ရွတ်ပြသည့် ကဗျာများကို နားထောင်ရခြင်းထက် ပြည့်စုံသော အရာ ကျွန်မဘဝမှာ မရှိဟု ထင်ပြန်သည်။

အလုပ်များ၍ ကျွန်မထံသို့ မောင်ရောက်မလာသည့် နေ့ရက်များထက် ပူပန်သောက ပိုသော ဝေဒနာလည်း မရှိနိုင်ဟု ကျွန်မတွေးမိပြန်သည်။

ကျွန်မကိုယ်နှင့်မောင့်စိတ်၊ မောင့်အရိပ်နှင့်ကျွန်မကိုယ် ဖြစ်မှန်းမသိဖြစ်လာရသော အခါ ကျွန်မမောင့်ကိုဘယ်လိုမှ မခွဲနိုင်တော့ဟုနားလည် ကြောက်ရွံ့လာရပြန်သည်လေ။

* * *

( ၂ )

**သမီး....**

ကဗျာဆရာယောင်ယောင် စာရေး ဆရာယောင်ယောင်လေး တစ်ယောက်နဲ့ တွဲနေတယ်လို့ မေမေတို့ သတင်းရတယ်၊ သမီး ကိုယ်တိုင်ရေးတဲ့ ကဗျာလေးတွေ ဝတ္ထုလေးတွေ ပါတဲ့ စာအုပ်တွေကိုလဲ သမီးပို့ပေးလို့ ဖတ်ရပါတယ်။

သမီး တစ်ခု စဉ်းစားပါ။ ဒီစာတွေကဗျာတွေရေးနေလို့ သမီးထမင်းဝမှာမှ မဟုတ်ဘဲ။

ဒီနှစ် ဖြေပြီးရင် သမီး ကျောင်းပြီးတော့မယ်။ ဘာလုပ်မယ်ဆိုတာကို ရေရေရာရာ စဉ်းစားသင့်ပါတယ်၊ မေမေတို့ဖေဖေတို့ သဘောကတော့အိမ်ပြန်လာပြီး အိမ်က အလုပ်ကိုပဲ ဦးစီးလုပ်စေချင်တယ်။

သမီးက၊ ကဗျာတွေ စာတွေ ကိုယ်တိုင်ရေးရုံတင်မကဘဲ ကဗျာရေး စာရေးတဲ့ သူကိုပါ ဘဝကြင်ဖော်အတွက် ရည်ရွယ်ထားပြီလား။ အဲဒါကိုတော့ မေမေတို့ လုံးဝကန့်ကွက်ရလိမ့်မယ်၊ မေမေတို့ လုံးဝသဘောမတူနိုင်ဘူး။ သမီးကို မေမေတို့ ကုန်သည်မျိုးရိုးထဲက သင့်တော်တဲ့ မောင်လှမင်းနဲ့ပဲ ကျောင်းပြီးရင် ပေးစားဖို့ မေမေတို့ စီမံပြီးသား။

နောက်တော့မှ မေမေတို့ အဆိုးမဆိုစေချင်ဘူး သမီး။ သမီးအခုချိန်ကပဲ ရပ်တန်းက ရပ်စေချင်တယ်။

ကဗျာရေး စာရေးပြီး နေတဲ့ ယောကျ်ားတစ်ယောက်က သမီးကို ထမင်းဝအောင် ရှာကျွေးနိုင်ပါ့မလား။ သမီး စဉ်းစားသင့်ပါတယ်။ အဲဒီ သူငယ်ကို ဖြတ်လိုက်စေချင်တယ်။ သမီး ဖေဖေလဲ သိပြီး ဒေါသအကြီးအကျယ်ထွက် နေလေရဲ့။



ဒီအကြောင်းတွေကို ဘယ်သူ ပြောပြတယ်ဆိုတာလဲ သမီးသိမှာပဲ။ မောင်လှမင်းကို အပြစ်မတင် စေချင်ဘူး။ မောင်လှမင်းကို သမီးနဲ့ လက်ထပ်ပေးဖို့ သူ့အိမ်က လာပြောထားပြီးသား ဆိုတော့ သူ သိသမျှကို သူကတော့ သတင်းပို့မှာပဲ သမီး။ အရင်တစ်ခေါက် သမီးကျောင်းပိတ်ရက်ကလဲ သမီးကို ဒီကိစ္စ မေမေ အသိပေးပြီးပြီ။

ဒီတစ်ခါ မေမေ့စကား နားမထောင်ရင်တော့ မေမေတို့ ကြိုက်သလို စီမံရမှာပဲ။

မေမေတို့ ဖေဖေတို့ စိတ်ချမ်းသာအောင် စကားနားထောင်ပါ သမီးရယ်။

သမီးရဲ့

မေမေ

* *

မေမေ့ထံမှ စာကို ဖတ်ပြီးတော့ မျက်ရည်ဝေ့ရပြန်သည်။ သည်စာကိစ္စကို ကျွန်မ မောင့်ကို ဘယ်လို ပြောရမှန်း မသိအောင် ဖြစ်ရပြန်၏။ မောင့်ကို မပြောလို့ကလည်း မဖြစ်တော့။ သည်နှစ် နောက်ဆုံးနှစ်ပြီးပါက ကျွန်မရော မောင်ပါ နယ်က ကျောင်းလာတက်ရသူတွေမို့ နယ်ကိုပြန်ကြရတော့မည်။ တစ်ယောက်တစ်နယ်စီ ဝေးကွာကြရတော့မည်။ တစ်ခါက ကျွန်မနှင့်မောင် နှစ်ယောက်တည်း ထိုင်နေရာသို့ ကိုလှမင်း ရောက်လာခဲ့ဖူးသည်။

အိမ်က လူကြုံပေးလိုက်သည့် ငါးပိကြော်ပုလင်းနှင့် စားစရာတွေ လာပို့ခြင်းပင်။ ညနေပိုင်း အဆောင်ကို လာပို့လျှင်ရပါလျက် ကိုလှမင်းသည် ကျွန်မတို့နှစ်ယောက် ရှိချိန်မှာ တမင်လာပို့သည်ဟု ကျွန်မထင်လိုက်၏။ ကျွန်မနှင့် ကိုလှမင်းက တစ်မြို့တည်းသားတွေဖြစ်ပြီး ကျွန်မကို ကိုလှမင်းနှင့် လက်ထပ်ပေးရန် အိမ်က သဘောတူထားသည်။ ထိုကိစ္စကို ကိုလှမင်းရော ကျွန်မပါ သိထားကြပြီးသား။ ကျောင်းပြီးပါက လက်ထပ်ပေးမည်ဟု နှစ်ဦးစလုံးကို အသိပေးထားပြီးသား။ ကျွန်မနှင့် ကိုလှမင်းက ခင်ခင်မင်မင်ပင် မရှိလှ။ နယ် ကျောင်းမှာတုန်းကလည်း တစ်ယောက် တစ်ကျောင်းစီ နေခဲ့ကြသည်ပင်။ သည်လို လက်ထပ်ဖို့ကိစ္စ အသိပေးပြီးတော့ ရှက်တန်းတန်းကာ ပို၍ စိမ်းသွားသယောင်။



အခုတော့ ကိုလှမင်းက ကျွန်မမှာ ချစ်သူရှိနေတာကို လက်ဆုပ်လက်ကိုင် သိပါတယ်ဟု ပြောနိုင်ရန်အတွက် ကျွန်မတို့နှစ်ယောက်ထံ ရောက်လာလေသလား ကျွန်မ တွေးမိသည်။

သည်ကိစ္စ ပြီးကတည်းက မေမေတို့တော့ သိတော့မှာ မေမေ့ထံမှ ကြိမ်းမောင်း စာတော့ ရောက်ဟော့မှာဟု ကျွန်မသိနေပါ၏။ မောင့်ကိုတော့ ပြောမပြချင်သေး၍ တစ်မြို့တည်းသူငယ်ချင်းဟုသာ ပြောပြထားလိုက်မိသည်။ မောင်နှင့် ကိုလှမင်း ကိုလည်း မိတ်ဆက် မပေးဖြစ်။ ကျေးဇူးပါပဲ ကိုလှမင်းဟုသာ စကားဖြတ်၍ ခပ်စိမ်းစိမ်း ဆက်ဆံပြခဲ့မိသည်။

အခုတော့ မေမေ့စာကို မောင့်အား ပေးဖတ်မှ ဖြစ်မည်ဟု စဉ်းစား ဆုံးဖြတ်လိုက်၏။

နောက်မှ မောင်သိရပါလျှင် ထိမ်ချန် လျှို့ဝှက်ထားသူဟု မောင်မှတ်ယူမှာ စိုးရိမ်သည်ပဲ။

* * *

( ၃ )

စာကို ပြန်ခေါက်လျက် စာအိတ်ထဲသို့ ထည့်ကာ မောင်က လေပူကို မှုတ်ထုတ်သည်။ ပြီးတော့ အဝေးကို ငေးရီနေရင်းမှ သူ့ကို စာအိတ်လှမ်းပေး၏။ စာအိတ်ကို ယူလိုက်ရင်း မောင့်မျက်နှာ ညှိုးလျှလျှကို ကြည့်ကာ ကျွန်မ စိတ်မကောင်း။

"ဘယ်လိုလုပ်ချင်လဲ ခင်ဗျ"

မောင့်အသံက အက်ရှရှနိုင်သည်ဟု ကျွန်မ ထင်လိုက်သည်။ ကျွန်မကို စွန့်လွှတ်ရတော့မည်ဟု မောင်သိ၍ ဝေဒနာတွေ ရောထွေးနေသည့် ခံစားမှု အသံမျိုးဟု ကျွန်မ နားလည်လိုက်သည်။

"ဘာလုပ်ဖို့ လိုလို့လဲ မောင်"

"မဟုတ်ဘူးလေ....၊ ခင်မိုးရဲ့သဘော"

ကျွန်မနှင့် မျက်နှာချင်းဆိုင်ရင်း မောင်မေးသည်။

"ခင်မိုး မောင့်ကို မခွဲနိုင်ပါဘူး"

"ဒါပေမယ့်.... ခင်မိုး အိမ်က ကိုလှမင်းနဲ့ပဲ သဘောတူတာ"

"အိမ်က သဘောတူပေမယ့် ခင်မိုးမောင့်ကိုပဲ လက်ထပ်မယ်"

မောင့်မျက်နှာ ကြည်စင် ဝင်းပသွားတာ ချက်ချင်း သတိပြုမိပြန်၏။

"တကယ်ပြောတာလား ခင်မိုး"

"တကယ်ပြောတာပါ မောင်....၊ ခင်မိုးလေ မောင်ကလွဲလို့ ဘယ်သူ့မှ ချစ်လို့ရတာမှ မဟုတ်တာ"

"ချစ်တာနဲ့ လက်ထပ်တာနဲ့တော့မတူဘူးပေါ့ ခင်မိုးရယ်....၊ ချစ်ပေမယ့် လက်ထပ်ခွင့် ရှိချင်မှ ရှိမှာ...."

"ခင်မိုးကတော့ မောင့်ကို ချစ်နေသမျှ ဘယ်သူ့မှ လက်မထပ်ဘူး"

'မောင့်ဘက်မှာ ခင်မိုး အခုလို ရှိနေတာ မောင်တော့ အရမ်းဝမ်းသာတာပဲ၊ မောင် ခင်မိုးကို တင့်တောင့်တင့်တယ် ထားနိုင်မှ လက်ထပ်



မှာပါ ခင်မိုး၊ မောင် ကြိုးစားပါ့မယ်၊ ခင်မိုး အမေရဲ့ စာထဲကလို စာသမား၊ ကဗျာသမား တစ်ယောက်ဟာ ထမင်းစအောင် ရှာကျွေးနိုင်ပါ့မလားဆိုတဲ့ စကားကို မောင်အရမ်းနာတယ်၊ မောင်ရှာကျွေးနိုင်အောင် ကြိုးစားပြမယ်၊ မောင့်အိမ်က မောင့်မိဘတွေက မချမ်းသာလှပေမယ့် ထမင်းမငတ်ရုံတော့ ကျွေးထားနိုင်ကြမှာပါ၊ ဒါပေမယ့် .. မောင်ဆုံးဖြတ်လိုက်ပြီ၊ မောင်စာပေသမားဘဝနဲ့ပဲ ကြိုးစားပြီး ငွေရှာမယ်"

"မဆိုင်တာ မောင်ရယ်"

"ဘာမဆိုင်တာလဲ ခင်မိုး"

"ခင်မိုး မေမေ ရေးလိုက်တာနဲ့တော့ မောင့် အနုပညာ ခံယူချက်ကို 'မပြောင်းစေချင်ပါဘူး"

"ဘာဖြစ်လို့"

"မဟုတ်ဘူးလေ....အနုပညာဆိုတာ ငွေရှာဖို့ ကျော်ကြားဖို့ လုပ်ရမယ့် ကိစ္စမှမဟုတ်တာမောင်၊ ဒီကိစ္စမှာတော့ ခင်မိုးနဲ့မောင် သဘောသဘားကွဲလွဲသွားပြီ၊ သူ့ဘာသာ မနေနိုင်လို့၊ ဝါသနာရှိလို့ လုပ်ရင်း လုပ်ခဲ့တဲ့ ကိစ္စကြောင့် ငွေတွေဝင်တာ၊ နာမည်ကြီးလာတာက တစ်မျိုးလေ၊ စကတည်းက နာမည်ကြီးဖို့၊ ငွေရဖို့ လုပ်ပြီဆိုမှတော့ အနုပညာသမား မစစ်တော့ဘူးလို့ ခင်မိုးထင်တယ်"

မောင်ကရယ်သည်။ ပြီးတော့ ခင်မိုးလက်ကို ဆုပ်ယူဖျစ်ညှစ်လိုက်၏။

"ခင်မိုးကလဲ့ အနုပညာစိတ်တွေ ကြီးလိုက်တာ၊ အောင်တောင် မအောင်မြင်သေးဘူး"

"အနုပညာစိတ်ဆိုတာ အောင်မြင်မှုရှိရတော့မှာလားမောင်၊ မအောင်မြင်ခင်လဲ ဒီစိတ်....ဒီခံယူချက်၊ အောင်မြင်ပြီးတော့လဲ ဒီစိတ်....ဒီခံယူချက်ပဲ ရှိရမယ်လို့ ခင်မိုးတော့ထင်တယ်၊ ကျော်ကြားချင်လို့၊ ငွေရချင်လို့တော့ ခင်မိုးအနုပညာနယ်မှာ ဘာမှမလုပ်ဘူး မောင်၊ ငွေရချင်ရင် အိမ်ပြန်ပြီး ကုန်သည်အလုပ်လုပ်မယ်၊ ငွေရင်းများရင်များသလောက် ငွေရဖို့သေချာတဲ့ အလုပ်ပဲ"

"မောင်ပြောတာ နားထောင်ပါဦး ခင်မိုးရယ်၊ မောင်ပြောတာက ခင်မိုးမေမေ့ စကားကိုမခံချင်လို့ မောင့်အနုပညာမာနကိုရောင်းချစားဖို့ ပြောတာ မဟုတ်ပါဘူး"

"ဒါဖြင့် "

"မောင့် ဝါသနာအရ မောင် စာရေးချင်ရေးမယ်၊ ဒါပေမယ့် စာပေနဲ့ မောင်ငွေရှာမယ်ဆိုတာကမောင်ထုတ်ဝေသူလုပ်မယ်ကွာ၊ ပထမဆုံးထုတ်ဝေသူ မလုပ်နိုင်တောင်မှ လုပ်အားနဲ့ ဖြန့်ချိရေးတွေ ဘာကွေလုပ်မယ်၊ ပြီးတော့.... ခင်မိုးဖြူ



ဆိုတဲ့ ကလောင်ကို မောင် တင်မယ်၊ ဒါ ပြောတာပါ"

"မသိဘူးလေ....မောင့်စကားက...."

"မောင်ကျောင်းပြီးတာနဲ့ အိမ်ပြန်ပြီး မေမေတို့မှာ ရှိတဲ့ ငွေလေးနည်းနည်းပါးပါး တောင်းမယ်၊ စာအုပ် ထုတ်ဝေသူဖြစ်ဖို့ မောင်ကြိုးစားတော့မယ် ခင်မိုး"

"ခင်မိုးမှာလဲ စုဆောင်းထားတာနည်းနည်းပါးပါးတော့ ရှိပါတယ် မောင်"

"မလုပ်နဲ့....မလုပ်နဲ့ ခင်မိုးငွေရင်းနဲ့ မောင်က...."

"အဲလို မပြောနဲ့မောင်....၊ အဲဒီ ပိုက်ဆံက ခင်မိုးရဲ့ကိုယ်ပိုင်ငွေပါ၊ အိမ်ကတောင် ခင်မိုးမှာရှိတာ မသိပါဘူး၊ ပြီးတော့.... ဒီလုပ်ငန်းမှာ ခင်မိုးနဲ့ မောင်အတူတူ လုပ်ကြရမယ့် လုပ်ငန်းပဲ၊ အဲဒီလိုမှလက်မခံရင် ခင်မိုးလဲစာအုပ်မထုတ်ဘူး"

မောင့်ထံမှ သက်ပြင်းချသံကိုကြားရသည်။ ခဏငြိမ်နေပြီးမှ....

"ခင်မိုး...."

ဟု ခေါ်၏။

"ပြောလေ....မောင်"

"မောင်တို့ အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော်"

"ဘာကို ပြောတာလဲမောင်"

"စောစောက ပြောတာတွေလေ၊ မောင်တို့ စိတ်ကူးယဉ် အိပ်မက်မက်ပြောနေတာလားတွေးပြီး မောင် အရမ်းလန့်သွားလို့ပါ"

"မောင်ရယ်၊ ခင်မိုး ဘယ်လောက်ပြတ်သားတယ်ဆိုတာ မောင်သိသွားပဲ၊ ခင်မိုးက ခင်မိုးမှန်တယ်လို့ဆုံးဖြတ်တဲ့အလုပ်ကို နောက်ပြန်မကြည့်ဘဲ လုပ်တတ်တဲ့ မိန်းမပါမောင်၊ မောင်ကြည့်နေ ခင်မိုး ကျောင်းပြီးတာနဲ့ အိမ်က ထွက်လာပြီး ရန်ကုန်မှာ အလုပ်တစ်ခုခု ဝင်လုပ်မယ်၊ ပြီးတော့ မောင်နဲ့အတူ စာအုပ်ကိုစ္စတွေ လုပ်မယ်"

"ခင်မိုးကို မယုံလို့ မဟုတ်ပါဘူး ခင်မိုးရယ်၊ မောင်က အနာဂတ်ကို မယုံရဲတာပါ"

"မောင်ကလေ တစ်ခါ တလေမှာ သတ္တိရှိသလိုလိုနဲ့ မရှိချင်ဘူး၊ အနာဂတ်ကို မယုံဘဲနဲ့ ခင်မိုးတို့ ရှေ့ဆက် ဘယ်လိုလျှောက်မှာတဲ့လဲ"

"ခင်မိုးအိမ်က ခင်မိုးကိုပြန်မလွှတ်ဘဲ အိမ်ထောင်ချပေးလိုက်ရင်...."



"စိုးရိမ်တဲ့အထိတော့ ခင်မိုး လက်ခံပါတယ်၊ ဒါပေမယ့် ခင်မိုးကိုယုံကြည်စိတ်နဲ့ အဲဒီ စိုးရိမ်မှုကိုဖျက်လိုက်ပါမောင်"

မောင်က ပြုံး၍ကြည့်ရင်း ကျွန်မလက်ကိုတင်းတင်းကျင်ကျပ်ဆုပ်ကိုင်ထားလိုက်ပြန်၏။

မောင့်မေတ္တာ အနွေးဓာတ်သည် ကျွန်မ ရင်ထဲအထိ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရပြန်သည်ပဲ။

* * *

## ( ၄ )

“ကျောင်းပြီးတာနဲ့ ငါ ထုတ်ဝေသူ လုပ်မယ်....”

မောင်က ကျွန်မတို့ လေးယောက် စကားဝိုင်းမှာ သည်လို ကြေညာလိုက်သည်။ မောင့် စကား ကြောင့် ထွန်းသန့်ကျော်ရော၊ မျိုးဆွေပါ အံ့ဩသွား၏။ ကျွန်မကတော့ ကြိုတင် သိနေပြီးသားကိစ္စမို့ မအံ့ဩမိတော့။

“ဘယ်လိုဖြစ်တာလဲ ဇော်အေး”

ဟု မျိုးဆွေက မေးသည်။

“မင်းက အနုပညာ သမားပဲ၊ ဘယ်လိုဖြစ်ပြီး စီးပွားရေးသမားဖြစ်ချင်သွားရတာသုံ”

ထွန်းသန့်ကျော်ကလည်း နားမလည်နိုင်စွာ မေးပြန်သည်။

"အဓိကကတော့ကွာ စာသမားတစ်ယောက် စာပေနယ်မှာလုပ်ရင်း ထမင်းတော့ ရှာစားနိုင်တယ်ဆိုတာ ပြချင်တယ်"

မောင့်ထံမှ မခံချင်စကား။ မောင်က မေမေ့စာထဲမှာ ပါသော စကားတို့ကို နားကြည်းနေပုံရသည်။

"ဘယ်သူ့ကို ပြချင်တာလဲ"

"ငါ့အမေကိုတဲ့ဟာ"

မျိုးဆွေ့ အမေးကို ကျွန်မကပင် ဝင်ဖြေပေးလိုက်သည်။

"နေပါဦး....နေပါဦး၊ ငါနားမလည်ဘူး"

"နင်ကလဲ နားဝေးလိုက်တာထွန်းသန့်ကျော်ရာ၊ ငါ့အမေက စာလှမ်းရေးတယ်၊ သူ့ကို အဆက်ဖြတ်ပါတဲ့၊ ကဗျာသမား စာသမား တစ်ယောက်က မိန်းမတစ်ယောက်ကို ထမင်းဝအောင် ရှာကျွေးနိုင်မှာ မဟုတ်ဘူးတဲ့၊ အဲဒါကို သူနာနေတာ"

"ဒီလိုလား၊ ရှင်းပြီ....ရှင်းပြီ"

"ဒါပေမယ့် ဒါစာရေးပြီး ထမင်းကျွေးနိုင်တာမှ မဟုတ်ဘဲကွ"



"ဘာကိုဖြစ်ဖြစ်ကွာ၊ စာသမား တစ်ယောက်ဟာ စာပေနယ်မှာ ထမင်းဝတယ်ဆိုတာ ပြချင်တယ်"

"ဒါကတော့ကွာ မင်းထုတ်ဝေသူလုပ်မှတော့ ထမင်းဝရုံတင် မဟုတ်ဘူး၊ သူဌေး ဖြစ်သွားနိုင်တာပေါ့"

"ဒါပေမယ့်ကွာ ငါမခံချင်စိတ်နဲ့ ပြောတာပါ၊ တကယ်တမ်း ငါထုတ်ဝေသူလုပ်ဖို့ ဆုံးဖြတ်ချက် ချလိုက်တာ မနေ့ကမှ...."

"မနေ့ကမှ...."

"ဟုတ်တယ် ခင်မိုး....ခင်မိုးလဲ မသိသေးဘူး၊ ငါဘယ်သူ့မှ မပြောဘဲ ကြိတ်ကြံခဲ့တာ"

"လုပ်ပါဦး၊ မင်းကလဲ ပဟေဠိတွေချည့်ပဲ"

"ငါ့မှာ လုံးချင်းဝတ္ထု ငါးအုပ်ရှိပြီ၊ အဲဒါ မင်းတို့ သိတယ်"

"သိတယ်၊ မင်းမှာ ငါးအုပ်၊ ငါတို့ သုံးယောက်မှာ သုံးအုပ်စီရှိတယ်၊ အဲဒါ ထုတ်ဝေသူတွေလို့လား"

"နေပါဦးကွာ၊ ငါ ဆက်ပြောမယ်"

အစီခံနား ရောက်နေပြီဖြစ်သည့် လပ်ကီးစရိုက် စီးကရက်ကို အပြင်သို့ တောက်လိုက်၏။

"ငါ စာမူခ သွားထုတ်တုန်းက အဲဒီမဂ္ဂဇင်းတိုက်က အယ်ဒီတာကြီးကို လက်ဖက်ရည် တိုက်လိုက်တယ်ကွာ၊ ပြီးတော့....စကားစပ်မိပြီး ငါတို့လေးယောက်စလုံးမှာ လုံးချင်းဝတ္ထုတွေရေးပြီးသား ရှိတဲ့အကြောင်း ပြောပြလိုက်တယ်၊ အယ်ဒီတာကြီးကခင်ဗျားတို့ လက်တွေ့ကဖြစ်နိုင်တယ်တဲ့၊ သူတို့ထုတ်ဝေသူ သူဌေးကို သွားပြောကြည့်ပါလား၊ ဟိုဘလောကပဲ အသစ်တွေ တင်ချင်တယ်လို့ သူ့ကိုပြောတယ်တဲ့....

"အဲဒီ စကားကို ကြားရတော့ ငါ အရမ်းဝမ်းသာ သွားတယ်၊ ငါ သွား တွေ့ပြီး ငါတို့လေးယောက်ရဲ့ စာမူတွေ ပေး ဖတ် ချင်တယ်၊ ကြိုက်တဲ့သူ ထုတ်ပေါ့ကွာ၊ ဒါနဲ့ တိုတိုပြောရရင် ငါ သွားတွေ့လိုက်တယ်၊ တွေ့တွေ့ချင်းပဲ ငါ့စာမူပါလား မေးတော့ ငါလဲ အားတက် သရောနဲ့ တစ်အုပ်တော့ ပါတယ် ပေါ့၊ ထားခဲ့ပါ ဆိုပြီး မနေ့က ပြန်ချိန်းလိုက်တယ်လေ၊ မင်းတို့ စာမူတွေကိုလဲ စိတ်ဝင် စားတယ်၊ သူ ယူ ဖတ်ကြည့် မယ် ပြောလိုက် သေးတယ်၊ ငါ ဘယ်သူ့ကိုမှ မပြောသေးတာက မင်းတို့ အံ့သြ သွားအောင် လို့ပါ၊ ငါ့စာအုပ်လေးတော့ ထုတ်ဖြစ်လို့ အောင်မြင်သွားရင်လဲ၊ ခင်မိုးနဲ့ ငါ့ဘဝ ရှေ့ရေး အဆင်ပြေပြီပေါ့ကွာ"



"စိတ်ကူးတွေ ယဉ်နေတာပေါ့"

"အင်းပေါ့.... အင်းပေါ့.... ဒီလိုနဲ့ တစ်နေ့ကတော့ ချိန်းထားတဲ့နေ့ ငါ သွား တွေ့ တယ်"

"အဆင် မပြေဘူးလား"

"ပြတ်မမေးနဲ့ မျိုးဆွေရာ.... ပြောမှာပေါ့"

"စိတ်ဝင်စားလို့ပါကွာ"

"ငါ့ စာမူကို ကြိုက် တယ် တဲ့.... ထုတ်ချင်တယ်တဲ့"

"ဟာ....ပွတာပဲ"

"နေဦးလေကွာ....ထွန်းသန့်ကျော်"

"သူ့တိုက်ရဲ့ စည်းကမ်းတွေကို ပြောမယ်တဲ့၊ တစ်အချက်ကတော့ စာအုပ် သုံးဆယ် သူ့တိုက်ကို ရေးပေးရမယ်တဲ့၊ ပထမ ဆယ်အုပ်မှာ အလကား ရေးပေးရမယ်တဲ့၊ ဒုတိယ အုပ်(၂၀)မှာလဲ(၁၀) အုပ် က သူ ပေးချင်တဲ့ ကြေးနဲ့ ပေးတာ လက်ခံရမယ်တဲ့၊ နောက် (၁၀)အုပ် ကျမှ တန်ရာ တန်ကြေး ရမယ်တဲ့"

"ဟာ....ဒါကတော့ မတရား နှိမ်တာပဲ ကွာ" ထွန်းသန့်ကျော်က ပြောသည်။

"ဒါ သူ့တိုက်ရဲ့ ထုံးစံတဲ့၊ အဲဒါကို စာချုပ် ချုပ်ရမယ်၊ စာချုပ်ဖောက်ဖျက်ရင် ဘယ်နှစ်သိန်း လျော်ရမယ်ပေါ့ကွာ"

"မင်း မချုပ်နိုင်ဘူး မဟုတ်လား"

"ငါ တွက်ကြည့်တယ်၊ အဲဒီလို မချုပ်ရင်လဲ ထုတ်ပေးမယ့် စာအုပ်တိုက်ဆိုတာရှိမှာမှ မဟုတ်ဘဲ ကွာ၊ ဒီပြင် တိုက်တွေက အဲဒီလို စာချုပ်နဲ့ တောင်မှ အသစ်ကို တင်ချင်ကြတာ မဟုတ်ဘူး၊ ဖြစ်ပြီးသား ကလောင်ရှင်တွေ ကိုပဲ ငွေပေးပြီး အဘင်း သုံနေကြတာ"

"ငွေရှိဖို့ သေချာတဲ့ ကိစ္စကိုးကွ"

ဟု မျိုးဆွေက ဆေးလိပ်မီးညှိချင်း ပြောသည်။

"ဒီတော့ ငါဆုံးဖြတ်တယ်၊ လုပ်မယ်ကွာ၊ အစပိုင်း နာချင်နာပါစေပေါ့"

"ဒါနဲ့...."

"ဒါနဲ့....သူ့ဟာက နောက်ဆုံးကျမှကွာ....၊ ငါလက်မခံနိုင်တာကိုပြောတယ်"

"ဘာလဲ"

"သူတို့စိတ်ကြိုက် မိန်းကလေး နာမည်လှလှ လေး ပြောင်းပေးရမယ်တဲ့"

"ဟာ....သေရော"

"အေးကွာ၊ မင်းစဉ်းစားကြည့်၊ ငွေကြေး နှိမ်တာပြုတာ လက်ခံနိုင်ပေမယ့် ကိုယ်မွေးထားတဲ့ ကလောင်လေးတော့ အသတ် မခံနိုင် ပြန်ဘူး၊ မြီးတော့ အဲဒီ မှုလကာလောင်နာမည်နဲ့ တခြား



တိုက်မှာလဲ ရေးခွင့်မရှိဘူး ဆိုတာ စာချုပ်ထဲ ထည့်ချုပ်ရမယ်တဲ့"

"ဒါတော့ သက်သက်ကွာ"

"ငါလဲ တော်တော်လေး ဒေါသ ဖြစ်သွား တယ်၊ ဒါနဲ့မလုပ်တော့ဘူးဆိုပြီး ပြန်လာခဲ့တာ၊ ဒါ....သူတို့မွေးတဲ့ မိန်းကလေး ကလောင်နာမည် လှလှကို ငါက ရှဲဒိုးရေးပေးနေရတာနဲ့ ဘာထူး လဲ၊ ဒီမိန်းမနာမည်နဲ့ ငါက လူတောထဲလဲ တိုးရဲ တော့မှာ မဟုတ်ဘူးလေ"

"အဲဒီလောက်တော့ မာနမနည်းပါနဲ့ မောင် ရာ၊ ဘာလို့လုပ်ရမှာလဲ၊ စာရေးလို့မရရင် မင်းမိုး ဈေးရောင်းကျွေးမယ်"

"ငါတို့ကိုက နင့်လို ဈေးရောင်းကျွေးမယ့်လူ မရှိဘူးဟ၊ အဲဒါမှ ဒုက္ခ"

မျိုးဆွေက ရယ်ပြော ပြောသည်။

"ငါလဲ လမ်းမှာ ဆုံးဖြတ်လိုက်တယ်ကွာ၊ ကျောင်းပြီးတာနဲ့ ငါစာအုပ်လောကထဲဝင်မယ်၊ ထုတ်ဝေသူလုပ်မယ်၊ စာပေသမား လူငယ်တွေရဲ့ အားထားရာ၊ မှီခိုရာ စာအုပ်တိုက် 'တစ်တိုက်ဖြစ် အောင် ငါကြိုးစားချင်တယ်၊ ပထမဆုံး ခင်မိုးတို့ မင်းတို့ စာအုပ်တွေထုတ်မယ်"

"မင်းက စာမရေးတော့ဘူးလား"

"အစတော့ အားလုံးအတွက် ငါ အနစ်နာခံမယ်၊ လုပ်ငန်းထဲမှာပဲ ငါ မြှုပ်ထားတော့မယ်၊ နောက် လုပ်ငန်း အဆင်ပြေတော့ ပြန်ရေးချင်ရေးမယ်"

"နေပါဦး၊ ငါတို့ စာအုပ်တွေ ထုတ်တော့ မင်းဘယ်နှစ်အုပ် ထုတ်နိုင်မှာလဲ၊ ရှုံးပြီးရင်းရှုံးနဲ့ စာအုပ်တိုက် ခဏလေး ပွင့်သွားမှာပေါ့"

"ဟုတ်တယ် ထွန်းသန့်ကျော်၊ မင်းပြောတာ ငါစဉ်းစားမိတယ်၊ ပထမပိုင်းတော့ ကိုယ်တတ်နိုင်သလောက်ကလေးနဲ့ အမြတ်နည်းနည်းကျန်တဲ့ စာအုပ်တွေ လိုက်ရမှာပဲ၊ ဥပမာ နာမည်ကြီးပြီးသားလူတွေရဲ့ ဒုတိယအကြိမ်တွေ၊ တတိယအကြိမ်တွေပေါ့ကွာ၊ အဲဒီက ရတဲ့ အမြတ်ကလေးက မင်းတို့စာအုပ် အရှုံးလေး ပြန်ထေမိမှာပေါ့"

"မဆိုးပါဘူး ဇော်အေး၊ ငါတို့ အားလုံးအတွက်ဝင် အနစ်နာခံရာ မကဘူး၊ စာသမားပေါက်စတွေ၊ စာပေ ရူးလေးတွေ ငါတို့ လိုပဲ ပေါ်နေဦးမှာပဲ၊ သူတို့စာ ကောင်းရင် ကောင်းသလို စာအုပ်ဖြစ်သွားနိုင်တဲ့ စာပေတိုက်တစ်တိုက် ရှိသင့်တာ အမှန်ပဲ၊ ငါတော့ အားပေးတယ်"

"အေးကွာ .... ငါတော့ ဆုံးဖြတ်လိုက်ပြီ၊ ကျောင်းပြီးတာနဲ့ စမယ်၊ အိမ်က ငွေနည်းနည်း ရနိုင်တယ်"



"ခင်မိုးလဲ နည်းနည်းရှာပေးမယ်"

ခင်မိုးက ဝင်ပြောတော့ မောင်က ခင်မိုးကိုလှမ်းကြည့်သည်။

"သူ့ ပိုက်ဆံယူရမှာ သိပ်တော့ လိပ်ပြာမသန့်ဘူး"

"ခင်မိုးကိုယ်ပိုင်ပါလို့ ပြောထားသားနဲ့.... မောင်ကလဲ"

"သူ့ကိုယ်ပိုင်ဆို ဘာဖြစ်လဲကွာ"

"ထားပါ.... အဲဒီ ငွေလေးတွေ ပေါင်းပြီး ခင်မိုး စာအုပ်စလုပ်ကြည့်မယ်၊ ပြီးတော့ မင်းတို့ စာအုပ်တွေထုတ်မယ်၊ ဒီတော့ မင်းတို့အားလုံး အားကြိုးမာန်တက် ရေးထားကြပေတော့"

"တကယ် ပြောတာနော်"

"သြော်....တကယ်၊ ဒါက ငါနဲ့ ခင်မိုးတို့ရဲ့ ဘဝရှေ့ရေးနဲ့လဲ ဆိုင်နေတာမို့ ငါမလုပ်မဖြစ် လုပ်မယ်ကွာ"

"ကောင်းတယ် သူငယ်ချင်း၊ အားပေးတယ်၊ ပြီးတော့ မင်းကိုချီးကျူးလဲ ချီးကျူးတယ်"

ဟု ပခုံးကို ပုတ်ရင်း မျိုးဆွေက လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

* * *

## ( ၅ )

ကျောင်းက ပြန်လာပြီး မကြာခင်မှာ ညွှန့်သည် ရောက်နေတယ်ဆိုတော့ ကျွန်မအံ့သြရသည်။ ကျောင်းမှာ မောင်နှင့်အတူရှိနေပြီး အဆောင်ရှေ့အထိတောင် လိုက်ပို့ခဲ့သေးသည်ပဲ။ မောင်တစ်ခုခုပြောစရာကျန်နေလို့လား။ ကျွန်မကို အရေးတကြီး မှာစရာရှိလို့ မောင်အဆောင်ကို လိုက်လာလေသလား တွေးရင်း ညွှန့်ခန်းထဲသို့ ဆင်းခဲ့သည်။

"ဟင်.....ကိုလှမင်း"

ညွှန့်ခန်းထဲမှာ ထိုင်စောင့်နေသော ကိုလှမင်းကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့သြစွာ ကျွန်မနှုတ်မှ အသံထွက်သည်။

"ကျွန်တော် ခင်မိုးဆီကို တမင် လာခဲ့တာပါ"

ကျွန်မကို လှမ်းကြည့်ရင်း ကိုလှမင်း ပြောသည်။ ကိုလှမင်းမှာ ကိစ္စ တစ်ခုခု အရေးတကြီး ရှိဟန် တူကြောင်း ကျွန်မ ချက်ချင်း သိလိုက်သည်။ ကိုလှမင်းသည် စည်းစနစ်ရှိသော လူကြီးလူကောင်း ပီသသောသူဟု ကျွန်မ လက်ခံထားခဲ့သည်။ ကျွန်မမှာသာ ချစ်သူမရှိပါက ကိုလှမင်းသည် လက်ထပ်ရန် သင့်သော ယောကျ်ားဟု ကျွန်မထင်သည်။ စာကိုသာ ကြိုးစားကာ ကျောင်းစာနှင့် အိမ်စီးပွားရေးလောက်သာ စိတ်ဝင်တစား ရှိ၍ ရုပ်ခြင်း ပျော်ခြင်း ကင်းသူပင်။

"ကိုလှမင်းမှာ ကိစ္စရှိပြီ ထင်တယ်"

ပြောရင်း သူ့ဘေးက ထိုင်ခုံမှာ ကျွန်မ ဝင်ထိုင်လိုက်သည်။

"ဟုတ်တယ် ခင်မိုး"

"မလာစဖူး ဆိုတော့ ကျွန်မက အံ့ဩသွားတယ်"

ပြောရင်း နှစ်ယောက်စလုံး အသံမထွက်ဘဲ ရယ်မိကြပြန်၏။

"ခင်မိုး ကျွန်တော့်ကို နားလည်လားတော့ မသိဘူး၊ ခင်မိုးမှာ ရည်းစားရှိတဲ့ အချိန်က ကျွန်တော့်အိမ်ကို စာလှမ်းရေးခဲ့တယ်"



"ကျွန်မ နားလည်ပါတယ်၊ ကိုလှမင်းနဲ့ အိမ်က သဘောတူ လက်ထပ်ပေးမယ့် မိန်းကလေး ကိစ္စကိုး၊ ကိုလှမင်း ပြန်ပြောပြတာ သာတာဝကျပါတယ်။ အဲဒီအကြောင်း မေမေ့ဆီက စာလှမ်းရေးပါတယ်"

"အေးဗျာ.... နောက်ပိုင်း ကျွန်တော် ရေငုံနှုတ်ပိတ်နေခဲ့ပါတယ်၊ ကျွန်တော် နားလည်ထားတာက ခင်မိုးနဲ့ ကျွန်တော်က ချစ်သူ ရည်းစားတွေမှ မဟုတ်ကြတာ၊ အိမ်က လူကြီးတွေက သဘောတူကြတာက တစ်ပိုင်းပေါ့"

"အဲဒီလို နားလည်ပေးတဲ့ အတွက် ကျေးဇူး အများကြီး တင်ပါတယ် ကိုလှမင်းရယ်"

"အခု ကျွန်တော့်ဆီကို စာလာပြန်ပြီဗျာ၊ ကျွန်တော် ဒီစာကိုတော့ ပြန်ရေးရလိမ့်မယ်၊ အဲဒါ သိစေချင်လို့လာ ပြောတာပါ"

"ဘာရေးထားပြန်ပြီလဲ"

"ခင်မိုး ဖတ်ကြည့်လေ"

အင်္ကျီအိတ်ထဲက စာအိတ်ကလေးကို ထုတ်ယူရင်း ကျွန်မ လက်ကို လှမ်းပေးသည်။ ကျွန်မစာအိတ်ကို ယူကာ စာကို ထုတ်လျက် ဖတ်လိုက်၏။

သား....

သားတို့ ဒီနှစ်ကျောင်းပြီးတော့မှာမို့ လက်ထပ်ဖို့ကိစ္စတွေ မေမေတို့ စီစဉ်ထားချင်ပြီ၊ စာမေးပွဲဖြေပြီး ပြန်လာတာနဲ့ စေ့စပ်ပွဲလေး လုပ်ထားချင်တယ်။

စာရေးဖော် ကဗျာရေးဖော် သူငယ်တစ်ယောက်အပေါ်မှာ အနေရင်းနှီးပြီး သံယောဇဉ်ဖြစ်တာလို့ ခင်မိုး အပေါ်မှာလဲ [illegible]သားခွင့်လွှတ်လိုက်ပါ။

ကျောင်းပြီးလို့ အိမ်ပြန်လာကြရင် ဒီကိစ္စကရပ်တန်းက ရပ်သွားမှာပဲ။

သားဘက်ကတော့ မငြင်းစေချင်ဘူး၊ မေမေတို့ လူကြီးချင်း မျက်နှာ မပျက်ချင်ဘူး၊ စီးပွားဘက်ဆိုတော့ ပိုဆိုးပါတယ်။

သားသဘောကို သိပါရစေ၊ သားက သဘောတူမယ်ဆိုရင် စာမေးပွဲပြီး ပြန်လာတာနဲ့ စေ့စပ်ပွဲလုပ်ဖို့ စီစဉ်ထားချင်ပါတယ်။ သား ဖေဖေ့ရဲ့သဘောကလဲ ဒီအတိုင်းပါပဲ။

စာကြောင်းများအောက်မှ လိုင်းတားပေးထားသည့်စာများကို ကျွန်မရွေးဖတ်လိုက်ပါသည်။

ပြီးတော စာကို ပြန်ခေါက်ကာ စာအိတ်ထဲသို့ ထည့်လျက် ကိုလှမင်းကို ပြန်ပေး၏။



"အဲဒါပဲ ခင်မိုး.... ကျွန်တော် ဒီကိစ္စကို ခင်မိုးမသိဘဲ ဘာမှ လုပ်လို့ရတဲ့ ကိစ္စ မဟုတ်လို့ ခင်မိုးကိုလာအသိပေးတာပါ"

စာအိတ်ကို အင်္ကျီအိတ်ထဲထည့်ရင်း ပြောသည်။

"လူကြီးတွေကတော့ ခင်မိုး စိတ်လှုပ်ရှားလို့ အပျော်ရည်းစားထားတယ် ထင်တယ်နဲ့တူပါတယ် ကိုလှမင်းရယ်။ တကယ်က ခင်မိုး အိမ်ထောင်ဖက်အဖြစ် ရွေးပြီး ချစ်ခဲ့တာပါ"

"ကျွန်တော် နားလည်ပါတယ် ခင်မိုး"

"ကျွန်မ ကိုလှမင်းကိုလဲ အရမ်း ကျေးဇူးတင်ပါတယ်၊ ကိုလှမင်းကသာ ကျွန်မကို ဘာမှလာမတိုင်ပင်ရင် လူကြီးတွေက သူတို့သဘောနဲ့ သူတို့ လုပ်ကြတော့မှာ"

"ကျွန်တော် အဖြစ်မှန် အတိုင်းပဲ စာပြန်ရေးချင်တယ်"

"ဟုတ်ကဲ့ ရေးပါ၊ ကျွန်မနဲ့တွေ့ပြီး ဆွေးနွေးပြီးမှ ရေးတာပါလို့ ထည့်ရေးပါ၊ ကျွန်မက ကိုဇော်အေးကိုပဲ ချစ်ပြီး သူ့ကိုပဲ လက်ထပ်မှာပါလို့ ပြောတဲ့ အကြောင်းသာ ထည့်ရေးပါ ကိုလှမင်း၊ ကိုလှမင်းဘက်က ဖောက်ဖျက်တာ မဖြစ်အောင်ပေါ့"

"ဟုတ်ကဲ့၊ ကျွန်တော် အဲဒီလိုပဲ ပြတ်ပြတ်သားသား ရေးချင်တာပါ၊ ခင်မိုးမသိဘဲ ရေးရင်လဲ ကျွန်တော်က တွန့်းတယ်၊ တိုက်တယ်၊ အဲဒီလို ထင်မှာစိုးတယ်"

"ရေးပါကိုလှမင်း ကျွန်မနားလည်ပါတယ်၊ ကိုလှမင်း ရေးလိုက်ရင် ကျွန်မအိမ်ကို အဲဒီစာရောက်မှာပဲလေ၊ အဲဒီအခါ မေမေက ကျွန်မကို လှမ်းဆူတဲ့စာ ရေးလိမ့်မယ်၊ အဲဒီကျတော့ ကျွန်မပြန်ရေးလိုက်မယ်"

"စာမေးပွဲတွေက နီးနေပြီ၊ ကျွန်တော် မနက်ဖြန်ပဲ ရေးလိုက်မယ်"

"ဟုတ်တယ်၊ ကိုလှမင်း မေမေက စာရေးလိုက်တာ တော်သေးတာပေါ့၊ ကျောင်းပိတ်ပြန်ရောက်မှ စေ့စပ်ပွဲအတွက် ပြင်ဆင်ထားပြီးပြီဆိုပိုပြီး မျက်နှာပျက်စရာ"

"အေးဗျာ၊ ဒါဆို ကျွန်တော် သွားမယ်၊ ခင်ဗျား အမျိုးသားကိုလဲ ကျွန်တော့် သဘောပြောပြပေးပါ၊ ကျွန်တော့်ကို နားလည်စေချင်တယ်လေ"

ထရပ်ရင်း ကိုလှမင်းက မှာနေပြန်၏။

"စိတ်ချပါ ကိုလှမင်း၊ ပြောပြလိုက်မယ်"



ညှော်ခန်းအထိ ကိုလှမင်းကို ကျွန်မလိုက်ပို့ပြီးမှ အခန်းထဲ ပြန်ဝင်ခဲ့သည်။

ကိုလှမင်းကို ကျေးဇူးတင် လေးစားစိတ် ဖြစ်သွားမိ၏။

သည်ကိစ္စကိုသိလျှင်တော့ မေမေ သည်အတိုင်းအလျော့ပေးမှာမဟုတ်ဟု ကျွန်မနားလည်နေပြန်သည်။ မေမေက စိတ်ထက်ပြီး သူစီစဉ်တဲ့ပွဲ ကျွန်မအတွက်နှင့် မျက်နှာပျက်ရသည်ဆိုတာ ခံနိုင်မည်မထင်။ မေမေ ကျွန်မထံကိုတော့ စာရှည်တစ်စောင်လောက် ရေးဦးမည်မှာ သေချာနေသည်။ ပြီး ကျွန်မကျောင်းပိတ် ပြန်ရောက်လျှင် တဖွဖွနားပူနာဆာလုပ်ရင်း သူဖြစ်ချင်တာတွေကို လက်ခံအောင်ဇွတ်စီစဉ်ပေးမည်။

တွေးရင်း စိတ်မသက်မသာစွာ ကျွန်မ သက်ပြင်းချလိုက်မိပြန်၏။

* * *

## ( ၆ )

မောင့်ကို ပြောပြလိုက်တော့ နား ထောင် နေ ရင်း မောင်မျက်နှာပျက်သွားတာ သိသည်။

"သူတို့ အတင်း အကျပ် စိစဉ် တော့ မယ် ထင်တယ်နော်"

ဟု မောင့်နှုတ်မှ စိုးရိမ်စကား ထွက်လာသည်။

"အဲဒီလိုတော့ စီစဉ် မယ် မ ထင် ပါဘူး၊ ပြီးတော့ ကိုလှမင်းကလဲ ခင်မိုးသဘောမတူဘဲနဲ့ တော့ လက်ခံမှာ မဟုတ်ဘူး"

"ကိုလှမင်းက တော်တော် ပြည့်တယ်နော်"

"ဟုတ်တယ်၊ မောင့်ကိုတောင်မှ ပြောလိုက်ပါတဲ့၊ သူ့ကို နားလည်ပါတဲ့"

"ဪ...."

"သူသာ တစ်ဖက်သတ် စိစဉ်ခိုင်းရင်တော့ တစ်မျိုး ဖြစ်ချင် ဖြစ်မှာပေါ့၊ အိမ်ကလဲ ခင်မိုးကို ဘာမှမပြောဘဲ စီစဉ်ချင် စီစဉ်မှာ၊ အခုတော့ ကိုသုခင်းကပါ ခင်မိုးမှာ ချစ်သူရှိနေတာမို့ သူ လက်မထပ်ချင်ဘူးလို့ ငြင်းတယ်တဲ့"

"မောင်တို့ ဘာလုပ်ကြမလဲ ခင်မိုး"

မောင်က မျက်နှာချင်း ဆိုင်ကာ မေးလိုက်သည်။ မောင့်အမေးမှာ စိုးရိမ်စိတ်တို့ ရောယှက်နေတာသိသည်။

"စာမေးပွဲ ပြီးရင်တော့ ခင်မိုး အိမ်ကိုပြန်မယ်"

"ဘယ်လောက် ကြာမှာလဲ"

"အလွန်ဆုံး ကြာရင် တစ်ပတ်ပေါ့"

"အဲဒီအချိန်မှာ အိမ်ကအတင်းအကျပ် စီစဉ်ရင်ကော"

"ဘာလဲ၊ မောင် ခင်မိုးကိုမယုံဘူးလား"

"ခင်မိုးကို ယုံပါတယ်၊ ဒါပေမယ့် အခြေအနေတွေက တစ်ခါခါမှာ မယုံနိုင်လောက်အောင် ပြောင်းလဲသွားတတ်ဘယ်လေ"

"ခင်မိုးက စိတ်ပြတ်တယ်မောင်၊ ငယ်ငယ်ကတည်းက တဇွတ်ထိုးသမား၊ ကိုယ်မှန်တယ်ထင်ရင်လဲ နောက်မဆုတ်ချင်ဘူး၊ စိတ်ကုန် သွားပြီ



ဆိုရင်လဲ ဘယ်တော့မှ လှည့်ကြည့်တတ်တဲ့ အစားထဲက မဟုတ်ဘူး မောင်၊ အဲဒါ အိမ်ကအားလုံးသိတယ်၊ ဒါကြောင့် ခင်မိုးကို အကျပ်မကိုင်ရဲတာပေါ့၊ မောင် ပြောသလို အတင်းအကျပ်စီစဉ်မယ် ဘာညာဆိုရင် ခင်မိုး ရန်ကုန်ကို ပြန်ပြေးခဲ့မယ်၊ မောင့်ကို ချက်ချင်း လက်ထပ်မယ်၊ ကဲ.... မောင်ယုံပြီလား"

ကျွန်မ စကားကြောင့် မောင့်မျက်နှာမှာကြည်နူးရိပ်ဝေသွားသည်။ မောင် ကျေနပ် သွားပြီဟု နားလည်လိုက်၏။

"မောင်တော့ ခဏလေးပဲ အိမ်ပြန်မယ် လုပ်စရာရှိတာတွေ လုပ်မယ်"

"ခင်မိုးလဲ တစ်လ ဆိုတာက ပိုပိုလိုလို ပြောထားတာပါ၊ ခင်မိုးတို့အတန်းထဲကသူငယ်ချင်းရဲ့ အဖေ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ဖို့ ခင်မိုး ပြောထားတယ်"

"အလုပ် ဝင်လုပ်မလို့၊ စာရေး ပျက်မှာပေါ့ ခင်မိုးရယ်"

"ဒါပေမယ့် မောင်ရာ၊ အလုပ်ရှိမှ ရန်ကုန်မှာနေဖို့အိမ်ကိုပြောလို့ကောင်းတာပေါ့၊ပြီးတော့ ရေးပြီးသားလဲ သုံးအုပ် ရှိသေးတာပဲ၊ ခင်မိုး ကြိုးစားရေးမှာပါ"

"အင့်းလေ...."

"မေမေ့ဆီက စာတော့ လာလိမ့်မယ်၊ ဘာဖြစ်ဖြစ် မောင် ခင်မိုးကို ယုံစေချင်တယ်"

"ခင်မိုးကို မောင် ယုံပါတယ်"

ကျွန်မ၏ လက်ဖျားကလေးကို ဆုပ်ယူ လှုပ်ယမ်းကာ မောင် ပြောလိုက်သည်။

မောင့် မျက်နှာကို စူးစိုက် ကြည့်ရင်း ကျွန်မ ပြုံးပြလိုက်မိတော့၏။

* * *

## ( ၃ )

စာမေးပွဲ ဖြေခါနီးမှာ ထင်ထားသည့် အတိုင်းပင် မေမေ့ထံမှ စာတစ်စောင် ရောက်လာသည်။ မောင်လှမင်းထံမှ စာရောက်လာသဖြင့် ရည်းစားနှင့် အဆက်အသွယ် မပြတ်သည့် ကိစ္စကို သိကြောင်း ရေးပြီး ဆူပူသည်။ အဓိကမှာတော့ ကျောင်းပိတ်လို့ ကျွန်မ ပြန်ရောက်လာမှ မင်္ဂလာ စေ့စပ်ပွဲ ကိစ္စ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လူကြီးများ စိတ်မချမ်းသာအောင် မလုပ်ဖို့အကြောင်းတွေသာ ထပ်တလဲလဲ ရေးထားသည်။ စာမေးပွဲဖြေပြီးသည်နှင့် ကျွန်မက ချစ်သူ နောက်လိုက်သွားမှာ၊ ချစ်သူနှင့် လက်ထပ်လိုက်မှာကို မေမေတို့စိုးရိမ်

နေပုံရသည်။ ကျွန်မ ဇွတ်တရွတ်နိုင်ပုံ။ အစွဲအလမ်းကြီးပုံကို မေမေ သိထားသဖြင့် ပို၍ ပူပန်ဟန်တူသည်။

စာမေးပွဲ ဖြေနေဆဲကာလမှာပင် မေမေနှင့်ညီမလေးတို့ ရန်ကုန်ရောက်လာသည်။ မေမေ ဆရာဝန်ပြရန်ဟု ပြောသော်လည်း ထိုကိစ္စသည် အဓိက မဟုတ်ဟု ကျွန်မ ထင်နေပါသည်။ ကျွန်မကို မယုံကြည်သောကြောင့် စိတ်မချသောကြောင့် မေမေ လိုက်လာမှန်း ကျွန်မ နားလိုက်မိပါသည်။

သူတို့ ရောက်နေကြောင်း မောင့်ကို ပြောပြတော့ စိတ်ပူပြန်၏။

"သမီးကို အပြီး လာသိမ်းသွားတော့မှာနဲ့ တူတယ်"

ဟု အရယ်နှောရင်း မောင် ပြောသော်ငြား မောင့်နှလုံးသားမှာ စွန့်လွှတ်ရမှာလား အတွေးဖြင့် ပူပန်နေကြောင်း ကျွန်မသိသည်။

"မောင့်ကို မေမေတို့နဲ့ မိတ်ဆက်ပေးမယ်လေ။ ညနေ အဆောင်လာခဲ့ပါလား"

ဟု ကျွန်မကခပ်ပြုံးပြုံး ပြောတော့ မောင်ကခေါင်းခါယမ်းသည်။

"မလုပ်ပါနဲ့ ခင်မိုးရယ် မောင့်ကို တွေ့သွားရင် ပိုပြီး ဒေါသတွေ ထွက်နေပါဦးမယ်"



"ဘာထွက်စရာ ရှိလဲ၊ ခင်မိုး တကယ်ပြောတာ မိတ်ဆက် မပေးရဲဘူး ထင်လို့ လား၊ ခင်မိုးက ခိုးကြောင် ခိုးဝှက် မလုပ်တတ်ဘူး ပြောင်ပဲ"

"ယုံ ပါ တယ်.... မောင် ပြောတာက အဲဒီလို ပြောင် မိတ်ဆက် ပေးတော့ လူကြီး တွေလဲ မရှိသေရာ ကျမှာ စိုးတယ်၊ သူတို့ကို မခန့်လေးစားနဲ့ လုပ်ချင်ရာ လုပ်တယ် ယူဆပြီး ခင်မိုးကို အတင်း အကျပ် ပေးစားလိုက်ရင် ဘယ်လိုလုပ်မလဲ"

"ခင်မိုးက အရုပ်မှ မဟုတ်တာ"

မောင်က သဘောကျရင်း ရယ်သည်။

စာမေးပွဲ ဖြေနေသည့်ရက် ဖြစ်၍လား မသိ။ မေမေကတော့ သပ်ဆူပူခြင်း မရှိ။ မေမေ ကျွန်မကို အပျော့ဆွဲ အချိုသတ်၍ သိမ်းသွင်းပေတော့မည်ဟု ကျွန်မ နားလည်နေပြန်သည်။

စာမေးပွဲပြီး နောက် တစ်ရက်မှာ ပြန်ရန် လက်မှတ်တွေကို မေမေ ကြိုတင် စီစဉ်ထားတော့၏။

"တစ်ရက်နှစ်ရက် နေပါဦးလား မေမေရယ်"

ဟု မပြန်ချင်သေးဘဲ ပြောကြည့်သည်။

"မဖြစ်ဘူး သမီးရဲ့၊ အိမ်မှာ အလုပ်တွေက အများကြီး ရယ်"

အိမ် အလုပ်တွေကို မေမေ အကြောင်းပြသည်။

တကယ်တမ်းတော့ ရန်ကုန် မြေမှ မြန်မြန် ခွာချင်ပြီ ဆိုတာ ကျွန်မ သိသည်။

မေမေ့ စိတ်တိုင်းကျအောင် ပြန်သွားရမည်ဟု ကျွန်မ တွေး၏။ အဘန်းထဲမှ သူငယ်ချင်း၏ ဖေဖေ ကုမ္ပဏီမှာ အလုပ် ဝင်လုပ်ဖို့တော့ အစစအရာရာ စီစဉ်ခဲ့သည်။

မေမေ့ ကိုတော့ ဘာမှ ဖွင့်မပြောရသေး။

"မောင် ဘူတာကို လိုက်ပို့မလား"

ပြန်မည့်မနက်မှာ မောင့်ကိုတွေ့ရင်း ကျွန်မမေးသည်။

"မလုပ် ပါနဲ့ ခင်မိုးရာ.... မောင်က ခင်မိုး မေမေကို မျက်နှာချင်း မဆိုင်ရဲသေး ပါဘူး"

"ဒါဆိုလဲ ပြီးရောလေ....ခင်မိုး မကြာပါဘူး ပြန်လာခဲ့မယ်"

"ဒီအဆောင်မှာပဲ ဆက်နေမှာလား"

"ဟုတ်တယ် ပြောထားခဲ့ပြီးပြီ မောင်"

ကျွန်မ နေသည်မှာ အပြင်ဆောင်ဖြစ်သဖြင့် အခန်းကို ပြန်မအပ်ခဲ့သေးဘဲ၊ လခ ကြိုပေး ခဲ့ကာ၊ ပြန်လာ မည်ဟု ပိုင်ရှင်ကို ပြောခဲ့ပြီးသား။

"မောင် တော့ ခင်မိုးကို မျှော် နေမိ မှာပဲ၊ ခင်မိုးနဲ့ မောင်တို့ရဲ့ အနာဂတ် အတွက် မောင် တတ်နိုင်သလောက် ကြိုးစား ကြည့်မယ်"

"ခင်မိုး ပြန်လာမှာပါမောင်၊ မကြာပါဘူး"



မောင့်ကို နှုတ်ဆက်စကား ဆိုနေမိသည်။ မောင့်စိတ်ထဲမှာတော့ ကျွန်မ ပြန်လာပါ့မလား ဆိုသည့် စိုးရိမ်တွေးတွေ ရှိနေကြောင်း ခန့်မှန်းသိနိုင်သည်ပဲ။

ကျွန်မသည် ပျော့ညံ့သူ မဟုတ်ဘဲ ကျွန်မ မှန်တယ်ထင်ရာကို လုပ်ရဲသော မိန်းကလေးဖြစ်ကြောင်း မောင်သိထားပါလျက် ကျွန်မကို စိုးရိမ်ပူပန်နေသည်မှာ ကျွန်မကို မစွန့်လွှတ်ရဲသော ချစ်စိတ်ကြောင့်ဟုပင် ကျွန်မထင်ပါသည်။

ထိုနေ့က လမ်းမခွဲခင်မှာ ကျွန်မနဖူးကို မောင်နမ်းပြီး နှုတ်ဆက်ပါသည်။

ကျွန်မ ရင်၌ ချမ်းမြေ့ ကြည်နူးမှု လှိုင်းဂယက်တို့ တဖျတ်ဖျတ် ရိုက်ခတ်သွားတော့၏။

မောင့်ကို ကျွန်မ ဘယ်တော့မှ ခွဲနိုင်မှာ မဟုတ်ပါဘူးဟု ကျွန်မဘာသာလည်း သိနေပြန်တော့သည်။

* * *

( ၈ )

“မောင်လှမင်းမှာ ဘာ ငြင်းစရာ ရှိလို့လဲ သမီး”

အိမ်ပြန်ရောက်သည်နှင့် ကျွန်မကို တစ်အေွလုံး၊ တစ်မျိုးလုံးကပါ ဝိုင်း၍ နားချတော့သည်။ ကျွန်မကလည်း ခေါင်းမာစွာဖြင့် ငြင်းဆန်နေမိပါတော့သည်။

ကျွန်မထိုင်နေရာ ဧည့်ခန်းတဲသို့ မေမေရောက်လာပြီး ကျွန်မကို မေးလိုက်ပါသည်။

ကျွန်မက မေ့မေ့မျက်နှာကို ပြန်ကြည့်လိုက်သည်။ မေမေ့အကြည့်က ကျွန်မ ခေါင်းမာ ငြင်းဆန်နေသည်ကို မနှစ်မြို့ဟန်ရှိသည်။

''သမီးပြောပြီးပြီပဲ မေမေရယ်၊ ကိုလှမင်းကို သမီး ဘာမှ ငြင်းစရာမရှိပါဘူး၊ တကယ်တမ်း ပြောရရင် ကိုလှမင်းရဲ့ ယောကျ်ားပီသတဲ့ စိတ်ကိုတောင် သမီး လေးစားပါသေးတယ်၊ အခွင့်အရေး မယူတတ်တာ၊ အနိုင်မကျင့်တတ်တာလဲ သမီး နားလည်လာတယ်၊ ခက်တာက သမီးမှာ သူ့ကို မချစ်တာ....''

''ယူပြီးရင် ချစ်သွားမှာပေါ့အေ''

''မဟုတ်ဘူး မေမေ၊ သမီးမှာသာ ချစ်သူ မရှိခဲ့ရင် မေမေပြောသလို တွေးပြီး သမီး ကိုလှမင်းကို လက်ထပ်နိုင်ကောင်း လက်ထပ်နိုင်မှာပါ၊ အခုတော့ သမီးမှာ ချစ်သူရှိနေတာပဲဟာ၊ သမီး သစ္စာမဲ့တဲ့သူ အဖြစ်မခံချင်ဘူး''

မေမေက စိတ်ပျက်ဟန် မျက်နှာကိုမဲ့ရွဲ့ရင်း....

''ပြီးတော့.... ညည်း ကောင်က စာယောင်ပေယောင်နဲ့''

''သမီးတို့မှာ မျှော်လင့်ချက်တွေ အများကြီးပါ မေမေ၊ အခု သမီးရန်ကုန်မှာ အလုပ် လုပ်မယ်၊ သူက သမီးစာအုပ်တွေ ထုတ်ပြီး ထုတ်ဝေရေးတစ်ခုခု လုပ်မယ်''

''ကြီးပွားဦးမှာပေါ့၊ အရင်းအနှီး ကရော ရှိလို့လား''



''ဒီလိုပဲ ခြစ်ခြစ်ခြုတ်ခြုတ်လုပ်ရမှာပါ မေမေ၊ သမီးစာအုပ်တွေထုတ်ပြီး မကြီးပွားမှန်းသိလျက်နဲ့ အနစ်နာခံတဲ့ စိတ်ကို သမီးလေးစားတာပါ၊ တကယ်ဆို သူက သမီးထက် စာရေးလဲ ကောင်းတယ်၊ ရေးအားလဲ ရှိတယ်၊ သူ့ဝေ အောင်မြင်ဖို့အတွက်ပဲ သူကြည့်ဖို့ ကောင်းပါတယ်၊ သမီးကို အောင်မြင်အောင်တင်ပေးချင်တဲ့စိတ်၊ သူငယ်ချင်းရေးဖော်တွေ အောင်မြင် အောင် မြေတောင်မြှောက်ပေးချင်တဲ့သူ့စိတ်ကို သမီးမလေးစားဘဲ မနေနိုင်ပါဘူး၊ သမီး သူ့ကိုဘဝတစ်ခုလုံး အတွက် လက်တွဲသွားချင်တယ် မေမေ၊ ငွေကြေးမပြည့်စုံရင်တောင်မှ စိတ်ချမ်းသာမှာပဲလို့ သမီး တွေးမိပါတယ်''

''သမီးဘက်က ဒီဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား''

''မပြင်ပါရစေနဲ့ မေမေ''

မေမေ့ မျက်နှာကို ကြည့်ရင်း စိတ်ထိခိုက် သွားမှန်း သိသာသည်။

''မေမေ တစ်ခုပြောမယ်သမီး၊ အခုချက်ချင်း လက်ထပ်သွားမယ်ဆိုရင်တော့ သမီးဖေဖေကလဲ အရမ်း ဇိတ်ဆိုးပြီး အမွေပြတ်တွေ ဘာ တွေ ကြော်ငြာလိမ့်မယ်၊ သမီးဖေဖေ စိတ်လဲ သမီး သိနေတာပဲ''

"ဖေဖေ သမီးကို တစ်သက်လုံး စိတ်ဆိုးပြေတော့မှာ မဟုတ်ဘူးဆိုတာ သမီး သိပါတယ် မေမေ၊ ငါ့မီးတို့ ချက်ချင်းလဲလက်မထပ်နိုင်သေးပါဘူး၊ စာအုပ်လုပ်ငန်းလေး အောင်မြင်ပြီး ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်တဲ့နေ့မှ လက်ထပ်ကြမှာပါ"

"ဒီလိုဆိုရင်တော့ သမီးဖေဖေ စိတ်ပြေကောင်းပြေမယ်၊ အခုတော့ သူ သမီးကို အရမ်းစိတ်ဆိုးလိမ့်မယ်"

"သမီးက အဆုံးစွန် တွက်ထားပြီးသားပါ မေမေ၊ သမီးစကားနားမထောင်ဘဲ အိမ်ကထွက်သွား ကတည်းက ဖေဖေဟာ သမီးကိုသမီးအဖြစ်က စွန့်လွှတ်တယ်လို့ ကြေညာနိုင်တယ်ဆိုတဲ့အထိ တွက်ပြီးသားပါ"

"အဲဒါတွေ တွက်မိရက်နဲ့တောင်မှ သမီးရယ်"

မေမေ မျက်ရည်ကျလာတော့ ကျွန်မစိတ်မကောင်းဖြစ်ရပြန်သည်။ မေမေ့ မျက်ရည်သည် ကျွန်မ ရင်ကိုပူလောင်သွားစေနိုင်တာ ကျွန်မ သတိထားမိပြန်၏။

"သမီးကိုခွင့်လွှတ်ပါတော့ မေမေ၊ မေမေတို့စကားကို နားမထောင်နိုင်တဲ့အတွက် သမီးကိုသမီးမိုက်လို့ပဲ သတ်မှတ်ပါတော့၊ သမီးတို့ဘဝတစ်ခုကို အခြေချနိုင်ဖို့ ကြိုးစားကြည့်ပါရစေ၊



သမီး လက်ဝတ်လက်စားတွေ အားလုံး ထားခဲ့မှာပါ၊ သမီးမှာရှိထားတဲ့ မုန့်ဖိုးငွေကိုပဲ ယူသွားမှာပါ မေမေ"

"သမီး....သမီးရယ်"

မေမေက ကျွန်မ ထိုင်နေရာ နှစ်ယောက်ထိုင်ဆက်တီပေါ်သို့ ကူးပြောင်းထိုင်ရင်း ကျွန်မကိုဖက်၍ ငိုရှိုက်နေပါတော့သည်။

ကျွန်မလည်း စိတ်မကောင်းနိုင်တော့ဘဲ မေမေ့ရင်ခွင်မှာ မျက်နှာအပ်လျက် ရှိုက်ကြီးတငင် ငိုချလိုက်မိတော့၏။

"သမီး မောင့်ကို မခွဲပါရစေနဲ့ မေမေရယ်"

ဟု တီးတိုး ရေရွတ်နေမိပြန်သေးသည်။

* *

# အပိုင်း ( ၃ )

## ( ၁ )

ကျွန်မ လက် ဝတ် လက် စား များ ကို ထား ခဲ့ မည် လုပ်သော်လည်း မေမေကပေးလိုက်သည်။ ဖေဖေကတော့ ကျွန်မသဘောထားကို ပြတ်ပြတ်သားသား ပြောသည့်နေ့မှစ၍ စကားမပြောတော့။

"လက်ထပ်တယ်ဆိုတာ လွယ်လွယ်လေးတော့ မဆုံးဖြတ်ပါနဲ့ သမီးရယ်၊ သမီးကျောင်းနေတုန်းမှာ ချစ်သူအဖြစ် ပေါင်းခဲ့သင်းခဲ့ဖူးတဲ့ လူတစ်ယောက်နဲ့ အလုပ်အတူ လုပ်ပြီး အခု ပေါင်းရသင်းရဦးမှာပါ၊ လူဆိုတာ ရေရှည် ပေါင်းသင်းကြည့်မှ ပေါ်လာနိုင်တဲ့ စိတ်ဓာတ်တွေ အများ

ကြီးရှိတယ်သမီး၊ အတ္တကြီးလွန်းတာ၊ စိတ်ထား ယုတ်ညံ့တာ၊ သဘောထား သေးသိမ်တာ အစ ရှိသဖြင့်ပေါ့၊ . ချစ်သူဘဝမှာတုန်းကတော့ တတ် နိုင်သမျှ ဟန်ဆောင် ဖုန်းကွယ် ထားကြပေမယ့် တကယ်တမ်း အတူနေကြပြီဆိုတော့ အဲဒီစိတ်တွေ ဘွားကနဲ ပေါ်လာရော၊ ဒါကြောင့် ခံ့တတ်သီ ချင်းကို လက်ထပ်တယ်ဆိုတာ အဲဒီလိုမျိုး ဖြစ်မှာ စိုးလို့သမီး၊ သမီးချစ်သူကို သမီးရေရှည် လက်တွဲ လို့ရမရ စောင့်ကြည့်ပါဦး၊ ချက်ချင်းတော့ လက် မထပ်နဲ့ဦး၊ ကိုယ့်အပေါ်မှာ ချစ်တာ၊ ကိုယ့် အပေါ်မှာ စေတနာရှိတာနဲ့တင် လောကကြီးမှာ မလုံလောက်ဘူး သမီး၊ သမီးနဲ့သူ နှစ်ယောက် တည်း နေရမယ့် လောကမဟုတ်ဘူး၊ အားလုံး အပေါ်မှာ စိတ်ထား ဖြူဖြူစင်စင် ရိုးရိုး သား သားစိတ် မွေးနိုင်ဖို့က အရေးကြီးပါတယ်၊ သမီး သဘောထား မတိုက်ဆိုင်တဲ့ နေ့မှာ မေမေ့ဆီ ပြန်လာခဲ့ပါ''

ဘူတာကို လိုက်ပို့ရင်း ဘူတာထဲမှာ မေမေက ကျွန်မ ကို တစ်တွတ်တွတ် မှာခဲ့သည်များ ပြန်၍ ကြားယောင် ပြန်၏။

မေမေ ထည့်ပေးလိုက်သော လက်ဝတ် လက်စား တချို့ကို ရောင်းပြီး ကျွန်မ စုံဆောင်းထားသော ငွေ



ကလေးကို မောင့် အရင်းအနှီးထဲသို့ ထည့်လိုက်သည်။ မောင်က သူ့အိမ်မှ ငွေအနည်းအပါး ယူလာခဲ့သည်။

ပထမဦးဆုံး ကျွန်မ၏လုံးချင်းဝတ္ထုစာအုပ်ကို စထုတ် ကြသည်။

ကျွန်မနှင့်မောင်တို့ ခေါင်းချင်း ဆိုင်ကာ စဉ်းစား လျက် ကျွန်မတို့ စာပေတိုက်ကို 'အနာဂတ်' စာပေတိုက် ဟု အမည်ပေးလိုက်ကြ၏။ မောင်နှင့်ကျွန်မတို့၏ အနာ ဂတ်။ စာရေးသူ ကလောင်သစ်ကလေးများ၏ အနာ ဂတ်....စသဖြင့်....စသဖြင့်.... ကျွန်မတို့ စိတ်ကူးယဉ်ကာ သည်နာမည်ကလေးကို မွေးဖွားလိုက်ကြသည်။

ကျွန်မတို့၏ 'အနာဂတ်' စာပေတိုက်သည် စီးပွား ရေးသက်သက်မကြည့်။ ကျွန်မတို့ ရင်ဆိုင် ဖြတ်သန်းခဲ့ရ သော စာအုပ်ထုတ်ဝေရေး အခက်အခဲရှိသူများကို စိတ် ရော ကိုယ်ရော ကူညီပံ့ပိုးပေးနိုင်ရမည်။ သည်စေတနာ၊ မေတ္တာတရားတို့ဖြင့် ကျွန်မနှင့် မောင်တို့၏ ဘာဝရှေ့ရေး သည်လည်း အဆင်ပြေ ချောမွေ့ရမည်ဟု ကျွန်မတို့ မျှော်လင့် ကြည်နူးခဲ့ရပြန်သည်ပဲ....။

* * *

ကျွန်မ ဝတ္ထုစာအုပ်နှစ်ရာလောက်သာ ကုန်သည်ဟု မောင့်ထံမှ ကြားရတော့ ကျွန်မ မောင့်ကိုသနားသွားသည်။ မောင်သည် အအိပ်ပျက် အစားပျက် ဒုက္ခခံကာ သည်လုပ်ငန်းကို လုပ်ကိုင်ခဲ့ရမှန်း ကျွန်မသိသည်ပဲလေ။ စာပေတိုက်ကြီးတွေလို သူ့လုပ်ငန်းတာဝန်နှင့်သူ လုပ်ကိုင်မည့်သူမရှိ။ စာပေစိစစ်ရေး ပြေးလည်း မောင်၊ ပန်းချီဆရာဆီ သွားပြီး ထိုင်စောင့် နေရတာကလည်း မောင်၊ ဖလင်တွေအပ်၊ ပုံနှိပ်တိုက်ပြေးရသည်ကလည်း မောင်ပင်။ ကျွန်မကလည်း စိတ်သာရှိလျက် မောင့်ကို မကူညီနိုင်ခဲ့။

သည်မျှ ဒုက္ခခံကာ လုပ်ခဲ့ရသော ကိစ္စတစ်ခု အရှုံးပေါ်ပြီဆိုတော့ မောင် အားငယ်စိတ်ပျက်သွားမှာလည်း ကျွန်မ စိုးရိမ်သည်။ စာအုပ် ငါးရာလောက် ရောင်းရမှ အရင်းကျေနိုင်မည်ဆို၏။

ပထမဆုံး ထွက်သည့် စာအုပ်မို့ ဝေါရှိ ကြော်ငြာများ၊ မဂ္ဂဇင်း ကြော်ငြာများလည်း ကျွန်မတို့ သုံးခဲ့ကြသည်။ သည်တော့ အတော်လေး ရှုံးသွားပြီဟု ကျွန်မ နားလည်လိုက်ပါ၏။

သူများတွေသည်း စထွက်စမှာ သည်လိုပဲ ရှုံးတတ်တာပဲ ခင်မိုးရာ၊ စိတ်မပျက်ပါနဲ့ဟု မောင်က ကျွန်မကို ပြန်အားပေးပြန်ပါသည်။

* * *

( ၂ )

"စာအုပ်ဖြန့်တော့လဲ ကိုယ်ကမကျွမ်းကျင်ဘူး ခင်မိုးရယ်၊ သူများ တိုက်တွေလို အငှားဖြန့်လဲ မလုပ်နိုင်တော့ ဒုက္ခအရောက်သား၊ လူသစ်တန်း စာအုပ်ဆို ဆိုင်တွေက သူတို့ဆိုင်မှာ တင်ထားရတာ နေရာပုပ်တယ်သို့ မြင်ကြတာ၊ ဟုတ်တော့လဲ ဟုတ်ပါတယ်လေ၊ အမြတ်မသေချာတဲ့ ကိစ္စကို ဘယ်သူက စိတ်ဝင်စားပါ့မလဲ"

နောက်ရက် မောင် ရောက်လာတော့ စာအုပ်ဖြန့်ချိရေး၊ လူအားနည်းမှုကို မောင်ကပြောသည်။ ခင်မိုးဖြူ၏

'ချစ်တတ်သူ' ဆိုသော စာအုပ်သည် စာပေလောကမှာ ထွက်လိုပင် ထွက်မှန်းမသိလိုက်ပါလား။

အရောင်းဆိုင်တွေမှာသာရှိ၍ စာအုပ်အငှားဆိုင်တွေကို မရောက်သေးမှန်း နားလည်ရပြန်သည်။

"မောင် ဘာဆက်လုပ်မယ်စဉ်းစားထားလဲ"

"အဲဒါခင်မိုးကို မောင်ပြောပြမလို့၊ဒီအတိုင်း ခင်မိုး စာအုပ်ချည့် ဆက်တိုက် ထုတ်နေရင်တော့ မောင်တို့ အရင်းပြုတ်သွားမှာပဲ၊ မနေ့ညကဆရာ အိုးဝေဆီကိုရောက်ခဲ့တယ်၊ ဆရာ့ကိုသနားအောင် ပြောပြလိုက်တယ်၊ ဒီလုပ်ငန်းလေး အောင်မြင်မှ ကျွန်တော်နဲ့ ခင်မိုး လက်ထပ်နိုင်မှာပါ ဆိုတော့ ဆရာက အရမ်း သနားသွားပုံရတယ်၊ နောက် တော့....သူ့ရဲ့ ဒုတိယအကြိမ် စာအုပ် သုံးအုပ်နဲ့ ခင်မိုးနဲ့တွဲဖို့ ရေးပြီးသားအဟောင်း တစ်ခြမ်းပါ ရခဲ့တယ် ခင့်မိုး"

"ဟာ....ဟုတ်လား"

"ဟုတ်တယ် ခင်မိုး၊ မောင် မနေ့ညကမိုးချုပ် နေလို့ လာမပြောဖြစ်တာ"

"ဝမ်းသာလိုက်တာ မောင် ရယ်"

ဆရာ အိုးဝေသည် စာပေ လောကမှာ ဩဇာ ရှိသော လက်ရှိ စောင်ရေလည်း ကောင်းသော စာရေး ဆရာ တစ်ဦး ဖြစ်သည်။ အေး ဆေး စွာ နေတတ်၍၊ သနား ညှာတာစိတ် ရှိသူဟု သူတို့ နှစ်ဦးလုံး သိထားကြသူဖြစ်၏။



"ဘာပဲဖြစ်ဖြစ် ဒီလို ကူညီမယ့်သူ ပေါ်လာ တာ မောင်တို့ ကံပဲ ခင်မိုး"

"ရိုးရိုး သားသား လုပ်တဲ့ သူတွေကို ကူညီ ချင်တဲ့သူ မရှားပါဘူးမောင်"

ထိုနေ့က မောင် ပြန်သွားတော့ လျော့ရဲရဲဖြစ်ချင်နေ် သော မျှော် လင့် မှုများ ပြန်၍ အား တက် လာရပြန် သည်ပဲ။

အနာဂတ်၏ အလင်း ရောင် ပျပျကို မှန်းဆ ကြည့် နေမိပြန်သည်။

* * *

( ၃ )

ဆရာအိုးဝေ၏ ဒုတိယ အကြိမ်ထုတ် စာအုပ် များမှာ အတော်လေး မြိုးမြိုးမြက်မြက် ရလိုက်သည်။

ဆရာအိုးဝေကို ကျွန်မတို့ ကျေးဇူးတင်မဆုံးရှိတော့၏။

ထိုငွေလေးနှင့်ဆရာ အိုးဝေနှင့်ခင်မိုးဖြူတို့နှစ်ယောက်တွဲကို ထုတ်လိုက်ရာ ဆရာ အိုးဝေ၏ အရှိန် အဝါဖြင့် စာအုပ်က ရောင်းကုန် သွားပြန်သည်။ ထိုအတွဲ စာအုပ်ကလေးမှာ ခင်မိုးဖြူ ဆိုသည့် တလောင်ကို ပရိသတ် စ၍ သိသွား တော့ သည်။ မောင် နှင့် ကျွန်မ ဝမ်းသာ ကြည်နူးလို့ မျက်ရည်ပင် စို့ကြရသေးသည်။

"မောင်...."

"အင်...."

"ခင်မိုး စာအုပ် ဘယ် အခြေ အနေ ရောက်ပြီလဲ"

"တစ်အုပ်က ထွက်တော့မယ် ခင်မိုး၊ နောက်တစ်အုပ်ကတော့ ရှုံးတင်ထားတယ်၊ ဘာလဲ့ ခင်မိုး စိတ်ပူလို့လား"

မောင့်ကို ဘာမှ ပြန်မပြောဘဲ ပြုံးပြနေမိသည်။

"ဘာမှ စိတ်မပူနဲ့တော့ ခင်မိုး၊ 'အနာဂတ်' စာပေဟာ လည်ပတ်သွားပြီ၊ မောင် ဆက်အလုပ်လုပ်လို့ရပြီ၊ ဆရာအိုးဝေရဲ့ ကျေးဇူးနဲ့ စာပေတိုက်ကိုလဲ လူတွေ သိလာ ပါပြီ၊ နောက်ထပ် ဆရာနှစ်ယောက် ဆီက ဒုတိယ အကြိမ် စာမူ တွေလဲ တောင်းလို့ရပြီ ခင်မိုး"

"ဩော်....နေဦး၊ မောင့်ကို တစ်ခု ခင်မိုး မေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူး"

"မေးလေ....ခင်မိုး"

မောင်က အကြမ်း ပန်းကန်ကို ကောက်ယူ မော့သောက်ရင်း ပြောသည်။

"ဆရာအိုးဝေရဲ့ စာအုပ်တွေမှာ မောင် ဒုတိယ အကြိမ် ဆိုတာ မထည့်ဘူး နော်"

မောင့် မျက်နှာ ရုတ်တရက် ပျက်သွားသလို အရောင်ပြောင်း၏။



"ဟွာ....ခင်မိုး ကလဲ"

"မဟုတ်ဘူးလေ မောင်၊ ဒါတွေဟာ ဒုတိယ အကြိမ်ထုတ်တွေပဲ၊ ဒုတိယ အကြိမ်လို့ ထည့်ရမှာပေါ့၊ ခင်မိုးနဲ့ တွဲတဲ့ အတွဲမှာလဲ ဒုတိယအကြိမ် ဆိုတာ မပါဘူး ခင်မိုး သတိထားမိတယ်"

မောင် သက်ပြင်းချတာကို တွေ့လိုက်သည်။

"မောင် ပြောမယ် ခင်မိုး၊ ခင်မိုး သတိထားမိရဲ့လား တော့ မသိဘူး၊ လက်ဆောင် ပေးတဲ့ စာအုပ်တွေပေါ်မှာ ဒုတိယအကြိမ်ဆိုတာ နောက်နားမှာ ရိုက်ထားတယ်၊ လက်ဆောင် ပေးဖို့နဲ့ စာပေ စိစစ်ရေး တင်ဖို့မှာ ဒုတိယ အကြိမ် ပါပါတယ်"

"ဖြန့်တဲ့ စာအုပ် တွေမှာ မပါပါဘူး"

"ဟုတ်တယ်....မပါဘူး ခင်မိုး"

"အဲဒါ....စာဖတ်ပရိသတ်ကို ညာတာပဲပေါ့"

"ဒါတော့ ခင်မိုးရာ"

"အဲဒါ တွေတော့ ခင်မိုး မကြိုက်ဘူးမောင်"

မောင်က လေပူကို မှုတ်ထုတ်လိုက်သည်။

"ခင်မိုးက သိပ်ရိုးတာ ဖြောင့်တာ ကြိုက်မှန်း သိလို့ မောင်က တမင် မပြောခဲ့ တာ၊ ဒါတွေက စာအုပ် လောကမှာ လုပ်ရိုး လုပ်စဉ်တွေပဲ ခင်မိုး၊ ဒုတိယ အကြိမ် ထုတ်ကို အသစ်လို့ ထင်အောင်

လုပ်ကြရတာပေါ့၊ ဒါမှလဲ ဈေးကောင်းမှာ လေ... ဒါကြောင့် ဆရာ အိုးဝေရဲ့ စာအုပ်မှာ မောင်တို့ အမြတ်ကျန်တာပေါ့ ခင်မိုး''

''ဒါပေမယ့်မောင်ရာ....စာရေးဆရာလဲ နာပါတယ်၊ သူ့ပရိသတ်က သူ့ကိုတစ်မျိုး ထင်သွားမှာပေါ့၊ ဆရာအိုးဝေက ဘာမှမပြောဘူးလား''

''အဲဒါတွေ သိပ်တွက်နေလို့ မရဘူး ခင်မိုးရဲ့၊ စီးပွားရေးလုပ်တာဆိုတော့....''

မောင့်ကို ကျွန်မ နားမလည်နိုင်စွာ ငေးကြောင်ကြည့်မိပြန်သည်။ မောင်သည် စာအုပ်လုပ်ငန်းကို စီးပွားရေးသက်သက်ဟု သဘောထားပြီလားဟု နားမလည်စွာ ဖြစ်မိတော့၏။

''ဆရာအိုးဝေကတော့ အေးတယ်၊ သိပ်လဲ မပေါ်ဘူး၊ သိလဲ ဆရာကတော့ မောင်ငိုပြီး တောင်းပန်ပြရင် ကျေနပ်မှာပါ''

''မောင်ရယ်....မလုပ်ကောင်းပါဘူး၊ 'အနာဂတ်' စာပေကို ထူထောင်တုန်းက....''

မောင်က ကျွန်မ၏ နှုတ်ခမ်းကို လက်ညှိုးလေးနှင့်တား၍ ပိတ်လိုက်၏။

''မောင့်ကိုနားလည်ပါ ခင်မိုးရယ်....၊ အခုနောက်ထုတ်မယ့် စာရေးဆရာတွေကိုတော့ မောင်ပြောင်မပြောထားတယ်၊ ဒုတိယအကြိမ် မထည့်



ဘူးလို့၊ သူတို့လိုချင်တဲ့ ဈေးကိုလဲပေးတော့ သူတို့လက်ခံတယ်လေ''

''အဲဒီလို လက်ခံရင်တောင်မှ ခင်မိုးတော့ လိပ်ပြာမသန့်ပါဘူး''

''မောင့်ရည်ရွယ်ချက်ကတော့ ခင်မိုးဖြူဆိုတဲ့ စာရေးဆရာမ စူပါ မဖြစ်မချင်း အနာဂတ်စာပေအပြုတ်မခံနိုင်ဘူး ခင်မိုး''

''မောင်....ထွန်းသန့်ကျော်တို့ မျိုးဆွေတို့ စာမူတွေကိုလဲ ယူထားပြီးပြီဆို....''

''ဟုတ်တယ်၊ ခင်မိုး အောင်မြင်ရင် သူတို့ကို တင်ပေးရဦးမှာ၊ ဒီတော့ လည်ပတ်အောင် ငွေရှာဖို့ လိုတယ် ခင်မိုး''

မောင့်ကိုကြည့်ရင်း ကျွန်မ မသက်မသာ သက်ပြင်းရှည်ကို ချမိပြန်၏။

သည်လို မလိမ့်တပတ် အလုပ်တွေကို ကျွန်မ လုံးဝ မနှစ်သက်တာ မောင်သိထားသည်ပဲ။

စီးပွားရေးလောကထဲ ဝင်လာပြီဆိုတော့ မောင်ကိုယ်တိုင် လုပ်ရဲနေပြီပဲဆိုတာ ကျွန်မပထမဆုံး အံ့သြနေမိပြန်ပါ၏။

* * *

## ( ၄ )

တတိုယမြောက် စာအုပ်ထွက်သွားပြီးတော့ ခင်မိုးဖြူ ဆိုသည့် ကလောင်အမည်သည် ပရိသတ်ထံသို့ အတော်လေး ရောက်သွားပြီမို့ ကျွန်မမှာ ပျော်မဆုံး။ မောင်၏ လုပ်တတ်၊ ကိုင်တတ်ရှိသော အရည်အချင်းသည် ကျွန်မ စာအုပ်ကောင်းခြင်းထက် ပိုနေမည်ဟု ကျွန်မ နားလည်ပြန်သည်။

လူစိတ်ဝင်စားအောင် ကြော်ငြာခြင်းကအစ မောင်က ကြိုးစားပမ်းစား လုပ်သည်။ ပြီးတော့ သည်စာအုပ်၏ ခေါင်းစဉ်က မောင်ပေးခဲ့သည့် ခေါင်းစဉ်။ ကျွန်မ ခေါင်းစဉ်သည် ရိုးလွန်းသည်ဟု ပြောပြီး မောင်က

သူ့ခေါင်းစဉ်ကိုပေးသည်။ 'အမြဲစိမ်း ချစ်သူ'' ဆိုသည့် ခေါင်းစဉ်ကို ကျွန်မလည်း ကြိုက်သည်။ စာအုပ် ထွက်ပြီးတော့ ထိုခေါင်းစဉ်ကို စာဖတ်သူများ သဘောကျကြောင်း ကျွန်မထံသို့ စာတွေရောက်လာတော့၏။

မောင့်နာမည်၊ စိစဉ်သူဇော်အေးဆိုတာလည်း စာပေလောကမှာ သိသူများလှသည်။ အေးဆေး ချိုသာစွာ ပြောဆိုလျက် နှိမ့်ချစွာဆက်ဆံတတ်သော မောင့်အရည်အချင်းသည် လုပ်ငန်းမအောင်မြင်ခြင်းသို့ တွန်းပို့နေသည်ဟု ကျွန်မထင်၏။ ရိုးသားနှိမ့်ချစွာဖြင့် ဆက်ဆံတတ်ခြင်းသည်လည်း မောင့်အတွက် အင်အား တစ်ခုပင်။

ဆရာအိုးဝေတို့လို ညှာတာသနားတတ်သော စာရေးဆရာများကတော့ မောင့်အပြော၊ မောင့်စကား၊ မောင့်အနေ မောင့်အထိုင်ကြောင့်ပင် အလိုလို စေတနာရှိနေမှာပဲဟု ထင်သည်။

ဘာလိုလိုနှင့် အနာဂတ်စာပေသည် ယိုင်ယိုင်နဲ့နဲ့မဟုတ်တော့ဘဲ ခိုင်ခိုင်မတ်မတ်ဖြစ်လာပြီမို့ ကျွန်မမှာကြည်နူး၍ မဆုံးနိုင်တော့။

* * *

( ၅ )

''ခင်မိုးအားလှား.....ဒီညနေ လိုက်ခဲ့ပါလား''

ရှုံးဆင်းချိန်မှာ ကျွန်မအလုပ်လုပ်သည့် ကုမ္ပဏီရှေ့မှာ မောင်ထိုင်စောင့်နေရင်း တွေ့တော့ ပြောသည်။

''ဘယ်ကိုလဲ မောင်''

''ဆရာမောင်နွေဦးဆီ သွားမလို့''

''ဘာလုပ်မှာလဲ မောင်''

မောင်က သူ့ရှေ့ ဝဲကျနေသည့် သူ့ဆံပင်တွေကို လက်ဖြင့် သပ်တင်ရင်း....

''ခင်မိုးအံ့ဩမှာပဲ၊ ဆရာ့ဆီက ဒုတိယအကြိမ် ထုတ်ရမယ်''

"ဟုတ်ရဲ့လားမောင်....၊ ဆရာမောင်ငွေဦးက သူ့တိုက်က လွဲလို့ ပေးတယ် မကြားမိပါဘူး"

"သေချာတာပေါ့၊ ဒါပေမယ့် မောင့်အရည်အချင်းကို ခင်မိုး ယုံတယ် မဟုတ်လား၊ သူ့တပည့် တစ်ယောက်နဲ့ သွားငုံပြုလိုက်တာလေ၊ ဒီနေ့ညနေ စကားပြောမယ် လာခဲ့လို့ ချိန်းလိုက်တယ်၊ ပေးဖို့ သေချာပါတယ်"

"ဟာ....ဝမ်းသာလိုက်တာ မောင်ရယ်၊ သူ့စာအုပ် ရရင်တော့ မြတ်မှာ သေချာတယ်"

"ဒါပေမယ့် ဒုတိယအကြိမ် လုံးချင်း မဟုတ်ဘူး ခင်မိုး၊ လုံးချင်း ဒုတိယအကြိမ်လဲ သူက မပေးဘူး၊ အခုဟာက သူ့ဝတ္ထုလတ် နှစ်ပုဒ်ကို ပေါင်းထုတ်တဲ့ ဒုတိယအကြိမ်"

"ဘာဖြစ်လဲ အဲဒါလဲ မြတ်မှာပဲ မဟုတ်လား"

မောင်က ခေါင်းညိတ်ပြသည်။ မောင့်ကို ကြည့်ရသည်မှာ တက်တက်ကြွကြွနှင့် ပင်ပန်း နွမ်းနယ်ဟန် မပြ။ သူလုပ်သမျှ လုပ်ငန်းလေးတွေ အကောင်အထည်ပေါ်တော့ ကြည်နူးနေပုံရသည်။

"ခင်မိုး လိုက်ခဲ့မယ်လေ ဆရာ့ကိုလဲ တွေ့ဖူးချင်တယ်၊ ဘယ်မှာ ချိန်းထားလဲ"

"လက်ဖက်ရည်ဆိုင်မှာပဲ ခင်မိုး"

*　　*　　*



"ဟုတ်ပြီ....ခင်ဗျားပြောတဲ့ ဈေးနဲ့ပဲ ဝတ္ထုလတ်အဟောင်းနှစ်ပုဒ် ကျွန်တော်ပေးမယ်၊ ဒါပေမယ့် ကျွန်တော့် စည်းကမ်းတွေကို ပြောပြမယ် ကိုဇော်အေး၊ ခင်ဗျား ကြိုက်မှ လုပ်မယ် မလုပ်ဘူး ဆုံးဖြတ်ပေါ့"

လက်ဖက်ရည်ဆိုင်ကို ကျွန်မနှင့် မောင် ရောက်သွားတော့ ဆရာ ကိုငွေဦးကို အခန့်သင့်ပင်တွေ့သည်။ မောင်က ဆရာပြောသည့် ဈေးအတိုင်း မပေးဘဲ ဆစ်သည်။ လူမှုရေးအရ ညှာတာဖို့ မောင် ပြောသည်။ ဆရာ့ ကြည့်ရသည်မှာ ခပ်ပြတ်ပြတ် သမားဟု ကျွန်မ နားလည်လိုက်၏။

"ပြောပါဆရာ၊ ကျွန်တော် ဆရာ့စည်းကမ်းအတိုင်း လုပ်ပါ့မယ်"

"တစ်ကတော့ဗျာ ဒုတိယအကြိမ်ထုတ် ဆိုတာကို ကြော်ငြာကတည်းက ထည့် ကြော်ငြာ ရမယ်၊ စာအုပ်လုပ်ရင်လဲ စာအုပ်အဖုံးမှာ ပန်းချီစာလုံးနဲ့ ရေးရမယ်၊ ပြီးတော့ အတွင်းက ရေခံမှာ ဒုတိယအကြိမ်ဆိုတာ ရေးရမယ်၊ ဒါက နံပါတ်တစ်၊ နှစ်ကတော့ စာမူက လုံးချင်းမဟုတ်တော့ လုံးချင်းလို့ ပရိသတ် မထင်စေချင်ဘူး၊ စာမူတစ်ပုဒ်

ဆုံးတိုင်း အောက်က မှတ်တမ်း ထည့်ပေးရမယ်၊ ဘယ်နှစ်ခုနှစ် ဘယ်သူနဲ့ တွဲထုတ်ခဲ့ဖူးတယ် ဆိုတာ ပေါ့"

"ဟာ....ဆရာရယ် ကျွန်တော် လုပ်ပါ့မယ်၊ ဒါ ကျွန်တော့် အတွက် ဘာမှ အပန်းမကြီး ပါဘူး"

"ပြီးတော့ ခေါင်းစီးကို နှစ်ပုဒ်ပေါင်းပြီး ကျွန်တော် ပေးထားတယ်၊ ဒါကလဲ အတည် မဟုတ်ဘူး၊ဒီခေါင်းစီးကို ကျွန်တော်မကြိုက်သေးဘူး၊စိစစ်ရေးမြန်မြန်တင်လို့ကျအောင် ပေးထားတာ၊ ပြီးတော့ နောက် ဝတ္ထုလတ် တစ်ပုဒ်က မသေချာသေးဘူးလေ၊ အစားထိုး လဲပေးချင် လဲ့ပေးနေရမှာ၊ ဒီတော့ ဒီခေါင်းစီးက ယာယီပဲ၊ စိစစ်ရေးက ပြန်ကျလာရင် ကျွန်တော့်ကို ပြော၊ ခေါင်းစီးအသစ်ပေးပြီး ပြန်တင်ရအောင်"

"ဒါလဲ ရပါတယ်ဆရာ၊ ဆရာဖြစ်ချင်တာသာ ပြောပါ"

"အေးဗျာ....ကျွန်တော် ပြောင်ပဲ ပြောမယ်၊ ဆရာအိုးဝေရဲ့ ဒုတိယအကြိမ်တွေ ခင်ဗျားလုပ်တာ တွေ့ရတယ်၊ ဒုတိယအကြိမ်ဆိုတာ မပါဘူး၊ အဲဒါမျိုး ကျွန်တော် မကြိုက်ဘူး၊ ပရိသတ်ကို လှည့်စားတာ မဖြစ်ချင်ဘူးဗျာ"



"ဟုတ်ကဲ့ပါဆရာ စိတ်ချပါ၊ ကျွန်တော်က စာသမားပါ ဆရာ၊ ကျွန်တော် ဒီအလုပ်ကို ဝင် လုပ်တာကလဲ ထုတ် ဝေ သူ တွေ ညစ်ပတ်တာ ကောက်ကျစ်ကြတာကို မကြိုက်လို့ မခံနိုင်လို့ ဝင် လုပ်ခဲ့မိတာပါ၊ စာသမားတွေအတွက် ကိုယ်ချင်း စာပြီး စာသမားစိတ်နဲ့ လုပ်ခဲ့တာပါ ဆရာ၊ ကလောင်သစ်တွေ အပေါ်မှာ အရမ်းတင်စီးလွန်း တာ ၊ကလောင်ဟောင်းတွေ အပေါ်မှာကျတော့ နည်းအမျိုးမျိုးနဲ့ ညစ်ပတ်တာ၊ ဥပမာ စောင်ရေ လိမ်တာမျိုးပေါ့ ဒါမျိုးတွေကိုမခံနိုင်လွန်းလို့ပါ ဆရာ၊ ကျွန်တော့် စာပေတိုက်ဟာ စာသမား တွေရဲ့ အနာဂတ် ဖြစ်စေရမှာပါ ဆရာ၊ အခု ကျွန်တော့် အမျိုးသမီး ခင်မိုးကို တင်ထားတယ် ဆရာ၊ ပြီးရင် ကလောင်သစ်ကသေးတွေ အများ ကြီးကို ကျွန်တော် လုပ်ပေးရဦးမှာပါ ဆရာ၊ ကျွန်တော့်ကို စာသမား တစ်ယောက် အနေနဲ့ ယုံကြည် စေချင်ပါတယ်"

မောင်က ဆရာ့ကို ရှည်လျားစွာ ရှင်းပြနေသည်။

"ခင်ဗျားလဲ စာလေး ဘာလေးရေးဦးဗျာ

ဒီလုပ်ငန်းထဲမှာပဲ မြုပ်ထားတော့မှာလား"

ဆရာက မောင့်ကို ကြည့်ရင်း ပြောသည်။

"လောလောဆယ်တော့ မရေးနိုင်သေးပါဘူး ဆရာ၊ ကျွန်တော့်အတွက် ဆိုတာထက် ကလေ သစ်များအတွက် ဒီလုပ် လုပ်ရဦးမယ်လို့ ဆုံးဖြတ် ထားပါတယ်"

"အဲဒီလို အနစ်နာခံစိတ် ထားတာကိုတော့ ချီးကျူးပါတယ် ဗျာ"

ပြီးတော့ ဆရာ့ကို ညာဏ်ပူဇော်ခ မောင်က ထုတ်ပေး သည်။

လက်ဖက်ရည်ဆိုင်က ထွက်လာတော့ မှောင်ရီ သမ်း နေပြီ။

* * *

"ဆရာအိုးဝေရဲ့စာအုပ်တွေမှာ ဒုတိယအကြိမ် မပါတာတော့ မောင့်အမှားပဲ မောင်၊ ဝန်ခံ လိုက်ဖို့ကောင်းတယ်၊ အခုတော့ ဆရာက ဆရာ အိုးဝေနဲ့ မောင်ညှိပြီး လုပ်တာ ထင်သွားရင် မကောင်းပါဘူး"

လမ်းမှာ ကျွန်မက မောင့်ကို အပြစ်တင်သည်။



"ခင်မိုးကလဲကွာ.... စီးပွားရေးလုပ်တဲ့ နေရာ မှာ ဒီလောက်တိတိကျကျပြောနေဖို့ မလိုပါဘူး"

"မဟုတ်ဘူးလေ၊ ဆရာအိုးဝေအတွက် ပြော တာ"

"သူ့ဘာသာ ထင်ချင်သလိုထင်ပေါ့ ခင်မိုးရာ၊ မောင်က မောင် လုပ်တာပါလို့ ဝန်ခံလိုက်ရင် သူက မောင့်ကို ဘယ်ယုံကြည်ပါတော့မလဲ"

"ဒါ....မောင် မရိုးသားတာ"

"တော်စမ်းပါ ခင်မိုးရာ"

ကျွန်မ မောင့်ကို ဆက်မပြောမိတော့။ မောင့်မှာ စီးပွားရေးလုပ်ရင်း ရိုးသားမှုများ ပွန်းပဲ့လာပြီ ဟု ကျွန်မ သတိထားလိုက်မိ၏။

စိတ်ထဲမှာ မကောင်းလှ။

* * *

## ( ၂ )

မောင်နှင့်ကျွန်မ ညနေတိုင်းလည်း မတွေ့ဖြစ်တော့။ မောင်သည် စီးပွားရေးဘက်ကို ဇောက်ချလုပ်နေရသူမို့ အချိန် သိပ်မရှိလှဟု ပြောပါသည်။ သည်အတွက် ကျွန်မ မောင့်ကို စာနာနားလည်နိုင်ပါသည်။ မောင်တစ်ယောက်တည်း ပင်ပင်ပန်းပန်း လုပ်ကိုင်နေရတာပါလား။ ကျွန်မကဘာမှ မကူညီနိုင်တဲ့ အနေအထားပါလားဟု တွေးကာ ကျွန်မ စိတ်မကောင်းမိ။

"ခင်မိုး ဒီညနေ မောင်နဲ့အတူလိုက်ခဲ့ပါဦး"
"ဘယ်ကိုလဲ မောင်"



လွယ်အိတ်ကြီးကို ဖိုးရိုးဖားရားလွယ်ရင်း ကျွန်မကို စောင့်နေသည့်မောင်က တွေ့တွေ့ချင်းပြောသည်။

မောင့်မျက်နှာကို ကြည့်ရသည်မှာ နွမ်းလျ ဖြူလျော့နေသည်ထင်သည်။ မျက်နှာမကောင်းလှသော မောင့်ကို ကြည့်ရင်း မောင် ကစ်ခုခုဖြစ်လာပြီဟု ကျွန်မထင်သည်။

"ဘာဖြစ်လို့လဲ မောင်၊ ခင်မိုးကို အရင်ပြောပါဦး"

မောင်က တံထွေးကိုမျိုချနေသည်။ ချက်ချင်း အသံထွက်မလာ။

ပြီးတော့မှ....

"ခင်မိုးလဲ့ မောင့်ကို နောက်မှ အပြစ်တင်ပါ ခင်မိုးရယ်၊ မောင် အရမ်းစိတ်တွေလှုပ်ရှားနေလို့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"ပြောပါဦး....ဘာဖြစ်လို့လဲ၊ ဘယ်သူ့ဆီသွားရမှာလဲ မောင်"

တစ်စုံတစ်ရာ အခရေးကိစ္စမှာ၊ မောင် တုန့်တုန့်လှုပ်လှုပ်နှင့် ခြေမကိုင်မိ လက်မကိုင်မိအောင် ချောက်ချား နေတတ်တာ သတိထားဖြစ်၏။

"ဆရာမောင်နွေဦးဆီ သွားရမယ် ခင်မိုး"

"ဆရာ မောင်နွေဦးဆီ"

"ဟုတ်တယ်၊ ဒီနေ့ သူ့စာအုပ် ဖြန့်လိုက်တယ်"

"နေပါဦး မောင်ရယ်၊ အဲဒါ ဘာဖြစ်လို့ မောင် တုန့်တုန့်လှုပ်လှုပ် ဖြစ်နေရတာလဲ"

"မဟုတ်ဘူးခင်မိုး၊ မောင်သူပြောတဲ့အတိုင်း လုပ်မထားဘူး၊ ဆရာ့တပည့်တစ်ယောက် မောင့်ကို လာပြောတယ်၊ ဆရာက စာအုပ်ကြည့်ပြီး အရမ်းဒေါသဖြစ်နေတယ်တဲ့၊ မင်းကို တရားစွဲဖို့ သူ့တိုက်ကလဲမြှောက်ပေးနေတယ်တဲ့"

မောင်က ကျွန်မကိုမကြည့်ဘဲ ပြောနေသည်။

"ဘာအမှုနဲ့ စွဲမှာတဲ့လဲ"

ကျွန်မက တကယ်နားမလည်သဖြင့် မေးကြည့်လိုက်မိသည်။

"ပုဒ်မ ၄၀၆ လေ၊ ယုံကြည် အပ်နှံထားတဲ့ ပစ္စည်း အလွဲသုံးစားလုပ်မှုဆိုလား"

မောင့်ကိုကြည့်ရသည်မှာ အတော်လေး လှုပ်လှုပ်ရှားရှားဖြစ်နေပုံရ၏။

"ဟုတ်ချင်မှဟုတ်မှာပါမောင်ရယ်၊ ကြားထဲကစကား ကားတာဖြစ်မှာပါ၊ လာ....သွားတွေ့မယ်လေ၊ နေပါဦး၊ မောင်ကရော ဘာလို့ သူပြောတဲ့အတိုင်း မလုပ်တာလဲ"

ချက်ချင်း ပြန်မဖြေ။



"လုပ်ရိုးလုပ်စဉ်လိုဖြစ်နေပြီပဲခင်မိုးရာ၊ ဒုတိယ အကြိမ်ဆိုတာကိုလဲအုပ်ရေတစ်ရာလောက်ပဲထည့် လိုက်တယ်"

"မောင်တော့ သွားပြီ"

ကျွန်မကို လှမ်းကြည့်၏။

"သွားပြီ၊ လုံးဝရိုးသားမှု မရှိတော့ဘူး၊ ဆရာအိုးဝေတုန်းက သတိလစ်ပြီး မပြောဘဲနေခဲ့တာကို မပြောလို့လို့ မောင်ဆင်ခြေ ပေးနိုင်ပေမယ့် အခုကိစ္စကတော့ မောင် သက်သက် မရိုးသားတာပဲ"

"နောက်မှ အပြစ်တင်ပါ ခင်မိုးရာ၊ အရာရာဟာ ခင်မိုးအတွက် အနာဂတ် စာပေအတွက်ပါ...."

"အဲဒါတွေ မောင့်အတွက် မဟုတ်လား၊ မောင့်အတွက် မပါဘူးလား"

"တော်တော့ကွာ၊ ဆရာ့ကိုတောင်းပန်ပြီးမှ ပြောချင်ရာပြောပါ"

ကျွန်မ၂ တကယ်ပင် စိတ်မကောင်းမိ။ ရင်ထဲမှာခံစားမှုတစ်ခု ဖြစ်တည် သွား တော့ သည်။ မောင့် လုပ်ရပ်ကို ကျွန်မ ရွံမုန်း စက်ဆုပ်စွာ ခံစားရခြင်းပင်။ မောင့်ကို ကျွန်မ စကား မပြောဘဲ နေလိုက်၏။

* * *

ညနေပိုင်း ဆရာ ထိုင်နေကျ လက်ဖက်ရည် ဆိုင်မှာ ဆရာ့ကို တွေ့သည်။

"မင်း ဘယ်လို လုပ်လိုက်တာလဲကွာ...."

ဆရာက တွေ့ တွေ့ချင်း စိတ်မကောင်းစွာ ပြောလိုက်တော့ စာသမားချင်းမို့ ကျွန်မ နားလည်လိုက် နိုင်ပါသည်။ ကျွန်မ စာအုပ် ကိုသာ သည်လို လုပ်ပါကလည်း ကျွန်မ နာကြည်းစွာ ခံစားရမည်ပင်။

"မဟုတ်ပါဘူး ဆရာရယ်....ကျွန်တော် ပြောပါဦးမယ်၊ ကျွန်တော့်ကို ပြောခွင့် ပေးပါဦး၊ ပြီးမှ ဆရာ ပေးတဲ့ အပြစ် ကျွန်တော် ခံပါ့မယ်"

ဆရာ့ ရှေ့မှာတော့ သည်နေ့မှ ထွက်သည့် စာအုပ်ကလေး ချထားတာ တွေ့သည်။

"ကျွန်တော်က တစ်ယောက်တည်း သမားပါ ဆရာရယ်....ကျွန်တော့်မှာ ကူဖော် လောင်ဖက် မရှိပါဘူး၊ အလုပ် အရမ်း များသွား ပြီးတော့ ဒီဒုတိယအကြိမ် ဆိုတာလေး ထည့်ရိုက်ဖို့ မေ့သွားတာပါ ဆရာ၊ နောက် ကျွန်တော် သတိရတော့ ဖောင် တော်တော်များများ ကျနေပြီ၊ ဒါနဲ့ ပြန်ရိုက်ဖို့ ကျွန်တော့်မှာ ငွေအင်အားလဲ မရှိပါဘူး၊ ဒါကြောင့် ဒီလို တံဆိပ်တုံးနဲ့ပဲ ရိုက်ထားပါတယ် ဆရာ"



မောင်က ပျာပျာ သလဲ့နှင့် ဆရာ့ လက်ကို ကိုင်ကာ တောင်းပန်စကားဆိုသည်။ မောင့် မျက်နှာမှာ သွေး တစ်စက်မှမရှိတော့ သယောင် ဖြူရော်နေ၏။ မောင့်ကို ကြည့်ရသည်မှာ ပကတိ ရိုးသားစွာ မှားသယောင်၊ ခယ ဝတ်တွား တောင်းပန်နေသည်။

ပြောပြီးတော့ လက်ဆောင် ပေးရန် ပါလာသည့် စာအုပ်ထဲမှ တစ်အုပ်ကို ယူပြသည်။ စာအုပ်၏ အဖုန်း အောက်နားမှာ တံဆိပ်တုံးဖြင့် ဒုတိယ အကြိမ်ဟု ရိုက်ထားတာ တွေ့လိုက်ရ၏။

"ကိုဇော်အေး ဗျာ.... ကျွန်တော့်ကို ဘာလို့ ညာပြောချင်ရ ဘာလဲ၊ ကျွန်တော် မနေ့ တစ်နေ့ကမှ လုံးချင်း လောက ထဲ ရောက် လာ တာမှ မဟုတ်ဘဲဗျာ"

ပြောရင်း ဆရာက စာအုပ် ပုံနှိပ် မှတ်တမ်းကိုပါ လှန်ကြည့်တော့၏။ ပြီးတော့မှ....

"ကျွန်တော် ပြောမယ်၊ ခင်ဗျားတို့ လုပ်ရိုးလုပ်စဉ် အတိုင်း အသစ်လို့ ထင်အောင် ဒုတိယ အကြိမ် ထည့် မရိုက်ဘူး ဗျာ၊ ပြီးမှ စာရေးဆရာ လက်ဆောင် ပေးဖို့နဲ့ ရုံးတင်ဖို့ အုပ်ရေ တစ်ရာ လောက်ကိုပဲ ဒီလို တံဆိပ်ရိုက်မယ်၊ ဒါလုပ်နေကျ ဆိုတော့ ကျွန်တော် သိပြီးသားပါ၊ ခင်ဗျာ

ဘာလို့ညာပြောနေရတာလဲ၊ ပြီးတော့ကျွန်တော့်ကို စာဖောင် များများ ကျပြီးမှ သိရတာပါလို့ ညာပြော ရအောင် ကျွန်တော် ရိုက်ခိုင်း တာက အဖုံးမှာ ပန်းချီ စာလုံးနဲ့၊ အတွင်း လေးမျက်နှာမှာ ခင်ဗျားဗျာ....ဘာလို့ လိမ်နေရတာလဲ"

"ဟုတ်ကဲ့ဆရာ....ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော် မှားသွားပါတယ်"

ခေါင်း ငုံ့ရင်း မောင်က တောင်းပန် ဝန်ခံလိုက်ရတော့၏။

"ကျွန်တော်တစ်ခုထပ်ပြောမယ်၊ ကျွန်တော်တို့ ဒီလောက် မအ ဘူး ကိုဒေဘ်အေး.... ခင်ဗျားက တခြား ထုတ်ဝေသူတွေထက်တောင်မှ လိမ်ရဲညာရဲသေးတယ်"

"ဘာဖြစ်လို့လဲ ဆရာ"

"ဒီမှာ ကြည့်လေ.... ပုံနှိပ် မှတ် တမ်း မှာ.... ရှုံးတင်တဲ့ ဒီစာအုပ် ပုံနှိပ် မှတ်တမ်းက ဒုတိယ အကြိမ် ဆိုတာ ပါတယ်၊ ဒီမှာ ကျွန်တော့် ဆီက ဖြန့်တဲ့ စာအုပ်ရဲ့ ပုံနှိပ်မှတ်တမ်းမှာ ဒုတိယအကြိမ် ဆိုတာ မပါဘူး၊ ခင်ဗျား သိပ်သတ္တိရှိတာပဲ၊ ဒါ နိုင်ငံတော်ကို ခင်ဗျား ညာတာပေါ့၊ ကျွန်တော့် ထုတ်ဝေသူက ခင်ဗျားကို တရားစွဲမယ် ဘာညာ ပြောတာ အဲဒါ တွေ့ပါ သူက တွေ့သွားလို့"



"မလုပ်ပါနဲ့ ဆရာရယ်....ကျွန်တော် တောင်းပန်ပါတယ်"

"ကျွန်တော်က မလုပ်ပါဘူး၊ ကျွန်တော် ခင်ဗျားကို တရားလဲ မစွဲဘူး စိစစ်ရေးလဲ မတိုင်ဘူး၊ ကျွန်တော့် ထုတ်ဝေသူကသာ ပြောတာ"

"ဆရာ့ ထုတ်ဝေသူကိုလဲ ကျွန်တော် တောင်းပန် ပါ့မယ် ဆရာ၊ ကျွန်တော် ဘာလုပ်ရ မလဲ ဆရာ၊ ဖြန့်ပြီးသား စာအုပ်တွေ ကျွန်တော် သိမ်းပေးရမလား"

မောင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာကို ကျွန်မ တွေ့နေရပါသည်။

"စာအုပ်တွေ ပြန် သိမ်းရင် တော့ ခင်ဗျား စီးပွားရေး အရှုံးထိခိုက်မယ်၊ ပြန်တော့ မသိမ်းပါနဲ့ဗျာ....ခင်ဗျားဟာက အရှုံးဆိုးတယ်ဗျာ.... ဒီ ဒုတိယ ကြိမ် မပါရုံလောက်ဆိုလဲ ထားတော့ ဒီမှာကြည့်ပါဦး"

စာအုပ်ကို ကောက်ယူပြီး လှန်သည်။

"ဒီမှာ ကြည့်ဗျာ....ကျွန်တော့် ဝတ္ထု ခေါင်း တွေ ခင်ဗျား ပြင်ထားတာ၊ ဒါတော့ခင်ဗျား သိပ် အရုပ်ဆိုးသွားပြီ၊ ပြီးတော့ ခင်ဗျားက စာ သမားပါ"

ဆရာ့ စကားကြောင့် ကျွန်မ လည်း ငုံ့ကြည့်လိုက်မိသည်။ ဆရာ့ ခေါင်းစီး စာသား တစ်ပိုင်း တစ်စတွင် ဖြတ်လျက် အပြည့် အစုံ မရေး ထားတာ တွေ့လိုက်ရ၏။

ဘုရား....ဘုရား....မောင် သည်မျှပင် လုပ်ရဲကိုင်ရဲ ရှိနေပါပြီလား။

"ပြီးတော့....ဝတ္ထုလတ် တစ်ခု အဆုံးမှာ ဆုံးကြောင်း သိအောင်လို့ ခင်ဗျား ပုံနှိပ် မှတ်တမ်း မထည့်ဘူး၊ ရေးသူ နာမည် မထည့်ဘူး၊ ခင်ဗျား ဘယ်လိုလုပ်ချင်တယ်ဆိုတာ ကျွန်တော် သိတယ်၊ ဝတ္ထုလတ် တစ်ပုဒ်ဟာ လုံးချင်းဝတ္ထု စာအုပ်ရဲ့ အပိုင်း တစ်ပိုင်းလို့ ပရိသတ် ထင်အောင် ခင်ဗျား ဟန်ဆောင်ထားတယ်၊ လုံးချင်း ဝတ္ထု အသစ်လို့ စာဖတ် ပရိသတ်ကို ခင်ဗျား ညာသွားတာပဲ"

"ကျွန်တော်မှားပါတယ်ဆရာ၊ကြိုက်တဲ့အပြစ် ပေးပါ"

"ဝတ္ထုနာမည်အထိပါ ပြင်ပြီး စာအုပ်အသစ်ကို လုပ်လိမ်တာ ညာတာကတော့ သိပ် အရုပ်ဆိုးလွန်းတယ် ကိုဇော်အေး၊ ပြီးတော့ ခင်ဗျားဟာက တမင်ဆင်ပြီး လုပ်ထားတာမှန်း သိသာတယ်၊ စိစစ်ရေးကကျရင် ကျွန်တော့်ကို အသိ ပေးပါဆိုတာလဲ ခင်ဗျား အသိမပေးဘူး"

"အလုပ်များနေလို့ပါ ဆရာ"



"စာဖတ်ပရိသတ်ကိုရော၊ စာရေးဆရာကိုရော ရောင်းတဲ့ငှားတဲ့ ဆိုင်တွေကိုပါ ခင်ဗျားစော်ကားတာ၊ ခင်ဗျားပြောတော့ ထုတ်ဝေသူတွေလုပ်ချင်ရာ လုပ်နေတာကို မကျေနပ်လို့ ထပြီးထုတ်ဝေသူလုပ်တာပါလို့ ပြောတယ်၊ ခုတော့ ခင်ဗျားဟာက ပိုဆိုးနေပြီ"

"ဆရာရယ်....ဆရာ့ထုတ်ဝေသူကို တောင်းပန်ပေးပါဦး၊ ကျွန်တော် ဘာလုပ်ရမလဲ"

"ဒါဆိုလဲ ခင်ဗျား ဒီလို လုပ်နိုင်မလား"

"ဟုတ်ကဲ့ ပြောပါဆရာ"

"သတင်းစာထဲက ခင်ဗျား မှားသွားပါတယ်ဆိုတာ တောင်းပန်၊ အဲ....ဒီလို တောင်း ပန် ရင် ကျွန်တော်လဲ ကျွန်တော့် ထုတ်ဝေသူကို ပြောလို့ ကောင်းတယ်"

"ရတယ် ဆရာ၊ ကျွန်တော် တောင်းပန်ပါ့မယ်....ရတယ်ဆရာ"

"အေးဗျာ....ဒါဆိုလဲ ပြီးရော၊ အဲဒါ အမြန်ဆုံး လုပ်ဗျာ"

"ဟုတ်ကဲ့ ဆရာ လုပ်ပါ့မယ်၊ဒါဆိုကျွန်တော်တို့ သွားမယ်ဆရာ"

နှုတ်ဆက်ပြီး ဆိုင်က ထွက်ခဲ့သည်။ ဆိုင်ထဲကထွက်လာတော့မှ မောင့်မျက်နှာ အညှိုး အနည်းငယ် လျော့သွားသလို။ ပင်ပင်ပန်းပန်းကျဉ်းကျဉ်းကျပ်ကျပ်မောင်ဘယ်မျှ ခံစားနေရမည်ကို ကျွန်မ နားလည်လိုက်နိုင်သည်။

ဘာလို့ မရိုးသားချင်ရတာတဲ့လဲ မောင်ရယ်....။

* * *

“မောင် သတင်းစာထဲထည့်ဖို့ အမြန်လုပ်လိုက်ဦးနော်”

ဘတ်စ်ကားဂိတ် ရောက်တော့ ကျွန်မက သတိပေးသည်။

“မထည့်ပါဘူး”

“ဘယ်လို မောင်”

“သတင်းစာထဲမှာလဲ မတောင်းပန်ပါဘူး”

“စောစောက မောင်ပဲပြောခဲ့တာ၊သတင်းစာထဲကနေ တောင်းပန်ပေးပါ့မယ်ဆိုတာ ခင်မိုးနားနဲ့ ကြားရတာပဲ”

အံ့ဩစွာ၊ ထိတ်လန့်စွာ မောင့်ကိုကြည့်ရင်းပြောလိုက်သော ကျွန်မစကားသံက စူးသွားမည်ထင်သည်။



“ပြောခဲ့တာက ပြောခဲ့တာပဲ ခင်မိုး၊ သူ....ကျေနပ်အောင်သာ ပြောခဲ့တာ၊ စကားပြောကြည့်တော့ ဆရာက သူဘာရေးစွဲမှာ မဟုတ်ဘူးဆိုတာ မောင်သိလိုက်တယ်၊သူက စွဲမှရမှာပဲခင်မိုး၊ သူမစွဲပါဘူး၊ သူ့ထုတ်ဝေသူက စွဲလို့ ဘယ်ရမလဲ”

“စွဲတာ မစွဲတာတွေ ခင်မိုး မသိဘူး၊ ဒါပေမယ့် မောင်ဆရာ့ကို သတင်းစာထဲထည့်ဖို့ ပြောခဲ့တယ်”

“ဟုတ်တယ်လေ ပြောခဲ့တယ်၊ ဒါပေမယ့် စိတ်ဆိုးနေတုန်း စိတ်ဆိုးပြေအောင် ပြောခဲ့တာပါလို့ဆို”

“ဟာ....ဒါဆို မောင့် စကား ကိုမောင် မလေးစားတာပဲ”

“ခင်မိုးရယ်....ခင်မိုးက ကလေးပဲ ရှိသေးတယ်၊ စီးပွားရေးနယ်အကြောင်း မသိသေးပါဘူး”

“တော်ပြီမောင်....တော်ပြီ၊ ခင် မိုး တော့ မောင့်ကို စိတ်ပျက်သွားပြီ၊ ကိုယ့်စကားကိုတန်ဖိုးမထားတဲ့သူမျိုး မောင် ဖြစ်သွားတာပဲ ခင်မိုး ဝမ်းနည်းတယ်”

“လာ ခင်မိုး....ကားလာပြီ တက်ရအောင်”

ခမောင်က ကျွန်မလက်မောင်းရင်းကို ဆွဲကိုင်ပြောလိုက်၏။ ကျွန်မက မောင့်လက်ကို လက်ဖြင့် ပုတ်ချလိုက်မိသည်။ ကျွန်မရင်ထဲမှာ တကယ်ပင် ထိထိခိုက်ခိုက် ခံစားနေရပြန်သည်ပဲ။

ကျွန်မ မျက်ရည်ဝဲချင်လာပြီ။

မောင်က လူကြားထဲ တိုးပြီး တက်ကာ ကားပေါ် ရောက်သွား၏။ ကျွန်မက တွေ့ပြီး ရပ်ကြည့်နေမိသည်။ ကားပေါ်မှမောင် နောက်လှည့်ကြည့်တာ မတွေ့ရ။ ကျွန်မ သူ့နောက်မှာ ပါလာသည်ပဲဟု မောင်ထင်ပေမည်။

ကားထွက်သွားသည်အထိ ကျွန်မငေးတွေလျက်ရပ်နေမိဆဲ။ တကယ်ပဲ မောင့်ကိုကျွန်မစိတ်ကုန်သွားတော့သည်။

*　　　　*

( ၆ )

နေ့လယ်ဘက် ရုံးမှာ ညှော်သည်လာသည် ဆိုတော့.... မောင်ပဲ ဖြစ်မည်ဟု ကျွန်မတွေးမိသည်။ ပထမထွက်မတွေ့တော့ဘဲ နေမည်ဟု စဉ်းစားသေး၏။ နောက်မှ မောင့်ကို ကျွန်မစိတ်ထဲ ခံစားရသည်များကို ပြောဖြစ်အောင်တော့ ပြောဦးမည်။ နောက်တစ်ကြိမ်သည်လိုမဖြစ်အောင် ပြောဖို့ ကျွန်မမှာ တာဝန်ရှိသည်ပဲဟု တွေးကာ ထွက်ခဲ့မိ၏။

"ဟင်....မျိုးဆွေ"

မျိုးဆွေကို ရုတ်တရက် တွေ့လိုက်ရတော့ အံ့သြသွားမိသည်။

မျိုးဆွေကနယ်မှာပြန်ပြီး အလုပ်လုပ်နေသူမို့ ရန်ကုန်မှာ တွေ့ရခြင်းသည် အထူးအဆန်းလို ဖြစ်နေ၏။

"နင် ဘယ်တုန်းက ရောက်လဲ"

"ငါရောက်တာ တစ်ပတ်လောက်ရှိပြီ ခင်မိုး"

"နင် အခုမှ လာတွေ့ဘယ်ဟာ....နေနိုင်လိုက်တာ၊ လာ လက်ဖက်ရည်ဆိုင် သွားရအောင်"

မျိုးဆွေနှင့် ကျွန်မရုံးရှေ့မှ လက်ဖက်ရည် ဆိုင်သို့ ထွက်လာခဲ့သည်။

"ထွန်းသန့်ကျော်လဲ တကယ် နေနိုင် တယ်၊ ဒီကောင် ရန်ကုန်မှာရှိပြီး ငါ့ဆီတောင် လာဖော်မရဘူး၊ မောင်နဲ့တော့ တွေ့တယ်ပြောတယ်၊ နင်ရော မောင့်ကို တွေ့ပြီးပြီလား"

လာချပေးသည့်လက်ဖက်ရည်ပန်းကန်ကို လှမ်းယူရင်း မျိုးဆွေက ခေါင်းခါယမ်းသည်။ ပြီးတော့....သက်ပြင်းကို ချ၏။

"ခင်မိုး...."

"ဘာလဲ မျိုးဆွေ"

"နင် ဇော်အေးကို ကြည့်မထိန်းတော့ဘူးလား"

"ဟင်...."

မျိုးဆွေ စကားကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။



"ဇော်အေးက အရင်ဇော်အေးမဟုတ်တော့ဘူး ခင်မိုး၊ သူ လုံးဝ မရိုးသားတော့ဘူး၊ ငွေမျက်နှာတစ်ခုပဲကြည့်ပြီးလုပ်ချင်ရာတွေလုပ်နေပြီ၊ အခု စာပေဘာသိုင်းအဝိုင်းမှာ ဆရာ မောင်နွေဦးဝတ္ထုကိုသူရိုက်စားလုပ် ညာရောင်းသွားတာ ပွက်လောညံ့နေတာပဲ"

မျက်နှာမထားတတ်အောင် ကျွန်မ ရှက်မိပြန်၏။

"အဲဒီကိစ္စ သူ အရမ်းမှားတာပဲ မျိုးဆွေ၊ ငါ့ရှေ့မှာတင် ဆရာက သူ့ကိုတောင်းဆိုကာတွေကို သူ တမင်မလုပ်ဘဲထားတာ၊ အဆိုးဆုံးကတော့ တောင်းပန်ပါ့မယ်ပြောပြီး သတင်းစာထဲ မထည့်တဲ့ ကိစ္စပဲ၊ သူ့စကား သူတာဝန် မယူတော့ဘူး"

"နင် သိသားပဲ"

"အဲဒီ ကိစ္စ ငါ အားလုံး သိတယ်"

"အရင်ဆရာအိုးဝေတို့ ဆရာမိုးတိမ်တို့စာအုပ်တွေ ဒုတိယ အကြိမ်ထုတ်တွေမှာလဲ ဒီအတိုင်းပဲ ရိုက်စားလုပ်ထားတာ၊ နယ်တွေက 'အနာဂတ်' စာပေဆိုရင် မယုံရဲကြတော့ဘူးလို့တောင် ပြောကုန်ပြီ"

"အရင်ဟာတွေတော့ ငါ အသေအချာမသိဘူး။ သူ ပြောတော့ စာရေးဆရာ သိသလိုလို"

"ဒါ....စာရေးဆရာကိုပါ သူ့ အမှုတွဲထဲ
ထည့်တာ သိက္ခာကျအောင် လုပ်တာပဲ၊ နင်
စာရေးဆရာပဲ၊ နင့်ဘာသာစဉ်းစားကြည့်၊ နင်
အဲဒီလို လုပ်ရင် ခံနိုင်မလား"

မျိုးဆွေ စကားကြောင့် ကျွန်မ ဘာမျှ ပြန်မပြော
အောင် ဖြစ်ရသည်။

"နောက် ငါပြောမယ်၊ ငါ ဒီနေ့ လာတ
နင် သိစရာရှိတာတွေ သိအောင် ပြောဖို့ပဲ"

"ပြောပါမျိုးဆွေ၊ ငါတို့က အချင်းချ
တွေပဲ"

"ထွန်းသန့်ကျော်လဲ ဒီကောင့်ကို သိပ်အပေါ
အသင်း မလုပ်တော့ဘူး၊ ငါ့ကို အကုန်ရှင်
တယ်"

"ဟယ်....အဲဒါ ငါမသိဘူး၊ ဘာဖြစ်လို့လ

"အသေးအဖွဲ့ ကလေးက စ ပြောရရင်ဟာ
နင့် ဝတ္ထု ခေါင်းစဉ် 'အမြဲ စိမ်း ချစ်သူ' လေ

"အင်းလေ....အဲဒါ မောင့် ခေါင်းစဉ် မေ
ပေးတာ"

"ဘယ်က ဟုတ်ရမှာလဲ ခင်မိုး....၊ အဲ
ထွန်းသန့်ကျော်ရဲ့ ခေါင်းစဉ်၊ ငါ အသိ
ထွန်းသန့်ကျော်ဆီက အတင်းပဲ ဇော်အေးယူ
နင့် စာအုပ်မှာ ပေးလိုက်တယ်"



"ဟုတ်ရဲ့လား"

"ငါ ဘာလို့ ညာရမှာလဲ၊ ဟိုကောင်ကလဲ
သူငယ်ချင်းချင်း ဆိုတော့ ဘာမှ မပြောပါဘူး၊
ဒါပေမယ့် စိတ်တော့ မကောင်းဘူးပေါ့"

"ဒါတော့ မောင် လွန်တာပေါ့ မျိုးဆွေ၊
ငါက သူ့ဟာ ယူရတာတောင် လိပ်ပြာမသန့်ချင်
တာ၊ နေဦး နောက်စာအုပ်မှာ ငါထည့် တောင်း
ပန်မယ်"

"လုပ်မနေပါနဲ့ဟာ....၊ နင့် စိတ်ကို ငါတို့
သိပါတယ်၊ ဒီကောင် မရိုးသားတာကိုပဲ နင် သိ
ပြီး ပြုပြင်ပေးနိုင်အောင်လို့ပါ"

"ငါစိတ်ထဲရှိတဲ့ အတိုင်း ပြောမယ်နော်"

"ပြော ခင်မိုး"

"ငါ ပြုပြင်လို့လဲ မရတော့ဘူး ထင်တယ်၊
တကယ်ပဲ့ သူ ငွေရဖို့ တစ်ခုပဲ သိတော့တယ်....
မျိုးဆွေ"

"ပြောရမှာ အားတော့ နာတယ်၊ နင် သိလား
မသိဘူး၊ ငါတို့ငွေတွေလဲ သူ့ဆီမှာ"

"ဘာ....ဘာ"

"နင်မသိဘူး မဟုတ်လား"

"မသိဘူး မျိုးဆွေ"

"ထွန်းသန့်ကျော်နဲ့ ငါ့ဆီက ငွေ၊စာအုပ် တ
အုပ်စီ ထုတ်ဖို့ သူ ယူထားတယ်၊ သုံးသောင်းစ
တယ်၊နှင့်စာအုပ် တစ်အုပ် ပြီးရင် ငါတို့ စာအု
တွေ အလှည့်ကျထုတ်ပေးမယ်၊ ငွေမလည်လို့ ငွေ
ထည့် ပါဆိုလို့ ငါရှာပေးလိုက်တာ အခု တစ်နှစ်
ကျော်နေပြီ"

"နှင် တကယ်ပြောတာလား ဟင်"

"တကယ်ပဲ ခင်မိုး၊ ဒါတော့ သူ့လဲ ပြန်မေး
မနေနဲ့တော့၊ နှင် သိအောင် ပြောတာ၊ ငါတို့က
တော့ ခံစားရတာပေါ့၊ သူ ထုတ်ဝေသူလုပ်လို့
အားကိုးရမလား အောက်မေ့တယ်၊ စာအုပ်
မထွက်တဲ့အပြင် ငွေပါ ဆုံးရပြီဆိုတော့"

"ဟာ... ရှုပ်စရာကောင်းလိုက်တာ"

"ဒီကောင် ဘယ်လိုဖြစ်သွားတာလဲ မသိဘူး"

"ဒါ သူ့အတွင်းစိတ်ပေါ်လာတာပဲ မျိုးဆွေ
ရိုးသားနေတဲ့ သူဟာ ဘယ်တော့မှ မရိုးသားတဲ့
အလုပ်ကို မလုပ်ဘူး။ ရိုးသားချင် ယောင်ဆောင်
နေတဲ့ သူဟာ အခွင့်ကြုံရင် မရိုးမသား လုပ်တတ်
တာ"

"ဆရာမ နှင်းနှင်းနှောင်းဆိသွားတဲ့အကြောင်း
ရော သိပြီးပြီလား"

"ဟင့်အင်း ပြောပါဦး"



"အဲဒါလဲ စာပေတန်းမှာတော့ ဟိုလူပြော
ဒီလူပြောနဲ့ပဲ ခင်မိုး"

"ဆရာမ နှင်းနှင်းနှောင်းဆီမှာ ဝတ္ထုသွား
တောင်းချင်တယ်လို့ ပြောသံတော့ ကြားဖူး
တယ်"

"ဝတ္ထုတောင်းတာက ရိုးရိုးမတောင်းဘူး၊
ဆရာမ မရေးအားလို့ မရေးနိုင်ရင်လဲ ကျွန်တော့်
မှာ ဝတ္ထုစာအုပ်တွေ အများကြီး ရှိပါတယ်တဲ့။
ကျွန်တော့် သူငယ်ချင်းတွေ ရေးထားတာတွေ
တဲ့၊ နာမည် ခံရုံသက်သက် ခံပါလို့ သွားပြော
သတဲ့။ ဆရာမက ဒေါသဖြစ်ပြီး လိုက်ပြောရင်း
ဒီသတင်းက ပြန့်သွားတာ"

"မောင်က ဒီလိုပဲ ပြောသလား"

"ပြောလို့ သတင်း အတိအကျ ထွက်လာတာ
ပေါ့ ခင်မိုး"

"ဟာ....မောင်ရူးသွားပြီလား မသိဘူး၊ ဒါ
စာရေးတဲ့ သူ တစ်ယောက်ကို သက်သက်စော်ကား
တာပဲ"

"ဟုတ်တယ် စော်ကားတာလို့ လူတွေက သိပြီး
ဒေါသထွက်နေကြတယ်"

"ငါနဲ့ ညနေဘက် ခဏလေး တွေ့တာ၊ ဒါ
တောင် နေ့တိုင်းတွေ့တာ မဟုတ်တော့ ငါဒီကိစ္စ
တွေကို မသိဘူး မျိုးဆွေရယ်"

မောင်နှင့်ပတ်သက်၍ ကြားရလေသမျှက အကောင်းတစ်ခုမှမရှိ။ ပြန်စဉ်းစားကြည့်လေ ရှက်စရာ ကောင်းလေပင်....။

"အဲဒီသတင်း ကြားရတော့ ထွန်းသန့်ကျော်နဲ့ ငါလဲ သူ့ကို တွေ့ပြီး ပေးထားတဲ့ လုံးချင်းတွေပြန်တောင်းထားလိုက်တယ်၊ သူကတော့ သူ ဒီလို ပြောတာ မဟုတ်ပါဘူးလို့ ငြင်းတာပေါ့၊ ဒါပေမယ့်သတင်းကခိုင်လုံတော့ ငါတို့က သူပြောတယ်ဆိုတာကိုယုံတယ်၊ ငွေကိစ္စတော့မပြောတော့ပါဘူးဟာ၊ ကိုယ့်ဝတ္ထုလေးတွေ ပြန်ရရင်ပဲကျေနပ်ပါပြီ"

ကျွန်မ အပြင်ကို ငေးရီစွာ မောင့်သဘင်းဆိုးများကို နားထောင်နေလိုက်မိသည်။ မျိုးဆွေကို မျက်နှာ ချင်းဆိုင်ရမှာလည်း ကျွန်မ ရှက်လာပြီ။ သည်လို လူလိမ်လူညာတစ်ဦး၏ ချစ်သူအဖြစ် ကျွန်မ ဘယ်လို မျက်နှာပြရဲပါတော့မည်နည်း။

ကျွန်မ အံ့ကို တင်းတင်းကြိတ်လိုက်၏။

မောင်နှင့်တော့ စကားအပြတ် ပြောရတော့မည်ဟု စဉ်းစားသည်။

* * *

## ( ၃ )

သတင်းစာကိုကိုင်ရင်း ကျွန်မလက်တွေတစ်ဆတ်ဆတ်တုန်လာပြီသင်ရ၏။ ဒေါသသည် တစ်ကိုယ်လုံးပျံ့ကာ ထိုင်ရမလို ထရမလိုပင်။ သတင်းစာပေါ်မှ ကြော်ငြာကို ထပ်၍ကြည့်မိပြန်၏။

မျက်စိမှားတာဖြစ်ပါစေဟူ၍လည်း အကြိမ်ကြိမ် ဆုတောင်းမိသေးသည်။ စာရေးဆရာမ 'အက်စ်ကီးမိုး' ၏ လုံးချင်းဝတ္ထုသစ် 'အနာဂတ်' စာပေမှ ဖြန့်ချိလိုက်ပါပြီတဲ့။

ကျွန်မ ဘယ်လိုမှ မမှား။ စာရေးဆရာမက 'အက်စ်ကီးမိုး'။ စာပေကတ 'အနာဂတ်' စာပေ။

သည်ဆရာမဆီက စာမူတောင်းတာလည်း ကျွန်မမသိလိုက်ရ။ မောင် ဘာတွေ လျှောက်လုပ်နေတာလဲဟုပင် အကြိမ်ကြိမ်အထပ်ထပ်စိတ်ထဲကမေးနေမိတော့၏။ သည်ညနေ မောင်နှင့်တွေ့ပါက မောင့်ကို ပြတ်ပြတ်သားသား ပြောရတော့မည်ဟုတွေးသည်။

စာရေးဆရာမ 'အက်စ်ကီးမိုး' ဆိုတာ တစ်လကိုလေး အုပ်ရေးနိုင်ပြီး တစ်နှစ်ကို အုပ်လေးဆယ်ကျော်ထွက်လာနိုင်သော ရှဲဒိုးစာရေးဆရာမဟု စာပေ အသိုင်းအဝိုင်းက သိထားသူပင်။

မောင်ကအလျှင်တုန်းကဆိုပါလျှင်ထိုစာရေးဆရာမကို ရှုတ်ချစကားတွေ ဆိုခဲ့ဖူးသည်ပဲ။ စာပေ လောကမှာ သည်လိုသူမျိုးတွေရှိနေလို့ စာပေလောက မသန့်ရှင်းတာဟု ပြောခဲ့ ဖူးသည်ပဲ။ ကြည့်စမ်း။ အခုတော့ မောင်ကိုယ်တိုင်က သူ့စာပေကနေပြီး သည်ဆရာမရဲ့စာအုပ်ကို ထုတ်ဝေနေပြီ။

* * *



မျိုးဆွေတို့ ထွန်းသန့်ကျော်တို့ ကိစ္စတွေမှ စပြီး နှင်းနှင်းနှောင်းကို ရှဲဒိုးရှာပေးမည်ဟု ပြောခဲ့သည့် ကိစ္စက စပြီး ကျွန်မ ပြောပြလိုက်သည်။

"အဲဒါတွေ မဟုတ်ပါဘူး ခင်မိုး"

မောင်ကတော့ သိပ် တုန်တုန်လှုပ်လှုပ် မဖြစ်ဘဲ သူ့ထုံးစံအတိုင်း အေးတိ အေးစက် တုံ့ပြန်သည်။ သူက အေးတိအေးစက်လုပ်လေ ကျွန်မ ဒေါသက ပို၍ထွက်လေပင်။

"မဟုတ်ပါဘူးလို့ မောင် ဘယ်လို သက်သေပြမလဲ"

"သက်သေပြစရာမှ မလိုဘဲ"

"ဒါဖြင့် မျိုးဆွေတို့နဲ့ မောင်တွေ့ပြီး ရှင်းမလား"

"မလိုဘူး ခင်မိုး၊ မောင့်မှာ အလုပ်တွေနဲ့ မအားဘူး၊ ဒီကောင်တွေက အားယားနေတဲ့ ကောင်တွေ"

"ဒါဆို မောင် ရင်မဆိုင်ရဲလို့ပဲ"

"ခင်မိုးက သူတို့ စကားယုံလား"

"ဟုတ်တယ်....သူတို့ စကား ယုံတယ်၊ မောင်က အခု စကားလဲ မယုံရတော့ဘူး"

မောင်က ဟက်ခနဲ တစ်ချက် ရယ်သည်။

"မောင် တစ်နေကုန် စီး ပွား ရေး လုပ် ပြီး စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေတာပါကွာ၊ ခင်မိုးက မောင် စိတ်ညစ်အောင် မလုပ်ပါနဲ့"

"စိတ်ညစ်အောင် လုပ်တာမဟုတ်ဘူး မောင်၊ မောင် လုပ်ထားတာတွေ"

"တော်တော့ ခင်မိုး"

"ကောင်းပြီလေ....ဒါဆို နောက်ဆုံး တစ်ခုပဲ မေးမယ်"

"ဘာလဲ...."

စားပွဲပေါ်မှ သတင်းစာကိုယူလျက် ဖြန့်လိုက်၏။

"ဒီဟာက"

"ဟုတ်တယ်လေ....ဆရာမ 'အက်စ်ကီးမိုး'ရဲ့ လုံးချင်းဝတ္ထုအသစ် မနေ့ကမှ မောင်ဖြန့်လိုက်တာ"

"ခင်မိုး ဘာမှလဲ မသိဘူး"

"အလုပ်များပြီး ခင်မိုးကို မပြောမိတာ၊ ဒီတစ်အုပ် ဖောက်ပေးဖို့ကို မောင် မနည်းချဉ်းကပ်ရတာခင်မိုး၊လွယ်တယ် မထင်နဲ့၊သူ့ ထုတ်ဝေသူကိုလဲ သနားလာအောင် မနည်း တောင်းပန်တိုးလျှိုးရတာ"

မောင်က အက်စ်ကီးမိုး၏ စာမူ ထုတ်ဝေခွင့်ရသည်ကိုပင် ဂုဏ်ယူ ဝင့်ကြွား စကားတွေ ဆိုနေပြန်ပြီ....



"မောင်...."

"ပြောလေ ခင်မိုး"

"အရင်တုန်းက မောင်ပဲ ပြောပြခဲ့တာ၊ အဲဒီ စာရေးဆရာမက ရှဲဒိုးလို့ စာပေ လောကက အားလုံး သိတယ်ဆို"

"အင်းလေ"

"ဒါဆို မောင်ရယ်....အဲဒီ စာရေးဆရာမျိုးကို မောင် ဘာလို့ ထုတ်ရတာလဲ"

"ဒါက စီးပွားရေးလေ ခင်မိုး၊ အရင်က မောင်က စာသမား တစ်ယောက် အနေနဲ့ ရှဲဒိုးကို မုန်းတယ်၊ အခု ဟာက မောင်က စီးပွားရေးသမား တစ်ယောက် အနေနဲ့ သူ့ဟာ သူ ဘာပဲဖြစ်ဖြစ် ငွေဘယ်လောက် မြတ်မလဲ ဆိုတာပဲကြည့်တယ်"

"မောင်ရယ်...."

မောင့် စိတ်ဓာတ်တွေ သည်အထိ လျှောကျ သွားပြီလားဟု တွေးရင်း ရင်ထဲမှာ ခံစားလိုက်ရပြန်သည်။

"မကောင်းမှန်းတော့ မောင် သိတာပေါ့"

"သိတယ် ခင်မိုး"

"မကောင်းမှန်း သိရက်နဲ့လုပ်ရင် ဒါကောင်းရောင်း ကောင်းဝယ် မဟုတ်ဘူး မောင်"

"ဥပဒေနဲ့ ငြိစွန်းတဲ့ အလုပ်မှ မဟုတ်ဘဲ"

"ဘိန်းဖြူ ရောင်းတာ၊ မကောင်းတဲ့ မိန်းမတွေ ထောင် တာတောင် တရား ဥပဒေနဲ့ လွတ်တယ် ဆိုရင် မောင် လုပ်မှာပဲတဲ့လား"

မောင်က ဘာမှ ပြန်မပြောဘဲ ကျွန်မကို မကျေမနပ်တွေပြီး ကြည့်သည်။

"တရား ဥပဒေ အရ အရေးယူ ခံရမှာထက် လူသားတွေအတွက် အန္တရာယ်ရှိနိုင်တဲ့မလုပ်သင့်တဲ့ အလုပ်တွေလို့ နားလည်ပြီး မလုပ်အပ်တဲ့ အရာတွေအဖြစ် ရှောင်နိုင်ဖို့ အရေးကြီးပါတယ် မောင်၊ စာအုပ် ထုတ်တာလဲ ငွေရဖို့သက်သက်သာ မောင်ကြည့်ပြီး ခုလို ရှဒိုးတွေကိုထုတ်နေမယ်ဆိုရင်ဘော့ ဥပဒေ လွတ်တဲ့ ဘိန်း တစ်မျိုးကို ရောင်းတာနဲ့ အတူတူပါပဲ"

"ဥပဒေ လွတ် ဘိန်း တစ်မျိုးတဲ့ ဟုတ်လား ခင်မိုး"

"ဟုတ်တယ်လေ မောင်၊ ဘိန်းဖြူဘိန်းမည်းက လူသားတွေ အညွန့် တုံးအောင် လုပ်နိုင်တယ်၊ ဒါကြောင့် အစိုးရက ဥပဒေနဲ့ တားဆီး ထားတယ်၊ အဲဒီ ရှဒိုးတွေက အသက် ငယ်ရွယ်တဲ့ ကလေး တွေကို အတွေး အခေါ် မှားအောင် တဏှာရာဂတွေနဲ့ သွေးဆူ ပွက်အောင် ဘိန်း တစ်မျိုးလို စာတွေ ရေးကြ ထုတ်ကြတယ်၊ ခင်မိုး



တော့ ဒီလိုပဲ ထင်တယ်၊ မောင် ဒီလိုသာ ရှဒိုးမှန်းသိရက်နဲ့ ငွေရဖို့ သက်သက် စာအုပ် ထုတ်ရင်တော့ မူးယစ်ဆေးဝါး ဖြန့်ဖြူးနေတဲ့ လုပ်ငန်းကို လုပ်ကိုင် နေတာနဲ့ အတူတူပဲလို့ ခင်မိုး တော့ ထင်တယ် မောင်"

"ခင်မိုး စွပ်စွဲချက် တွေက ပြင်းထန်လွန်းပါတယ်"

"ဒီမှာ မောင်"

"ပြော...."

"အနာဂတ်စာပေဆိုတာ ဘာရည်ရွယ်ချက်နဲ့ မောင်တည်ထောင်ခဲ့တာလဲ"

"အဲဒီရည်ရွယ်ချက်တွေ ပေါက်မြောက်အောင် လုပ်နိုင်ဖို့ဆိုတာက ပထမငွေလိုတယ်ခင်မိုး"

"ဒါဆို အခု ငွေရအောင်ချည့်သက်သက် လုပ်နေတာပေါ့"

"ဟုတ်တယ်၊ ငွေရအောင် အရင်ရှာရမယ်၊ ငွေရလို့ ပြည့်စုံမှ ကိုယ်လုပ်ချင်တာ လုပ်လို့ရမယ်၊ ဒါအလုပ်ထဲရောက်မှ မောင် နားလည်ခဲ့တာ...."

"ဒါ မောင့်အယူအဆပေါ့"

"ဟုတ်တယ်"

"ဒါဆိုကောင်းပြီ၊ ခင်မိုးနဲ့မောင် ဒီကစပြီး လမ်းခွဲမယ်၊ မောင့်စာပေဟိုက်မှာလဲ ခင်မိုးမရေး

ဘူး၊ မောင်နဲ့ခင်မိုးနဲ့ ဘာမှ မပတ်သက်တော့ဘူး"

ပြောပြီး ကျွန်မရုတ်တရက် ထရပ်လိုက်ရင်း အပြင်ကို ထွက်သည်။

"ခင်မိုး....ခင်မိုး...."

ကျွန်မ လှည့်မကြည့်တော့။ လှည့်ကြည့်ချင်စိတ်လည်း မရှိ။ မောင်က လဖက်ရည်ဖိုး ရှင်းနေရဦးမှာမို့ ကျွန်မ နောက်ကို ချက်ချင်း ထမလိုက်နိုင်မှန်း သိသည်။ အဆင်သင့် ရောက်လာသော တက္ကစီကိုငှားလိုက်၏။

တကယ်ပဲ လမ်းခွဲလိုက်ပြီဟု စိတ်ထဲက ဆုံးဖြတ်လိုက်မိသည်။

အောက်နှုတ်ခမ်းကို ခပ်တင်းတင်း ကျွန်မကိုက်ထားမိ၏။ သည်လိုယုတ်ညံ့သော စိတ်ဓာတ်များ ဝင်ရောက်လာသူတစ်ဦးကို ကျွန်မလက်တွဲမနေလိုတော့ပါ။

သူ့ကိုချစ်သည့်စိတ်ဖြင့် ကျွန်မသေမည်ဆိုက အသေခံသွားရုံသာ။ မောင်လိုက်လာမည်လားဟု နောက်ကြောင်းကို ကျွန်မလှည့်ကြည့် မနေတော့။

တက္ကစီရှေ့တည့်တည့်ကိုသာ ကျွန်မငေးစိုက်ကြည့်ရင်း လိုက်ပါလာခဲ့သည်။

ကျွန်မပါးပြင်ပေါ်သို့ မျက်ရည်ပူများ စီးကျလာတော့၏။

*    *

## ( ၈ )

နောက်နေ့မနက်မှာ အလုပ်ထွက်စာရေးပြီး အဆောင်မှ ကျွန်မသူငယ်ချင်းကို တင်ပေးဖို့ ပြောခဲ့သည်။ မောင် ညနေက အဆောင်ကို လိုက်မလာသော်လည်း သည်နေ့မှ ကျွန်မနောက်ကို လိုက်လာပြီး ချော့မှာ ကျွန်မ စိုးရိမ်သည်။ မောင်ချော့လာပါက မောင့်ကိုချစ်သည့်စိတ်ဖြင့် ကျွန်မ စိတ်ပြေမသွားချင်ပါ။ မကောင်းသည့် အရာကို မကောင်းဟုပင် ကျွန်မလက်ခံချင်ပါသည်။ အချစ်စိတ်ကာကွယ်ဖုံးအုပ်လျက် မကောင်းသည့်အရာကို အကောင်းဟု အထင်မလွဲမှားလိုပါ။

သည်အတွက် ကျွန်မ မောင့်ကိုမတွေ့လို။ မောင်နှင့် ကျွန်မ စကားမပြောလိုတော့။ အလုပ်ထွက်ပြီး အိမ်ပြန်ရမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

ရထားဖြင့် ကျွန်မအိမ်သို့ ပြန်ခဲ့တော့သည်။

ကျွန်မအိမ်ကို မောင်ဘယ်လိုမှ မဆက်သွယ်ရဲ။ မောင်နှင့်ကျွန်မ လမ်းခွဲရောက်ပြီဆိုတာ ကျွန်မ သိနေပါသည်။

မရိုးသားသူကို ကျွန်မသည် ဘယ်လိုမှအိမ်ထောင်ဖက်အဖြစ် လက်ခံနိုင်မည်မဟုတ်ပါ။

မောင်ကတော့ တစ်နေ့မှာ ကျွန်မ စိတ်ပြေနိုးနှင့် စောင့်ချင်စောင့်ရှာမည်။

* * *

ပိတောက်-စာပေ
အမှတ်(၂၈)ဘုရင့်နောင်လမ်း
ဥ/ရပ်ကွက်၊ လှိုင်

( ၆ )

မေမေက အရိပ်အမြွက်မေးသော်လည်း ကျွန်မမဖြေချင်မှန်းသိ၍ ဘာမှ ထပ်မမေးတော့။

အိမ်ရောက်သည်နှင့် စိတ်ပြောင်းအောင် ကျွန်မ အိမ်အလုပ်ကို ဝင်လုပ်ခဲ့ပါသည်။

တစ်ခါခါမှာ ငါ စိတ်ကြီးပြီး မှားသွားပြီလားဟုလည်း နောင်တရချင်သည်။

မောင့်ကို လွမ်းသည့်စိတ်တို့ဝင်လာတိုင်း ကျွန်မ ဆုံးဖြတ်ချက်မြန်သွားပြီလား။

ကျွန်မ မောင့်ကို နောင် သည်လို မလုပ်မိအောင်ထိန်းသိမ်းပေးလို့မရနိုင်ဘူးလားစသဖြင့်တွေးမိဘတ်ပြန်သည်။

မတော်တဆ ခြေချော်လက်ချော် တစ်ကြိမ် တစ်ခါ အမှားမျိုးဆိုပါက ပြန်၍ပြုပြင်ရနိုင်ကောင်း၏။

စီးပွားရှာတာ ငွေရဖို့ အရေးကြီးသည်ဆိုသည့် ခံယူချက်ကြီးကို ကျွန်မ ဘယ်လို ပြောင်းသွားအောင် လုပ်နိုင်မှာတဲ့လဲ။

ငွေသာရပါက အဘယ်မျှ မရိုးသားမှုကိုမဆို မောင်သည် လုပ်ရန် ဝန်မလေးတော့ပြီလား။

သည်လိုတွေးတော့လည်း ကျွန်မသူ့ကို လမ်းခွဲခဲ့တာ မှန်သည်ဟု ယုံပြန်သည်။

ကျွန်မ ဆုံးဖြတ်ချက် အလွန်မှန်ကြောင်းနှင့် ကျွန်မသူ့ကို သည်ဘဝမှာဘယ်လိုမှ ခွင့်မလွှတ်နိုင်စရာအကြောင်း တစ်ခုက ကျွန်မနယ်ရောက်ပြီး မကြာခင်မှာပင် ကြုံကြိုက်ရပြန်ပါတော့၏။

* * *

( ၁၀ )

"မမလေး စာအုပ် ထွက်နေတယ်၊ သိတာငှား ခဲ့တယ်"

"ဟယ်....ဟုတ်လား"

အငယ်မက စာအုပ်ဆိုင်မှအပြန်၊ အခန်းဝမှာ လာရပ်ရင်း ပြောတော့ ပထမ အံ့သြ ဝမ်းသာသည်။

"ဟာ....မဖြစ်နိုင်ပါဘူး ငါ့စာအုပ်"

အသေအချာ စဉ်းစားကြည့်တော့မှ ကိုယ့်စာအုပ် မဖြစ်နိုင်မှန်း သိလာသည်။ ညီမလေး မျက်စိရှန်းပြီး ငှားလာတာ ဖြစ်မည်ပဲဟု တွေးသည်။ ဒါမှမဟုတ် ကျွန်မနှင့် ကလောင်နာမည်ချင်း ဆင်ဆင်တစ်ယောက်ရဲ့ စာအုပ် ဖြစ်ချင် ဖြစ်နိုင်သည်။

"ဘာလို မဖြစ် နိုင် ရမှာ လဲ မမလေးကလဲ၊ အောက်မှာ စာအုပ်ပါလာတယ်"

"ဘယ်လိုမှ မဖြစ်နိုင်ဘူး သိတာ၊ မမမှာ ရေးပြီးသားမှ မကျန်ခဲ့တာပဲ။ ရေးလက်စပဲ ရှိတယ်"

"နေဦး....နေဦး"

ပြောပြီး ညီမလေးက အောက်ထပ်ကို ဆင်းပြေးသည်။ ပြီးတော့ စာအုပ်ကိုယူကာ ချက်ချင်း ပြန်တက်လာသည်။

"ဒီမှာလေ....ခင်မိုးဖြူတဲ့၊ ဝတ္ထုနာမည်က 'ကမ်းလွန်အချစ်'တဲ့"

"ဘာ....ဘာ ကမ်းလွန်အချစ် ဟုတ်လား"

ညီမလေး လက်မှ စာအုပ်ကို လှမ်းယူလိုက်သည်။

စာအုပ် မျက်နှာဖုံးကို အသေအချာ ကြည့်သည်။

ကျွန်မ ကလောင်နာမည်မှ ကျွန်မ ကလောင်နာမည်။ ခင်မိုးဖြူတဲ့။ ဘယ်လိုမှ မှားစရာ မရှိ။

ဝတ္ထုနာမည်က 'ကမ်းလွန်အချစ်'တဲ့။

ကျွန်မ ကောင်းကောင်း မှတ်မိပါသည်။ သည်နာမည်က မောင့်ဝတ္ထုနာမည်ပဲ။ မောင် ပထမဆုံး ရေးထားတဲ့ ဝတ္ထု၊ ကျွန်မကို ပေးဖတ်ခဲ့ဖူးသည့် ဝတ္ထု။

စာအုပ်ကို လှန်၍ စာရွက် တစ်ရွက်ကို ကြည့်လိုက်၏။



ကျွန်မ မှတ်မိနေသော စာသားများကို တွေ့ရတော့၏။

အယုတ်မာဆုံး၊ အပက်စက်ဆုံး အလုပ်ကို မောင် လုပ်လိုက်ပြီဟု နားလည် ကြေကွဲရတော့သည်။

ကျွန်မ နာမည်နှင့် မောင့်ဝတ္ထုကို မောင် ထုတ်ချလိုက်ပြီ။

ကျွန်မထံမှ ဝတ္ထုတောင်းရင်းတောင်းရင်းနှင့် ကျွန်မက ရေးမပြီးနိုင်တာကို အခွင့်ကောင်းယူပြီး မောင်လုပ်လိုက်လေပြီလား။

သည်လိုဆို မောင့်မှာ ဝတ္ထုစာအုပ်တွေ ရေးပြီးသား ငါးအုပ်ခြောက်အုပ် ရှိနေသည်။ နောက်လည်း.... ကျွန်မနာမည်နှင့် သည်ဝတ္ထုတွေ ထွက်လာဦးမှာတဲ့လား။

ဘုရား....ဘုရား....ကျွန်မကို ရှဲဒိုးဖြစ်အောင် မောင် လုပ်ရက်ပြီတဲ့လား။

"ငါ့စာအုပ် မဟုတ်ဘူး....ငါ့စာအုပ် မဟုတ်ဘူး"

ကျွန်မ အော်ဟစ်ကာ စာအုပ်ကို ပစ်ပေါက်လိုက်သည်။ ညီမလေးက ကျွန်မကို ကြောင်ပြီး ကြည့်နေ၏။ ကျွန်မအော်ဟစ်ပြီး ငိုချလိုက်မိတော့သည်။

ယုတ်မာလိုက်တာ မောင်ရယ်....။

* * *

( ၁၁ )

တစ်ညလုံး စဉ်းစားပြီး နောက်နေ့မနက်မှာ ဖြေရှင်းစာတွေ ကျွန်မရေးသည်။ လိုအပ်ပါက ကျွန်မကိုယ်တိုင်ရန်ကုန်ဆင်းရန် ပြင်ဆင်မည်။

သတင်းစာတွေအဲ ထည့်မည်။ မဂ္ဂဇင်းတွေထဲ ထည့်မည်။

ဩဂုတ်လထုတ် ခင်မိုးဖြူ၏ 'ကမ်းလွန်အချစ်' ဝတ္ထုသည် ကျွန်မ စာရေးဆရာမ ခင်မိုးဖြူ၏ ကိုယ်တိုင်ရေးဝတ္ထု လုံးဝမဟုတ်ပါ။

ကျွန်မ တစ်စုံတစ်ရာ မသိရပါပဲ 'အနာဂတ်' စာပေတိုက်မှ စီစဉ်သူ ကို'အောင်ဇော်အေး'က ကျွန်မ၏နာမည်ကိုသုံးလျက် သူ့ဝတ္ထုကို ထုတ်ဝေလိုက်ခြင်းသာ ဖြစ်ပါသည်။

စာဖတ်ပရိသတ်အား ယခုကဲ့သို့ လိမ်လည်လှည့်ဖြား၍ စီးပွားရှာခြင်းသည် ကျွန်မ စာရေးဆရာမ ခင်မိုးဖြူ နှင့် လုံး ၀ မပတ်သက်ပါကြောင်း....

အစချီသည့် ရှင်းလင်းချက်ကို ကျွန်မ ရေးချလိုက်သည်။

ပြီးတော့ မဂ္ဂဇင်းတိုက်တွေကို ကျွန်မ ဖုန်းဆက်ပြီး ပြောသည်။ သူတို့က ထည့်ပေးမည် ပို့သာပို့လိုက်ပါဟု ပြော၏။

သတင်းစာထဲမှာ ထည့်ဖို့တော့ ကျွန်မဖေဖေ၏ မိတ်ဆွေကြီး တစ်ဦးထံ ဖုန်းဆက် အကူအညီတောင်းရသည်။

အားလုံး အဆင်ပြေသွား၏။

မတတ်နိုင်ပါ။ ကျွန်မအနေနှင့် မောင့်ကို ဘယ်လိုမှ မပတ်သက်ချင်ပါ။ သူ့သိက္ခာကိုလည်း မထိပါးချင်ပါ။

သို့တိုင်လျက် ကျွန်မ၏သိက္ခာကို ထိပါးလာမည့် ကိစ္စကိုတော့ ကျွန်မကာကွယ်ရမည်ဟု ယုံကြည်ပါသည်။

သည်ကိစ္စသည် မောင်နှင့် ကျွန်မကို တစ်ဘ၀စာ မဟုတ်။ ဘ၀ပေါင်းများစွာ များစွာခြားနားဝေးကွာသွားစေသောအရာဟုပင် ကျွန်မ ထင်ပါတော့သည်။

သည်အနာကို ကျက်စေဖို့ ဖြေဆေး ရှိနိုင်တော့မည် မဟုတ်ပါမောင်။

* * *

( ၁၂ )

ကျွန်မ မောင့်ကိုမမုန်းပါ။

ကျွန်မ မောင့်ကို ရွံရှာ စက်ဆုပ်မိပါသည်။

ရွံရှာ စက်ဆုပ်မိခြင်းသည် မုန်းတီးခြင်းထက် ပို၍ မကြည့်ချင်၊ မမြင်ချင်၊ မကြားချင်အောင် ခံစားရသည်ဟု ကျွန်မတွေးမိသည်။ စီးပွားရေးအတွက် အကျိုးအမြတ်ရမည်ဆိုပါက ချစ်သူပင်ဖြစ်စေ ချနင်းလုပ်စားရဲပြီဖြစ်သော မောင့်စိတ်ဓာတ်ကို ကျွန်မ လွန်စွာအထင်သေးမိပါ၏။

ကျွန်မအပေါ်မှာ သစ္စာဖျက်၍ တခြား မိန်းကလေးတစ်ဦးကိုမောင်ချစ်သွားလျှင်ပင် သည်မျှကျွန်မနာကြည်းနေလိမ့်မည်မဟုတ်ဟု ထင်ပါသည်။

စာပေကိုချစ်မြတ်နိုးသူ ခုံမင်သူ၊ စာပေကို ဘဝဟု ယူဆသတ်မှတ်သူဟု မောင့်ကို ကျွန်မထပ်ကာ လေးစားခဲ့ရပါသည်။

သူ တကယ်ချစ်မြတ်နိုးတွယ်တာသော စာပေ အပေါ်မှာပင် သစ္စာမရှိ စည်းစောင့်တတ်သော မောင်သည် ကျွန်မလိုချစ်သူတစ်ဦးအပေါ်မှာရော ဘယ်လို သစ္စာရှိမည်၊ စည်းစောင့်မည်ဟု ကျွန်မ ယုံရပါတော့မည်နည်း။

မောင့် အတွင်းစိတ်ကို ကျွန်မသည် မောင်နှင့် အိမ်ထောင် မပြုရသေးဘဲနှင့် သိခွင့် နားလည်ခွင့် ကြုံလိုက်ရခြင်းအတွက် ကံကောင်းသည်ဟုထင်ပါသည်။

စီးပွားရေးလောကရောက်မှ သူ့အတ္တ၊ သူ့မရိုးသားမှုက ဖုံးထားသမျှ ကွာကျလာသည်ဟုပဲ ကျွန်မတွေးမိပါ၏။ သစ္စာဖောက်ဖျက် ချစ်သူကို ချန်ထား ရက်သူဟု ကျွန်မကိုပြောလိုက ပြောနိုင်ပါသည်။

ချစ်သူ အပေါ်မှာ သစ္စာဖောက်ခြင်းထက်၊ စာပေ အပေါ်မှာ သစ္စာဖောက်ခြင်းက ပို၍ အပြစ်ကြီးမားကြောင်း ကျွန်မကထင်ရှားစွာသက်သေပြနိုင်ပါလိမ့်မည်။

စာပေအပေါ်မှာ သစ္စာဖောက်ရဲသော မောင်သည် သူ့ချစ်သူ ကျွန်မ၏ ဂုဏ်သိက္ခာကိုမျှ မထောက်ထားဘဲ 'ရှုံ့ဒိုး' ဖြစ်အောင် ပြုရက်သည်က သာဓကတစ်ခု ဖြစ်နေပါတော့သည်။

* * *

( ၁၃ )

ကိုလှမင်းကို လက်ထပ်ရန် မေမေက ပြောတော့ ကျွန်မ ချက်ချင်းပင် ခေါင်းညိတ်လိုက်မိပါတော့သည်။

ကိုလှမင်း၏ စိတ်နေစိတ်ထားကို ကျွန်မ စုံစမ်းနေစရာ မလိုပါ။ ရပ်ဆွေ ရပ်မျိုးလို တစ်မြို့ထဲ နေသူချင်းမို့ မေမေတို့ အသိဆုံးပင်။

ကျွန်မလည်း သူ့ စိတ်သဘောထား ပြည့်သည်ကို နားလည်နိုင်ခဲ့သည်ပဲ။

ဝါသနာတူ အကြိုက်တူသော်လည်း စိတ်ထား မရိုးဖြောင့် သူကို ဘဝကြင်ဖော် အဖြစ် လက်တွဲရသည်ထက် ဝါသနာမတူသော်ငြား လိပ်ပြာလုံ၍ ရိုးဖြောင့်မှု ရှိသူကို လက်တွဲရခြင်းက ပို၍ သင့်လျော်မည်ဟု ကျွန်မယုံကြည်နေမိပါတော့သည်။

စာပေ အပေါ်မှာ သစ္စာဖောက်သူကို လက်မတွဲလို၍ ချစ်သူ အပေါ်မှာ သစ္စာဖောက်သူ တစ်ယောက် အဖြစ် ခံယူသွားပါတော့မည်။

ကျွန်မ သူ့အပေါ်မှာ သစ္စာဖောက်သူ ဟု မောင်က ကျွန်မကို နာကြည်းချင်လည်း နာကြည်းပါစေတော့ စွပ်စွဲချင်လည်း စွပ်စွဲပါစေတော့။

* * *

ကျွန်မတို့၏ မင်္ဂလာ သတင်း သတင်းစာမှာ ပါလာသည့်နေ့မှာပင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်မ ကြေညာခဲ့သော မောင်နှင့် ပတ်သက်သည့် ကြော်ငြာသည်လည်း သတင်းစာ၌ ပါလာခဲ့သည်။

မောင့် 'အနာဂတ်' သည် ကျွန်မနှင့် လုံးဝ မသက်ဆိုင်တော့ပါ။



(၁၁)ရက်၊ နိုဝင်ဘာလ ၁၉၉၄

ပိတောက်-စာပေ
အမှတ်(၂၀)ဘုရင့်နောင်လမ်း
၃/ရပ်ကွက်၊လှိုင်

အသက်ကိုပါပိုင်ကာစိုးလှည့်

သက်ပိုင်စိုး

တွေးမိတိုင်းရင်ဆိမှာ ဆွတ်ကျင်တမ်းမောစွာ ခံစားရတုန်း။ နောက်ဆုံးတွက်သက်ထိတိုင် ခံစားသွားရမည့်ဝေဒနာ တစ်ရပ်မှန်း ကိုယ်တိုင်သာ သိခဲ့သည်ပါ။

မြောခဲ့ဖူးသည်ပဲလေ။

လွမ်းရဲလို့ ချစ်ခဲ့တာ လမ်းခွဲဖို့ ချစ်ခဲ့တာမှ မဟုတ်တာလေ။ နှလုံးသားချင်း နီးကပ်နေသရွေ့ လမ်းအခွဲကိုရောကြောက်နေရဦးမည်လား။ ကိုယ့်ဘက်မှ ပေးဆပ်ခြင်းဆိုသည်ဖြင့် နားလည် ယုံကြည်စွာ ချစ်ခဲ့ရသည်ပါ။ ဒါကို နေခြည်လည်း သိနိုင်လိမ့်မည် ထင်သည်။

ခံစားရသည့် ရင်အပူဒေသာကများအား တွယ်ဖက်နေတတ်ခဲ့ပြီပဲ။ ထိုကဲ့သို့ တွယ်ဖက်နေမိခြင်းကပင် နေခြည့်

အပေါ် ထားရှိသည့် သစ္စာတရားဟု ယုံကြည်နေမိပြန်သည်လေ။

ဝေသည့် ပန်းတိုင်း ကြွေဖို့ အသင့် ဖြစ်ခဲ့ရသည်ပဲ။

ချစ်မိသည့် အချစ်တိုင်းလည်း လွမ်းဖို့ အသင့်ဖြစ်ခဲ့သည်ဟု ထင်သည်သေ။

ဘယ်သူ မလွမ်းဖူးလေသလဲ။ ဘယ်သူ မဆွေးဖူးလေသလဲ။ ချစ် မြတ် နိုး ရသူနှင့် ပတ် သက် သော အလွမ်း၊ အဆွေးတိုင်းကို မက်မောမိကြမည်ပဲလေဟု တွေးမိပြန်၏။

ထိုအခါနေခြည်လည်း ကိုယ့်လိုပင် တမ်းတ လွမ်းမောနေလိမ့်မည်ပဲဟု သူ ယုံကြည်နေမိပြန်၏။

မြင်လွှာမှ နေခြည့်ပုံရိပ်ကို မပျောက်ပျက်အောင် ထိန်းနေမိပြန်သည်လေ။ ချစ်သူပျော်နေ၊ ပြုံးနေသည်ကိုသာ အမြဲမြင်ချင်သူမို့ ကိုယ်နှင့် ပတ်သက်သော အလွမ်း၊ အဆွေးတို့ကို မခံမင် မမြတ်နိုးမိပါလေနှင့်ဟု ဆုတောင်းလိုက်မိပြန်သည်ပဲ။

ချစ်သူ ခံစားနေရမည့် သောက အပူတို့ကိုလွှဲပြောင်းယူလို့ရနိုင်လျှင် ရယူလိုက်ချင်သည်လေ။

ပင့်သက်ကို ချမိချိန်မှာ ဝန်းကျင်ကို ပြန်လည် သတိထားမိလိုက်သည်မို့ လွင့်ပြယ်ချင်သည့် စိတ်ကိုပြန်လည်ထိန်းချုပ်ရင်း လက်မှ နာရီကို ငုံ့ကြည့်မိပြန်၏။



စောစောပြန်ခဲ့မည်ဟု ပြောခဲ့သော စကားကိုသတိရမိပြီး ထိုင်ရာ ပင်ခြေမှ ထလိုက်ရင်း ခုထိုင်ထားသော ညှပ်ဖိနပ်ကို ပြန်စီးလိုက်သည်။

* * *

မီးညှိပြီး ဆေးလိပ်ကို တစ်ချက် ရှိုက်ဖွာရင်း ဆိုင်အပြင်ဘက်သို့ လှည့်အထွက်တွင် အမြင်အားလုံး ပြာဝေကာ ခဏတာ မှုန်မိုက်လို့သွားရသည်။ ပင့်သက်ကိုချရင်း ငြိမ်သက်မှုရအောင် ထိန်းနေမိသေး၏။

လွဲမှားမှုမရှိသော အမြင်ကို တစ်ချက် ပြန့်ကြည့်မိသေးသည်။ ရင်ဆီမှာဆွတ်ဆွတ်ကျင်ကျင် ဖြစ်လာရပြန်သည် နေခြည်။

သည်မှာဘက်သို့ လျှောက်လာကြရင်း အပျော်ရယ်ဖြင့် စကားပြောလာကြသော နေခြည်နှင့် ဆရာ ကိုမျိုးဝင်းတို့ မမြင်အောင် သည်မှာဘက်သို့ ပြန်လှည့်လိုက်မိသည်လေ။

နေခြည်၏ပြုံးပျော်မျက်နှာနေက မြင်လွှာမှာရစ်ရစ်ဝဲဝဲ ပေါ်နေတုန်းပင်။ ဈေးရောင်းနေသော ကောင်လေးက ဘာယူဦးမှာလဲ အစ်ကိုဟု မေးသည်ကို ခေါင်း ခါယမ်းပြလိုက်မိပြီး ဝေးသွားသော ကျောပြင်နှစ်ခုကို ငေးလိုက်မိသေးသည်ပဲ ။

ခြေကို သွက်သွက် လှမ်းရင်းမှ ရန်ကုန်သို့ ပြန်သည်က ကောင်းမည်ယုံပဲ တွေးမိပြန်၏။ ရန်ကုန်မှ တစ်ဆင့် မွေးဖွားရာ ဇာတိသို့ ပြန်မည်မှန်း၏။ နေခြည်တို့ သည်မြို့ကို ဘာလာလုပ်ကြသည်လဲ။ လက်ထပ်ရက်မှာ လိုသေးသည်မို့ ပျားရည်ဆမ်းခရီး ထွက်ခြင်းမျိုးတော့ မဟုတ်တန်ရာဟု တွေးမိလိုက်ပြန်သည်။ သည်မြို့မှာ နေသော အသိတစ်ဦးအား သူတို့ ကိုယ်တိုင် ဖိတ်စာလာကမ်းတာ ဖြစ်မှာပါဟု တွေးမိပြန်ပြီး တုံ့နေသော ခြေကိုသွက်သွက်လှမ်းနေဖြစ်သည်။

နေခြည့် မျက်နှာသည် အလျင်ကနှယ် အပူရှပ်ကို ဟန်လုပ်ထား ရသည့် ပုံမျိုး မဟုတ်။ လိုက်လှဲသော အပြုံးမျက်နှာဟု တွေးမိစဉ် ဆုံးဖြတ်ချက်ကို အခိုင်အမာ ချပြီးမေ့လိုက်ပြီလားဟု တွေးမိကာ ဝမ်းနည်းမှုသည် တွန်းထိုးနေရာယူပြန်၏။

ချစ်ရသူက မုန်းလိုက်မှာ မေ့လိုက်မှာကို ရင်မဆိုင်ရဲပြန် ဖြစ်လို့ လာရသည်လေ။ ထိုအခါ ကြားခဲ့ဖူးသော နေခြည့် စကားများက အတွေးရှိင်းကို ပြန်လည် အနိုင်ယူလို့ သွားပြန်၏။

သေသည့် အထိ နေခြည့် အချစ်ကို ယုံကြည် နေမိဦးမည်ပဲဟု ထိုခဏမှာ အခိုင် အမာ သိလိုက်ရ ပြန်သည် နေခြည်။

ဘယ်ခါ မေ့နိုင်ပါ့မလဲ၊ ဘယ်ခါ မုန်းနိုင်ပါ့မလဲ နေခြည်။



ချစ်လျက်နဲ့ ခွဲခွာရသူတွေပဲ နေခြည် ရယ်....။

ဒါပေမယ့်လည်း....နေခြည်ရေ....တွေ့နေ မြင်နေရလေ ပိုလွမ်းလေမို့ ဝေးဝေးသို့သာ ပြေးထွက်ချင်တော့သည်လေ။

ဝေးဝေးသို့သာ ပြေးထွက်ချင်တော့၏။

*   *   *

အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်နှင့် ကျော်ဆန်းက ဖတ်လက်စ စာအုပ်ကို ပိတ်လိုက်ပြီး ထိုင်ရာမှ ထ,လာ၏။

"ငါ ကတော့ ကွာ.... တွေးပြီး ပူနေရတာ၊ သီဟာ တစ် ယောက် ဒီမြို့ရဲ့ တစ်နေ ရာရာ မှာ ကျောက်ရုပ်များ ဖြစ်သွားပြီလား၊ ဒါမှ မဟုတ် အရည်များ ပျော်သွားပြီလားလို့"

ရယ်ပြော ပြောရင်း အနားသို့ ရောက် လာ သော ကျော်ဆန်းကို မည်သို့မှ ပြန်မပြောဖြစ်ဘဲ အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။

"အခန်းထဲဝင်ပြီး ဘာလုပ်ဦးမလို့လဲ၊ လာ.... ထမင်း စားကြမယ်လေကွာ၊ ဘယ်အချိန် ရှိပြီလဲ၊ မင်းကို စောင့်နေရတာ၊ ဒီမှာအူလိမ်နေပြီကွ"

"ငါပြန်မယ်....ကျော်ဆန်း"

"ဟ....ဘယ်လိုဖြစ်ရပြန်တာတုန်း"

မေးရင်း အနား ရောက်လာသော ကျော်ဆန်းကို တစ်ချက်ကြည့်ဖြစ်ပြီး ဗီရိုတွင်းမှ ခရီးဆောင်အိတ်နှင့်

အဝတ်အစားများကို ခုတင်ပေါ်သို့ လှမ်းပစ်တင်လိုက်သည်။

"ပြောပါဦးကွ"

မဖြေဖြစ်ဘဲ ပင့်သက်ကို ချလိုက်သည့် ကျော်ဆန်းက ခုတင်ပေါ် ဝင်ထိုင်ရင်း နားမလည်နိုင်စွာ စူးစိုက်ကြည့်နေသည်ကို ဂရုမထားတော့ဘဲ ခရီးဆောင်အိတ်ကို ဖွင့်ကာ အဝတ်အစားများကို ထည့်လိုက်၏။

"ဘာဖြစ်လို့ ပြန်ရတာလဲဆိုတာ ပြောပါဦး
သီဟရ၊ မင်း စိတ်မချမ်းသာစရာ ငါဘာများ
လုပ်မိလို့လဲ"

ခရီးဆောင်အိတ်ကို ပခုံးမှာ လွယ်လိုက်ရင်း ပြောရမည့်စကားကို အားတင်းနေဖြစ်ပြန်၏။

ပြောရမည့်စကားကို နှလုံးသားက အားမပေးချင်။ ချစ်သူနှင့် အနီးဆုံးမှာ နေချင်သည်ပဲလေ။

"ဆရာကိုမျိုးဝင်းနဲ့ နေခြည်ကို တွေ့ခဲ့တယ်"

"ဘယ်မှာလဲ"

"ကားဂိတ်မှာ၊ ကားပေါ်က ဆင်းဆင်းချင်း
တွေ့လိုက်တာ"

သွေ့ခြောက်လွန်းသော စကားများဟု သိ၏။ ကျော်ဆန်း မျက်မှောင်တွန့်ရင်း ပြတင်းသို့ အကြည့်ငေးသည်ကို တွေ့၏။

"သူတို့ကို တွေ့ခဲ့တာနဲ့ မင်းပြန်မှာနဲ့က ဘာ
ဆိုင်လို့လဲ"



ပင့်သက်ကိုချရင်း အခန်းပြင်သို့ ခြေလှမ်းကိုရွှေ၏။ ကျော်ဆန်း ထိုင်ရာမှ ထလိုက်လာမည်ကို သတိထားမိလိုက်၏။

မစွန့်လွှတ်ရဲသရွေ့ အဝေးသို့သာ ပြေးရမည်ပဲဟု ပြန်ဖြေလိုက်ချင်သည်လေ။

"ငါမေးတာ ဖြေပါဦးကွ"

အခန်းဝရောက်တော့ လက်မောင်းကို ဖမ်းဆွဲရင်း ကျော်ဆန်း မေးသည်မို့ လှမ်းနေသော ခြေကို ရပ်တန့်လိုက်မိပြန်၏။ မှိုင်းပျလွန်းမည်ဖြစ်သော မျက်နှာနေကိုမပြင်ဖြစ်တော့။ တူရူသို့ကြည့်နေသော်လည်း အ... အားလုံးသည် အမှတ်အသား မရှိချင်ပြန်။

"ကိုယ့်ချစ်တဲ့သူနဲ့ အနီးဆုံးမှာ နေချင်တာ
ပေါ့ ကျော်ဆန်းရာ...၊ ဒါပေမယ့် တို့အခြေ
အနေကို မင်းသိပါတယ်၊ ဘယ်လိုမှ နီးစပ်နိုင်
တော့မှာမှ မဟုတ်ဘဲ၊ ဝေးဖို့ဆိုတာ လက်ခံပြီးတဲ့
နောက် ဝေးဝေးမှာပဲ နေရတော့မှာပေါ့၊ သူ
ရှိတဲ့အရပ်မှာ ငါရှိနေမယ်၊ ငါရှိတဲ့ အရပ်မှာ
သူ ရှိနေမယ် ဆိုရင် နှစ်ယောက်စလုံး အတွက်
အကောင်း မဖြစ်နိုင်ပါဘူး၊ ဝေးဝေးမှာ နေရင်
လွမ်းရ ဆွေးရတာက အဓိပ္ပါယ် ရှိပါတယ်ကွာ၊
သူ့ရင်တွင်းမှဆန္ဒကိုလဲကိုယ်သိတယ်၊ကိုယ့်ရင်တွင်း
က ဆန္ဒကိုလဲ သူသိနေတာမို့ တစ်ယောက်နဲ့

တစ်ယောက် မြင်နေတွေ့နေရရင် ပိုပြီးခံစားရမယ် လေ.... ဒါကြောင့်ပါ''

ပြောပြီး ရပ်တန့်ထားသော ခြေကိုရွေ့၏။ ကျော်ဆန်း ပင့်သက်ချသည်ဟု ထင်သည်။

''ထမင်းစားပြီးမှ သွားပါလားသီဟ''

''ဟင့်အင်း....မစားချင်တော့ဘူး''

ပြောပြီး ဖိနပ်စီးသည်။

''ငါ ကားဂိတ်ကို လိုက်ပို့မယ်''

''ရတယ် ကျော်ဆန်း၊ မလိုက်နဲ့တော့ ငါ သွားမယ်''

ပြောပြီး အိမ်အပြင်မှ မြေပြင်သို့ ဆင်း၏။ ကျော်ဆန်း အိမ်ပေါက်ဝတွင် ကျန်ရစ်ခဲ့သည်ဟု ထင်သည်။

ဖြတ်လမ်းမှပင် ကားဂိတ်ကို ထွက်မည်ဟု တွေးပြီး ခြေကို သွက်သွက်လှမ်း၏။ အနောက်ဘက်သို့ ပြန်လှည့်တော့ ကျော်ဆန်း လက်ထောင်ပြ နှုတ်ဆက်သည်ကို တွေ့၏။

''လမ်းမကြီးကပဲ သွားပါလား''

''ဒီလမ်းက မြန်မြန်ရောက်ပါတယ်''

ပြန်ပြောရင်း ဘာကြောင့် သဲ့သဲ့ရယ်လိုက်မိသည်ကို ကိုယ်တိုင်ပင် မသိလိုက်။ လေ တစ် ဝေ့ မှာ ကြွေဝေ့လာသော ရွက်ဝါကို မြေကျသည်အထိ လိုက်ကြည့်ဖြစ်၏။

* *

---

# အပိုင်း ( ၁ )

## အခန်း ( ၁ )

ခြံတွင်းသို့ ကွေ့ဝင်လာသော ကားကို အကွေ့မှာ အိမ်ရှင်များ ရောက်လာလိမ့်မည်ဟု ပြောထားသော ဆရာကိုမျိုးဝင်း စကားကို ပြန်အမှတ်ရသည်မို့ ထိုင်ရာမှ ထရင်းအပေါ်ထပ် အခန်းလောင်းရန် ပြင်ဆင်နေသော အလုပ်သမားများထံ တစ်ချက်ကြည့် ဖြစ်သေးသည်။

လေအဝေ့တွင် စားပွဲအောက်သို့ ကျသွားသော အိမ်ပုံစံ စာရွက်ကို ပြန်ကောက်ယူပြီး ဖိုင်တွင်း ပြန်ညှပ်ကာ ရပ်ထားသော ကားသို့ ပြန်အလှည့်တွင် အကြည့်ကိုမခွဲရက်စွာ ဖြစ်ရ၏။ ရင်သည် ငြိမ့်ငြိမ့်လှိုက်ခုန်ချင်သည်လား မပြောတတ်။

တစ်ဖက်သို့ အလှည့်တွင် လှုပ်ဝဲ့သွားသော ဆံစရှည်တို့ကို ငေးဖြစ်သေး၏။

သည်မှာဘက်သို့ လျှောက်လာကြသည်မို့ ကြိုရန်သတိရပြီး ခြေရွှေ့လိုက်သည်။ ဆောက်လက်စတိုက်ဘက်သို့ လက်ညှိုးထိုးရင်း ဖခင်ကို စကားပြောလာသောသူမကို တစ်ချက် ဝေ့ကြည့်လိုက်မိသေး၏။

"မောင်မျိုးဝင်းရှိလား"

"မရှိဘူးအန်ကယ် အခုလေးတင် အပြင်ထွက်သွားတယ်"

ပြောပြီးခြေတန့်ကာ အနား ရောက် လာ သည် ကို စောင့်နေလိုက်မိသည်။ ဘယ် အချိန် ပြန်ရောက်မလဲဟု သူမ မိခင်မေးသဖြင့် ရောက်ခါနီးပါပြီဟု ဖြေဖြစ်၏။

"မောင်သီဟာဆိုတာ မင်းလား"

"ဟုတ်ပါတယ် အန်ကယ်"

သူမထံမှ အကြည့် တစ်ခေါ့ ရောက်လာသေးသည်ကို တွေ့၏။

"မောင်မျိုးဝင်း မရှိလဲ သူရှိနေပြီပဲကွာ၊ သိချင်တာရှိ သူ့ပဲ မေးကြပေါ့"

ပြောပြီး ဆောက်လက်စတိုက်ဘက်သို့ လျှောက်ကြသဖြင့် နောက်မှလိုက်ရင်း သူမကို တစ်ခဲ့ ကြည့်လိုက်မိသေးသည်ပဲ။



"အန်ကယ်လဲ မောင်မျိုးဝင်းနဲ့ အလုပ်အပ်ပြီးကတည်းက အခုမှပဲ ရောက်ဖြစ်တော့တယ်၊ တော်တော်တောင် ပြီးနေပြီပဲကွ"

"ဟုတ်ကဲ့....အန်ကယ်"

ပြောစရာ စကားမဲ့နေသည့် အဖြစ်ကို သတိထားဖြစ်၏။

"ဩော် .... အန်ကယ့်နာမည်က ဦးမြင့်ထွေး မင်းအန်တီနာမည်က ဒေါ်မိ၊ ဟိုက ဦးသမီးလေး၊ နေခြည်နုတဲ့ သားကြီးကတော့ လိုက်ချင်လျက်နဲ့ လိုက်မလာနိုင်ဘူး ဂျူတီဝင်နေရတယ်"

ဆရာ ကိုမျိုးဝင်း ပြောထားသဖြင့် နာမည်များကို ကြားဖူးနေကြမို့ မည်သို့မျှ ပြန်မပြောဖြစ်ဘဲ ပြုံးတစ်ဝက် ခေါင်းဆတ်ညိတ်ပြုဖြစ်သည်။

"မင်းအကြောင်း ကိုခတော့ မောင်မျိုးဝင်း ရောက်တိုင်း ပြောပါတယ်"

ပြောရင်း ကျောက်ပုံးထောင်ချိန်သီးချ နေရာ သို့ အကြည့်ရောက်သွားသည်ကို တွေ့၏။ ဖော်ဖော် ရွှေရွှေ ရှိုးရှိုးသားသား ရှိကြတယ်ဟု ပြောဖူးသော ဆရာကိုမျိုးဝင်း စကားကိုပြန်ကြားမိပြီး ကိုယ့်ဘက်ကလိုက်လျောမှု လိုအပ်နေသည့်အဖြစ်ကို သတိထားမိ၏။

* * *

အခါတိုင်းနှယ် အလုပ်တှင်း၌ စိတ်ကအချိန်ပြည့်မရှိ။ သူမတို့ ရောက်လာကြလေမည်လား မျှော်နေမိတတ်သည်လေ။ တစ်နေ့ဝင်တော့ နောက်နေ့ရောက်လာနိုး မျှော်လင့်နေ ပြန်သည်ပဲ။

ပြန်ခါနီး၌ပင် စွဲလမ်းမိခဲ့သည့် ကိုယ့်အဖြစ်ကို အားမရချင်။ ယိုင်နဲ့လွယ်လွန်းသည့် နှလုံးသား ဆန္ဒကပင် အနိုင်ယူ၍သွားရသည့်အခါပေါင်းမနည်းတော့။ စိတ်ကူးတွင် မျှော်လင့်မှုတို့ စွန်းထင်းခဲ့ပြီပဲ။

ခြံတွင်းသို့လှမ်းဝင်လိုက်သည်နှင့် ရပ်ထားသော ကားကိုတွေ့သဖြင့် အပျော်တစ်စသည် ရင်သို့ခိုဝင်၏။ ခြေလှမ်းသည် ပို၍ သွက်ချင်သည်။

ဆရာ ကိုမျိုးဝင်းနှင့် စကားပြောနေရာမှ သူမပြုံးပြနှုတ်ဆက်သည်မို့ ပြန်လည်နှုတ်ဆက်ရင်း ပခုံးမှ လွယ်အိတ်ကိုဖြုတ်၍ စားပွဲပေါ် တင်လိုက်သည်။

ထိုင်ခုံတွင် ဝင်ထိုင်စဉ် ဆရာ ကိုမျိုးဝင်းနှင့် သူမအစ်ကို ကိုတင်ဝေတို့ ထိုင်ရာမှ ထသည်ကို တွေ့သဖြင့်ပြန်ကြတော့မည်လားဟု တွေးမိပြီး အားမဲ့ချင်ပြန်၏။

အချိန်ပြည့် အနီး၌ နေစေ့ချင်သည်ကို သူမသိစေချင်သည်လေ။

အမြဲပင် မြင်တွေ့နေချင်သည်သာ။

“နေခြည်ငှာ မလိုက်ဘူးလား”



“ဟင့်အင်း.... မလိုက် ချင်ဘူး၊ နောက်ပြီး အကာအရံမရှိ၊ ဟာလာဟင်းလင်း အပေါ်ကို ကျွန်မ မတက်ရဲဘူး”

ရယ်တစ်ဝက် စကားမှာ ဆရာကိုမျိုးဝင်းနှင့် ကိုတင်ဝေတို့ ရယ်ကြသည်ကို တွေ့၏။ သူမပါ ထိုင်ရာမှ ထရင်း ကိုသိဟနဲ့စကားပြောရင်း နေခဲ့တော့မယ်ဟု ပြောသံကို အကြားမှာ ဘာကြောင့် အပျော်တစ်စ ရင်သို့ တွဲခိုသည် မသိ။

“သူ.... ကျောင်းမတက်သေးဘူးလား”

“မတက်သေးဘူး၊ ကျောင်းတောင် ဒီနေ့မှ သွားအပ်ရတာ”

ပြောပြီး ထိုင်ရန်ခုံယူပေးလိုက်သည်။ ဆရာကိုမျိုးဝင်းမည်မျှ အထိ ကိုယ့်အကြောင်းများ ပြောထားလေ သလဲဟု တွေးလိုက်မိပြန်၏။

“ကျောင်း တက်ရင် အလုပ်က....”

“ဆက်လုပ် နေမှာပါ၊ အခါတိုင်း နှစ်တွေလဲ ဒီလိုပဲ ကျွန်တော်, ကျောင်းချိန် ဆိုရင် ဆရာရှိနေမယ်လေ”

ပြောပြီး ထိုင်ခုံတွင် ပြန်ထိုင်သည်။ သူမ အကြည့်စူးကို သတိထားဖြစ်သော်လည်း ရင်ဆိုင် ဆုံရန် သတ္တိ မရှိပြန်။

ဆေးလိပ်ခွက် အတွင်းမှ သောက်လက်စ ဆေးပေါ့လိပ်ကို ယူပြီး မီးပြန်ညှိသည်။

"ဂျီတီအိုင် ပြီး ကတည်းက ဆရာနဲ့ လက်တွဲ လာတာ ကျောင်းတောင် သူ တက်ခိုင်းလို့ ကျွန်တော် တက်တာ"

"ဩော်....ဘာပဲ ဖြစ်ဖြစ် အမြီးတော့ ပိုရှည်သွားတာပေါ့"

အခင်အမင်စကား၊ အရယ်အမော ပြောရင်း သဲ့သဲ့ ရယ်သည်ကို တွေ့၏။ ထိုရယ်သဲ့သဲ့ အမူအရာသည် နှလုံး အိမ်မှာ ကင်ငြိ စွဲထင် နေဦးမည်မှန်း ခံစားမိလိုက် သေးသည်လေ။

"နေခြည်ကရော ဘာခမဂျာလဲ"

နေခြည်နှင့် ခေါ်မည် လုပ်ပြီးမှ နေခြည် ဟုသာ ခေါ်ရန် ပြောခဲ့သည့်စကားကို ပြန် အမှတ်ရပြီး နေခြည် ဟု ခေါ်ဖြစ်လိုက်သည်။

"မြန်မာစာပါ"

ပြောပြီး စားပွဲပေါ် မှန်အောက်မှ အိမ်ပုံစံ စာရွက်ကို ကြည့်နေပြန်သည်။

"ကိုသီဟက သင်္ချာနော်"

ခေါင်းညိတ် ဖြေမည် လုပ်ပြီးမှ မမြင်နိုင် ပါလားဟု တွေးမိပြီး နှုတ်မှ ဖြေဖြစ်လိုက်၏။ လက်ချောင်း သွယ်နုလေးများကို ငေးနေမိပြန်သည်။

"ကိုမျိုးဝင်းကတော့ ကိုသီဟကို တော်တော် ချီးကျူးစကား ပြောတယ်"



"ဆရာကတော့ ဒီလိုပါပဲ၊ တပည့် လက်သား အပေါ် စောင်မ ကြည့်ရှုခြင်း နည်းမျိုးစုံနဲ့ကြည့်ရှုတာလေ"

ရယ်တစ်ဝက် အပြော စကားမှာ သူမပါ လိုက်ရယ်သည်ကို တွေ့၏။

အပြင်မှ ဝေ့သော လေကြောင့် ရှေ့ဆံပင်များ လွင့်တုန်သည်ကို ပြန်သပ်တင်ရင်း ထိုင်ရာမှ ထသည်ကိုတွေ့၏။

"ပြန်တော့မလုား"

"ဟုတ်အင်း....မပြန်သေးပါဘူး၊ ခြံထဲ လှည့်ကြည့်ဦးမလို့"

"ဩော်.... နေခြည် စိုက်ထားတဲ့ နှင်းဆီပင်တွေနားက သစ်ပုံကို ကျွန်တော် ရွှေ့ခိုင်းပြီးပြီ"

စကားဆုံးတော့ ရပ်ထားသော ခြေကို ဆက်လှမ်း၏။

ထိုင်ရာမှ ထမည်လုပ်ပြီးမှ မနေ့က ဝယ်ထားသော သစ်စာရင်းကို မှတ်ရန် သတိရသည်မို့ မထဖြစ်တော့။

*　　*　　*

အမြဲတမ်း မြင်နေတွေ့နေချင်သည်ပဲ နေခြည်။ ရင်ဆိမ့်ခံစားမှု အားလုံးကို ခိုမင်မိတတ်ပြီပဲလေ။

အတန်းရှေ့ ရောက်သည်နှင့် အခန်းတွင်း နေခြည်ထိုင်ရာခုံသို့ မျှော်လင့်ကြည့်တို့ရောက်ရသည်လေ။ သည်မှာဘက်သို့ လှည့်နေသော နေခြည်နှင့် အကြည့်ချင်း ခဏဆုံ၏။

နေခြည့်မျက်နှာမှ ဝင်းလက်သွားသော ပြောင်းလဲမှုကို တွေ့လိုက်ရလေသလား သံသယဘွေး ဝင်ပြန်သည်။

"ကင်တင်းဘက် လျှောက်မလား နေခြည်"

"မလျှောက်တော့ဘူး၊ အခုနကတင် ပြန်လာတာ"

ပြောစရာစကားက ကင်းမဲ့နေပြန်သည်။ နေခြည် ဇေ့ကြည့်သည်ကို သတိထားမိ၏။

"လာလေ....လူမ်းလျှောက်ရင်း ပြောကြတာပေါ့"

ပြောပြီး နေခြည်လျှောက်သဖြင့် ဘေးချင်းယှဉ်လျှောက်လိုက်ဖြစ်သည်။ မည်သည့်စကားကို မည်သို့ပြောရမည်လဲ အစရှာသော်လည်းမရ။ မလာခင်ကဘာပြောရမည်ဆိုတာကြိုတင် စဉ်းစားသွားဟု နောက်လိုက်သော ကျော်ဆန်းစကားကိုပြန်သတိရပြီး တစ်ချက်ပြုံးဖြစ်၏။



"ဒီနေ့ ကိုဟန်အောင် မလာပါလွား"

"မရောက် သေးဘူး၊ သူ့ကို စောင့်ရင်း နဲ့ နောက်ကျသွားတာ၊ ကျွန်တော် နေခြည်တို့ ထိုင်တတ်တဲ့ ဆိုင်ဘက် ရောက်ခဲ့သေးတယ်၊ အဲဒီမှာ မတွေ့မှ ဒီကို လိုက်လာတာ"

"ကျွန်မတို့လဲ ကိုသီဟကိုစောင့်နေသေးတာ" ပြောပြီး တစ်ချက် ငဲ့ကြည့်သည်ကို တွေ့၏။

ရှေ့ဘက်မှ လျှောက်လာသော ကျောင်းသားအုပ်ကို နေရာပေးလိုက်ပြီး ဆက်လျှောက်သည်။ နေခြည့်ကိုယ်မှ ရေမွှေးနံ့သင်းသင်းကို ဝင်သက်မှာ ရလိုက်သေး၏။

"မနေ့ကတောင် ဆရာနဲ့ တိုက်ခန်းကို ရောက်သေးတယ်"

"အင်း....သိတယ်၊ ကိုကိုနဲ့ အပြင် ခဏလိုက်သွားလို့ မတွေ့ဖြစ်လိုက်တာပါ၊ ကပ်လွဲသွားတာ ကျွန်မတို့က အိမ်ကအထွက် ကိုသီဟတို့က အဝင်လေ"

ပြောပြီး ကော်ရစ်တာချိုးကို ကွေ့လိုက်သည်။ လွှက်တွင်းညှပ်ထားသော ဆေးလိပ်ကို ဖွာအကြည့်တွင် မီးမရှိတော့သဖြင့် အမှိုက်ပုံးတွင်းသို့ ပစ်ထည့်လိုက်ပြီး ဆက်လျှောက်သည်။ အတန်ကြာသည်အထိ နှစ်ယောက်သားစကား မပြောဖြစ်ကြပြန်။

"မနက်ဖြန် ကျွန်မ လာခဲ့ဦးမယ်"
"အင်း.... လာခဲ့လေ၊ ကျွန်တော်ရှိနေမှာပါ"

"တိုက်ခန်းမှာနေရတာပျင်းခြောက်ခြောက်နဲ့ ခြံထဲရောက်တော့လဲ အလုပ်သမားတွေ လုပ်တာကိုင်တာ ကြည့်နေရရင်ပဲ အပျင်းပြေတယ်လေ"

ပြောပြီး ဖွဖွရယ်သည်ကို ကြား၏။ အပျင်းပြေရုံသက်သက်ပဲလား ဟု မေးလိုက်ချင်သော်လည်း မမေးဖြစ်တော့။

နေခြည့်အတွက်တော့ အပျင်းပြေရုံသက်သက်ပဲလေ။ ကိုယ့်အတွက်တော့ မျှော်မှော်မှု ပြေပျောက်ရမည်ပါဟု ရင်တွင်းဖြစ်စကားကို ရင်၌သာ ပြောဖြစ်လိုက်သည်ပဲ။

နေခြည်က လက်မှုနာရီကို မြှောက်ကြည့်ပြီး–
"အတန်းချိန် နီးနေပြီ"
ပြောပြီး ခြေတန့်ရပ်၏။
"ကျွန်တော် အတန်းရှေ့ ပြန်လိုက်ပို့ပေးမယ်လေ"
"ရတယ်ကိုသီဟ၊ လိုက်မပို့နဲ့တော့၊ သွားမယ်နော်"
ပြောပြီး လှည့်လျှောက်သွားသော နေခြည့် နောက်ကျောပြင်ကို ငေးနေမိသေးသည်။ ကုန်လွယ်လွန်းသော



ချိန်တာကို ဆွဲဆန့်လို့ရလျှင်
နေခြည်။

ကော်ရစ်တာအချိုးတွင် နေခြည်ပျောက[illegible] ရပ်ရာမှ ခြေကို ရွှေ့လိုက်ရသည်။ အလာတုန်းကနှယ် ပေါ့ပါးမှု မရှိလွန်းသော ခြေအကြွကို သတိထားမိသည်။

* * *

"မနက်ဖြန် က

"

အခန်း ( ၂ )

လက်မှုနာရီကို မြှောက်ကြည့်လိုက်ပြီး၊ ပင့်သက်ကို ချလိုက်မိပြန်၏။ လာခဲ့မည်ဟု ပြောထားသောစကားကို မေ့နေလေသည်လားဟု တွေးမိသောအခါ မျှော်လင့်မှုတို့ ပြေးထွက်ချင်၏။

တစ်နေ့တာ လက်စသိမ်း အလုပ်များကို လိုက်ကြည့်ရန် ထိုင်ရာမှ ဖြည်းလေးစွာ ထလိုက်မိ၏။

"ငါပြန်မယ် သီဟ၊ အပြန်အိမ်ကို ဝင်ရင် ဝင်ခဲ့ဦးလေ"

ဆရာကိုမျိုးဝင်း နှုတ်ဆက်သံ ကြားမှ ကိုယ်တစ်ယောက်တည်း ရှိနေခြင်း မဟုတ်သည်ကို သတိ

ထားမိပြန်ပြီး ပျံ့လွင့်ချင်သော စိတ်ကိုထိန်းရန် မြင်ရသည်။

"ဟုတ်ကဲ့ဆရာ၊ အပြန်တော့ ဆရာ့ဆီ မဝင်တော့ဘူး၊ အလုပ်ကိစ္စရှိရင်တော့ ဝင်ခဲ့မယ်လေ"

"အလုပ်ကိစ္စ မရှိပါဘူး"

စကားဆုံးသည်နှင့်—

"ဒါဆိုရင်လဲ မဝင်တော့ဘူး"

ဟု ပြောကာ လှည့်ထွက်ခဲ့သည်။ ပန်းရန်ခေါင်းဆောင်ပြောသော ပစ္စည်းအသုံးနှင့် လုပ်ကွက်များကို နားထောင်နေစဉ် ဆရာကိုမျိုးဝင်း ပြန်သွားသည်ကို တွေ့လိုက်ရ၏။

လုပ်ကွက်များကို လိုက်ကြည့်နေရသော်လည်း စိတ်ကမပါ။ ရင်မှာ မျှော်လင့်မှုသည် တွယ်ငင်တုန်း။

လက်သမားခေါင်းဆောင်နှင့် ပြောနေစဉ်မှာ စိတ်သည် သိသိသာသာ ပျံ့လွင့်နေသည်ပဲ။ အကြည့် ကားလုပ်ကွက်များတွင် မူသေမရှိ။ ခြံဝသို့သာ ရောက်နေသည်လေ။

ငါတော့ သီတာ့ကိုဖွင့်ပြောလိုက်တော့မည်ဟု ပြောခဲ့သော ဟန်အောင့်စကားကို ပြန်ကြားယောင်နေမိပြန်၏။ မင်းရော နေခြည့်ကို ဖွင့်မပြောသေးဘူးလားဟု ဟန်အောင် မေးခဲ့စဉ်က တွေ့ကြုံရတဲ့ အချိန်ကာလက တိုတိုလေး ရှိသေးတယ်ဟု မြန်ပြောဖြစ်ခဲ့သော စကားကို သတိရ၏။ အချစ်ဆိုတာ အချိန်ကာလ အနည်းအများ



ပေါ်မှာ မတည်ပါဘူးကွာ၊ နှလုံးသား လွတ်လပ်ခွင့်ကရှိနေတာပဲဟု ပြန်ဖြေခဲ့သော ဇော်အောင့်စကားကို တွေးနေမိသည်ပဲလေ။

ချစ်ရသူထံမှ ချစ်ပါသည်ဆိုသော နှုတ်ထွက် စကားကိုကြားချင်သည်ပေါ့။ ချစ်ရသူနှင့် နောက်ဆုံးထွက်သက်အထိ အတူလက်တွဲနေချင်သည်ပေါ့။ ချစ်မိပြီဆိုကတည်းက စိတ်ကူးယဉ်အနာဂတ်မျှော်လင့်မှုများကိုတည်ဆောက်နေမိခဲ့သည်ပဲ။

မချစ်နိုင်ပါဆိုသော စကားကို မကြားရက် သလို ဝေးကွာရမည်ကိုလည်း ရင်မဆိုင်ဝံ့သည့်အဖြစ်ဟု ကိုယ်တိုင်ကသိခဲ့သည်ပဲ့လေ။

စွန့်စားမှု တစ်ခုကို လုပ်ရမည်ကဲ့သို့ နှုတ်ထွက် စကားမရဲတင်းခဲ့ပါလေ။ ထိုအခါ လက်ရှိအနေကိုပင် ခုံမင်တွယ်ဖက်လို့ ထားချင်မိသည်ပါ။

ချစ်မိပြီ ဆိုကတည်းက ဆန္ဒဖြစ်တည်မှုသည် ဝေးကွာရမည်ကို မရည်ရွယ်၊ မတောင့်တခဲ့လေပါ။ ထိုသဘောကိုသာ နေခြည်တစ်ယောက် သိစေချင်မိသည်။ စွန့်လွှတ်ဖို့မရဲလေသမျှ စွန့်စားမှုသည်လည်း နောက်တွန့်နေဦးမည့်အဖြစ်ဟု တွေးသိနေခဲ့မိသည်ပဲ။

*

အအေးခံထားသော ရေခွေး ပန်ကန်လုံးကို ယူ၍ သောက်လိုက်ပြီး ထိုင်ရာခုံမှ ထလိုက်သည်။ ကျော်ဆန်း က သို့ချင်းအလိုက်အတိုင်း စားပွဲခုံကို ခေါက်နေရာမှ မော့ကြည့်လာ၏။

"ငါ နေခြည်တို့ဆီ သွားလိုက်ဦးမယ်"

ပြောပြီး ကန်ပေါင်ဘက် လှည့်သည်။ အခါတိုင်း နှယ် ဟန်အောင်ထိုင်ရာမှ မထဘဲ ရယ်သဲ့သဲ့ ကြည့်နေသည် ကို တွေ့၏။

"မင်း မလိုက်ဘူးလား"

"ဟင့်အင်း....မလိုက်ဒတော့ဘူး"

"ဘယ်လိုဖြစ်ရပြန်တာလဲ"

ဟန်အောင် အရယ်မပျက်ကြည့်နေသည်မို့ ထိုင်ခုံတွင် ပြန်ထိုင်လိုက်ပြီး ဆေးလိပ်တိုကို ရှိုက်ဖွာနေမိသည်။

"သီတာကို ငါအခုနကတင်ဖွင့်ပြောခဲ့ပြီးပြီ"

"ဘာ ပြောခဲ့တာလဲ"

"ဟ နေကောင်းလား၊ ဘာဟင်းနဲ့စားခဲ့လဲ ဆိုတဲ့စကားကို ရေးကြီးခွင်ကျယ် ပြောမလား ကွ၊ တစ်ဘဝစာအတွက် ရည်ရွယ်ပြီးပြောခဲ့တာ"



ဟန်အောင့်စကားဆုံးမှ သီတာ့ကို ဖွင့်ပြောတော့မည့် အကြောင်း ဟန်အောင် ပြောပြခဲ့သည်ကို ပြန်သတိရ သည်။ ဟန်အောင် နောက်ကျရောက်လာမည့် အဖြစ် ကိုလည်း ပြန်တွေးမိ၏။

"အခြေအနေ ဘယ်လိုလဲ"

"ပြောတဲ့ စကားကို နားထောင်သွားတယ်"

ကျော်ဆန်းအမေးကို ဟန်အောင်ဖြေရင်း အကြည့် ရောက်လာပြန်၏။ အဆင့်တစ်ဆင့်တော့ ပြီးသွားပြန်ပြီ ပေါ့ဟု ကျော်ဆန်း စကားဆက်၏။

"မင်းကရော ဘယ်လိုလဲ"

အောင်ကျော်ဦး၏ ရယ်တစ်ဝက် အမေးစကားကို မည်သို့မျှ မတုံ့ပြန်ဖြစ်။ နှလုံးသားမှာ ဖြစ်တည်သော ခံစားမှုအစုကို လွန်ဆန်ရင်ဆိုင်နိုင်ရန် အင်အား မဲ့လှ သည်မှန်းခံစားသိသည်ပဲ။ ဝေးကွာရမည်ကို အတွေးဦးပင် မရှိခဲ့သည်မို့ နှလုံးသားဆန္ဒကို ဥပေက္ခာပြုထားရဦးမည် ပဲလေ။

"အင်း၊ တစ်ယောက်ကျတော့လဲ ထမင်းစား ရေသောက် သဘောမျိုး၊ လွယ်ကူလိုက်တာ"

"လွယ်ကူတယ်ရယ်လို့ ဘယ်ဟုတ်မလဲ ကျော် ဆန်းရာ၊ ငါသူ့ကိုချစ်တယ်၊ အဲဒီအတွက် သူ့ ဆီက တုံ့ပြန်မှုကိုလဲ လိုချင်တယ်လေ၊ အဲ့ဒီအတွက် ဖွင့်ပြောရတာပါ"

"သူ့ဆီက တုံ့ပြန်မှုဆိုတာ မချစ်နိုင်ပါဘူး ဆိုတဲ့ တုံ့ပြန်မှုရော ပါမလား ဟန်အောင်"

"အမှန်အတိုင်း ပြောရရင် အဲဒီတုံ့ပြန်မှုကို ဘယ်ကြားချင်ပါ့မလဲ၊ ရင်းနှီးမှုသဘော စွန့်စားတဲ့သဘောနဲ့ ဖွင့်ပြောရတာပေါ့၊ ဆန္ဒချင်း ညှိတဲ့သဘောပါ၊ ဆန္ဒချင်းတူညီရင် တူညီသလို ရှေ့ဆက်မယ်၊ မတူညီရင်လဲ ဆွေးပေါ့ကွာ"

ဟန်အောင့်စကားအဆုံးမှာ အောင်ကျော်ဦးခေါင်း ဆတ်ညိတ်နေသေး၏။ ရင်ထဲမှာ သတ္တိတို့ဖြစ်မလာဘဲ ဘာကြောင့် လှမ်းရှောင်ရပြန်သည်လဲမသိပြန်။ လေအဝေ့မှာ ယိမ်းလှုပ်သွားသော ဘော်စကိုင်းပင်များကို အကြည့်ပို့လိုက်မိသည်။

"မချစ်နိုင်ပါဘူးဆိုတဲ့ စကားအတွက် ရင်ဆိုင်ဖို့ သတ္တိအပြည့်နဲ့ပေါ့ ဟုတ်လား"

"အဲဒီ စကားအတွက် ရင်ဆိုင်ဖို့ သတ္တိမရှိပါဘူး၊ ဒါပေမယ့်ကွာ ဘယ်တတ်နိုင်ပါ့မလဲ၊ သူ့ဘက်က အဲဒီအဖြေ ပေးခဲ့ရင်တော့ ခံစားရမှာပေါ့ကွာ"

စကားသံတို့ သိသိသာသာ အားနည်းသွားသည်ကို သတိထားဖြစ်၏။ ချစ်မိသူတိုင်းအတွက် ချစ်ရသူကို ဝေးကွာဖို့ ရင်ဆိုင်နိုင်မည်မှ မဟုတ်ဘဲဟု ကိုယ့်ဆန္ဒနှင့် ကိုယ်ညှိနေမိပြန်၏။



"တစ်ဖက်လူရဲ့ ဆန္ဒနဲ့ပါ လိုက်ညှိပြီး ရှေ့ခရီးဆက်ချင်တယ် ဆိုရင်ဖြင့် ဘယ်လိုတုံ့ပြန်မှုမျိုးပဲရရ၊ ဖွင့်ပြောတာ အကောင်းဆုံးပဲကွ"

စကားဆုံးသည်နှင့် ကျော်ဆန်းအကြည့် ရောက်လာသည်ကို သတိထားမိ၏။ မင်းလဲဖွင့်ပြောဖို့ကောင်းတယ် ဟူသည့်သဘော အကြည့်ဟု တွေးမိနေပြန်၏။

* * *

## အခန်း ( ၃ )

ပြီးစီးခါနီး တိုက်သစ်ကလေးကို ကြည့်ရင်း ရင်မှာ ပီတိဖြစ်ရပြန်သည်။ ကိုယ်တိုင်သင်ယူတားသော ပညာရပ်တစ်ခု၏အမွေ။ ကိုယ်တိုင်မွေးဖွား သန္တစင်လိုက်သော ရင်နှစ်တစ်ခုဟု ခံစားမိပြန်၏။

"ဘယ်တော့လောက် အပ်မလဲဆရာ"

အမေးစကားကြောင့် ဆရာ ကိုမျိုးဝင်း တိုက်သစ်ကလေးမှ အကြည့်ကိုရုပ်ပြီး သည်မှာဘက်သို့လှည့်သည်။

"ရှေ့လဝက်လောက်ဆိုရင် အပ်မယ်လို့ စိတ်ကူးထားတာပဲ၊ အနုထည်မပြီးနိုင်ဘူးလား"

"ပြီးနိုင်ပါတယ်၊ ကျွန်တော်လဲ အဲဒီရက်ပိုင်းလောက် မှန်းထားတာ"

ပြောပြီး အရိပ်ရရာ အပင်အောက်သို့ ဝင်လိုက်သည်။ လေတစ်ဝှေ့တွင် ဝှေ့ကြွေလာသော သစ်ရွက် ခြောက်က ကိုယ်ကိုလေမှာခတ်၍ ကျသွားသည်။

"တို့....ပထမမှန်းရက်ထက် စောပြီးတာ မင်း ကြိုးစားမှုလဲ့ပါတယ်"

"ဆရာ့ ကြီးကြပ်မှု အောက်မှာပါ"

"ဘုတ် ကျီးမြှောက်၊ ကျီး ဘုတ်မြှောက်နဲ့ စကားက ပြတ်မှာမဟုတ်ဘူး၊ ထားတော့၊ မင်းရော ချစ်သူလေးဘာလေး မထားသေးဘူးလား၊ ဟိုနှစ်ယောက်ကို ကြည့်ပြီး အားကျဖို့ ကောင်းတယ်"

ရယ်တစ်ဝက် အပြောစကားကို မည်သို့မျှ ပြန်မဖြေဖြစ်ဘဲ ဦးခေါင်းကို ငုံ့ထားဖြစ်သည်။ နေခြည့် မျက်နှာနုံက အမြင်မှာ ရစ်ဝဲ့လို့ ပေါ်လာပြန်သည်ပဲ။

မနက်က ဟန်အောင်နှင့် သီတာတို့ လမ်းကြုံ ခဏ ရောက်လာစဉ် ဆရာကိုမျိုးဝင်းနှင့် မိတ်ဆက်ပေးခဲ့သေးသည်။

"ဆရာ့လူလဲ ကြည့်မြှောက်ပေးပါဦး၊ သူ ကြိုက်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ဖွင့်မပြောရဲဘူး ဖြစ်နေတယ်"

ဟု ပြောသွားသော ဟန်အောင့်စကားကို ပြန်သတိရ၏။



"မင်းကြိုက်နေတဲ့ အမျိုးသမီးကို ဖွင့်မပြောရဲဘူး ဖြစ်နေတယ်ဆိုတာ အမှန်ပဲလား၊ ဘာဖြစ်လို့ ဖွင့်မပြောရဲရတာလဲ၊ ပြောစမ်းပါဦး"

ရယ်တစ်ဝက်မေးရင်း အကြည့်တစ်ဝှေ့ ရောက်လာသည်ကို တွေ့၏။ နောက်သွားတာပါဟု တိုးသဲ့စွာ ပြန်ပြောဖြစ်၏။

"ပြောပါဦးကွ"

ရယ်တစ်ဝက် ထပ်အမေးမှာ ဖြေရမည့် စကားကို နှလုံးသားနှင့် အားယူနေမိပြန်၏။ ရှေ့မြေကွက်လပ်တွင် အစာကောက်နေသော စာကလေးတွေကို ကြည့်နေဖြစ်သေးသည်။ ဖြေချမည့်စကားက ဖြေရမည့် အချိန်ထက် ကြာသွားပြီကို သတိထားဖြစ်ပြန်၏။

"သူနဲ့ ဝေးရမှာ ကြောက်လို့"

"ဘယ်လို သူနဲ့ဝေးရမှာကြောက်လို့၊ ဟုတ်လား"

"ဟုတ်တယ်ဆရာ၊ ကျွန်တော့်ဘက်က သူနဲ့ ဘယ်ဝေးချင်ပါ့မလဲ၊ ဒါ ချစ်မိသူတိုင်းရဲ့ ဆန္ဒလို့ ထင်ပါတယ်၊ တကယ်လို့ ကျွန်တော်ဖွင့်ပြောမိပြီဆိုပါတော့၊ ကျွန်တော် ဖြစ်ချင်သလိုဖြစ်မလာဘဲ တခြားအဖြေကိုရရင် ဘယ့်နှယ်လုပ်မလဲ၊ အဲဒီအတွက် ကျွန်တော် ရင်ဆိုင်ရဲမှာမဟုတ်ဘူး"

ဆရာကိုမျိုးဝင်းက မျက်မှောင်ကုတ်ရင်းပြောစကားကို စဉ်းစားသည် ထင်သည်။ ခဏနေတော့ မျက်မှောင်အတွန့်ပြေကာ ပြုံးတစ်ဝက် ကြည့်လာ၏။ လက်ကြားညှပ်ထားသောဆေးပေါ့လိပ်ကို မီးပြန်ညှိနေစဉ် ဆရာကိုမျိုးဝင်း စကား မစသေး။

"မင်း ပြောတာကို ငါ မငြင်းလိုပါဘူး၊ ဒါပေမယ့် ပြောချင်တာကတော့ ရှိတယ်၊ မချစ်နိုင်ပါဘူး ဆိုတဲ့အဖြေကို မှန်းတယ်လို့ ယူဆရင် ရမလား"

"မရနိုင်ဘူး ထင်ပါတယ်"

"နောက်တစ်ခုက ဒဿဂီရိနဲ့တာနေ့ယက္ခတို့ရဲ့ အဖြစ်ကို ကြည့်ဦး၊ သူတို့ ချစ်တဲ့သူက သူတို့ကို ဘယ်လောက် မုန်းလဲ၊ အဲဒါတောင် အသက်ပေးမလောက်ကိုချစ်ကြတာ၊ ငါပြောတဲ့ အချက် နှစ်ချက်ကိုကြည့်မယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ဖွင့်ပြောသင့်တယ်လို့ထင်တယ်လေ၊ ရှေ့လက်တွဲဖို့ဖြစ်ရင်ဖြစ် မဖြစ်ရင်လဲ ကိုယ့်ဘက်က ချစ်နေလို့ ရသေးတာပဲကွာ၊ ငါကတော့ ကိုယ့်ချစ်သူအပေါ် နားလည်ယုံကြည်မှုတွေနဲ့ သူ့ရဲ့ တုံ့ပြန်ချက် ဆိုတာကိုထားပြီး အသက်ပေးမလောက် ချစ်တာကို ချီးကျူးတယ်"

စကားခဏရပ်ကာခြံပြင်ကိုငေးတွေနေပြန်၏။ ဖွာရှိုက်ပြီး ဆေးလိပ်မီးခိုးငွေ့များကိုမှုတ်ထုတ်ရင်း ပြောစကား



တို့ကို စဉ်းစားနေမိပြန်၏။ နှလုံးသားမှ လွှမ်းမောဖွယ် တေးပိုဒ်က အသံမြည်လာသလို ရှိရပြန်သည်။ တေးအစ ညည်းပင် ရင်ကိုမကြည်လင်စေပါဟု ပြန်ကာ ပြောလိုက် ချင်သည်လေ။

"ချစ်မိသူအပေါ် အသက်ပေးချစ်ကြရိုးမှန်ရင် ချစ်တဲ့သူဆီက ဘယ်လိုအဖြေပဲရရ ရင်ဆိုင်နိုင်ရမှာပေါ့၊ ရင်မဆိုင်နိုင်ရင် အတ္တလွန်ကဲနေလို့ပဲ ဖြစ်မယ် ထင်တယ်၊ ဘယ်လိုလဲသိဟ"

မည်သို့ ပြန်ဖြေရမည် မသိပြန်။

"ဖွင့်ပြောတယ် အဖြေတောင်းတယ် ဆိုတာ သဘောထားချင်းညှိနှိုင်းတဲ့ သဘောပါ၊ ဘဝခရီး အတွက် အရေးမပါဘူးလို့ ပြောချင်တာ မဟုတ်ဘူး၊ မင်း နားလည်မှာပါ၊ ဘယ်သူပဲ ဖြစ်ဖြစ် ကိုယ့်ချစ်သူနဲ့ပဲ ဘဝခရီးကို စုန်ဆန်သွားလာချင်ကြတာပေါ့ကွာ၊ အဲဒီစကားကိုလက်ခံတယ်ဆိုရင် မင်းဘက်က ဖွင့်ပြောသင့်တယ်"

ပြောပြီး တစ်ဝေ့ ကြည့်ပြန်၏။ ဆေးလိပ်ကို ရှိုက်ဖွာတွင် မီးသေသွားပြီကိုသိလိုက်ရသဖြင့် ရှေ့မြက်ခင်း ပေါ်သို့ တောက်ထုတ်လိုက်ရင်း ပင့်သက်ကိုချမိနေပြန်၏။ ဘယ့်အတွက် နှလုံးသားသည် အားအင်တို့ ကုန်ခန်း သည်သို့ ဖြစ်နေရလေသလဲ။

"ကိုယ့်ခံစားမှုကို သူ့ခံစားမှုလို့ သဘော
ထားကြည့်၊ အဲဒါ အားတစ်ခု ဖြစ်လာလိမ့်မယ်
ထင်တယ်"

ပြောပြီး ဆရာကိုမျိုးဝင်း အနားမှ ထွက်သွားသည်။
အတန်ကြာသည်အထိ ခြေစုံရပ်နေမိသော်လည်း ဆရာ
ကိုမျိုးဝင်းပြောခဲ့သော စကားတို့ကို ပြန်လည်စဉ်းစားမှု
ကင်းမဲ့ကာ တွေနေသည့်အဖြစ်။

ထိုခဏမှာ နှလုံးသားမဲ့သူတစ်ယောက်သာ ဖြစ်လိုက်
ချင်သည်လေ။

* * *

## အခန်း ( ၄ )

မေ့မည် ပြင်တိုင်းလည်း မေ့၍ မရ။ သူနှင့်တွေ့မှ
အတွေးအိမ်သည် လှုပ်ရှားအသက်ဝင်ခဲ့သည်ဟု မှတ်မှတ်
ရရှိနေပြန်၏။ အတွေးအိမ်မှာ နေရာယူလွန်းသူ။ အလွမ်း
အဆွေးနှင့် မျှော်လင့်မှုအားတို့ကို ဖြစ်စေလေသူဟု ထင်မိ
ပါသည်လေ။

မျက်စိတဆုံး၊ အမြင်တစ်ဖြစ်သည်ပင် သူ့အား သတိ
ရစေအောင် ပုံဖော်ပေးနေသည့်သို့ ရှိလွန်းလှ၏။

သူ့ကြီးကြပ်မှုနှင့် ပြီးစီးခဲ့သော တိုက်ဟု သိတိုင်း
င်သည် ငြိမ့်ခါလျက် ရှိနေတတ်သည်ပဲ။

ခေါင်းရင်းဘက်ရှိ နှင်းဆီပန်းများတွင် အပွင့်များ ဝေစည်ပြုပြီကို သတိထား ဖြစ်ပြန်တော့ သူရှိနေစဉ် တစ်လျှောက်လုံး ရေလောင်း ပေါင်းသင် လုပ်ခဲ့သည်များကို ပြန်အမှတ်ရနေမိပြန်သည်။

ကာလကြာတော့ မျှော်လင့်မှုအားတို့ ယုတ်လျော့သွားပြီပဲ။ တွေ့မြင်နေရတော့ ပို၍အားမရချင်။ ကိုယ်တိုင်၏ ထိန်းသိမ်းနိုင်မှုတို့ အင်အားမဲ့ကာ သံယောဇဉ်တို့ ရှုန်းကြွ အသက်ဝင်ချင်သည့်အခါတို့ မနည်းတော့။

ဒါကို သူသိမည်မထင်။ ရိုးလွန်းသည်လား၊ အ လွန်းသည်လား စိတ်မှာမချင့်မရဲ ဖြစ်ခဲ့ရသည့် အကြိမ်ပေါင်းလည်း မနည်းတော့။

ကိုယ်တိုင်၏ နှလုံးသားဆန္ဒကို ဥပေက္ခာပြုလျက် နေနိုင်ရန် အင်အားမဲ့ လှသည်မှန်းသိသော်လည်း အားတင်းမာန်ခဲ့ကာ ထိန်းနေချင်သေး၏။

မိန်းမသားတစ်ဦး၏ မျှော်မောခြင်းဆိုသည့် ဝေဒနာသောက အစုံကို အပြည့်စုံဆုံး ခံစား သိနေရပြီဟု သူသိအောင် ဖွင့်ပြော လိုက်ချင် ပြန်၏။ ရင်မှာ တမ်းတမ်းတတ ဖြစ်လို့ လာရ ပြန်ပြီဟု ဟစ်အော် ပြောလိုက်ချင်တော့၏။

မျှော်လင့်မှု ဟူသည် ဖြည့်ဆည်းသူ ရှိမှ ပြည့်စုံမည်ကို သိလည်း ဖြည့်ဆည်းမည့်သူ အတွက် လမ်းဖွင့်ရန် မတတ်သာသော မိန်းမသား ဘဝကို တွေးမိတိုင်း အားမရမှုများသာ အကြိမ်ကြိမ် ဖြစ်ရသည်လေ။



မျှော်လင့်ရင်းဖြင့် တမ်းမော လွမ်းဆွတ်မှုတို့ မည်မျှ ထိအောင် ခံစားရမည်လဲ၊ အဆုံး အစွန်ဟူသည်တို့ ရှိနေသရွေ့ တစ်နေ့ ပြည့်စုံရမည်ပဲဟု မာန်တင်း တွေးကို တွေးသော်လည်း လက်ရှိ အဖြစ်က အားမဖြစ်ပြန်။

ထိုအခါတိုင်း မျှော်လင့်မှုတို့ ပြည့်စုံအောင် မည်သည့်နည်းနာတို့ဖြင့် သိအောင် ဟန်ရေးပြ မြူဆွယ်ရမည်လဲဟု တွေးနေမိတတ်ပြန်သည်လေ။ စိတ်ကူးအတွက် လက်တွေ့အကောင်အထည် ဖော်ရန်လည်း မဖြစ်သည့်ဘဝမို့ ပျော်ရွှင်ဖွယ် အနာဂတ် အိပ်မက် များကို တွေးရင်း ဖြေသိမ့်ရသည့်အခါပေါင်း မနည်းလှတော့။

တစ်ခါ တစ်ရံ ကိုယ်တိုင်၏ ထိန်းချုပ်မှုမဲ့ အဖြစ်များကို ပြန်အမှတ်ရပြီး သူသည်နေနိုင်လွန်းသူ ဥပေက္ခာပြုနိုင်လွန်းသူဟု တွေးမိကာ ဝမ်းနည်းစိတ်က ခိုဝင်ပြန်သည်ပဲ။

ထိုအခါတိုင်း ကိုယ်တိုင်၏ ဘဝ သည် ပေးဆပ်မည့်သူလား၊ ရယူ ပိုင်ဆိုင်ချင်သည့် သူလားဟု တွေးမိသည့် အကြိမ်လည်း မရေတွက်နိုင်တော့။

တစ်ဘဝစာ အတွက် လုံလောက်စွာ ဖြစ်တည်ခဲ့သော ရည်ရွယ်ချင်သော အချစ်ဟူ၍ကား ခံစားသိဖြင့် သိနေရပြီပဲလေ။

သိနေရပြီပဲ။

* * *

"ကိုကို....အရမ်း ပျော်နေသလား"

ကိုကို နွမ်းနွယ်စွာ အကြည့်ရောက်လာသဖြင့် အမေး စကားတို့ မှားသွားပြီ လားဟု တွေးမိလိုက်ရင်း ကိုကို ဝင်သာအောင် တံခါးဖွင့်ပေးလိုက်ပြီး နေရာဖယ် ရပ်နေ လိုက်သည်။

"ထူးပြီး မခံစားရပါဘူးဟာ"

အင်အားမဲ့သော စကားသံဟု သိ၏။ ကိုကိုက ရှေ့မှ ဧည့်ခန်း ရှိရာဘက်သို့ လျှောက်သွားသဖြင့် တံခါးကို ပြန် ပိတ်လိုက်ပြီး ကိုကို့နောက်သို့ လိုက်သည်။

ဧည့်ခန်းတွင်း ဝင်တော့ ဆက်တီ နောက်မှီကို ကျော ကပ်မှီထားပြီး စီးကရက်ကို ရှိုက် ဖွာရင်း တူရှု၏ နံရံသို့ အကြည့်ပို့ထားသော ကိုကို့ကို တစ်ဝေ့ ကြည့်မိသေး၏။

ပြီးမှ ကိုကို့ဘေး ဆက်တီလွတ်တွင် ဝင်ထိုင်လိုက်သည်။ ကိုကို အကြည့် တစ်ဝေ့ရောက်လာသည်ကို သတိထား ဖြစ်၏။

"မေမေတို့ကတော့ ချွေးမလောင်းကို အရမ်း မွှမ်းပဲ"

"မေမေတို့ အဖြစ်ကတော့ ဟုတ်မှာပေါ့ဟာ အဲဒါကြောင့်လဲ စိစဉ်တာပေါ့"



"မေမေတို့ အဖြစ်ကို ထားတော့ ကိုကိုက ရော"

အမေးစကားဆုံးတော့ ပင့်သက်ချသံကို သဲ့သဲ့မျှ ကြားလိုက်ရသလိုရှိ၏။ ရှိုက်ဖွာဆဲဆေးလိပ်ကို ပြာခံခွက် တွင်းထိုးခြေ မီးသတ်ပြီး ဆက်တီနောက်မှီကို ပြန်မှီ သည်ကို တွေ့၏။

"စကားလွန်ပြီးမှ သိရတော့ မပြင်သာဘူး ဖြစ်နေတယ်၊ ကိုယ့်ဘက်က စပြီး ကိုယ့်ဘက်က ပြန်ဖျက်လို့က မကောင်းဘူးလေ"

"ထားလိုက်ပါတော့ဟာ မိဘဆိုတာ ကောင်း စေချင်လို့ စီစဉ်တဲ့ ဟာပဲ ကိုယ့်ဘက်က သူတို့ စေတနာကို လိုက်နိုင်အောင်ပဲ၊ ကြိုးစားရမှာ ပေါ့"

စကားဖြတ်ပြီး ကိုကိုထိုင်ရာမှ ထသည်။ မေမေတို့ သဘောတကျ စီစဉ်ထားမှု အပေါ် ကျေနပ်မှု မရှိသည့် ကား အမှန်ဟု တွေးဖြစ်ပြန်၏။ လွန်ခဲ့ပြီ ဖြစ်သော စီစဉ် မှုအပေါ် မည်သို့မျှ မတတ်နိုင်သော အဖြစ်။ ကတိနှင့် သစ္စာကို သိက္ခာတရားတွင် ထည့်တတ်သော မေမေတို့၏ ရပ်တည်မှုကို တွေးမိနေပြန်၏။

* * *

အခါတိုင်းနှယ် သူရောက်မလာခဲ့သည်မှာ ကြာပြီဟု တွေးမိကာ လွမ်းစိတ်နှင့်အတူ အားငယ်စိတ်က ဝင်ခဲ့သည်ပဲ။ နေများမကောင်း၍လား၊ အလုပ်များနေလို့လားဟု တွေးမိပြီး နေမကောင်းလျှင် အနား၌ မည်သူပြုစုမည်လဲဟု ဆက်ကာ တွေးမိပြန်၏။ အလုပ်ပန်းလျှင်လည်း မည်သူက ချွေးသိပ်အပန်းပြေအောင် စွမ်းဆောင်ပေးလေမည်လဲဟု တွေးမိနေပြန်သည်ပဲ။

"ကိုသိဟ ရောက်မလာတာ ကြာပြီ၊ နှင်တို့ ဘာများ ဖြစ်ထားကြလဲ"

ဘေးလူ တစ်ယောက်ယောက်ပင် ခံစားမှု ပုံရိပ်တို့ ပေါ်လွင်နေပြီလားဟု တွေးမိကာ ထိန်းရန် မြင်ရသည်။

"ဘာမှ မဖြစ်ပါဘူး"

အဖြေစကားကို ပေးလိုက်ရသော်လည်း မည်သည့်အပြစ်များရှိလေသည်လည်းဟုဆန်းစစ်တွေးနေမိသည်ပဲ။ နုခင်အကြည့် ရှေ့သို့ ပြန်လည်သွားမှ ပင့်သက်ကို ဖြည်းလေးစွာ ချလိုက်ရသည်ပဲ။

"အလုပ်များနေလို့ များလားမှ မသိတာ"



"အလုပ်များနေတယ်ဆိုရင်တော့ အကြောင်းမဟုတ်ပါဘူး။ နေထိုင် မကောင်းဘူး ဆိုရင်တို့ ရင်းနှီးတဲ့ သူတွေအနေနဲ့ နေနိုင်လွန်းရာ ကျနေမယ်လေ၊ ဒါကြောင့် နှင်များ သိမလားလို့ မေးမိတာပါ"

နုခင့်စကားအဆုံးမှာ စိုးရိမ်စိတ်က ကြီးစွာခိုဝင်လို့လာရပြန်သည်လေ။ ကိုဟန်အောင်လာလျှင် မေးကြည့်ရကောင်းမည်လား တွေးနေမိသေး၏။

* * *

## အခန်း ( ၅ )

ပခုံးစွန်းမှ လျှောကျနေသော လွယ်အိတ်ကိုင်းကို ပြန်တင်စဉ် မှတ်တိုင်ပါသလားဟု စပါယ်ယာမေးသဖြင့် ပါတယ်ဟု ပြောလိုက်ပြီး နောက်၌ ကျန်ရစ်ခဲ့သော ကျောင်းဝင်ပေါက်သို့ လှမ်းငေးဖြစ်သည်။

ကားရပ်သည်နှင့် သွက်သွက်ဆင်းလိုက်၏။

"နှင့်ဆီကို ခါတိုင်းလို မလာတော့ပေမယ့် ကိုသိဟ္မက မုံမှာမှုံရှေ့က သစ်ပင်အောက်ကနေ အမြဲကြည့်ပြီးမှ ကျောင်းထဲဝင်လာတာတဲ့ဟာ၊ သူ့ဆန္ဒနဲ့ ဆန့်ကျင်ဘက်စကားကို ကြားရမှာစိုးတယ်ဆိုပြီး တင်းခံ မျိုသိပ်နေတာ၊ ဘေးလူ အမြင်မှာတောင် မသက်သာဘူးတဲ့"

သီတာပြောခဲ့သော စကားကို အမှတ်ရလိုက်သဖြင့် လမ်းဘေး လူသွားလမ်းပေါ် ရောက်မှ ဟိုမှာဘက်သို့ ငဲ့ကြည့်မိလိုက်သည်။ ရုတ်တရက် အကြည့်လွဲပြီး မီးပွိုင့် ဘက် လှည့်သွားသည်ကို မြင်လိုက်ရသဖြင့် ပြုံးဖြစ်သေး၏။

ဟိုမှာဘက်ခြမ်းသို့ ကူးမည်ပြင်ပြီးမှ မကူးဖြစ်တော့ဘဲ နေရာတွင် ခြေစုံရပ်ပြီး ကြည့်နေဖြစ်လိုက်၏။

သူသိသော်လည်း ချက်ချင်းကူးမလာသေးဘဲ ခေါင်းငုံ့ကာ အပင်မြေကြီးကို ဖိနပ်ဦးဖြင့် ခြစ်နေသည်။ ရင်မှ ပီတိနှင့်အတူ ရယ်ချင်စိတ်ကို ထိန်းရပြန်၏။

ခဏနေတော့မှ သည်ဘက်ကမ်းကို ကူးလာသည်။

"ဘယ်သူ့ကို လာစောင့်နေတာလဲ ကိုသီဟ"

လူသွားလမ်းပေါ် လှမ်းတက်လိုက်သည်နှင့် မေးပြီး တန့်ထားသောခြေကို ဆက်လှမ်းသည်။ သူက ချက်ချင်း မဖြေသေးဘဲ တစ်ငဲ့ကြည့်လာ၏။

"အတန်းထဲက သူငယ်ချင်း တစ်ယောက်နဲ့ ချိန်းထားလို့ပါ"

"ဩော်....ဘာကိစ္စရှိလို့လဲ"

ရယ်ချင်စိတ်ကို ထိန်းမရ။ စကားသံမှာ ရယ်သံတို့ ရောစွက်မသွားရန် မနည်းထိန်းယူနေရသည်။

"သိပ်တော့ အရေးမကြီးပါဘူး"



"အဲဒီလူကလဲ ကတိမတည်လိုက်တာ၊ နေ့တိုင်း လာစောင့်နေရတယ်လို့၊ ဟုတ်လား...."

ကွက်ခနဲ မျက်နှာပျက်သွားသည်ကို မြင်လိုက်ရသလို ရှိ၏။ ပြည်ပြည်တိုက်နေသောလေကို သတိထားဖြစ်သည်။

"ခုထက်ထိ မလာသေးဘူးလား"

"ဟုတ်ကဲ့...."

"ဆက်စောင့်လိုက်ဦးလေ ကျွန်မ သွားလိုက် ဦးမယ်"

ပြောပြီး ခြေကို သွက်အောင် လှမ်း၏။ ရပ်ကျန်ရစ်ခဲ့သူ၏ အကြည့် မျက်ဝန်း တို့ကပ်ပါလာလေ မည်လား တွေးမိသေးသည်။

မလုံသော အမူအရာက တရစ်ဝဲ့ဝဲ့ ပေါ်လာပြန်သည်။ ချက်ချင်းပင် လုပ်ရပ်မှားပြီလားဟု တွေးမိနေပြန်၏။

* * *

ကိုကိုတို့ မင်္ဂလာပွဲပြီး သွားသဖြင့် ကိုကိုတို့ကို သူ့ယောက္ခမ အိမ်တွင် ဝင်ပို့ခဲ့ကြပြီး သီတာတို့နှင့် အတူ အိမ်သို့ ပြန်ခဲ့ကြသည်။ ဖေဖေနှင့် မေမေတို့က စကား ပြောရင်း ကျန်ရစ်ခဲ့ကြ၏။

"ကိုသီဟ မလာဘူးနော်"

နုခင် အမေးစကားက ခဏတာ မေ့လျော့နေမှုကို နိုးဆွပြန်၏။ ချစ်ရသူကို မေ့လျော့နေမိသည့် ကိုယ့်အဖြစ်ကို အားမရချင်ပြန်။ အချိန်ပြည့် သတိရနေသင့်သည်ပဲလေ။ ရံခါတော့ ခွင့်လွှတ်ပေါ့ဟု ရင်တွင်းမှ တောင်းပန်နေဖြစ်၏။

"ငါတို့ ဝိုင်းမှာ ဝင်ထိုင်ပြီး နင့်ကို သမီး၊ သမီးနဲ့ နှုတ်ငုံခေါ်နေတာ ဘယ်သူလဲဟ"

"အဲဒါ မေမေ့ ငယ်သူငယ်ချင်းလေ၊ တို့တိုက်ကို ဆောက်တဲ့ အင်ဂျင်နီယာ ကိုမျိုးဝင်းရဲ့ အမေပေါ့"

"ဩော်....ကိုမျိုးဝင်းက ကိုသီဟာရဲ့ ဆရာနော်"

ဦးခေါင်းညိတ် ပြဖြစ်ပြီး သီတာ့ကို ငဲ့ကြည့်ဖြစ်သည်။ သီတာ ဘာကို တွေးမိ၍ ထိုအမေးကို မေးရလေသလဲဟု တွေးဖြစ်နေ၏။

"ဘာလိုလို့နဲ့ တို့လဲ ကျောင်းသူ ဘဝက လွတ်တော့မယ်"

"နင်တို့ကရော ဘယ်တော့လဲ ပစားရသေးဘူးလား"

သီတာ့ စကားအဆုံးတွင် နုခင်ရယ် တစ်ဝက် ဝင်မေး၏။ သီဘာက ဆက်ထိ နောက်မှီကို ကျောကပ်လိုက်ပြီး။



"ဘွဲ့ရပြီး နှစ်နှစ် အချိန် ယူထားတယ်။ ဒီအတွင်း အလုပ်ရှာပြီး ငွေစုမယ်လေ အစစ အရာရာ ပြင်ဆင်မယ့် ကာလလို့ဆိုပါတော့"

"အဲဒါ ကောင်းပါတယ်၊ ဒါပေမယ့် ပြောတော့သာ လွယ်တာ။ အလုပ်က မလွယ်ဘူးဟ၊ အေးလေ ယာယီ ဆုံးဖြတ်ချက်ပဲဟာ"

"ဟင့်အင်း....ယာယီဆုံးဖြတ်ချက် မဟုတ်ဘူး၊ အခုတောင် နှစ်ယောက် အတူ နေချင်နေတာ"

ရယ်သံသဲ့သဲ့ဖြင့် သီတာပြော၏။ ပြတင်းမှ ဝေ့ဝင်လာသော လေကို သတိထားမိသလို ရှိသော်လည်းစကားဝိုင်းတွင် စိတ်က မရှိ။

"အေးလေ.... နင်ကတော့ ပြောအား ရှိမှာပေါ့"

"ပြောအား မရှိတာက ဘယ်သူလဲ"

သီတာ့ စကားက ရင်မှအနာကို တိုက်ရိုက်ထိသည်သို့ရှိ၏။ ဝမ်းနည်းမှုနှင့်အတူ ဒေါသစိတ် ကပါ အုံကျင်းဖွချင်၏။

"နင်တို့ ဒီ့ပြင်စကား ပြောကြဟာ"

ပြောပြီး ထိုင်ရာမှ ထမည်ပြင်တော့ သီတာက လက်မောင်းကို ဆွဲထားရင်း နောက်တာပါဟု လေပြည်ထိုးစကားကို ပြော၏။ ရင်မှ ဝမ်းနည်းမှုကား ပြေပျောက်မသွားပါလေ။

* * *

"သားကြီးကိုထားရစ်ခဲ့ရတာ မေမေ့အသည်း
နှလုံးကို ဆွဲထုတ်ပေးလိုက်ရသလိုပဲ ရင်ထဲမှာ ဟာ
ကျန်ခဲ့တယ်"

မေမေက ပြောပြီး နံရံကိုအကြည့်ပို့ထားသည်။ ဖေဖေ
က ဆေးတံမှဆေးချေးကို ခေါက်ထုတ်နေရင်းမှမေမေ့ထံ
တစ်ချက် ကြည့်၏။

"သူတို့မှာက သမီးလေး တစ်ယောက်တည်း
ရှိတာ၊ သူတို့ကိုဦးစားပေးရမှာပေါ့ကွယ်၊ လွမ်းတဲ့
အချိန်သွားတွေ့လို့ရတာပဲ၊ တစ်ခုပူတာက အလုပ်
က လွဲပြီး ဘယ်လိုမှ ညအိပ်ညနေ မသွားဖူးတဲ့
ကောင်၊ သူစိမ်းအိမ်မှာနေတတ်ပါမလား ဆိုတာပဲ
အေးလေ....ဒါတွေကလဲထည့်တွက်စရာမလိုပါဘူး
နောင်ကို ဒီထက် ခွဲသွားရမှာတွေ ရှိသေးတာပဲ"

ဖေဖေ့ စကားဆုံးတော့ မေမေ့ထံမှ ပင့်သက်ချသံ
သဲ့သဲ့ ကြားလိုက်ရ၏။

"အင်းလေ.... ဒီလိုတွက်ရင်တော့ သားကြီး
အတွက် စိတ်အေးရပြီ၊ သမီးငယ်အတွက်ပဲ ကျန်
တော့တယ်"

စကား ရပ်ကာ တစ်ချက်ကြည့်လာသည်။

"သမီး အဲဒါတွေ စိတ်မကူးချင်သေးဘူး"
ပြောသာ ပြောလိုက်ရသည် စိတ်ကမ...။ သူ့မျက်နှာ
က မြင်လွှာမှာ ရစ်ဝဲပေါ်လာသေးသည်ပဲလေ။



"အင်းလေ....မေမေတို့ကလဲ ကိုယ့်သားသမီး
တွေနဲ့ သေတဲ့အထိ ဘယ်ခွဲချင်ပါ့မလဲ၊ မေမေတို့
မျက်ကွယ် မပြုခင်လေးမှာ မေမေတို့ စိတ်တိုင်း
ကျ စီစဉ်ပေးသွားရရှင်သေရင်လဲ ပျော်၊ နေရ
ရင်လဲ ပျော်မယ်လေ"

မည်သို့မျှ ပြန်မပြောဖြစ်တော့ဘဲ လက်တွင်းရှိစာအုပ်
ကို စားပွဲပေါ်သို့ တင်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

"ငါ့သမီးငယ်ကျရင်တော့ ဖေဖေတို့နဲ့အတူ
နေရမယ်"

ဖေဖေ ပြောလိုက်သော စကားက နောက်မှ ကပ်ပါ
လာသေး၏။

* * *

## အခန်း ( ၆ )

လိုင်းကားပေါ်မှ ဆင်းပြီး လူသွားလမ်းပေါ် တက်လိုက်သည်နှင့် သူ့ အနားသို့ ရောက်လာ၏။ နှစ်ယောက်သား ယှဉ်လျှောက် နေဖြစ်သော်လည်း စကား တစ်လုံးမဟာဖြစ်သေး။

"အလုပ်က တစ်ဖက်နဲ့ဆိုတော့ စာရော ကြည့်ဖြစ် ရဲ့လား၊ စာမေးပွဲတွေ နီးနေပြီနော်၊ ဒီတစ်နှစ် ကျန်တော့တာ အလုပ် နားရင်လဲ နားလိုက်ပေါ့"

"တစ်နေ့စာ တစ်နေ့ ပုံမှန် ကြည့်နိုင်အောင် ကြိုးစား နေတာပဲလေ၊ အခါ တိုင်း နှစ်တွေလဲ ဒီလိုပါပဲ အလုပ်မနားလဲ ရပါတယ်"

ပြောပြီး စီးကရက်တိုကိုအောက် သို့ချကာ ဖိနပ်ဦးဖြင့် နင်းခြေသည်ကို မြင်သည်။ လွန်း ႏုးသော ခြေကို ရပ်တန့်ရင်း စောင့်နေလိုက်၏။ သူ အနားရောက်မှ ဆက်လျှောက်သည်။

"နေခြည်ရော ဘယ်နှယ်လဲ"

"ကြည့်ဖြစ်ပါတယ်"

ပြောပြီး အဓိပတိလမ်းသို့ ချိုးကွေ့သည်။

နှစ်ယောက်သား အတန်ကြာသည်အထိ စကားမပြောဖြစ်ပြန်။ မည်သည့် စကားကို ပြောလေမည်လဲ နားစွင့်ရင်း ရင်မှာ မောကျပ်လို့ လာရပြန်သည်လေ။

* * *

"ဘယ်သူ နဲ့လဲ၊ ဘယ်ကလဲ သေသေ ချာချာ မေးကြည့်ပါလား နေခြည် ရယ်"

သမီး ကိုလည်း အိမ်ထောင် ချပေးချင်ပြီလို့ သမီးမေမေ ပြောသုံ ကြားတယ်ဟု ပြောခဲ့သော အမေ့ ညီမ ပြောစကားကို ပြောအပြီး သီတာ အမေးစ၏။ နုံခင်ကိုယ်ကို ရှေ့ကိုင်းရင်း ပြောသည့် စကားကို နားစိုက်ထောင်သည်။



"မေးဖို့ ခက်တယ်ဟာ....အခု ဟာက နားစွန်နားဖျား"

"ဟုတ်တယ် မေးလို့ ဘယ်ဖြစ်ဦး မလဲ အတိအကျဖွင့်ပြောတာမှ မဟုတ်ဘဲ သူတို့ချင်းတိုင်ပင်တဲ့ သဘော ဖြစ်ပါလိမ့်မယ် သီတာ ရ"

ပြောပြီး နုံခင် ကိုယ်ကို ပြန်မတ်သည်။

"ကိုယ့်ကို အတိအလင်း ပြောလာလို့မေးတာ၊ ငြင်းတာက သဘာဝ ကျပါတယ်ဟာ၊ အဲဒီအချိန်အထိ စောင့်ကြည့်သေး တာပေါ့"

ပြောပြီး ပင့်သက်ကို ဖြည်းလေးစွာ ချလိုက်မိ၏။ သူ နှင့် ပတ်သက် သော မျှော်လင့်မှု တို့က ပြန်လည်ရှန်းကြွလာပြန်၏။

ရှေ့ရှိ အအေးခွက်တွင်းမှ ပေါလော ပေါ်နေသော ရေခဲတုံးလေးများကို အကြောင်းမဲ့ ငေးနေ ဖြစ်သည်။

အအေးခေတ်ကြောင့် ဖန်ခွက်အပြင်တွင် ရေစက်များ စို့သီးနေသည်။ သီတာက သူ့အအေး ဖန်ခွက်ကိုလှုပ်ခတ်နေသဖြင့် ဖန်သားနှင့် ရေခဲတုံး ထိခတ်သံကို ကြားနေရသည်။

"အခု လောလောဆယ်တော့ ဖြစ်မယ်မထင်သေးပါဘူး၊ နင် ကျောင်းပြီးတဲ့ အချိန်ကျတော့ ပြောလို့ မရဘူးလေ"

"အချိန် ရသေးတာပေါ့"

နှိုခင် စကားကို သီတာဆက်၏။ ဖန်ခွက် မျက်နှာပြင်မှ ရေစက် များကို လက်ညှိုးဖြင့် သပ်ချနေမိ သော်လည်း စူးစိုက်မှု မရှိချင်ပြန်။

"ကိုသီဟနဲ့ တွေ့ဖြစ်သေးလား"

"အင်း...."

ခေါင်းဆတ် ဖြေရင်း ဆိုင်ပြင်သို့ ငေးနေမိ ပြန်၏။

"နှင် သူ့ကို အဲဒီ အကြောင်း ပြောဖြစ်သေး လား"

"ဟင့်အင်း....ပြောဖို့ မလိုဘူးထင်တယ်လေ"

စကားဆုံးတော့ သီတာ ပင့်သက် ချသည်ကို တွေ့၏။ ဆိုင်ရှေ့ ကွက်လပ်တွင် လာနားသော စာ ကလေး တစ်ကောင်ကို ငေးနေ ဖြစ်လိုက်၏။

* * *

## အခန်း ( ၄ )

စာအုပ်ကို လှန်ထားသော်လည်း အာရုံကို စုစည်းမရ သေး။ ဆရာကိုမျိုးဝင်း ပြောခဲ့သော ကိုယ့် ခံစားမှုကို သူ့ ခံစားမှုလို့ သဘောထားကြည့်ဟူသော စကားကိုသာ တွေးနေဖြစ်၏။

ထိုအခါ နေခြည်လည်း ကိုယ့်လိုပင် ခံစား မျှော်လင့် နေသည်လားဟု တွေးဖြစ်ပြီး နေခြည့် မျက်နှာနုကို မြင် လွှာမှာ မြင်ကြည့်နေမိပြန်၏။

ပြောဖြစ်အောင် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်သော် လည်း မခိုင်မာချင်ပြန်။ ကိုယ့် စကားသည် တစ်ဖက်လူ၏ ရှိုးသားစွာ ခင်မင်မှုကို အခွင့်အရေးယူ ပြောဖြစ်သည့် စကား ဖြစ်မှာလည်း စိုးမိပြန်သည်လေ။

ပင့်သက်သာ အခါခါချနေမိသည့်အဖြစ်။ နောက်ဆုံးတော့ စာကြည့်စားပွဲမှ ထကာ အပြင်သို့ ထွက်ခဲ့သည်။

လွင့်မျောချင်သောအတွေးကိုလွှတ်ပေးရင်း လျှောက်နေမိသည့်အဖြစ်။ ဖြစ်ချင်ရာပျော်မောဖွယ်တို့ကို စဉ်ဆက်မပြတ် တွေးယူသော်လည်း အလွမ်း၊ အဆွေးကဝင်လာပြန်သည်မို့ တမ်းတမှုနှင့် ဖြေသိမ့်ယူသော်လည်း မရ။

ခွဲခွာခြင်း....ဟူသည့် ပြယုဂ်ကသာ အတွေးကိုအနိုင်ယူချေဖျက်လေသည်။ အခါတိုင်းနှယ် အင်အားမဲ့စွာဖြစ်၍လာရသည့်အဖြစ်။

တစ်ဖက်ခြံအတွင်းမှ တီးခတ်လိုက်သော ဂစ်တာသံကိုကြား၏။ ခင်မောင်တိုး၏ မေတ္တာမီးအိမ် သီချင်းဟုသိစဉ် နားစွင့်လို့ထောင်နေဖြစ်ပြန်၏။

* * *

လိုင်းကားပေါ်မှဆင်းလာသော နေခြည့်ကိုမြင်သည်နှင့် အုတ်ခုံမှ လျောဆင်းလိုက်သည်။ နေခြည့်မျက်ဝန်းသည်မှာဘက်သို့ရောက်လာပြီး လူသွားလမ်းပေါ်တက်၍ရပ်စောင့်နေသည်။



ရင်သည် ဘယ့်အတွက်တုန်လှုပ်လို့လာရသည်မသိပြန်။

"ရောက်နေတာ ကြာပြီလား"

"ဟင့်အင်း.... မကြာသေးပါဘူး၊ နေခြည်ဒီနေ့ နောက်ကျတယ်နော်"

စကား အဆုံးမှာ နေခြည် သဲ့သဲ့ရယ်သည်။ ပြီးမှ....

"မတက်တော့ဘူးလို့နေတာ၊ ကျောင်းလာဖို့ စိတ်မပါဘူး ဖြစ်နေတယ်လေ"

ပြောပြီး ဖွဖွရယ်ပြန်သည်။ ကျွန်တော်ကတော့ မနေ့ညကတည်းက ကျောင်းလာဖို့ စိတ်စောနေတာဟု ပြန်ပြောလိုက်ချင်သော်လည်း၊ မပြောဖြစ်။

ဦးခေါင်းငုံ့ လျှောက်နေရင်းမှနေခြည့်ခြေခုံဖြူနုံလေးများကို စိုက်ကြည့်နေဖြစ်၏။ နှလုံးသားသည် စိုးထိတ်မှုတစ်ခုကို ရင်ဆိုင်ရမည်ကဲ့သို့ တုန်လှုပ်လို့ နေပြန်သည်ကိုသတိထား ထိန်းနေဖြစ်၏။

ဘေးမှ ဖြတ်မောင်းသွားသော ကားမှ ဟွန်းတီးသံကြောင့်သတိကိုပြန်ထိန်းလိုက်ရ၏။ ရင်သည် ပို၍ခုန်လှုပ်၍လာသည်မို့ ချွေးစေးတို့ပင် ပျံ့စပြုလာ၏။

အရာရာကို ရင်ဆိုင်နိုင်ရန် အင်အားတို့ မဖြစ်သေးပါလား ဟုတွေးမိပြီး စိတ်အားပင် ကျချင်ချင်။

"နေခြည်"

တိုးသဲ့စွာ ခေါ်ဖြစ်၏။ နေခြည် တစ်ငဲ့ငဲ့ကြည့်ရင်းတူရှုသို့ အကြည့်ပြန်လွှဲသွား၏။ မည်သည့်စကားကို ပြောရမည်လဲ အစရှာသော်လည်း မရပြန်။

ဆရာကိုမျိုးဝင်း ပြောခဲ့သောစကား၊ ဟန်အောင် ပြောခဲ့သော စကားများကို စဉ်းစားရင်း အားမွေးမည်ပြုသော်လည်း ကြားခဲ့သော စကားများကိုပင် အစဖော်၍ မရချင်တော့။

မကြားချင်ဆုံးသော စကားကို ကြားလာရမည်လား ဝန်လေးခြင်းကြီးစွာ ဖြစ်နေရပြန်သည်လေ။ နေခြည်သိမှသိပါလေစ။

"နေခြည်"

"ပြောလေ"

ပြောပြီး အကြည့်ကို ပြန်မလွှဲဘဲ အခိပတိလှမ်းသို့ ကွေ့ချိုးသည်။ ပင့်သက်နှင့်အတူ စိုးရိမ်ရမှုများ ပြေပျောက်လို့ သွားစေချင်ပြန်သည်။

ပြောရမည့်စကားကို နှလုံးသားနှင့် အားယူနေမိပြန်၏။

"ကျွန်တော် နေခြည့်ကို စကားတွေ အများကြီး ပြောချင်တယ်"

"ဘယ်လောက် အချိန်ပေးရမှာလဲ"

"တစ်ဘဝတာလုံး"

နေခြည် သဲ့သဲ့ရယ်သည်။ စကားများ ဟိုရောက်သည်ရောက် ရှိလွန်းနေပြီကို သတိထား ဖြစ်သော်လည်း ထိန်းသိမ်းမှု မဲ့နေသည့်အဖြစ်။

"ကိုသီဟက နောက်တတ်သားပဲ"



"ကျွန်တော် နောက်နေတာ မဟုတ်ပါဘူး၊ ကျွန်တော် ပြောမယ့် စကားက ကျွန်တော့်ရဲ့ဘဝနဲ့ ဆိုင်ပါတယ်၊ အဲဒီအတွက် နေခြည် ပေးရမယ့် အချိန်ကလဲ နေခြည်ရဲ့ တစ်ဘဝလုံးဖြစ်နေလိမ့်မယ် ထင်တယ်လေ"

"ကိုသီဟ....ဘာကိုရည်ရွယ်ပြီး ပြောတာလဲ"

မျက်မှောင်အတွန့်ကို မြင်၏။ ပင့်သက်ကို မျှဉ်းမျှဉ်းချလိုက်မိပြန်သည်။ အတန်ငယ် တည်ငြိမ်စ ပြုလာသော အဖြစ်ကို သတိထားမိပြန်၏။

"ကျွန်တော် ဒီလောက် ပြောရင် နေခြည် ခန့်မှန်းသိနိုင်မယ် ထင်ပါတယ်၊ ကျွန်တော့်ရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ဘက်အဖြေကို မကြားရဲလို့၊ မျိုသိပ်ခဲ့ရတာ ကြာပါပြီ၊ အခုလို ဖွင့်ပြောရတာ တောင်မှ တော်တော့်ကို အားယူခဲ့ရတာပါ"

ပြောပြီး ငဲ့ကြည့်မည် ပြင်သော်လည်း မကြည့်ရဲ ပြန်သည်မို့ ဦးခေါင်းကိုသာ ငုံ့ချထားလိုက်မိသည်။

"ကျွန်တော့် ရင်တွင်း ဆန္ဒနှင့် ဆန့်ကျင်ပြီး ဒီစကားကို အခုလို ထုတ်ပြောခဲ့ရတာပါ၊ ကျွန်တော် ဖွင့်ပြော လိုက်တဲ့ အတွက် ကျွန်တော့် အပေါ် မုန်းသွားမှာ၊ မချစ်နိုင်ဘူးလို့ ပြန်ပြောမှာကို အစိုးရိမ်ဆုံးပဲ၊ ကျွန်တော်ချစ်မိတဲ့ အချစ်မှာ အဲဒီ တုံ့ပြန်စကားတွေကို အကြောက်ဆုံးပဲ

"အခု ကျွန်တော် ဒီစကားကို နေခြည့်အတွက် ပေးဆပ်မှုဆိုတဲ့ သဘောတစ်ခုတည်းနဲ့ ဖွင့်ပြောလိုက်ခြင်းပါ၊ ကျွန်တော့် တစ်ဘဝတာလုံး ကျွန်တော့် ချစ်မေတ္တာတွေကို နေခြည့်အတွက် ပေးဆပ်သွားချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ပါ"

ပြောပြီး ခြေကို တန့်ရပ်လိုက်မိ၏။ နေခြည်လည်း လှန်သွားသောခြေကို တန့်ရပ်လိုက်သည်ကို သတိထားဖြစ်လိုက်၏။ နေခြည်ကငဲ့ကြည့်ပြီး ဆက်လျှောက်သွားသဖြင့် နောက်ကျောပြင်ကို ငေးရင်း လှပ်ဟာသွားသောရင်ကို သတိထားဖြစ်လိုက်သည်။

* * *

"အဲဒီလို ဖြစ်သင့်တာ ကြာပြီ၊ မင်းခံစားမှုနဲ့ပဲ ဆိုပြီး ငါမတိုက်တွန်းတာ၊ တစ်နေ့နေ့ ဒီလိုပဲ ဖြစ်လာလိမ့်မယ် ထင်ပြီးတော့လေ"

စကား အဆုံးမှာ ကျော်ဆန်းပြော၏။ အခြေအနေ ဘယ်လိုလဲဟု အောင်ကျော်ဦးမေးသည်ကို အဆင်ပြေမှာပါဟု ကျော်ဆန်း ဝင်ပြော၏။ ဖြေသိမ့်ပြောဖြင့်နှစ်သိမ့်လေသည်ပဲ ဟု တွေးမိလိုက်ပြန်၏။



မျက်နှာပြင်မှ အားငယ်ပုံရိပ်တို့ ထင်းလွန်းနေမည်ဟု ခံစားသိနေရ၏။ ကျော်ဆန်း က တစ်ဝေ့ ကြည့်ရင်း မျက်မှန်ကိုင်းကို မတ်သည်။ ပြီးမှ...

"မင်း စဉ်းစားကြည့်လေ၊ အဆင်ပြေနိုင် ဘယ်မပြေနိုင်ဘူး ဆိုတာကို လိုလားနှစ်သက်သူ့ တစ်ဦးကိုသာ အချိန်ပေး ပေါင်းမှာပေါ့၊ မလိုလား မနှစ်သက်သူ၊ မုန်းသူကို ဘယ်သူက အနီးကပ် ပေါင်းသင်းပါ့မလဲ"

"မင်းပြောတာ ဖြစ်နိုင်တယ်ကျော်ဆန်း"

အောင်ကျော်ဦး လက်ဖျောက် တီးရင်း ယောက်ခံ စကား ပြောကာ ငဲ့ကြည့်လာပြန်၏၊ ခဏတာ လျှောက်သွားသော လေးလံမှုများက ရင်ဆီမှာ နေရာယူလို့ လာပြန်သည်ပဲ။ ဆန့်ကျင်ဘက် စကားတို့ကို ရင်ဆိုင်ရန်မဝံ့ သေးသည့် အဖြစ်ကို ကိုယ်တိုင်သာ ခံစားသိနေရသည်ပဲ။

"ဘာမှ အားမငယ်ပါနဲ့ကွာ၊ မင်း ဖြစ်ချင်သလိုဖြစ်လာမှာ ကျိန်းသေပါတယ်၊ အဲဒီအခါကျရင်သာ ငါတို့ ရှိသေးပါလား ဆိုတာကို အမြဲ သတိတရ ရှိနေပါကွာ နော်"

အောင်ကျော်ဦး ရယ်သွဲ့သွဲ့ ပြောရင်း ပခုံးစွန်းကို ညှစ်ကိုင်သည်။ မည်သို့မျှမတုံ့ပြန်ဖြစ်။ တွေးမိတိုင်းအခါတိုင်းနှယ် ပေါ့ပါးမှု မရှိချင်သည့်အဖြစ်ဟုသိ၏။ ပြောပြီး စကားကို ပြန်လည်ရုပ်သိမ်း၍ရလျှင် ရုပ်သိမ်းလိုက်ချင်သည့် ဆန္ဒတို့ ဖြစ်လို့နေပြန်သည်လေ။

"ကိုယ့်ချစ်သူနဲ့ အတူ ဘဝခရီးကို ရင်ဆိုင် ဖြေရှင်းချင်တယ်ဆိုရင် အခုလို ဖွင့်ပြီး သဘော တားတောင်းတာ အကောင်းဆုံးပဲ၊ နို့မို့ တအုံ့ နွေးနွေးနဲ့ မင်းကို ကြည့်ရတာတောင် အရင်နဲ့ မတူတော့ဘူး၊ မင်းရောဂါက တို့ကိုပါ ကူးစက် နေတာ"

ရယ်တစ်ဝက် ကျော်ဆန်းပြော၏။ ခုံစွန်းတွင်ချထား သော ဆေးလိပ်တိုကို ပြန်ယူပြီး မီးညှိသည်။

"ဖြစ်ချင်တာ ဖြစ်အောင် ကြိုးစား၊ မဖြစ် တော့မှ ဖြစ်သင့်တာကို စဉ်းစားပေါ့ကွာ....၊ အရာရာကို အဲဒီလို သဘောထားနိုင်ဖို့ ကောင်း တယ်၊ ပထမတော့ ကိုယ့်ဆန္ဒကို ဦးစားပေးရ မှာပဲ၊ နောက်မှ တစ်ပါးသူ ဆန္ဒနဲ့ညှိ"

"ဟေ့ကောင်၊ မင်း ဘာ တွေ ပြော နေ တာလဲ"

မျက်စိစုံမှိတ်ကာ ပြောနေသော အောင်ကျော်ဦးကို ကျော်ဆန်းက လက်ဝါးပြင်နှင့် လှမ်းရိုက်ရင်း စကား တန့်သည်။ အောင်ကျော်ဦး အားပါးတရ ရယ်ရင်း ဘယ်လိုလဲဟု ထပ်မေးနေသေး၏။

* * *

အခန်း ( ၈ )

ဟန်အောင် လက်တို့ပြီး အခန်းပြင်သို့ ပြူသဖြင့် လှမ်းကြည့်သောအခါ နံ့ခင်ကိုတွေ့၏။ အပြင်သို့ ထွက် ခဲ့ရန် ဟန်ပြသဖြင့် ရေးလက်စ စာအုပ်နှင့် ဘောလ်ပင်ကို လွယ်အိတ်တွင်း ထည့်လိုက်ပြီး ဆရာအလစ်ကို စောင့် သည်။

ဆရာကျောက်သင်ပုန်းဘက် ပြန်အလှည့်တွင် အသာ လစ်ထွက်လိုက်၏။

"ပြောပြီး....ပြီးရောဆိုတဲ့သဘော ရှောင်နေ တာလား ကိုသိဟ"

အနားရောက်သည်နှင့် နုံခင် စကားစ၏။ ရင်ဆိမ့် အသံမြည်ဟီးလို့ သွားရပြန်သည်လေ။ အားလုံး သိနေကြပြီလားဟု တွေးမိကာ ရှက်ရွံ့စိတ်က ဝင်ချင်ပြန်၏။

"မဟုတ်ရမှုပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

မဖြေဖြစ်ဘဲ ဦးခေါင်းကို ငုံ့ချထားဖြစ်၏။ နုံခင် သဲ့သဲ့ရယ်သံကို ကြားသည်။

"ဘာလဲ၊မကြားချင်တဲ့စကားတွေကို နေခြည်ဆီက ကြားရမှာကြောက်ပြီး ရှောင်နေတဲ့သဘောလား...."

ခေါင်းညိတ် ခေါင်းခါမပြုဖြစ်ပြန်။ နေခြည် လွတ်လိုက်သည့် တမန့်ပါပဲဟု အသိမှာ စိုးရိမ်ကြီးစွာ ဖြစ်ရပြန်သည်လေ။

မည်သည့် အဖြေကိုပဲဖြစ်ဖြစ် ရင်ဆိုင်ရတော့မည်ပဲဟု တွေးကာ အားတင်း မာန်ခဲရင်း ငုံ့ချ ထား သော ဦးခေါင်းကို ပြန်ဖော်ဖြစ်၏။

"ကင်တင်းလိုက်ဦးမလား....နေခြည်ထိုင်ကျန်ရစ်တယ်"

"ဟင့်အင်း... မလိုက်ချင်တော့ပါဘူး"

နုံခင် ဖွဖွရယ်ပြန်၏။

"ရင်မဆိုင်ရဲလို့လား"

သည်တစ်ခါတော့ ခေါင်းညိတ် ဖြေဖြစ်၏။ နုံခင် အရယ်ရပ်သည်။



"မလိုက်ချင်ရင်လဲ နေတော့လေ....၊ ကျွန်မသွားမယ်၊ ဘာမှာလိုက်ဦးမလဲ"

"ဘာမှ မမှာတော့ပါဘူး"

စကား အဆုံးမှာ နုံခင်အနားမှ လှမ်းထွက်သွား၏။ လမ်းကြုံဝင်လာခြင်းမဟုတ်ဘဲ ဘယ့်အတွက်သည်စကားများ ပြောသွားလေသလဲဟု စဉ်းစားနေဖြစ် သေး၏။ ပြီးမှ အခန်းတွင်း ပြန်ဝင်ရန် ခြေလှမ်းစသည်။

"ဩြ....ကိုသီဟ"

ခေါ်သံကြောင့် ခြေလှမ်းပြန်တန့်သည်။ နုံခင်အနားသို့ ပြန်ရောက်လာ၏။ ပင့်သက်ကိုချရင်း နုံခင်ပြောမည့်စကားကို စောင့်သည်။

"ကိုသီဟမျက်နှာကိုကြည့်ပြီး ပြောဖို့စကားမေ့သွားတယ်"

ရယ်သဲ့သဲ့ ပြော၏။

"နေခြည်က မှာလိုက်တယ်"

စကားရပ်ကာ စေ့စေ့ ကြည့်နေသေး၏။ ရင်ဆိမ့်သိချင်စိတ်တို့ ကြီးစိုးအုနိုင်ယူလေပြီပဲ့။

"ဘာမှာလိုက်လို့လဲ"

"ဩြ ...ကိုသီဟပြောမယ့်စကားတွေကို အခုချိန်ကစပြီး နားထောင်ဖို့ အချိန်ပေးပါတယ်တဲ့"

ဘာကိုရည်ရွယ်ပြောလိုက်လေသလဲ အတွေးဝင်သည်။

ရင်သည် လှိုက်ခနဲခုန်၏။ ဝမ်းပန်းတသာ ပြေးသွားလိုက်ချင်စိတ်ကို မနည်းထိန်းယူနေရသည့်အဖြစ်။

"သွားမယ်"

"ဟုတ်....ဟုတ်ကဲ့ ကျေးဇူးပဲဗျာ"

နံ့ခင် လှည့်ထွက်သွားသည်အထိ ခြေအစုံကို ရွှေ့မရသေး။ အရာရာသော အနာဂတ် မျှော်လင့်မှုအိပ်မက်တို့ကို တကယ်တမ်း အကောင်အထည် ဖော်ရတော့မည်ပဲ ဟု အသိမှာ စွဲနှစ်ကျန်ရစ်၏။

* * *

"မင်းကို ပြောစရာရှိတယ်၊ လာကွာ....ဒီကို"

ယာယီဆောက်ထားသော ရုံးခန်းလေးပေါ် တက်လိုက်သည်နှင့် ဆရာ ကိုမျိုးဝင်းအသံကိုကြားရ၏။ စားပွဲရှိရာသို့ ဦးလှည့်ထားသော ခြေထောက်ကို ပြန်ရုပ်ပြီး ဆရာ ကိုမျိုးဝင်းထံသို့ လျှောက်လိုက်သည်။

"ထိုင်ကွာ...."



စကားအဆုံးမှာ စားပွဲရှေ့ခုံတွင် ဝင်ထိုင်လိုက်ရင်း ပြောမည့် စကားကို နားစွင့်ထားလိုက်မိသည်။

"မင်းကိုပြောမယ်....ပြောမယ်နဲ့ မပြောဖြစ်ဘူးဖြစ်နေတယ်၊ ဒီနေ့မှပဲ"

အလုပ်ကိစ္စတိုးချဲ့မည့် စကားလားဟု တွေးနေမိသေးသည်။ ဆရာကိုမျိုးဝင်း မျက်နှာမှ အပျော်ရိပ်ကို ကြည့်နေမိသည်။

"ငါ လက်ထပ်ဖို့ကိစ္စ ကမ်းလှမ်း ထားတာ တစ်ဖက်ကသဘောတူတဲ့အကြောင်းစကားရထားတာတော့ ကြာပြီ၊ အခုလက်ထပ်ချက်ကို ကောင်မလေး စာမေးပွဲပြီးတာနဲ့လုပ်ချင်တယ်လို့ တစ်ဖက်က ပြောတယ်လေ၊ အဲဒါ မင်းလဲ သိထားသင့်တယ် ထင်လို့"

"ဝမ်းသာစရာ သတင်းပဲ ဆရာ၊ ဆရာ့အနေနဲ့ အိမ်ထောင်ပြုသင့်နေတာ ကြာပြီ၊ တကယ် ပြောတာ"

"ဟိုင်းတော့ မဟိုင်းသေးပါဘူးကွာ"

စကားဖြတ်ကာ ရယ်နေသေး၏။

"ကောင်မလေးကိုတော့ မင်းသိမှာပါ"

"ဘယ်သူလဲ ဆရာ"

"နေခြည်နု...."

ရင်မှာ နင့်ခနဲ ခံစားလိုက်ရ၏။ နားကြားများလွဲလေသည်လား တွေးမိသေးသည်။ နားကြားလွဲတာမဟုတ်လျှင်နောက်နေတာလား စဉ်းစားမိသေး၏။

"နေခြည်နု ဟုတ်လား ဆရာ"

"အင်း...."

ခေါင်းညိတ်ဖြေ၏။ ပကတိ မျက်နှာ အနေကြောင့်နောက်တာလည်း မဖြစ်နိုင်ဟု တွေးမိပြန်၏။

"သူ့ကို မြင်ကတည်းက ဘယ်လိုစွဲလမ်းမိမှန်းမသိဘူးကွာ၊ ထိန်းကြည့်သေးတယ်၊ ဘယ်လိုမှထိန်းလို့မရဘူး၊ အဲဒါနဲ့ မေမေ့ကိုဖွင့်ပြောရတာမေမေကလဲ သူ့သူငယ်ချင်းသမီးဆိုတော့ သဘောတူတယ်၊ သူ တာဝန်ယူတယ်ဆိုပြီးစီစဉ်တာလေ"

ဖွင့်ပြောလို့ရလျှင်ဖွင့်ပြောလိုက်ချင်၏။ တောင်းပန်လို့ရလျှင် တောင်းပန်လိုက်ချင်၏။ကျွန်တော်၏ တစ်ဘဝစာပုံအပ်ချစ်ရသူပါဟု။

ရင်မှာ ဘာကြောင့် ဝမ်းနည်းမှုတို့ ခိုဝင်ရသည် မသိပြန်။

အစစအရာရာ ကူညီပေးမှု လက်တွဲခေါ်ငင် နေသောဆရာဟု အသိမှာ တွေးမိရင်း နှလုံးသားသည် ကျဉ်စက်ထိသည့်ပမာ ခံစားလို့လာရသည်လေ။



"အစီအစဉ် အားလုံးကို လူကြီးတွေ အကြမ်းဖျင်း ဆွဲထားကြပြီလေ၊ အဲဒါပါပဲ၊ ကဲ....မင်းလုပ်စရာရှိတာ လုပ်၊ ငါတော့ ဝမ်းသာလုံးဆို့နေတယ်၊ ငါ သူ့ကို အသက်ပေးရမလောက်မြတ်နိုးတယ်ကွာ... တကယ်"

စကားအဆုံးမှာ ထိုင်ရာမှထဖြစ်လိုက်၏။ ကျွန်တော်လည်း သည်လိုပါပဲဟု ပြန်ပြောလိုက်ချင်သည်။

ရင်သည် လေးလံထိုင်းမှိုင်းလွန်းစွာ....။

❋ ❋ ❋

အလုပ်မှအပြန် ငှားနေရာ အဆောင်သို့ တန်းမပြန်တော့ဘဲ ဟန်ဒေအောင့်အိမ်သို့သွားရန် စိတ်ကူးမိ၏။

ရင်မှာ လေးလံနေမှုများ ပေါ့စေကြောင်း ရင်ဖွင့်ပြောလိုက်ချင်သည်။ အလုပ်တွင်း၌ စိတ်ကို ထိန်းချုပ်ထားခဲ့သည်တို့ကို ယခုအခါ လွတ်လပ်စွာ ပွင့်အံထွက်ချင်လာ၏။

နေခြည့်အပေါ် ကျေနပ်မှုမရှိချင်သော စိတ်ကို ဖြေသိမ့်ရန် ဖြစ်နိုင်ချေများကို စဉ်းစားသော်လည်း မရ"

နေခြည့်သဘောထား မပါဝင်ဘဲ သည်မျှအထိ မဖြစ်နိုင်ဟုသာ အတွေးမှာ စွန်းထင်လျက် လှည့်ဖြား ကစားရက်သောသူဟု ရိုးစွပ်ချင်ပြန်၏။

"အဲဒီလို ပြောလို့ မဖြစ်သေးဘူးသီဟ၊ ကာယကံရှင်ရဲ့ ဖြေရှင်းချက်ကို နားထောင်ဖို့ သင့်တယ်လေ...."

ရှိုက်ဖွာပြီး မီးခိုးငွေ့များကို မှုတ်ထုတ်ရင်း တူရူသို့ ငေးမိ၏။ အတန်ကြာသည်အထိ နှစ်ယောက်ကြား တိတ်ဆိတ်လို့ သွားပြန်သည်။

"အဲဒါတွေ ပြောမနေပါနဲ့တော့ကွာ၊ ငါ့ဘက်က ဖြေသိမ့်နိုင်အောင်လို့ပဲ ကြိုး စားပါတော့မယ်၊ သူ့ကိုငါပြောခဲ့တာပဲလေ၊ ကျွန်တော့် တစ်ဘဝလုံးရယ်၊ ကျွန်တော့် ချစ်မေတ္တာတွေရယ်ကို နေခြည်အတွက် ပေးဆပ်သွားချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ ဖွင့်ပြောခဲ့တာပါလို့လေ....ရင်မဆိုင်ရဲလဲ ရင်ဆိုင်နိုင်ရမှာပေါ့"

ပြောပြီး ပင့်သက်ကို ချဖြစ်ပြန်၏။ သီဟ တစ်စူးတစ်စိုက်ကြည့်ပြီး တူရူသို့ ပြန်လှည့်သွား၏။ မကုန်သေးသော ဆေးလိပ်တိုကို ဆေးလိပ်ခွက်အတွင်း ထိုးချေပြီး မီးသတ်လိုက်ပြီး။ ဆက်တီ နောက်မှီနှင့် ကျောပြင်ကို ပြန်ကပ်ကာ ကိုယ်ကို လျှောထိုင်နေလိုက်မိပြန်၏။ ရင်ဆီမှ လပ်ဟာလျက် ရှိနေလေသည်ပဲ။



'ငါ့သဘောကတော့ မင်းနဲ့ သူ တွေ့လိုက်စေချင်တယ်၊ သူ့ရဲ့လမ်းမှန်မယ့် ဖြေရှင်းချက်ကို နားထောင်ပြီး သံသယရှင်းစွာ ဖြေသိမ့်စေချင်တယ်လေ၊ နို့မို့ သံသယကြီးနဲ့ ဖြေသိမ့်ရမယ့် အဖြစ်က ဘယ်လာကျေပျက်နိုင်ပါ့မလဲ၊ နားလည်ခွင့်လွှတ်မှုနဲ့ ဖြေသိမ့်လို့ ရမှာတဲ့လဲ၊ အဆိုးဆုံးက အမုန်းနဲ့ နာကြည်းခြင်းတွေ ဖြစ်မလာစေဖို့ပဲ၊ အဲဒီ အတွက်ကြောင့် မင်း နေခြည် ကို တွေ့ဖို့ သင့်တယ်"

ဘာမှပြန်မပြောဘဲ ဟန်အောင်ပြောသည့် စကားကို ဆန်းစစ် ကြည့်နေမိပြန်သည်။ ရင်မှာ ရှင်းလင်းမှု မရှိချင်ပြန်။ တွေ့ဆုံနိုင်ရန်လည်း အင်အားတို့ မဲ့လွန်းသည့် အဖြစ်ကို ခံစားသိနေရပြီပဲ။

"ငါမတွေ့ချင်ဘူးကွာ"

"မတွေ့ချင်လို့ ဘယ်ဖြစ်မလဲ၊ ကိုယ့်သံသယနဲ့ ကိုယ်ဖြေရှင်း၊ ကိုယ့်သံသယကို အမှန်ထင်။ ကိုယ့်သံသယနဲ့ပဲ စွဲချက်တင်တဲ့ အလုပ်က ဘယ်လာ တရားပါ့မလဲ၊ ထွက်ပေါက်တစ်ခုကို နားလည်စွာ ပေးသင့်တယ်၊ မင်း တွေ့ဖို့ ကောင်းပါတယ်ကွာ"

"သူက ရှောင်နေမှာပေါ့"

"အမှန်တရားနဲ့ လုပ်သင့်တဲ့ အလုပ်မှန်သမျှ လူတိုင်း လိပ်ပြာ လုံတတ်ကြပါတယ်ကွာ...."

"အေး....အေး....တွေ့ကြည့်သေးတာပေါ့"

ဟန်အောင်ပြောသည်များ မှန်သည်ပဲ့ တွေးဖြစ်နေ၏။ ကိုယ့်အတွက်ကို ရှေ့တန်းတင်လွန်းနေမိပြန်ပြီကောဟု နောင်တရမိပြန်၏။

ရင်မှာကြည်လင်မှု မဲ့နေမှုများ ပြေပျောက်တန်ရာ၏ဟု တွေး၏။ ထိုအခါ နေခြည်၏ မျက်နှာနုက မြင်လွှာတွင် ပေါ်လိုက် ပျောက်သွားလိုက်။

တွေ့ချင်သူအတွက် နေခြည်က ရှောင်မှာကို စိုးရိမ်နေမိပြန်၏။ တွေ့သည့် အခါမှာလည်း အမှားတစ်ခုကို ကျူးလွန်မိသူတစ်ဦးလို ရင်ဆိုင်လာမှာလည်း စိုးရိမ်မိသည် နေခြည်....။

နေခြည်သည် လိပ်ပြာလုံသူ တစ်ဦးသာ ဖြစ်နေလိမ့်မည်ဟု ယုံကြည်နေမိပြန်သည်ပါ။

ယုံကြည်ပါရစေ နေခြည်ရယ်....ဟု ရင်တွင်းမှ တိုးတိတ်စွာ ပြော ဆိုနေမိသေးသည်လေ....။

* *

## အခန်း ( ၉ )

"သမီးရေ....ခဏ"

ထမင်းစားပြီး လေ့ကျားရှိရာသို့ အလျှောက် မေမေ လှမ်းခေါ်သဖြင့် မေမေရှိရာ ဧည့်ခန်းဘက်သို့ လျှောက်လိုက်သည်။

"ထိုင်သမီး"

ဖေဖေကပြောသဖြင့် မေမေ့ဘေး ဆက်တီလွတ်တွင် ဝင်ထိုင်လိုက်သည်။ အတော်ကြာသည်အထိ မည်သည့် စကားမျ ပြောမလာသေး။ မည်သည့် အကြောင်းအရာတို့ကို ပြောလေမည်လဲ စောင့်စားရင်း ကြာတော့ အနေခက်လို့လာ၏။

"ပြောလေ ...မေမေ"

"သမီးကို မနက်ဖြန်ကစပြီး ကျောင်းသွား ကျောင်းပြန် လွယ်ကူအောင် သမီးဖေဖေ ကြိုပို့ လုပ်ပေးလိမ့်မယ်သမီး"

မေမေ့ စကား ဆုံးတော့ ဖေဖေ့ကို ကြည့်သည်။ ဖေဖေ က မည်သို့မျှ စကား မဟဘဲ ရှိနေ၏။

"ခါတိုင်းလဲ သမီး ဘာသာ သွားနေကျပဲ၊ ဖေဖေ ပင်ပန်းပါတယ်"

"ရပါတယ် သမီး ရယ်....အပန်းမကြီးပါဘူး" ပြောပြီး ဖေဖေ တစ်ချက် ဝေ့ကြည့်၏။

"သမီးကို မေမေ တစ်ခုတော့ မှာချင်သေးတယ်၊ ကိုယ်က မိန်းကလေးဆိုတော့ အစစအရာရာ တစ်ပါးသူ အမြင်မချော်အောင် နေတတ်ရတယ်၊ အဲဒီ အထဲမှာ အဓိကကာ ပေါင်းသင်း ဆက်ဆံရေးပဲ၊ မိန်းကလေး ချင်း ကတော့ ခြွင်းချက်သဘောမျိုးပေါ့၊ ယောကျ်ားလေး အသိ မိတ်ဆွေကို ရှောင်သင့်တန် ရှောင်ရတယ်၊ ဒီစကားက သမီးအတွက်နဲ့ မေမေတို့အတွက် အရေးကြီးဆုံးပဲ၊ မောင်မျိုးဝင်းနဲ့ သမီးကို ရည်ရွယ်ထား ပြီးပြီ၊ နောက်ပြီး သမီး ကျောင်းပြီးတဲ့အခါ လက်ထပ်ပေးဖို့အတွက်ပါ ပြောပြီး ဆိုပြီးပြီ၊ ဒါကို သူတို့ အသိုင်းအဝိုင်းကတင် မကဘူး မေမေတို့ အသိုင်း



အဝိုင်းကလဲ သိဘန်သရွေ့ သိပြီး နေကြပြီ၊ အဲဒီတော့ အကြောင်း တစ်ခုခု ကြောင့် အကြောင်း တစ်ခုခုဆိုတာ မေမေတို့ ဘက်က သူများ အထင်အမြင် လွဲစရာ ဘယ်လို အကြောင်းမှ မပေါ်စေချင်ဘူး၊ မဖြစ်စေ ချင်ဘူး၊ ဒါကြောင့် မို့လို့ အဓိကလူဖြစ်တဲ့ သမီးက မေမေတို့ မျက်နှာမပျက်ရအောင် စိတ်ချမ်းသာအောင် ထိန်းသိမ်းပေးပါကွယ် နော်"

နားထောင် နေစဉ် တစ်လျှောက်လုံး၌ ရင်မှာ ဝမ်းနည်းခြင်း ကြီးစွာ ဖြစ်လို့လာ၏။ တရားရားသော စကားမှန်း သိသော်လည်း ကိုယ်တိုင် သဘော မပါဘဲနှင့် စီစဉ်ခဲ့သော အရာကို ပြန်လည် ပြင်ဆင်လို့ ရလျှင် ပြင်ဆင်စေချင်မိသည်လေ။

ဝေ့ဝဲလာသော မျက်ရည်ကြောင့် အမြင်သည် ကြည်လင်မှု မရှိချင်။ ရင်မှာ မကျေနပ်မှုများ ကျပ်ခဲလို့ နေသည်ပဲ။

ဖေဖေ ထိုင်ရာမှ ထ,ပြီး ပြတင်းတွင် သွားရပ်၏။ ပြန်ပြောရန် စကားစတို့ ရှာသော်လည်း မတွေ့။ ဦးခေါင်းကို ငုံ့ချထားမိသည်ပဲ။ မေမေ့ ချောင်းဟန့်သံကို ကြားစဉ် ထိုင်ရာမှ ထလိုက်မိသည်။

"မေမေ ပြောတာ ဂရုစိုက်ပါ သမီး ရယ်"

မည်သည့်စကားမှ ပြန်မပြောဖြစ်။ ကျဆင်းလု မျက်ရည်ကို မေမေတို့ မမြင်စေအောင် အခန်းတွင်းမှ ထွက်ခဲ့၏။

*   *   *

"သမီးရေ....သီဘာ ဖုန်းဆက်တယ်"

မေမေစကားဆုံးသည်နှင့် လှဲနေရာမှထပြီး အခန်းပြင်သို့ ထွက်ခဲ့သည်။ မေမေ ဝရန်တာဘက်သို့ ထွက်သွား၏။ လှေကားအတိုင်း ဆင်းခဲ့ပြီး ဧည့်ခန်းရှိ ဖုန်းထားရာနေရာသို့ လျှောက်သည်။

မေမေ ပက်လက်ကုလားထိုင်တွင် စာ ဖတ် နေ ရာ မှ တစ်ချက်ကြည့်သည်ကိုမြင်၏။ ဖုန်းစားပွဲဘေး ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ပုခက်နှင့်ယှဉ်လျက် ချထားသော အနီရောင် ဖုန်းခွက်လေးကို မ,ယူလိုက်သည်။

"သီဘာလား၊ ပြောလေ...."

ဟုစကား ထောက်သောအခါ ကိုသီဟတစ်ယောက် သူ့ဆရာဆီက အကြောင်းစုံသိရပြီး အတော်လေး ခံစား



နေရတယ်လို့ပြောတယ်၊ အဲဒါ အမှန်ပဲလား၊ နင်ရော သိပြီးပြီလားဟု မေးလာသည်။

ရင်မှာ ဆို့တက်နာကျင်ရသည်သာ။ သူ့လိုပင် ခံစားရလျက် ရင်မှာ မျှော်လင့်မှုတို့ ရှိတည်ဆဲဟု ပြန်ကာ ပြောလိုက်ချင်၏။

ဖေဖေ့ထံသို့ အကြည့်ဝေ့ပြီး ပင့်သက်ကို ချမိပြန်၏။

"အေး....၊ တက်မှာပေါ့ဟာ၊ ဘယ်တုန်းက ငါကျောင်းပျက်ဖူးလို့လဲ၊ ငါလဲ အခုနကမှ အချိန်စာရင်း ကြည့်မိတာ၊ သိပြီးပြီ"

ပြောပြီး ဖုန်းခွက်ကို ချလိုက်သည်။ ပြောနေစဉ် သီတာစကားဖြတ်၊ ငြင်းပြော ပြောနေသည်ကို ကြားနေရသေး၏။

## အခန်း ( ၁၀ )

စောင့်နေကျ မှတ်တိုင်မှာ နေခြည်လာမည့် ဘက်သို့ ငေးမျှော် ကြည့်နေမိသည်ပဲ။ မှတ်တိုင်တွင် ကားများ တစ်စီးပြီးတစ်စီး ဆိုက်လာသော်လည်း နေခြည်ပါမလာသေး။

ရင်မှာ အားမဲ့ နာကျင်နေသည်ကို အကြိမ်ကြိမ် ထိန်းနေရသည်လေ။ ထိုအကြောင်းတို့ကို နေခြည့်အား ဖွင့်မပြောဖြစ်ရန် ထိန်းရမည်ပဲဟု အသိမှာ ကပ်ထားရ၏။

ရပ်လာသော ကားများမှ ကျောင်းသူကျောင်းသား များ အဆင်းကျဲပါးလာသော်လည်း နေခြည် ပါမလာသေး။

နေခြည် ဘာများဖြစ်နေလေသလဲဟုတွေးမိပြီး စိုးရိမ်မှုက ဖြစ်စေရပြန်၏။ လက်မှနာရီကိုငုံ့ကြည့်တော့ အတန်းချိန် လွန်နေပြီမို့ ပင့်သက်ကိုချရင်း ကျောင်းတွင်းသို့ ပြန်ဝင်ခဲ့သည်။

နေခြည် ရှောင်လေပြီပဲဟု တွေးကာ ဝမ်းနည်းမှုနှင့် အတူ နာကြည်းမှုတို့ ဒွန်တွဲဖြစ်ချင်၏။

*　　*　　*

အတန်းရှေ့ ရောက်သောအခါ ဟန်အောင် လက်ပြသဖြင့် မဝင်ဖြစ်ဘဲ အပြင်မှပင် ရပ်စောင့်နေလိုက်သည်။ ခဏနေတော့ ဟန်အောင် အနားရောက်လာ၏။

"မတွေ့ခဲ့ဘူး မဟုတ်လား"

"အင်း....မတွေ့ခဲ့ဘူး၊ မလာတော့ဘူးနဲ့ တူပါတယ်"

ပြောပြီး နံရံကိုမှီကာ ရပ်နေမိ၏။ အင်အားတို့ နုံ့နဲ့သွားလေပြီလား၊ အသိမှာထင်၏။ မျက်စိကို စုံမှိတ်ထားလိုက်မိသည်။



"သူ့အိမ်ကကားနဲ့ လိုက်ပို့တယ်ကွ၊ သိတာ့ကို ငါလိုက်ပို့တော့ တွေ့ခဲ့တယ်"

"ဟုတ်လား"

မျက်ဝန်းကို ပြန်ဖွင့်သည်။

"အကျိုးအကြောင်း မေးကြည့်သေးတယ်၊ မင်းနဲ့တွေ့မှပဲ ပြောတော့မယ်တဲ့၊ အဲဒါ သွားလိုက်ဦး"

"ဘာဆိုဘာမှ မပြောလိုက်ဘူးလား"

မေးပြီး နံရံမှ ကိုယ်ကိုပြန်ခွါလိုက်သည်။

"မင်းနဲ့တွေ့မှပဲ ပြောမယ်ဆိုတဲ့ဟာ၊ ငါက ဘာဆက်မေးရဦးမှာလဲကွ၊ မျက်နှာလဲမလန်းဘူး၊ ကြည့်ရတာ သူ့ဆန္ဒမပါဘူးနဲ့ တူပါတယ်ကွာ"

စကားဆုံးတော့ ဟန်အောင့်မျက်နှာကို တစ်ချက်စေ့ကြည့်မိသေးသည်။

"မင်းသွားလိုက်ဦးလေ"

"အင်း....ဒါဖြင့်လဲ ငါသွားမယ်"

ပြောပြီး ဟန်အောင့်ရှေ့မှ လှည့်ထွက်ခဲ့သည်။ ရင်မှာ ဆွတ်ဆွဲတက်ကျင်ကျင် ခံစားနေရသည်ပဲလေ။

*　　*　　*

အဝေးမှပင် ကော်ရစ်တာအတက် လှေကားတွင် ထိုင်နေသော နေခြည့်ကို တွေ့ရ၏။ ခြေသည် ခဏတာ ရပ်တန့်လျက် သယ်မ မရချင်ပြန်။ နေခြည်ကို မြင်တော့ ရင်မှာ ဝမ်းနည်းမှုက ဖြစ်တည်အုံ့ဖွဲ့ပြန်ပြီ။ အားတင်း လှမ်းခဲ့ရသော်လည်း နှမ်းယဲ့ယဲ့။

အနားရောက်သည့်အထိ နေခြည်မြင်ဟန်မတူ။

ဆင်ခြေအတွက် စဉ်းစားနေသည်လား။

ခံစားမှုတို့ စုပြုံ တိုးတိုက်၍ အသိမဲ့နေ သည်လား တွေး၏။

အနားတွင် ခြေစုံရပ်တော့ နေခြည် မော့ကြည့်၏။ ရီမှိုင်းသော မျက်ဝန်းဟု သိစဉ် ရင်သည် သိမ့်ခနဲခါကာ မျက်ရည်ကြည်တို့ ဝေ့ဝဲချင်၏။ ကြည့်နေဆဲမှာပင် နေခြည့် ပါးပြင်မှာ မျက်ရည်စီးကြောင်း ကျဆင်းလာသည်ကို တွေ့၏။

ချစ်သူ ခံစားနေရပြီပဲဟု အတွေးမှာ ကိုယ်တိုင်လည်း အားမဲ့ချင်ချင်။ နေခြည့်ဘေးတွင်ဝင်ထိုင်ပြီး မျက်ရည်စတို့ သုတ်ပေးရန် ရွယ်လိုက်၏။ နေခြည် ခေါင်းယမ်းခါကာ လက်ကိုင်ပဝါနှင့် တို့သုတ်သဖြင့် လက်ကို ပြန်ရုပ်လိုက် သည်။

"နေခြည့်ပြောစရာစကားတွေအတွက် သူ့ဘဝ တစ်လျှောက်လုံးရော အချိန်ပေးနိုင်ပါ့မလား"



တိုးသဲ့အက်ကွဲသောစကားအဆုံးမှာ အောက်နှုတ်ခမ်းကို ကိုက်လိုက် မိသည်လေ။ နှလုံးသားချင်း နိုးကပ်သူတွေရဲ့ လမ်းမှာ ချောက်ကမ်းပါးက ဘာကြောင့်ရှိနေရပြန်ပါသလဲ။ မငကျေနပ်ချင်ပြန်။

"အချိန်ပေးနားထောင်ချင်ပါတယ်နေခြည် ရယ်"

တုန့်ယင်သော စကားသံကို ထိန်းသိမ်းမှု မဲ့နေသည့်အဖြစ်။ နေခြည်တစ်ငဲ့ကြည့်ရင်း တူရှုသို့ စူးစိုက်ကြည့်နေသည်ကို တွေ့ရပြန်၏။

နှစ်ဦးသား အတန်ကြာသည်အထိ သည်အတိုင်း....။

အုံ့စမိုးသည် မှိုင်းညို့ညို့။

* * *

## အခန်း ( ၁၁ )

ကားတံခါးဖွင့်ဆင်းလာသော နေခြည်ကို သစ်ရိပ်အောက်မှ လှမ်းကြည့်နေဖြစ်သည်။ နေခြည်က ကားတံခါးကို ပြန်ပိတ်ပြီး စာသင်ဆောင်ရှိရာသို့ လျှောက်သွား၏။ အတော်လှမ်းလှမ်း ရောက်သည်အထိ ရပ်ထားသောကားက ပြန်မထွက်သေးသဖြင့် ရပ်နေရာမှ ခြေကိုမရွေ့ဖြစ်။ ကော်ရစ်တာသို့ နေခြည်လှမ်းတက်တော့မှ ရပ်ထားသော ကားလေး ဘီးရွေ့၏။

အမြင်မှ ကားပျောက်သွားသည်အထိ ခဏရပ်နေပြီးမှ နေခြည်တို့ အတန်းရှိရာဘက်သို့ လျှောက်လိုက်သည်။

အခန်းရှေ့တွင်နေခြည်ရပ်နေသည်ကို တွေ့၏။ သည်မှာဘက်သို့ လျှောက်လာမည်မြင်သဖြင့် လက်ထောင်ပြရင်း သွက်သွက်လှမ်းသည်။

"ရောက်နေတာ ကြာပြီလား"

"အင်း...."

အနားရောက်တော့ နေခြည့်အမေးကို ခေါင်းဆတ်ဖြေဖြစ်သည်။

"ဟိုဘက် လျှောက်ရအောင်"

နေခြည် ခဏတွေသွားသည်။

"နှစ်ယောက်တည်း သွားလာ နေလို့မဖြစ်သေးဘူးလေ၊ အနီးအနားမှာ တစ်ဦးဖြစ်ဖြစ် အမြဲတမ်းရှိနေမှ နို့မို့ဆိုရင် အခုလိုလွတ်လပ်ခွင့်လေးတွေ ပျောက်သွားဦးမယ်၊ မမေတို့ရဲ့မျက်စိတွေ နားတွေက ဒီမှာလဲ ရှိချင်မှရှိမှာ"

ပြောပြီး နေခြည် ဦးခေါင်း ငုံ့သွားသည်။ တို့လဲသူများ ချစ်သူတွေလို နေချင်တာပေါ့ဟု တိုးသဲ့စွာ ထပ်ပြောလာသေး၏။ ဘာမှ ထပ်မပြော ဖြစ်တော့ဘဲ စားသောက်ဆိုင်တန်းများ ဘက်သို့ လျှောက်လိုက်သည်။

နေခြည့် မျက်နှာငယ် နှင့် ငဲ့ကြည့်သည်ကို ရင်နာစွာတွေ့လိုက်ရ၏။

"နားလည်နိုင်မှာပါ"

ဦးခေါင်း ညိတ်ပြဖြစ်၏။



နေခြည်က လွယ်အိတ်ကိုင်းကို ရှေ့သို့ဆွဲယူ လိုက်ပြီး ကော်ရစ်တာကို ချိုးကွေ့လိုက်၏။

ထိုင်နေကျ ဆိုင်ရှေ့ ရောက်တော့ ဆိုင်တွင်းသို့ ဝေ့ဝဲကြည့်သည်။ ကျော်ဆန်း လက်ထောင်ပြ၏။ သီတာနှင့် ဟန်မအောင်တို့ပါ ရောက်နေသည်ကိုတွေ့၏။ အောင်ကျော်ဦးက ထိုင်ရန်ခုံကို ထ,ယူသည်ကိုတွေ့၏။

တို့နှစ်ယောက် တွေ့ဆုံဖို့အတွက် ဘေးမှာ အဖော် ရှိမှဖြစ်မှာ၊ အဲသည်တော့ တို့ကို နားလည် ပေးတဲ့ အနေနဲ့ မင်းတို့ ဘယ်မှ မသွားဘဲနဲ့ အတူနေပေးပါကွာဟု ပြောထားခဲ့သဖြင့် ဟန်အောင် နှင့် သီတာ တို့လည်း ချစ်သူဘာသာ ဘာဝ ပျောက်ကုန်ပြီ ထင်၏။

နေခြည် ထိုင်ရန် နေရာ ပေးလိုက်ပြီး နေခြည် နှင့် မျက်နှာ ချင်း ဆိုင် မှာ ဝင်ထိုင် လိုက်သည်။ နေခြည်က အနား လာရပ်သော စားပွဲထိုးကို ပေါ်ကျ နှစ်ခွက်ဟု လှမ်းမှာ၏။ ရှေ့တွင် ရှိသော ဆေးပေါ့လိပ်နှင့် မီးခြစ်ကို ယူရင်းမှ....

"မဆိုးဘူး နော် ကောင်းတယ်၊ နောက်ဆို နေခြည်လဲ ပေါ်ကျပဲ သောက်တော့မယ်"

ဟု ပြောခဲ့သည်ကို ပြန် အမှတ်ရ၏။ သတိတရ ဖြစ်မိတိုင်း ရင်မှာ နာနာကျင်ကျင် ဖြစ်မိသည်ပါလေ။

*   *   *

"သွားကြရအောင်"

မောင်းထွက်သွားသော ကားလေး အမြင်မှ ပျောက်သွားသည်နှင့် အောင်ကျော်ဦး ပြော၏။ ကျော်ဆန်းပေးသော ဆေးလိပ်နှင့် မီးခြစ်ကို ယူလိုက်ပြီး ရပ်နေရာမှ ခြေကိုရွှေ့၏။

"လွမ်းဖို့ဆွေးဖို့ အတွက်ကို ပိုပြီး ခံစားရမယ် လို့ ထင်မလား၊ အရင်ကထက်ပေါ့"

အောင်ကျော်ဦး အမေးကို မဖြေဖြစ်သေးဘဲ ဆေးလိပ်ကို မီးညှိဖွာနေဖြစ်သေး၏။ အေး ဟုတ်တယ် ဖြေစမ်းပါဦးကွဟု ကျော်ဆန်း စကား ထောက်၏။

"တူချင်မှတူမယ် ထင်တယ်၊ အရင်က ကြင်နာယုယမှု မပါဘူးလေ၊ အခုဟာက ဘာပဲ ပြောပြော ဘာပဲလုပ်လုပ် သတိရစရာတွေအဖြစ်နဲ့ ငါ့ရင်ထဲမှာ ကျန်ခဲ့တော့မှာ"

"ဒါဖြင့် အရင်ကထက်စာရင်"

မဖြေဖြစ်သေးဘဲ မီးခိုးငွေ့များကို မျှင်း၍ ထုတ်နေဖြစ်သေး၏။

"ပိုပြီး ခံစားရမယ်ထင်တယ်"

"ဟာင်....မင်းဟာကလဲ တစ်ခုမှ မလွယ်ပါလားကွာ၊ လိုချင်တဲ့အဖြေ မရမှာ စိုး တုန်း က တစ်မျိုး၊ အခုရပြန်တော့ တစ်မျိုး"



အောင်ကျော်ဦး ညည်းပြော ပြော၏။ ကျော်ဆန်း အသံထွက်ရယ်ရင်း ကြည့်လာသည်။

"အခုလိုအချိန်မှာ အရင်က တစ်ဖက်သတ်ချစ်ခဲ့ရတဲ့ အချိန်ကို ပိုပြီး လွမ်းမိသလိုပဲ"

"အခုအချိန်က ပျော်စရာ မကောင်းဘူးလား"

"ပြောရက်တယ် ကျော်ဆန်းရာ၊ ငါ့အနေနဲ့ တွေ့ရတဲ့ အချိန်တိုင်းမှာ ပိုပြီး ခံစားရတယ်၊ အသည်းအသန် လူနာတစ်ယောက်လို ဖြစ်နေရတဲ့ အချိန်တွေပါကွာ"

သံနေမှာအင်အားမဲ့နေသည်မှန်းခံစားမိ၏။ကျော်ဆန်း ပင့်သက်ချရင်း မည်သည့် စကားမျှ မပြောတော့။

"ဖြေသိမ့်တွေးပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ်တွေ့စဉ် အချိန်မှာ ပျော်အောင် ကြိုးစားပါကွာ၊ ဒီလို အနေမျိုးကမှ နေပျော်ပါသေးတယ်၊ နေခြည် မင်းဘက်မှာ အမြဲရှိနေလိမ့်မယ်လို့ ငါ ယုံကြည်ပါတယ်၊ ဖြစ်ချင်တာတွေ အတွက် ကြိုးစားဖို့ အချိန်ကျန်ပါသေးတယ်"

မည်သို့မျှ ပြန်မပြောဖြစ်။

မိုးဖွဲလေးများကျလာ၏။

* * *

## အခန်း (၁၂)

ထိုင်နေကျ ခုံတန်းတွင် ထိုင်ပြီး နေခြည် လာနေကျဘက်သို့ မျှော်ငေးကြည့်နေမိသည်ပဲ။ လေတစ်ဝေ့တွင် အပင်ပေါ်မှ မိုးရေစက်တို့ ကိုယ်ပေါ်သို့ ပြုတ်ကျလာ၏။

တူရှုမှလာနေသော အောင်ကျော်ဦး နှင့် ကိုဟန်အောင်ကို မြင်သည်။ အိတ်တွင်းမှ ဆေးပေါ့လိပ်ကို ထုတ်ပြီး မီးညှိရှိုက်ဖွာပြီး ထိုင်ရာမှ ထလိုက်၏။

"နေခြည် ဒီနေ့ လာမှာ မဟုတ်တော့ဘူ သိဟ"

ပြောပြီး ဟန်အောင် ခုံတန်းတွင် ဝင်ထိုင်သည်။



အောင်ကျော်ဦးက အနီးမှ ဖြတ်သွားသော မိန်းကလေး အုပ်ကို လိုက်ငေးနေ၏။

"ဘာဖြစ်လို့လဲ ဟန်အောင်"

"ငါတို့ မင်းကို လာပြောဖို့ပဲ၊ မနက်က သီတာ့ဆီ နေခြည် ဖုန်းဆက်တယ်တဲ့၊ ကျောင်း မတက်တော့ဘူး၊ စာမေးပွဲ ကျမှပဲ ဝင်ဖြေတော့မယ်တဲ့၊ အဲဒါ မင်းကို အမိကထား ပြောပေးပါလို့ မှာတယ်တဲ့"

ပြောပြီး ဟန်အောင် မီးခြစ် တောင်းသဖြင့် လက်တွင်း ကိုင်ထားဆဲ မီးခြစ်ကို ပေးပြီး ပင့်သက်ကို ချလိုက်မိသည်ပဲ။ ဟန်အောင့် ဘေးတွင် အားမဲ့ထိုင်လိုက်သော အခါ ဟန်အောင်က ထိုင်သာအောင် နေရာရွှေ့ပေး၏။

"ဘာဖြစ်လို့ မတက်တော့တာတဲ့လဲ"

"အေး....အဲဒါ ငါပြောမယ်"

ပြောပြီး ဆေးလိပ်ကို ရှိုက်ဖွာနေသေး၏။ မတ်တတ်ရပ်နေသော အောင်ကျော်ဦးကို ထိုင်လေဟု ပြောဖြစ်၏။

ရတယ် မထိုင်တော့ဘူးဟု အောင်ကျော်ဦး ဖြေ၏။

"မင်း မေးသလို သီတာက မေးတော့ သူ့အိမ်က မတက်ခိုင်း တော့ဘူးတဲ့၊ နောက်ပြီး သူ့အမေက ရည်းစား ရှိနေပြီလား ဘာလား မေးတယ်တဲ့၊ မင်းနဲ့ ရယ်လို့တော့ သူ့ မိဘတွေ

မသိနိုင် သေးဘူး ထင် တယ် လေ၊ နေခြည်က ကျောင်း ပြန်တက်ရအောင် ထွက်ပေါက် ရလို ရခြား မရှိပါဘူးလို့ ပြန်ပြော တယ်တဲ့၊ ဒါပေမယ့် သူ့အမေက လက်ခံ ယုံကြည်ပုံ မပေါ်ဘူးတဲ့၊ ဘာလို့လဲ ဆိုတော့ အခါ တိုင်း ကိုမျိုးဝင်းနဲ့ ကိစ္စကို ပြောတိုင်း သူက ငြင်းဆန် ထားတာ ဆိုတော့ ရည်းစား မရှိဘူး ဆိုတာ မယုံချင်ဘူး ပေါ့ကွာ၊ သူ့ကို ထပ်ပြီး ပြောတယ်တဲ့၊ ကိုမျိုးဝင်းကို လက်ခံဖို့၊ မိဘ မျက်နှာ ပျက်အောင် အသိုင်း အဝိုင်း ကြား ခေါင်း မဖော်ရဲအောင် မလုပ်ဖို့ သတိထား ပေးတယ်တဲ့၊ သိတာ တယ်လီဖုန်း ဆက်ဟာတောင် သူ့ မိဘ တွေ မရှိတုန်း ဆက်ရတာတဲ့ သိပ်ပြီး ချုပ်ချယ် တင်းကျပ်မှုမရှိသေးဘူး ပြောရမှာပေါ့လေ''

ပြောပြီး ခုံတန်းနောက်မှီကို မှီလိုက်သည်။ ဆေးလိပ်ကို ရှိုက်ဖွာရင်း ရင်ဆီမှနာကျင်လာသည်ကို သတိမထားမိအောင်ပြုနေရသည်ပဲ့။ ကိုယ့်ကြောင့် နေခြည်ဒုက္ခရောက်နေရပြီပဲဟုတွေးကာ ဖွင့်ပြောဖြစ်ခဲ့သည်ကိုပင် နောင်တရနေမိပြန်၏။

''သိပ်လဲ စိုးရိမ်မနေပါနဲ့ကွာ၊ နေခြည် မင်းအပေါ် ဘယ်လောက်အထိချစ်တယ်ဆိုတာ တို့လဲ ခန့်မှန်းလို့ ရနေတာပဲ၊ မင်းကို အပျော်သဘော



မျိုး ခဏတဖြုတ် တွဲတာမှမဟုတ်ဘဲ တကယ်လို့ လမ်းခွဲရင်တောင် ဖြေသာအောင် ရှင်းပြမယ့်သူပါ''

စကား အဆုံးမှာ ဘာ့ကြောင့် လမ်းခွဲကို ထည့်ပြောလာသည်လဲ တွေးရင်း မြုပ်ကွယ်ထားသည်တို့ ရှိလေပြီလား တွေးနေမိပြန်၏။

ခုကတည်းကဖြေသာသော အတွေးများကိုသာ တွေးထားရမည်လားဟုတွေး၏။ မေ့နိုင်ဖျန်တော့ လွယ်ကူမည်မဟုတ်မှန်း ကိုယ်တိုင်ခံစားသိနေရသည်ပဲ့လေ။

* * *

ဘယ်အရာမှ စိတ်ကိုနှစ်၍မရ။ နေခြည် ရင်ဆိုင်နေရမည့်သောကတို့ကို မျှဝေယူလို့ရလျှင် ယူလိုက်ချင်သည်ပဲလေ။

တစ်ဖက်မှာက ထားခဲ့ပြီးသော ကတိသစ္စာ။

တစ်ဖက်မှာက လွန်ဆန်ရန် မသင့်သည့်မိဘ။

ဟိုကူး သည်လာဖြင့် ဆုံးဖြတ်ချက်ကာ သောကဖက်နေမည့် အဖြစ်ဟု စာနာ နားလည်၍ရ နေသည်ပဲ။

နေခြည် သောကဖြစ်အောင်ပြုလုပ်ခဲ့မိသည့် ကိုယ့်ဘက်ကိုသာ အပြစ်ပေးလိုက်ပြီး သမီးအလိမ္မာ ဖြစ်အောင်ကြိုးစားလိုက်ပါတော့ဟု ပြောခဲ့စဉ်က စိုးသွယ်ကျလာသော မျက်ရည်များနှင့်မျက်တောင်မခတ်တမ်း စိုက်ကြည့်ခဲ့သည့် ပုံလွှာကို မြင်ယောင်နေမိပြန်၏။ ရင်မှာ ဝမ်းနည်းဆို့နင့်လာပြန်သည်လေ။

အလုပ်တွင်း၌လည်းစိတ်မပါတော့သဖြင့် စာကြည့်ရန်ဟု အကြောင်းပြပြီး မသွားဖြစ်တော့။ သည့်နှစ်တစ်နှစ်ပဲ ကျန်တော့တာ ကြိုးစားကွာဟု ဆရာ ကိုမျိုးဝင်းက အားပေးစကား ပြောလိုက်လေ့သည်။

ညီအစ်ကိုရင်းသဖွယ်ကူညီဖေးမလွန်းသောဆရာ ကိုမျိုးဝင်း၏ မျက်နှာကို မြင်ယောင်မိပြန်သည်။ လေးလံ တင်းကျပ်လွန်းသောရင်မှဝေဒနာအစုကိုဖြိုဖျက်ချလိုက်ချင်၏။ ဆရာ့ မျှော်လင့်မှု လိုအင့်ကို ဖြည့်ဆည်း ပေးရမလားအခါခါတွေး၏။

ချစ်သူကို ပေးဆပ်ခြင်း တစ်ခုတည်းဖြင့် ချစ်ခဲ့သူတစ်ဦးက ချစ်သူထံမှ မည်သည့်အရာကို မျှော်လင့်ရဦးမည်လဲဟု အကြိမ်ကြိမ် စဉ်းစားဖြစ်သည်။

ထိုအခါ ချစ်သူ၏ သောကငွေ့ကို ခံစားလိုက်ရသလိုရှိပြန်သည်။ မချစ်မနှစ်သက်သူနှင့် တစ်ဘဝလုံး အတူနေရ၍ အကျဉ်းကျနေသူ တစ်ယောက်လို ခံစားရမှာပေါ့နေ>်ဟု ပြောခဲ့သော နေခြည့်စကားက ရင်ကို လှုပ်ခတ်စေသည်ပဲ။



ပင့်သက်အချတွင် အခန်းတံခါး ခေါက်သံကြောင့် ထိုင်ရာမှ ထ,လိုက်ပြီး တံခါးသွားဖွင့်ပေးလိုက်သည်။

ဟန်အောင်ကို အလျင် မြင်၏။

ပြီးတော့ နွမ်းနယ် မျက်နှာနှင့် သီတာ။

ဝန်းကျင်ကိုပင် သောကအပူတို့ ကူးစက်လောင်မြိုက်လေပြီလားဟု တွေးဖြစ်နေသည်ပဲ။

"လက်ဖက်ရည်ဆိုင် သွားရအောင် အေးအေးဆေးဆေး စကား ပြောကြတာပေါ့"

ဟန်အောင့် စကားအဆုံးမှာ အခန်းမြင်သို့ ထွက်လိုက်ပြီး တံခါး ပြန်ပိတ်လိုက်သည်။ သော့ခတ်နေစဉ် ဟန်အောင်တို့ ခြံဝသို့ အလျင် ထွက်သွား၏။

"နေခြည် စာပေးလိုက်တယ်"

အနားသို့ ရောက်လာသော သီတာက ပြော၏။ ရင်သည် ဟိုစဉ်ကနှယ် ပေါ့ပါးမှု မရှိချင်။ တရုံးသူကြီး၏ အမိန့်ချသံကို နားစွင့်နေရသော တရားခံ တစ်ယောက်နှယ် လေးလံ စိုးထိတ်၍ နေပြန်၏။

နေခြည် ဘာကိုပဲဆုံးဖြတ် ဆုံးဖြတ် နေခြည့်အတွက်လည်း ပေါ့ပါးသော အလုပ်မဟုတ်။ စွန့်စားခြင်း၊ စွန့်လွှတ်ခြင်းတို့ ရောထွေးကာ နေမည်ပဲ။ ဒိုဟာတွေးတို့ တည်မြဲနေသမျှ စွန့်စားခြင်းလည်း မလွှတ်၊ စွန့်လွှတ်ခြင်းလည်း ခက်နေမည်ပဲဟု သိနေ၏။

''လမ်းလျှောက်ရင်း ဖတ်မလား''
''ဆိုင်ရောက်မှပဲ ဖတ်တာပေါ့ကွာ''

အားမဲ့သော စကားဟု ကိုယ်တိုင်သိသည်။

နီးရာ လက်ဖက်ရည်ဆိုင်တွင်း လှမ်းဝင်လိုက်ပြီး လူလွတ်ရာခုံသို့ လျှောက်သည်။ ထိုင်ခုံတွင် မှီမိစဉ် ဟန်အောင်က ဘာသောက်မလဲ မေးသည်ကို ခေါင်းယမ်း ပြလိုက်မိသည်။

စားပွဲထိုးကို ဟန်အောင်က လက်ဖက်ရည် မှာနေစဉ် သီတာက ကျောင်းသုံးစက္ကူခေါက်လေးကိုကမ်းပေး၏။

စာခေါက်ကို ဖြေနေရသော်လည်း စိတ်က မပါလှသဖြင့် နွေးထွေးနေပြန်၏။

ကို....

မချစ်မနှစ်သက်တဲ့ သူနဲ့လက်တွဲရရင် အကျဉ်းကျသူတစ်ယောက်လိုနေမှာပေါ့။ စိစဉ်စရာရှိတာ စိစဉ်ပါ။

အပြင်ထွက်လို့ရမယ့်ရက်တွေက စာမေးပွဲဖြေတဲ့ရက်တွေပဲ။ နောက်ထပ် အခွင့်အရေးမရသမျှ ဒါဟာ နောက်ဆုံးအခွင့်အရေးလို့ သတ်မှတ်ချင်တယ်။

စာဆုံးသည်နှင့်ပင့်သက်ကိုချပြီး ငေးမောနေလေ၏။ ရင်သည် ကတုန်ကယင်ဖြစ်၍ လှုပ်ရှားပြန်၏။



ချက်ချင်းပင် ဆရာကိုမျိုးဝင်း၏မျက်နှာကိုမြင်ယောင်
ပြီး ဦးခေါင်းကို ငုံ့ချလိုက်မိပြန်၏။
ဆရာရယ် ခွင့်လွှတ်ပါတော့ဟု ရင်တွင်းမှတောင်းပန်
နေမိသည်လေ။ အတန်ကြာမှ ဦးခေါင်းကို ပြန်မော့ပြီး
ကို ဟန်အောင့်ထံကမ်းပေးလိုက်သည်။ ဟန်အောင်က
တ်ပြီးသည်နှင့် သီတာ့ထံကမ်းပေး၏။

''စာမေးပွဲရက်ထဲစီစဉ်ဖို့တော့ မကောင်းဘူးကွ၊ စာမေးပွဲပြီးတဲ့နေ့ဆိုကောင်းမယ်၊ ဒါမှ နှစ်ယောက်လုံး ကျောင်းအတွက် ပူစရာ မလိုတော့ဘူး....''

''ဟုတ်တယ် ကိုသီဟ၊ ကျွန်မလဲ ဒီလိုပဲတွေးမိတယ်''

ဟန်အောင့်စကားကို သီတာက ဝင်ထောက်ပေး၏။
တို့ပြောစကားကို လက်သင့်ခံမိသည်မို့ ခေါင်းညိတ်
ဖြေပေးဖြစ်သည်။

''ကျွန်မက ကိုသီဟစာဖတ်ပြီးခေါင်းငိုက်စိုက်ကျသွားလို့ မိဘစကား နားထောင်လိုက်ပြီဆိုတဲ့ စာမျိုးဖြစ်နေမလားလို့....''

ရယ်တစ်ဝက် သီတာပြော၏။

''အေးလေကွာ၊ ဘာဖြစ်သွားတာလဲ ပြောစမ်းပါဦး''

''ဆရာ့မျက်နှာကို ပြေးမြင်မိလို့''

ပင့်သက်နှင့်အတူ ပြောဖြစ်လိုက်၏။ ပေါ့ပါးစွာပျေ
ရှင်ချင်သည်ပဲ။ ငါ အသက်ပေးရမလောက် မြတ်နိုးတပ
ကွာဟုပြောခဲ့ဖူးသော ဆရာကို မျိုးဝင်းစကားက နာ
စည်မှာ တစ်ရစ်ဝဲဝဲ။

"မင်းနဲ့ မင်းဆရာကြားမှာ အဓိက ဆုံးဖြ
ရွေးချယ်ရမှာက နေခြည်ပဲဟာ၊ ဒါ အတွ
နေခြည့်ဆုံးဖြတ်ချက်ကို နှစ်ယောက်လုံး လိုက်န
ရမှာပေါ့ကွ"

မည်သို့မျှ ပြန်မပြောဖြစ်ဘဲ ပင့်သက်ကို ချလိုက်မိသ
ပဲလေ။

* * *

အခန်း (၁၃)

"တို့ဆယ့်ငါးမိနစ်လောက်အချိန်စောပြီးထွက်
တာပေါ့၊ ဒီထက်စောရင်လဲ အခန်းစောင့်ဆရာ
တွေက လွှယ်မယ်မထင်ဘူး"

"မင်းက ရှေ့ဆုံးမှာထိုင်တာ၊မင်းအရင်ထွက်
လေ၊ မင်းထွက်တာနဲ့ ငါနဲ့ သီတာ ထွက်မယ်"

အောင်ကျော်ဦးပြောပြီး ဘယ့် နှယ် လဲ ဟူ သော
ကြည့်ဖြင့် ကြည့်လာ၏။ ဦးခေါင်းကို ညိတ်ပြလိုက်ပြီး
ဆးလိပ်ကိုရှိုက်ဖွာနေဖြစ်ပြန်၏။ စီစဉ်မှုသည် ရင်ကိုလှုပ်
က်လို့လာစေပြန်ပြီဟု တွေး၏။

"ကျော်ဆန်း မင်းက လက်နှေးတဲ့ကောင်
သတိထား၊ နောက်ပြီး မင်းဦးလေး ခြံကရော"
"ဖြစ်ပါတယ်ကွာ၊ အားလုံး အဆင်ပြေပ
စေ့မယ်"

ကျော်ဆန်းက ဟန်အောင့်အမေးကိုပြောပြီး သ
ဖက်ရည်ပန်းကန်ကိုယူပြီး တစ်ငုံငုံကာ အခံပန်းကန်ပြာ
ပေါ်သို့တင်သည်။ အောင်ကျော်ဦးက လက်မှ နာရီ
မြှောက်ကြည့်၏။

"သွားကြရအောင် အချိန်နီးနေပြီ"

ပြောပြီး ထိုင်ခုံမှထလိုက်ပြီး စားပွဲထိုးကို လှမ်းခေါ်
လိုက်သည်။

"ကျော်ဆန်း ကားငှားတဲ့အခါ ဘယ်ဈေး
ဖြစ်ဖြစ်ခေါ်ခဲ့နော်၊ မင်းက ဈေးဆစ်ရမှာကျေနပ်
တဲ့ကောင်၊ တော်ကြာ မကြာသင့်ဘဲကြာနေမယ်
ပြီးတာနဲ့ စုံရပ်ကို အမြန်လာခဲ့၊ တို့ အရင်ရောက်
နေမှ ဖြစ်မှာနော်"

"အေးပါကွ"

အောင်ကျော်ဦးအပြောကို ကျော်ဆန်း ရယ်သဲ့သဲ့
ပြန်ပြေ၏။

*  *  *



စာပြေနေစဉ် တစ်လျှောက်လုံး စိတ်ကမပြောင့်။ နာရီ
ကိုသာ တကြည့်ကြည့် ကြည့်မိနေသည့်အဖြစ်။

နာရီနီးလေ ကိုယ့်နာရီ နောက်ကျ နေမည် လား
အတွေးက ဝင်နေပြန်သည်မို့ စာပြီး ထွက်သည်က
ကောင်းမည်တွေးကာ ထွက်ခဲ့၏။

"ဟာ...ပြဿနာပဲ၊ ဟိုမှာ နေခြည့်အဘွား
ကြီးကွ"

"ဘယ်မှာလဲ"

"ဟိုမှာ...."

အောင်ကျော်ဦး မေးသဖြင့် ဝရန်တာကို ကျောမှီပြီး
အခန်းတွင်းသို့ ကြည့်နေသော နေခြည့်အမေကိုလက်ညှိုး
ညွှန်ပြဖြစ်၏။ ဝေးရပြီဟူသော အသိဝင်စဉ် အားမဲ့
ညှိုးချုံးရသည်ပါလေ။

"ဘယ်လိုလုပ်မလဲ"

"ဒီကပဲ စောင့်ကြည့်ရအောင်၊ အဘွားကြီး
လစ်ရင် လစ်သလိုပေါ့"

အမေးစကားကို ဟန်အောင်ကဖြေပြီး လက်မောင်း
ရင်းကို လှမ်းဆွဲသဖြင့် လှမ်းနေသောခြေကို ရပ်တန့်လိုက်
ရသည်။ ပင့်သက်နှင့်အတူ အတန်းရှေ့ကို လှမ်းကြည့်ဖြစ်
သေး၏။

အတန်ကြာ ကြည့်နေ သော်လည်း အခြေအနေက ထူးခြားမလာ။ နေခြည့်အမေလက်မှ နာရီကိုမြောက်ကြည့် သည်ကို တွေ့၏။ တင်းထားသောအားတို့ ယုတ်လျော့ပြီ ကို သိလိုက်ရ၏။ အသိတရားတို့သည် အဝေးသို့ လွင့်စင် ချင်၏။

မျှော်လင့်ထားသော အနာဂတ် ရောင်စဉ် တန်းတို့ မှေးမှိန်ရပြန်ပြီပဲလေ....။

*　　　*　　　*

အရာရာသည်သူ့ အလိုအတိုင်းသာ ပြောင်းလဲဖြစ်ပျက် နေတတ်ပါသလား။ ဘဝတစ်လျှောက်ဆန္ဒနှင့် ကိုက်ညီမှု နည်းပါးလွန်းသည်ကို ပြန်တွေးနေမိ၏။

နောက်ထပ်အခွင့်အရေးမရှိသဖြင့် ဒါဟာ နောက်ဆုံး အခွင့်အရေးလို့ သတ်မှတ်ချင်တယ်ဟူသော စာကြောင်း ကိုအမြန် ပြန်သတိရမိနေသည်လေ။ အခွင့်အရေး ဟူသည် ယူတတ်မှ ရသည်လား၊ ကံကြမ္မာအပေါ်မှီတည်လေသည် လား တွေးမိပြန်၏။

ဖြေသိမ့်တွေးများကို တွေးယူရင်း ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့ အပြစ်တင်နေမိနေတော့၏။

နီးအောင်ကြံလျက် ဝေးရသည့်အဖြစ်ပင်မဟုတ်လား လေ။



ဘယ်သူ တင်းခံနိုင်မည်လဲ။

နေခြည်လည်း အလားတူ ခံစားနေရလိမ့်မည်ပဲ ဟု တွေးနေမိပြန်၏။

"နောက်ထပ် အခွင့်အရေးတွေ ရှိလာဦးမှာ ပါကွာ၊ နောက်အခွင့်အရေးက ဒီထက် ကောင်း ရင် ကောင်းနေဦးမှာ"

ကျော်ဆန်း အားပေးစကားက ရင်ကိုမထိ။ ချစ်သူ၏ စိတ်ဝမ်းချမ်းမြေ့မည်မဟုတ်သမျှ ကိုယ်တိုင်လည်းသောက ဝေရမည့် အဖြစ်မျိုး။

ချစ်သူကို ပျော်စေ ပြုံးစေချင်သည်ပဲ။

တစ်ဦးနှင့်တစ်ဦး နားလည်စွာ နှုတ်ဆက်လမ်းခွဲလိုက် ချင်၏။ သည်လိုလမ်းခွဲအတွက် လွမ်းရဲကြရမည်တဲ့လား၊ ဖြေသိမ့်လို့ ရသည်တဲ့လား။

ခံစားမှုအစုသည် လှိုက်၍လှိုက်၍တက်ချင်၏။

"မင်းတို့ ပြန်တော့လေ"

"ရတယ် သီဟ၊ တို့ မင်းအဆောင်ထိ လိုက်ခဲ့ ဦးမယ်၊ အေးအေးဆေးဆေးနေပြီးမှ ပြန်မယ်"

ဟန်အောင့် စကားကြောင့် ရပ်တန့်ထားသောခြေကို ဆက်လှမ်းဖြစ်ပြန်၏။ ခြေအကြွတိုင်းသည် အပန်းတကြီး ဖြစ်၍နေပြန်၏။

"တစ်ခုငါဖြေသာတာက တခြားသူနဲ့လက်ထပ်မှာ မဟုတ်ဘဲ ငါ့ဆရာနဲ့ လက်ထပ်မှာမို့ လို့ပဲ၊ နောက်ဆုံး တော့ တစ်ယောက်နဲ့ တစ်ယောက် နားလည်စွာနဲ့လမ်းခွဲလိုက်ကြရတယ်လို့ပဲ ငါယူဆလိုက်ချင်တယ်၊ အဲဒီလိုပဲ ဖြေသိမ့်ရမှာပါ"

အဆုံးသတ် စကားကို ခိုင်မာအောင် ကြိုးစားနေမိပြန်၏။ နားလည်ခွင့်လွှတ်မှုတွေနဲ့ လမ်းခွဲလိုက်ကြမည်ဟု ယူဆလိုက်ပါမည်နေခြည်။ နေခြည်လည်း သည်လိုဖြေသိမ့်နိုင်ပါစေဟု ဆုတောင်းရုံမှတစ်ပါး အခြားမရှိတော့ပြီပဲလေ။

* *

အပိုင်း ( ၂ )

## အခန်း ( ၁ )

စာမေးပွဲ ပြီးသွားသော်လည်း အလုပ်သို့ မသွားဖြစ်သေး။ လေနေသော စိတ်ကို လွှတ်ခါ ပေးထားမိ လေသည်။

အခါမလပ်သတိုတရတမ်းတမိနေသည့်အဖြစ်။ ရင်ဆိမှာ ဆွတ်ဆွတ်ကျင်ကျင် ခံစားရတုန်း။ ဟန်အောင်နှင့် ကျော်ဆန်းတို့ ရောက်လာတတ်သော်လည်း ဟက်ဟက် ပက်ပက် စကားမပြောဖြစ်။

သတိတရစိတ် လွန်ကဲ လာ တိုင်း ကျောင်း တွင်းသို့ ရောက်ဖြစ်တတ်သည်။ အတူ သွားခဲ့သည့် နေရာများမှာ အခေါက်ခေါက် လျှောက်နေမိတတ်သည့် အတူ ထိုင်ဖြစ်

ခဲ့သည့် နေရာများမှာ တွေဝေ ငေးမော ထိုင်ဖြစ်ခဲ့သည် လေ။

သည်ဆီမှာ ဘယ်စကားကို ပြောခဲ့တာ၊ သည်အရပ်မှာ ဘယ်သို့ စသည်ဖြင့် မှတ်မိ နေတတ်ပြန်သည်။

တစ်ခါတစ်ရံ အနား၌ နေခြည် ရှိနေသည်ဟု သတိ တလွတ် ထင်မိနေတတ်ပြန်၏။ ဘယ်ခါမှ မေ့ပျောက် ရနိုင်တော့မည် မဟုတ်မှန်း ကိုယ်တိုင်သာ ခံစား သိနေရ ပြီပဲလေ။

*　*　*

အခန်း တံခါးခေါက်သံ ကြားရသော်လည်း တော် တော်နှင့် ထ မဖွင့်ဖြစ်။ ခေါ်သံပါ ထပ်ကြားမှ ဆရာ ကိုမျိုးဝင်း ပါလားဟု အသိဝင်ကာ လှဲနေရာ ခုတင်မှ ဆင်းပြီး ဖွင့်ပေးလိုက်သည်။

"အိပ်ပျော် နေတာလား"

"မဟုတ်ပါဘူး ဆရာ"

ပြောပြီး ဝင်သာအောင် နေရာ ဖယ်ပေးလိုက်သည်။



ဆရာကိုမျိုးဝင်းက အခန်းတွင် တစ်ဝေ့ဝဲကြည့်ရင်း ခုတင် ပေါင်တွင် ဝင်ထိုင်သည်။ ဘေးတွင် ယှဉ်လျက် ဝင် ထိုင်ဖြစ်သည်။

"နေမကောင်းဘူးလား"

"ကောင်းပါတယ် ဆရာ"

ဖြေသော စကားမှာ အားအင် မဲ့နေသည်သို့ ခံစား ရ၏။

"စာမေးပွဲ ပြီးသွား ကတည်းက မင်းကို စောင့်နေတာ၊ နေထိုင် မကောင်းဘူး ထင်ပြီး လိုက်လာတာ"

ပြောပြီး တစ်ချက်ကြည့်၏။ ရင်၌ ဝမ်းနည်းမှုတို့ စုပြုံကျပ် ခဲ၍ လာပြန်သည်။ တူရူ အခင်း ကြမ်းပြင်သို့ ငေးစိုက် ကြည့်နေမိ၏။

"လက်ဖက်ရည်ဆိုင် သွားမလား"

"မသွားချင်ဘူး ဆရာ"

"အေးလေ.... ဒီမှာပဲ အေးအေး ဆေးဆေး ကောင်းပါတယ်၊ မနက်ဖြန်တော့ အလုပ်စ ဆင်း တော့ကွာ၊ မင်း ရှိနေရင် ငါလဲ လုပ်စရာ ရှိတာ တွေ လုပ်လို့ရတယ်၊ ဪ....မင်းကိုပြောရဦးမယ်၊ တို့ လက်ဆပ်ဖို့ရက်ကိုတော့ နေခြည်နဲ့က ရွှေ့ခိုင်း ထားလို့ ရွှေ့ထားရတယ်၊ အခု မင်းဆီ လာတာ အဲဒီ ကိစ္စလဲ ပါတယ်"

တစ်ငဲ့ကြည့်စဉ် ရင်သည်ထိတ်ခနဲဖြစ်၏။ စကားမဆက်သေးဘဲ အိတ်တွင်းမှ စီးကရက်ဘူးကို ထုတ်ပြီး တစ်လိပ်နှိုက်ကာ ပေးသဖြင့် ယူလိုက်ပြီး လက်ကြား ညှပ်ထားလိုက်သည်။ ဆရာကိုမျိုးဝင်း စီးကရက် မီးညှိနေသည်ကို ကြည့်ရင်း ပြောလာမည့်စကားအတွက် ရင်သည် လှိုက်ခါတုန်ချင်၏။

"နေခြည်နု မိဘ တွေက တို့ လက်ထပ်ပြီးရင် နေဖို့အတွက် တစ်ထပ်တိုက် တစ်လုံး လက်ဖွဲ့တယ်လေ၊ ငါ ပုံစံ ဆွဲပြီးပြီ သူတို့လဲ ကြိုက်ကြတယ်၊ အဲဒါ သူတို့ ခြံထဲမှာပဲ ဆောက်ဖို့ မင်းမလာတာနဲ့ ဘာမှ မလုပ်ဖြစ်သေးတာ အဲဒါကို မင်း တာဝန်ယူပြီး ဆောက်ပေးပါကွာ"

ပင့်သက်ကို ဖြည်းလေးစွာ ချဖြစ်၏။ ဖြစ်ပြီး သမျှအားလုံးကို မေ့ပျောက် ထား မရသည့် တိုင် ဝေးဝေးမှာသာ နေလိုက် ချင်၏။ ဆရာ ကိုမျိုးဝင်း တစ်ချက်ငဲ့ကြည်သည်ကို တွေ့သည်။

"ဆရာပဲ လုပ်လိုက်ပါ၊ ကျွန်တော် လက်ရှိလုပ်နေတဲ့ တိုက်မှာပဲ"

"အဘိုးကြီး အဘွားကြီးကလဲ မင်းကို တာဝန်ပေးဖို့ ပြောနေ ကြတယ်၊ ငါလဲ ရှိမှာပါ ဘယ့်နှယ်လဲ"



လက်တွင်း ညှပ်ထားသော စီးကရက်ကို သတိရသဖြင့် စားပွဲးစွန်းမှ မီးခြစ်ကို လှမ်းယူလိုက်ပြီး မီးညှိ ရှိုက်ဖွာနေဖြစ်ပြန်သည်။

"ဆရာပဲ အစစအရာရာ တာဝန် ယူလိုက် ပြီးတာပဲ ဆရာရယ်"

"ဟုတ်တယ်လေ....ငါ တာဝန် ယူထားတယ်၊ အခု မင်းကို လွှဲပေးတယ်၊ မင်း မလုပ်လို့တော့ မဖြစ်ဘူး သိဟာ"

ရှိုက်ဖွာထားသော မီးခိုးငွေ့များနှင့်အတူ ပင့်သက်ကို ရောထုတ်မိပြန်၏။

"နောက်ဆုံးကွာ.... ငါ့ အတွက် မင်း အနေနဲ့ လက်ဖွဲ့ လက်ဆောင် အဖြစ် တောင် လုပ်မပေးနိုင်တော့ဘူးလား"

ပြောပြီး တစ်ငဲ့ကြည့်သည်။ ငြင်းဆန်ရန် ခက်လွန်းပြီလားဟု တွေးနေမိသည်။ အနီးကပ်ဆုံး မြင်တွေ့နေရပါလျှင် ပို၍ ခံစားခက်မည့် ဝေဒနာနှင့် လူပါဟု ပြောလိုက်ချင်၏။ အနီးဆုံးကို မရောက်နိုင်တော့မှ အဝေးဆုံးမှာ ရှိနေရမည်ပဲဟု တွေးနေမိပြန်၏။

"ငါ မင်းရဲ့ လက်ဖွဲ့ လက်ဆောင်ကို တန်ဖိုးထား မျှော်လင့်နေတာပါ"

ပြောရင်း စကားတို့ ရှားပါးခဲ့ပြီပဲ။

* * *

## အခန်း ( ၂ )

မြင်တွေ့နေရတော့ ရင်မှ နာကျင်မှုသည် တိုင်းဆမဲ့ ချင်၏။ အဝေးသို့သာ ပြေးထွက်လိုက်ချင်သည်ပဲလေ။

ရင်ဆိုင် တွေ့မိတိုင်း အားငယ်မှုကို တားမရ။ သတိ လက်လွှတ် ဖြစ်ချင်သည်များကို ထိန်းရသည်မှာ ပင်ပန်း ကြီးစွာ ဖြစ်ရသည်လေ။

"အေးကွာ....မင်းအဖြစ်ကလဲ ကိုယ့်ချစ်သူနဲ့ အတူနေဖို့အတွက် မဟုတ်ဘဲ၊ တစ်ပါးသူနဲ့ ကိုယ့် ချစ်သူနဲ့ နေကြဖို့အတွက် မင်းက လုပ်နေရတဲ့ အဖြစ်။ နောက်ပြီး တွေးမိတိုင်း ရင်မှာ တစိမ့်စိမ့် ခံစားနေရဖို့အတွက် ရုပ်ကြွင်းတွေလေ"

ဟန်အောင် ညည်းပြော ပြော၏။ ဘယ်တတ်နိုင်မလဲ ကွာဟု ကံကိုသာ ယိုးမယ်ဖွဲ့ ပြောဖြစ်ပြန်၏။

"ဒီလိုပေါ့ကွာ လိုတိုင်း ပြည့်တာမှမဟုတ်ဘဲ"

ဟု အောင်ကျော်ဦး ဖြေသိမ့်စကားဆို၏။ အခါတိုင်း အားငယ်စကားကို ပြောမိလျှင် အပြစ်တင်စကားကို ဆိုတတ်သူပင် ဖြေသိမ့်စကားဖြင့် အစားထိုးပြောတတ်နေပြီပဲဟု တွေး၏။

"ကျော်ဆန်းတောင် မနေ့ကနယ်ပြန်သွားပြီ၊ မင်းဆီ ရောက်သေးလုား"

ဖြည်းညင်းစွာ ခေါင်းညိတ်ပြဖြစ်၏။

"မပြန်ခင် တစ်နေ့ညကရောက်လာတယ်လေ"

ပြောပြီး ကျော်ဆန်း ပြောခဲ့သည်များကို တွေးမိပြန်၏။ ဟန်အောင် ချလိုက်သော ဆေးလိပ်ကိုယူပြီး ပြန်၍ ဖွာမနေဖြစ်ပြန်သည်။

"ပြီးဖို့က တော်တော် လိုသေးလား"

"စ,တာဖြင့် မကြာသေးဘူး၊ ပြီးဖို့က လိုသေးလားဆိုတော့"

ဟန်အောင့် အမေးကို အောင်ကျော်ဦး ရယ်တစ်ဝက်ဖြင့် ပြော၏။ မှုတ်ထုတ်လိုက်သော မီးခိုးငွေ့များဓေ့ဝေ့ဝဲနေသည်ကို ငေးနေဖြစ်ပြန်၏။

"နေခြည်ရော ပြုံးပြုံးရယ်ရယ်ပဲလား"

"အင်း....တစ်ခါတလေတော့ တွေ့ရတတ်ပါတယ်"

ဆရာကိုမျိုးဝင်းရောက်လာတိုင်း အလုပ်ခွင်သို့ ပါလာတတ်သည့် နေခြည့်ကို မကြည့်မိအောင် ထိန်းရသည်မှာ



ပင်ပန်းလွန်းလှ၏။ ချစ်သူ၏မျက်နှာကို တစိမ့်စိမ့် ကြည့်ရင်း ရင်မှ အမောအပန်းတို့ ပြေပျောက်ချင်သည်ပဲ။

စကားတစ်လုံးမပြော၊ အကြည့်တစ်ချက် မရောက်၊ ဆရာကိုမျိုးဝင်း ပြောသည်များ၊ ရှင်းပြသည် များကို ငြိမ်သက်စွာ နားထောင်နေတတ်သည့် အဖြစ်ကိုမြင်တော့ နေခြည်လည်း ခံစားနေရသည်ပဲဟု စာနာတွေး ဝင်၏။

မြင်တိုင်းလည်း နွမ်းလျမျက်နှာမို့ ရင်မှာ ပို၍ထိခိုက်ကြေကွဲရသည်သာ။

"သူလဲ ခံစားရမှာပေါ့ကွာ၊ နိုး ချင် လျက် ဝေးနေရတဲ့ဘဝ၊ နောက်ပြီးကိုယ့်ချစ်သူကို ကိုယ့်ရဲ့ တစ်ပါးသူတစ်ဦး နေဖို့ အတွက် လုပ်ကိုင်ပေးနေရတဲ့ အလုပ်သမားတစ်ဦးအဖြစ် မြင်နေရတာပဲ"

ပြောပြီး အောင်ကျော်ဦး ပင့်သက်ချသည်။ သီတာလည်း လာခဲ့မယ်ဆိုပြီး ခုထက်ထိ မလာသေးဘူးဟု ဆက်ကာ ပြော၏။

"ဘာပဲပြောပြော အနေအထိုင် ပိပိရိရိ ရှိပါစေကွာ၊ ငါနဲ့ မပေါင်းရတော့မယ့် အတူတူ ဖြစ်ချင်ရာဖြစ် ဆိုပြီး စိတ်အလို မလိုက်မိပါစေနဲ့ကွာ၊ သိပ်လဲ မကြာတော့ပါဘူး၊ ဆက်ပြီး ထိန်းသိမ်းပေါ့"

ဟန်အောင် ပြောရင်း အပြင်သို့ငေး၏။

* * *

ပေါ်တီကိုအောက်မှ ထွက်သွားသော ဆရာကိုမျိုးဝင်း ကားလေးကို ငေးတွေ ကြည့်မိလိုက်၏။ သည်မှာဘက် ကားပြတင်းမှ တစ်ငှဲကြည့်သွားသော နေခြည်ကိုမြင်စဉ် အကြည့်ကို ချက်ချင်းလွှဲပြီး ဖြစ်နေလေ၏။ အမြင်တစ်မြင်၊ အတွေ့တစ်တွေ့သည်ပင် ကြာရှည်ရန် မသင့်ဟုထင်သည်လေ။ ရင်ဆိုင်ဆုံမည့် မျက်ဝန်း အကြည့်တို့ကား ဘယ်အခါမှာ ခံစားမှုမဲ့နေတတ်ပါမည်လဲ။

"မင်္ဂလာဆောင်မှာကနှစ်လလိုသေးတယ်နော် ဆရာ"

"အင်း"

"ဒါဆို ကျွန်တော်တို့က ရှေ့လထဲအပြီးဖြတ်ရမှာပေါ့"

"ပြီးနိုင်ပါတယ်၊ ဘာကျန်တော့လို့လဲ ကိုမြင့်ကျော်ရဲ့"

ရယ်တစ်ဝက်ပြောဖြစ်သော်လည်း သံနေသည် ရှင်ရှင်ပျပျမရှိသည်ကို ကိုယ်တိုင်သတိထားဖြစ်၏၊ ရွှေဘော်အိမ်မှ လူးလွန့်ထွက်လာသော ရွှေဘော်စာကို ငေးနေဖြစ်၏။

"ဆရာ ကိုမျိုးဝင်းကလဲ မျက်နှာ လိုချင်လို့ တစ်ခုပြီးတာနဲ့ တစ်ခု ဒါလေး ဘယ်လိုလဲ....၊ ကောင်းရဲ့လား၊ ဟိုဟာ ဘယ့်နှယ်လဲ၊ ဘယ်လို လုပ်ချင်သေးလဲ၊ စိတ်တိုင်းမကျမှာစိုးတာက တစ်



မျိုး နားကိုငြီးရောဗျာ၊ ကောင်မလေးကလဲ မထိုတက်တေးရယ်၊ မိဘကို မလွန်ဆန်နိုင်လို့ ပဲ့လားတော့မသိဘူး၊ မသိဘူး၊ မပြောတတ်ဘူးပဲ ပြန်ပြောတယ်၊ ရယ်ရယ်ပြုံးပြုံးလဲမရှိဘူး၊ တကယ့်အေးတိအေးစက်ဗျာ"

ကိုမြင့်ကျော်စကားအဆုံးတွင်လွှတ်နေသော ရွှေဘော်ခုံတွင်ဝင်ထိုင်ရင်း ပင့်သက်ကိုချနေမိသည်။

"အခုလဲအပြင်ခေါ်သွားပြန်ပြီ၊ ဆရာ ကိုမျိုးဝင်းကတော့ တော်တော့်ကို ပျော်နေရှာတယ်ဗျ၊ သိလား၊ သူ့အလုပ်တွေအားလုံး ဆရာနဲ့ လွှဲထားပြီး သူကတော့ သူ့ကောင်မလေး နားမှာချည့်ပဲ၊ ဪ....ဒါထက် ဆရာ့ကို မနက်ကပြောသံကြားပါတယ်၊ အချိန်မှီ မပြီးနိုင်ဘူးဆိုရင် လူ ထပ်တိုးဖို့ဆိုလား၊ ဟိုဘက်တိုက်မှာကလဲမနိုင်မနင်းနဲ့ ကြည့်လုပ်ဦးဆရာ"

"ဖြစ်ပါတယ်ဗျာ၊ သူစိတ်ပူနေတာပါ၊ဒီမှာပဲ အခု သုံးနေတဲ့လူက ပိုတောင်နေသေးတယ်"

ပြောပြီး သဲ့သဲ့ရယ်ဖြစ်နေသည်။ ဆရာကိုမျိုးဝင်း၏ အပျော်တို့ တစ်ခဏကူးစက်သည်ပင် ထင်သည်။

ထိုင်ရာမှ ပြန်ထလိုက်ပြီး နံရံ အချောသပ်နေရာသို့ သွားရပ်ကြည့်နေမိပြန်၏။ မျဉ်းတံတိုက်လိုက်တိုင်း ကျန်ရစ်ခဲ့သော ပျဉ်ညီသားကို ငေးနေ ဖြစ်သည်ပဲလေ။

* * *

မှန်လည်ပြတင်းပေါက်တွင်ရပ်နေရာမှ အိမ်ကြီးဘက်သို့ ဖျတ်ခနဲ အကြည့်ရောက်မိစဉ် အပေါ် ပြတင်းမှ ခွာသွားသော နေခြည့်ကိုတွေ့၏။

ရင်သည် တစ်ခဏဘာ မငြိမ်ချင်ပြန်။ ဆွေးရိပ်သမ်းနေမည်ဖြစ်သောအကြည့်ကို ပြတင်းမှ အတန်ကြာသည်အထိ မခွာဖြစ်။ ဖြာကျနေသော နေရှိန်ကိုပင် သတိမထားဖြစ်ပြန်။

တမြည့်မြည့်ကျွမ်းလောင်နေသောရင်တွင်းသောကကို သတိထားဖြစ်မှ ရပ်နေရာမှ ပြတင်းမှခွာလိုက်၏။

ဆက်မနေချင်တော့သဖြင့် မှာသင့်သည်များကိုမှာပြီး တခြားဆောက်လက်စတိုက်သို့ကူးရန် ခြံတွင်းမှ ထွက်မည်ပြင်တော့ ဆရာကိုမျိုးဝင်းကားလေး ခြံတွင်း ဝင်လာသည်ကိုတွေ့သည်။

ဦးတည်မောင်းလာသဖြင့် လှမ်းနေသော ခြေကိုရပ်တန့်လိုက်ပြီး ဘေးစံပယ်ချုံသို့ ကပ်ကာ လမ်းပေးလိုက်၏။

"ဟိုဘက်ကူးမလို့လား သီဟ"

"ဟုတ်ကဲ့ ဆရာ"

"ငါ အခုတင်ပဲ အဲဒီဝင်ခဲ့သေးတယ်၊ ညနေဒီကိုပြန်လာဦးမှာလား"



"မလာတော့ဘူး ဆရာ"

"ဒါဆိုရင်လဲ ငါမလာမချင်း စောင့်နေကွာ၊ မင်းနဲ့ အေးအေးဆေးဆေး စကားမပြောရတာကြာပြီ၊ ညနေအိမ်မှာ ထမင်း လိုက် စား ပေါ့ ဟုတ်လား"

ဦးခေါင်းညိတ်ပြစဉ် အနီးမှ ကားလေး ဆက်ထွက်သွား၏။ ရပ်တန့်ထားသော ခြေကို ဆက်လှမ်းရင်း ခြံပြင်သို့ ထွက်လိုက်သည်။

ခြံပြင်ရောက်မှ တိုက်ကြီးဆီသို့ လည်ပြန် လှည့်ကြည့်မိလိုက်သေး၏။ သည်ခြံ သည်တိုက် ဆောက် စဉ် မှာ ပင်နေခြည်နှင့် တွေ့ခဲ့၊ စွဲလမ်းခဲ့ရပါလားဟု တွေးမိပြီး ဟိုစဉ်က အဖြစ်များကို အစီအရီ မြင်ယောင်လို့လာပြန်သည်။

သည်ခြံ၌ပင် ဆရာကိုမျိုးဝင်း ပြောခဲ့သည့် စကားကမတွေးမိပါပဲလျက် နားတွင်းသို့ ဝင်လာရသည်။

"ကိုယ့်ချစ်သူအပေါ် နားလည်ယုံကြည်မှုတွေနဲ့ သူ့ရဲ့တုံ့ပြန်ချက်ဆိုတာကို ထားပြီး အသက်ပေးမလောက် ချစ်တာကို ချီးကျူးတယ်"

ဆရာကိုမျိုးဝင်းကို တလေးတစား ဖြစ်လာရပြန်သည်လေ။ စကားအတိုင်း ဖြစ်လိမ့်မည်ဟုလည်းယုံကြည်နေမိပြန်သည်ပဲ့။

* * *

## အခန်း ( ၃ )

"ဒီခုံတန်းလေးမှာ ခဏထိုင်ရအောင်"

ကိုမျိုးဝင်း စကားသံကြောင့် ငဲ့ကြည့်စဉ် ကိုမျိုးဝင်း ခုံတန်းတွင်ထိုင်ပြီး ဖြစ်နေလေသည်မို့ လှမ်းလက်စခြေကို ဆက်မလှမ်းဖြစ်တော့ဘဲ ရပ်လိုက်မိသည်။

"လှာလေ မထိုင်တော့ဘူးလား၊ ပြောစရာ နည်းနည်းရှိလို့"

ပြောပြီး ထိုင်သာအောင် နေရာရွှေ့ပေးသည်။ ဘေးနေရာလွတ်တွင် ဝင်ထိုင်လိုက်ရသည်။ တိုက်သစ်လေးဘက်သို့ လှည့်ကြည့်စဉ် အလုပ်သမား တစ်ဦးနှင့် စကားပြောရင်း နောက်ဘက်သို့ ပတ်လျှောက်သွားသော သူ့ကို

တွေ့၏။ သည်မှာဘက်ပြန်လှည့်ပြီး ဦးခေါင်းကိုငုံ့ချထား ဖြစ်သည်။ ရွှေ့ဝဲကျလာသော ဆံပင်များကိုသိမ်းဖယ်ပြီး နောက်သို့ ပြန်ပို့လိုက်သည်။

"နေခြည့်ကို ကျွန်တော်အကဲခတ်ရသလောက် အရင်ကနဲ့ မတူဘူးလို့ ထင်တယ်၊ ရှင်ရှင်ပျပျ မရှိဘူး"

မည်သို့မျှပြန်မပြောဖြစ်။ ပြည်ပြည်ဝေ့နေသောလေကို သတိထားဖြစ်သည်။ အပင်ပေါ်မှ ငှက် က လေး များ အော်မြည်နေသံကို နားစွင့်ထားဖြစ်၏။

"ကျွန်တော်နဲ့ လက်ထပ်ရမှာကို နေခြည် ဘယ်လိုခံစားနေရလဲ၊ ကျွန်တော်ကတော့အရမ်း ပျော်နေမိတယ်လေ....တကယ်ပါ၊ နေခြည့်ကို ကျွန်တော် မြင်တွေ့စကတည်းက စွဲလမ်းနေခဲ့မိတာပါ"

ပြောပြီး ပင့်သက်ချသည်ဟု ထင်သည်။ ဆေးလိပ်မီးခိုးငွေ့က နှာဝတွင် လာဝဲ၏။ ငုံ့ချထားသောဦးခေါင်းကို ပြန့်မော့ပြီး တူရူခြံပြင်သို့ ပို့ထားသည်။

သူနှင့်ဆိုလျှင်ဟု အကြိမ်ကြိမ် တွေးဖြစ်ခဲ့သောအတွေးက ဝင်ချင်ပြန်သည်။ ဖြေသိမ့်မှုဖြင့် ရင်မှ သောကအပူကို မပြေငြိမ်းစေနိုင်မှန်း သိသည်း ဖြေသင့်သည့် အချိန်တွင် ဖြေရှင်း တမ်းတရသည်က အကောင်းဆုံးဟု တွက်ဆနေမိပြန်၏။



"ကျွန်တော်မေးတာ နေခြည် မဖြေသေးဘူးနော်"

"ဘာကိုလဲ"

"ဩော်...ကျွန်တော်နဲ့ လက်ထပ်၊ လက်တွဲရမှာကို နေခြည် ဘယ်လို ခံစားရသလဲ ဆိုတာပါ"

"ဘယ်လိုမှ မခံစားရပါဘူး"

ကိုမျိုးဝင်းထံမှ စကားသံ ထွက်မလာ။ ဆေးလိပ်ကို ရှိုက်ဖွာသည် ထင်သည်။ ရဲခနဲ ဖြစ်သွားသည်ကိုသတိထားဖြစ်၏။ အတန်ကြာမှ....

"ကိုယ့်ချစ်သူနဲ့ လက်တွဲရမယ်ဆိုရင် ဘယ်သူပဲ ဖြစ်ဖြစ် ပျော်ကြမော်ကြမှာပါ၊ ထားတော့လေ၊ ကျွန်တော့်ဘက်က အဲ့ဒီ ခံစားမှုတွေကို အပြည့်အဝ ခံစားနေရတဲ့အချိန်ပါ၊ နေခြည် စိတ်မပျော်ရင်နေ၊ စိတ်ဆင်းရဲမှု မရှိရင် တော်ပါပြီ"

လေးတွဲ့သောစကားများဟု ထင်သည်။ တငဲ့ငဲ့ကြည့်ရင်း ထိုင်ရာမှ ထသည်ကို တွေ့ရ၏။ သွားကြရအောင်ဟု ပြောသဖြင့် ထိုင်ရာမှ ဖြည်းလေးစွာ ထဖြစ်လိုက်၏။

"နေခြည့်မှာ ချစ်သူရည်းစား ရှိခဲ့ဖူးသလား"

မဖြေဘဲနေမိသေး၏။ ကိုမျိုးဝင်း ဒုတိယအကြိမ် ထပ်မေးပြန်သည်။

မည်သည့်ရည်ရွယ်ချက်ဖြင့် မေးလေသည်လဲ တွေးမိပြီး တစ်ချက်ငဲ့ကြည့်လိုက်မိ၏။

"ရှိခဲ့တယ်လို့ ပြောရင်လဲ့ရမှာပါ"

မည်သည့် စကားသံမျှ မကြားရပြန်။

"ကျွန်မ သူ့ကို သိပ် ချစ်ခဲ့တယ်၊ အခုလဲ ချစ်နေတုန်းပဲ မေ့လို့ ရမှာမဟုတ်ဘူး၊ နောင်လဲ ဒီအတိုင်း ရှိနေဦးမယ် ထင်တယ်လေ"

ပြောပြီ ခြေကို တန့်ရပ်သည်။

ကိုမျိုးဝင်း ရီဝေစွာ စူးစိုက်ကြည့်လာ၏။ ရင်ဖွင့်ပြောလိုက်ရသည်မို့ ပေါ့ပါးစွာ ဖြစ်လို့ လာရ၏။

"တကယ် ပြောနေတာလား နေခြည်"

"နေခြည် မလိမ်ပါဘူး"

"နေခြည် မေ့နိုင်အောင် ကြိုးစားပေးပါ"

"ရမယ် မထင်ဘူး"

ပြောပြီး နောက်သို့ပြန်လှည့်ကာ အိမ်ဘက်သို့လျှောက်ခဲ့၏။ ကိုမျိုးဝင်း မည်သို့ ခံစားသွားရမည်ကို မတွေ့ချင် မမြင်ချင်တော့။

ရင်မှ သစ္စာ စကားကို ပြောလိုက်ရသည့်အတွက်မူ ပီတိ ဖြစ်ရသည်ပါ။ သူ ကြားစေချင်၏။

သူ ကြားမှ ကြားပါလေစ။

အချိန်တိုင်းမှာ အတွေးအိမ်၊ အသိအိမ်၌ သူ အမြဲ ရှိနေလိမ့်မည်ပဲဟု လက်ရှိ ခံစားနေရမှုများကို သက်သေ တူ၍ ယုံကြည်နေမိသည်ပဲလေ။

* * *



ရပ်နေကျ ပြတင်းမှာ ရပ်ရင်း ဆောက်လက်စ တိုက်လေးဘက်သို့ ငေးရီနေမိပြန့်၏။ လက်မှနာရီကို တကြည့် ကြည့်ပြီး လာချိန်သင့်လျက် မလာသေးပါလားဟု တွေးကာ ပင့်သက်ကို ချနေမိပြန်သည်။

အဝေးဆုံး ဖြစ်ရပ်တွေကို မည်သူက ရင်ဆိုင်ဝံ့၊ ရင်ဆိုင်နိုင်မည်တဲ့လဲလေ။ နီးစပ်နိုင်မှု မရှိသေး သမျှ သည်နှယ် ကြိတ်မနိုင် ခဲမရဝေဒနာတို့ အုံကျင်းဖွဲ့ ဖြစ်တည် နေဦးမည်ပဲ။ ခံစားမဲ့၊ နာကျင်ခံခက် ဝေဒနာ တစ်ရပ် ပါပဲဟု သူ သိအောင် ပြောလိုက်ချင်၏။

ပေးဆပ်ချင်သူ တစ်ယောက်အတွက် တစ်ဖက်လူ၏ ဝေဒနာကို တွေးရင်း ဖြေမနိုင် ဆည်မရ ဖြစ်ရသည်ပါ။ မျှော်လင့်ရာ တစ်ခုအတွက် မျှော်လင့်မဲ့နေပြီလား။ ဘဝတာ ရည်ရွယ် မျှော်လင့်မှုမှာ သူလည်း ပါဝင်လေသည်ပဲ။

နှလုံးသား ခံစားမှု ရှိတည်နေသမျှ ဘဝခရီးအတွက် နှလုံးသား ခံစားမှုကိုလည်း ဦးစားပေးနေမိဦးမှည်လေ။

အတွေးအိမ်မှာ ထွက်ပေါက်မဲ့စွာ ဖြစ်နေလေတိုင်း နှလုံးသားမဲ့သူတစ်ယောက်သာ ဖြစ်လိုက်ချင်တော့သည်။ လုပ်ယူခြင်းကင်းလျက် သူ့အလိုအတိုင်း ဖြစ်တည်ခဲ့သော နှလုံးသားဆန္ဒအပေါ် လွန်ဆန်ရန်လည်း ခက်ခဲသည်ပဲ။

အသိတရားနှင့် တင်းခံခဲ့သေးသည်ပဲလေ။ မရသည့်အခါမှာအသိတရား၏ရွေးချယ်မှုအဆင့်များဖြင့်ပိုင်းဖြတ်ဆုံးဖြတ်ချက်ချခဲ့ရသည်ပဲ။

အသိတရားမလွတ်သောနှလုံးသားဆန္ဒမို့ ဘယ်ခါမှ ပြေပျောက်နိုင် မေ့နိုင်စွမ်းသည် မဟုတ်တော့ဟု ကိုယ်တိုင်သာသိနေရ၏။ ဝန်းကျင်ကိုလည်းဖွင့်ကာ ပြောလိုက်ချင်သည်လေ။ တစ်ဘဝလုံးအတွက် ရည်ရွယ်ခဲ့သည်မို့လည်း ရပ်တည်ရာကမ္ဘာကို ကြေညာလိုက်ချင်သည်ပဲ။

ပင့်သက်ကို တစ်ဝေ့ချစဥ် ခြံတွင်း ခေါင်းငိုက်စိုက်ချ ဝင်လာသောသူကိုတွေ့၏။ အခါတိုင်းနှယ် တွေ့ရလျှင်ပင် ရင်မှာအားတို့နှင့်အတူ ဝမ်းနည်းမှုကဒွန်တွဲဖြစ်ရပြန်သည်မို့ ဆွေးရိပ်သမ်းနေမည်ဖြစ်သော မျက်ဝန်းကြည့်တို့ကို ဖယ်ခွာရန် ကြိုးစားမိပြန်၏။

မရပြန်သောအခါ ဝမ်းနည်းမှု အစုကို နှလုံးသားအင်အားဆန္ဒတို့ဖြင့် တိုက်ဖျက်ရင်းဖြစ်နိုင်ခြေ အနာဂတ်မျှော်လင့်မှုများဖြင့် တိုက်ဖျက်နေမိပြန်သည်လေ။

အခါတိုင်းနှယ်ဖြစ်တည်စအင်အားမှာအလွမ်းအဆွေးနှယ်မျှင်တို့ ကပ်ကာ ပါလာပြန်သည်ပဲ့။ သည်နှယ်တို့ကို ပြတ်ပြတ်တောင်းတောင်း ဖြက်တောက်ပစ်လိုက်ချင်သည်လေ။

ဘယ်ခါ ပျောက်နိုင်မည်လည်းဟုသာ ရင်ဆိုင်နေရသော လက်ရှိဘဝကိုတွေးမိပြီး ကံတရားကိုပြန်လှန်မေးခွန်းထုတ်လိုက်မိ၏။



သည်မျှ ပြုစားရက်စက်ပြီးပါလျှင်လည်း ကျေနပ်ပါတော့ဟု ဘယ်ရယ်မဟုတ် တိုင်တည်မှုတစ်ခုကို တိုင်တည်နေမိပြန်သည်လေ။

ထိုအခါ ကိန္နရီ ကိန္နရာတို့၏အဖြစ်က အတွေးအိမ်မှာ ဝင်လာပြန်၏။ လင်တော်မောင် ကိန္နရာ မြားအခမှာ ကိန္နရီမ၏သစ္စာဆိုခန်းက ရင်သို့ဝင်ပြန်၏။

သူ့အား အသက်မကချစ်ပြီး တစ်ဘဝအတွက် ရည်ရွယ်မျှော်လင့်ကာ သူ၏လိုအင်ဆန္ဒအားလုံးကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးချင်ပါသည်။

ဤမှန်သော သစ္စာစကားကြောင့် ယခု နှစ်ဦးစလုံး ခံစားနေရသောအပူတို့ ပြေပျောက်ပါစေသားဟု နှုတ်မှ ရွရွ သစ္စာဆိုနေမိပြန်သည်လေ။

မျှော်လင့်မဲ့အနေကြောင့် ထိုသစ္စာစကားကိုပင်ယုံကြည်မှုမဲ့ချင်ပြန်၏။ စိတ်မှာ ဒွိဟ။ ကြည့်ချင်လျက် ကြည့်မည်မထင်။ ဖြစ်ချင်လျက် ဖြစ်မည်မထင်ပါလေ။

ထိုအခါ ဝမ်းနည်းမှုအစု၏ နှောင်ဖွဲ့မှုမှာ အလွမ်းအဆွေးတို့သည် ချည်တွဲပါကာ နှလုံးအိမ်ကို တမြည့်မြည့်လောင်ကျွမ်းအောင် စွမ်းဆောင်ပြန်လေသည်ပဲ။

ပင့်သက်တစ်ရှိုက်နှင့်အတူ ဝေဝါးနေသော အမြင်ကို ကြည်အောင်ကြည့်နေမိသည်လေ။ အင်အားမဲ့ သူ့ဟန်ကို သတိထားမိနေပြန်သည်ပဲ။

ခံစားခက် သောကကို သူ လည်းခံစားနေရသည်ပါလားဟု တွေးသိနေမိပြန်သည်။ ထိုအခါ သစ္စာစကားကို ပြန်လည်အားကိုးလို့ လာရပြန်သည်လေ။

သူ့ပုံရိပ်တို့ အမြင်မှ ပျောက်ကွယ်သွားမှ ရပ်နေရာပြတင်းမှ ခွာလိုက်သည်။ အချိန်ပြည့် အနားၡ နေချင်အချိန်ပြည့် ဘဝသစ္စာစကားတို့ကို ကြားချင်သည့် ဆန္ဒတို့အားထိန်းချုပ်ထားရဦးမည်ပဲဟု တွေးမိစဉ် နှလုံးသားသည် ကျဉ်စက်ထိသည်သို့ ရှိရပြန်သည်လေ။

သူလည်း ထပ်တူဝေဒနာ အပူတို့၏ တွန်းတိုက်မှုကို ခံစားနေရမည်ပဲ။ တွန်းလှန်နေရမည်ပဲဟု တွေးသိနေပြန်သည်။

တွေးသိနားလည် ယုံကြည်နေမိပါသည်လေ့။

* * *

"သမီးရေ....မောင်မျိုးဝင်း ရောက်နေတယ်"

ဖြစ်တည်စ မျှော်လင့်မှု အတွေးအိမ်တို့ ပျောက်လွင့်လို့ သွားရသည်ပဲ။ အင်အားမဲ့နေသော ကိုယ်ကို ပြန်လည် ထူမတ်လိုက်ပြီး ခုတင်ပေါ်မှ လျောဆင်းလိုက်သည်။

အခန်းတံခါးကို ဖွင့်ပြီး အပြင်သို့ ထွက်စဉ် မေမေ တစူးတစိုက် ကြည့်လာ၏။

"ဖရိုဖရဲနဲ့ သမီးရယ် နည်းနည်းပါးပါး လူမြင်ကောင်းအောင် ပြုပြင်ဦးမှပေါ့"



စကားအဆုံးမှာ ပင့်သက်နှင့် အတူ အင်္ကျီကို ပြန့်ရန်အောက်ဆွဲဆန့်ပြီး လုံချည်ကို သေသပ်အောင် ပြန်ဝတ်ာ မေမေ့ နောက်မှ ကပ်လိုက်ကာလှေကားမှ အောက်ပ်သို့ဆင်း၏။ ခြေအလှမ်းတိုင်းသည် သူနှင့် ဝေးရာစ်ဖက်အစွန်းသို့ သွားနေမိပါလားဟု တွေးမိစဉ်မှာမ်းစခြေလှမ်းသည် တန့်ရပ်ပြန်၏။

နောက်တော့ အားတင်းကာ ဧည့်ခန်းတွင်းသို့ ဝင်က်ရ၏။ သည်မှာ ဘက်သို့ လှမ်းကြည့်နေသော ကိုမျိုး်း၏ မျက်ဝန်းကြည့်ကို ရင်ဆိုင်ရင်း မျက်စောင်းထိုးက်တီမှာဝင်ထိုင်လိုက်ရ၏။ ပြည်ပြည်ဝေ့နေသောလေ သတိထားမိပြီး အပူရှပ်ကို ဟန်လုပ်ရဦးမည်ပါ ားဟု အသိကို ကပ်ထားမိလေသည်။

"အစောကိုလှဲ တစ်ခေါက်လောက် ခေါ်ခဲ့ပါဦး"

"ဟွတ်ကဲ့ မေမေက လိုက်ချင်တာ ကျွန်တော်က အလုပ်ကလဲ တစ်ဖက်ရှိနေတော့ ခေါ်မလာဖြစ်ဘူးလေ၊ တစ်ရက်လောက်တော့ ခေါ်ခဲ့ပါဦးမယ်"

ုံးတစ်ဝက် ပြောရင်း မေမေ့အလစ်မှာ တစ်ဝေ့သည်ကို တွေ့၏။ ကုန်သွားသော စီးကရက်တိုကိုခွက်တွင်း ထိုးခြေမီးသတ်ရင်းမှ....

"တိုက်ဘက်သွား ကြည့်ရအောင် လိုက်ခဲ့ဦးလေ"

ဟု ပြောပြီး ထိုင်ရာမှထရန်ပြင်သည်။ မေမေ့အကြည့် ရောက်လာသည်မို့ မငြင်းဖြစ်တော့ဘဲ ထိုင်ရာမှထလိုက်မိ၏။ဘယ်စကားကိုပဲဖြစ်ဖြစ် နာခံနိုင်အောင် ကြိုးစား။ သူရှေ့ကသွားရင် ကိုယ်ကနောက်ကလိုက်ရမယ်ဟု တစ်ခါက အပြင်သို့သွားရန် အခေါ်မှာ ငြင်းဆန်စဉ် ပြောခဲ့သော စကားကို ဖျောက်၍မရသည်မို့ မငြင်းဖြစ်တော့ခြင်းဖြစ်သည်။

နှစ်သက်ကြည်ဖြူသူနှင့်သာ တွဲတွဲသွားသွား နေချင်သည်ပဲလေ့။ ဒါကို အားလုံးသိလိမ့်မည် ထင်၏။

ကိုမျိုးဝင်း၏ရှေ့ ရောက်နေသောခြေကို နှေးလိုက်ပြီး အနားရောက်ယှဉ်လျက် လျှောက်ဖြစ်သည်အထိ လျှောက်နေ၏။ ပင့်သက်ကိုချရင်း ခြေတစ်လှမ်း အတိုးမှာ ယှဉ်လျက် ဖြစ်တော့မှာပါလား၊ ယှဉ်လျက် လျှောက်ရတော့မှာပါလားဟု တွေးမိတာ ခြေသည် တန့်တန့်တုံ့တုံ့ ဖြစ်၍လာရသည်လေ။

ထိုအခါ အခါတိုင်းနှယ် သူ့ပုံရိပ်ကို မြင်ယောင်ရင်း သူ့ကိုတောင်းပန်စကား ရင်၌ပြောပြီး သူနှင့်လျှောက်နေသည့် အဖြစ်ပါဟု ခံစားမှုကို လိမ်လည်ယူလိုက်ရသည် ပဲ့လေ့။

သူနှင့် ရင်ဆိုင်ရဦးမှာပါလားဟူသော အသိကြောင့် ရင်သည် ဆွတ်ဆွတ်ကျင်ကျင် ဖြစ်၍လာကာ ခြေအလှမ်းတွင် ဖြေသိမ့်မှုတို့သည် အားမဖြစ်ချင်တော့။

* *

## အခန်း (၄)

"ရုပ်ရှင်ကြည့်ဖို့ လာခေါ်တာ ဒီတစ်ပတ်
ရုံဝင်တဲ့ နိုင်ငံခြားကားက ကောင်းတယ်လေ၊
ကြိုတင်လက်မှတ်တောင် ယူလာခဲ့ပြီးပြီ"

ပြောပြီး ကိုယ်ကို တစ်ဝေ့ကြည့်သည်မို့ အဝတ်အစား လဲစေချင်သည်ပဲဟု အသိဝင်ပြန်၏။ ထိုင်ရာမှ မထဘဲ နေဖြစ်ပြန်တော့။

"သမီး....အဝတ်အစား သွား လဲ ချေ လေ။
တော်ကြာ ပြချိန်နောက်ကျနေဦးမယ်"

ဟု မေမေပြုံးတစ်ဝက် ဝင်ပြောလာသည်မို့ မထချင်ဘဲ ထလိုက်ရပြန်၏။ သူနှင့်သာဆိုလျှင်ဟု ဖြေတွေးက

ဝင်လို့လာပြန်၏။ ခြေလှမ်းခြေအကြွတိုင်းသည် အင်အားမဲ့နေသည်မှန်း သိသော်လည်း အားကိုမထည့်ဖြစ်ပြန်။

လှေကားလက်ရမ်းကို အားပြုရင်း မရွှေ့ချင်သောခြေကို သယ်မရ ဖြစ်နေသည်လေ။ အပေါ်ရောက်တော့ တစ်ဖက်က ဆောက်လက်စ တိုက်လေးကို မြင်နေရသည့် ပြတင်းမှာရပ်ရင်း ငေးကြည့်မိလိုက်သေး၏။

ပြတင်းမှခွာပြီး အခန်းတွင်းသို့ ဝင်လိုက်မိသည်။ ဗီရိုတံခါးကိုဖွင့်ထားသော်လည်း အဝတ်အစားများကို အတန်ကြာ ကြည့်နေဖြစ်သေးသည်ပဲ။

ပင့်သက်ကိုချရင်း အပေါ်မှာ ထပ် ဝတ် ထား သည့် လုံချည်နှင့် အင်္ကျီကို လဲဝတ်ကာ မှန်တင်ခုံတွင် ခဏထိုင်သည်။

ပြီးမှ အခန်းပြင်သို့ ထွက်ခဲ့၏။ တစ်ဖက်ဆောက်လက်စ တိုက်လေးသို့ ဝေ့အကြည့်မှာ ကိုမျိုးဝင်းနှင့်စကားပြောနေသော သူ့ကို မြင်သည်။ သူဦးခေါင်းငုံ့ချထားသည်ကို မှတ်မှတ်ထင်ထင်ရှိ၍ နေပြန်၏။

အရာရာမှာ အရှုံးနှင့်ချည်း ကြုံတွေ့နေရသော အဖြစ်လားဟု တွေးမိနေသည်လေ။

*

အခန်း (၅)

အတန်ကြာသည်အထိ ရွှေဘော်ခုံတွင် တွေဝေထိုင်နေမိသေး၏။ ရင်မှာ ဆွတ်ဆွတ်ကျင်ကျင် ခံစားနေရတုန်း။ အရာရာမှာ အရှုံးနှင့်ချည်း ရင်ဆိုင်ရတော့မည်လား တွေးမိသောအခါ တစ်ဘဝတာ မျှော်လင့်ရာတို့ဝေးကွာခဲ့ပြီပဲ၊ ကျန်အရာအားလုံးသည် စာမဖွဲ့လောက်ဟုအားတင်းနေမိပြန်သည်လေ။

ဖြစ်ခဲ့ပြီးမှ ရင်ဆိုင်ရန် ဝန်မလေးသင့်ဘူး တွေးမိပြီး မြင်ရရာ အပေါ်ထပ် ပြတင်းအား ငေးတွေ ကြည့်နေမိပြန်သည်။ မြင်ရလျှင် ခွဲခွာမှုတို့ အားဖြစ်လေမည်လား။ တွေ့လိုက်ချင်သေးသည်။ မြင်လိုက်ချင်သေး၏။

အားတင်း မာန်ခဲထားသော်လည်း ကြီးမားသော အရှုံးဆိုသည်ကို ရင်ဆိုင်လိုက်ရပြီပဲဟု တွေးသိနေပြန်၏။

ထိုင်ရာခုံမှ ဖြည်းလေးစွာ ထလိုက်ရင်း ခြေ ကို ကြွသည်။

လှမ်းနေဖြစ်သော်လည်း အသိသည် ကိုယ်နှင့်ကင်းကွာချင်၏။ လွှတ်မပေးဖြစ်ဘဲ ခါတိုင်းနှယ် ထိန်းထား ဖြစ်ပြန်၏။

ဆရာကိုမျိုးဝင်းကားလေး ခြံတွင်းမှ မောင်းနှင်သွားသည်ကို တွေ့၏။ ဝေဝါးသောအမြင်မှာ သည်မှာဘက်၌ထိုင့်နေသူသည် နေခြည်ပင် ဖြစ်လိမ့်မည်ဟု သိနေပြန်၏။

ခြံတွင်းမှ ကားထွက်သွားသည်နှင့် အံကို တင်းတင်းကြိတ်မိပြီး ခြေကို သွက်အောင်လှမ်းသည်။ ခပ်လှမ်းလှမ်းအရောက်မှာ ဆောက်လက်စ တိုက်လေးကို ငေးကြည့်မိလိုက်ပြန်၏။ အလုပ်သမားအားလုံးကား အပူအပင်မဲ့နေသည့်နှယ် လုပ်လက်စတို့မပြတ်။

ပြီးသလောက်နှင့် ပါဝင်ခွင့်သလောက် ပါဝင်ကာ လက်ဖွဲ့လက်ဆောင်အဖြစ် ထားရစ်ခဲ့ပါပြီဟု ရင်မှာပြောဖြစ်တော့ ဝမ်းနည်းဆွတ်ကျင်မှုတို့ ဖြစ်လို့ လာရပြန်သည်လေ။

ဝေ့ဝိုင်းသော မျက်ရည်ကြည်ကို သတိထားဖြစ်ပြီး ကိုယ်ကိုပြန်လှည့်ကာ ခြေကိုဆက်၍လှမ်း၏။

* * *

## အခန်း ( ၆ )

အလုပ်သိမ်းပြီး တစ်သုတ်ချင်း ပြန်သွားကြတော့မှ သည်နေ့လည်း သူ အလုပ်မလာပြန်ဘူးဟု တွေးမိကာ ပင့်သက်ကိုချမိပြန်သည်။ ရင်မှာ စိုးရိမ်မှုတို့ အထွတ်သို့ရောက်ပြီပဲ။

သူ နေမျှားမကောင်းလို့လား ဟူသော အတွေးက စဉ်ဆက်မပြတ်ဝင်သည်ပဲ။ အနား၌ မည်သူပြုစုနေမည်လဲ။ ယုယနေမည်လဲဟု ဆက်ကာ တွေးနေမိသည်လေ။

ပထမနေ့တွေက ကိုမျိုးဝင်းကို မေးကြည့်မည် လုပ်သေးသော်လည်း မေးရန် မဖြစ်ခဲ့သည်မှာ ယခုအချိန်အထိ။

ဘာပဲဖြစ်ဖြစ်၊ ဘာပဲထင်ထင် မေးကြည့်တော့မည် စိတ်ကူး၏။ ရင်မှာ စိုးရိမ်မှုသောကကို ဖြေဖျောက်ခြင်းငှာ မစွမ်းသည်ပဲ။ ရင်မှာ လေးလံနေမှုကို သတိထားဖြစ်ပြီး သောကအပူတို့သည်မျိုးစုံထောင့်စုံမှ စုပြုံတိုးတိုက်လွန်းပြီလား တွေး၏။

အပူသည်၏ကူကယ်သူမဲ့နေသည့် အဖြစ်လေ။

ရင်မှ သောကတို့ကို ပြေပျောက်စေမည့်တစ်နေ့၊ ပြေပျောက်ခြင်းငှာ စွမ်းမည့်သူဟု အတွေးမှာသိသော်လည်း စွန့်စားဖို့ရန် အားမဖြစ်ပြန်။

မိဘဆိုတာ ကောင်းစေချင်တဲ့စေတနာပဲရှိတယ်၊ အဲဒီအတွက် ကိုယ့်ဘက်က သူတို့စေတနာကို အတတ်နိုင်ဆုံး လိုက်နိုင်အောင် ကြိုးစားဟု ပြောခဲ့သော ကိုကို့စကားတို့ကို ပြန်၍ကြားယောင်နေမိပြန်သည်လေ့။

အနစ်နာ ဟူသောစကား၊ စေတနာဟူသောစကားတို့ကို အဓိပ္ပာယ်ဖွင့်ကြည့်မိပြန်၏။

နေလုံးကွယ်ကာ အမှောင်သည် ကြီးစိုးစ ပြုပြီမို့ ပြတင်းမှခွာကာ ပင့်သက်ကို တစ်ဝေ့ချလိုက်မိသည်လေ။

သူ သတိမှ ရပါစေလေ။

* * *



ထိုင်နေရာ ဧည့်ခန်းတွင်း ဝင်လာသူကို မော့အကြည့်မှာ ကိုမျိုးဝင်းဖြစ်နေသည်မို့ ရုတ်တရက်ထမိမည့် ကိုယ်ကို ပြန်ထိန်းထားရသည်ပဲ။

"ဦးနဲ့ ဒေါ်ဒေါ်ရော နေခြည်"

"ဖေဖေအလုပ်သွားတယ် မေမေတော့ရှိတယ်၊ သွားခေါ်ပေးမယ်လေ"

ပြောပြီး ထိုင်ရာမှ ထ လိုက်သည်။ တစ်ဦးတည်း နေရန်ကို ရှာဖွေနေချင်၏။ ဟိုရောက် သည်ရောက် အတွေးများဖြင့် လွမ်းချင် တွေးချင်နေ၏။ တမ်းတ မှန်းဆရင်းဖြေသိမ့်နေချင်၏။

"နေပါစေ သွားမခေါ်နဲ့တော့၊ နေခြည်နဲ့ပဲ စကားပြောတာပေါ့"

ပြောပြီး ထိုင်ခုံမှာ ထိုင်သည်။

စီးကရက် တစ်လိပ်ကို မီးညှိပြီး တစ်ဝေ့ကြည့်သည်ကို သတိထားဖြစ်သည်။

"တိုက်က ရွှေ့လလောက်ဆိုပြီးမယ်၊ တိုက်ပြီးတာနဲ့ အားလုံး စီစဉ်စရာရှိတာ စီစဉ်မယ် စိတ်ကူးထားတာပဲ၊ ဒါပေမယ့် အဲဒီအချိန်ကျရင် မေ့တာကျန်တာတွေဖြစ်မှာ စိုးတယ်လေ၊ ဒါကြောင့် မို့လို့ အတွင်းပရိဘောဂကို ဒီနေ့ပဲ သွားဝယ်

မလားလို့ စိတ်ကူးတယ်၊ ဖိတ်စာကိုလဲ မနက်ဖြန်လောက် သွားအပ်မယ်လေ၊ အဲဒါ နေခြည် လိုက်ခဲ့ပါလား၊ ကိုယ်ကြိုက်တာ ကိုယ်ရွေးဝယ်လို့ ဖြစ်တာပေါ့၊ ဒိမ်တွင်း ပြင်ဆင်မှုက အိမ်ရှင်မရဲ့ လက်တွင်းမှာ ရှိနေတယ်လေ''

တစုံးတစိုက် ကြည့်ရင်း ပြောလာသည်ကို မည်သို့မျှ ပြန်မပြောဖြစ်ဘဲ ပြတင်းမှ အပြင်သို့ ငေးတွေ ကြည့်နေမိလိုက်၏။

နီးကပ်လာသော အဆုံးတိုင် ဝေးကွာမှု ရက်များပါလားဟု တွေးမိကာ နှလုံးအိမ်သည် တဆစ်ဆစ် နာကျင်လို့ လာရပြန်၏။

''ဘယ်လိုလဲ၊ နေခြည် လိုက်မယ်မဟုတ်လား''

ပင့်သက်ကို ချဖြစ်လိုက်၏။

''ကျွန်မ မလိုက်ချင်ဘူး၊ ကိုမျိုးဝင်းပဲ ကြိုက်သလို စီစဉ်ပါ''

''မဟုတ်သေးဘူးလေ''

ပြုံးတစ်ဝက် အပြောအဆုံးမှာ ဦးခေါင်းကို တစ်ဖက်သို့ ပြန်လှည့်လိုက်၏။ လှုပ်ခတ်နေသော ခန်းဆီးလိုက်ကာစက အမြင်တွင်း ဝင်လာသည်။

''ကျွန်တော် ကြိုက်တာကို ရွေးတန်း မတင်ချင်တာရယ်၊ နောက်ပြီး နေခြည်လဲ့ အမြင်လေး ဘာလေး ထွက်တော့ အညောင်းအညာ ပြေစေချင်တာရယ်ပါ လိုက်ခဲ့ပါ၊ အိမ်တစ်အိမ်အတွက်



မရှိမဖြစ် လိုအပ်တာကို အမျိုးသမီးတွေလောက် ကျွန်တော်တို့က ပိုပြီး မသိနိုင်ဘူးလေ၊ နောက်ပြီး လိုက်ကာကအစ ဘာအရောင် ဘာအပွင့်ဆိုတာ လိုက်ဖက်အောင် ကျွန်တော် မရွေးချယ်တတ်ဘူး၊ ဒါကြောင့်ပါ''

ပင့်သက်ကို ချလိုက်မိပြန်၏။

''ကျွန်မ ဒီနေ့အပြင် မထွက်ချင်လို့ပါ''

သည်တစ်ခါတော့ ကိုမျိုးဝင်းပင့်သက်ချကာငေးစိုက်ကြည့်လာ၏။

''ဒါဆိုရင်လဲ နေခြည်အပြင် ထွက်ချင်တဲ့နေ့ပေါ့လေ လိုအပ်တာတွေ မှန်သမျှ နေခြည်ပဲ စာရင်းလုပ်ထားလိုက်ပါနော်၊ ဝယ်တဲ့ ရှာတဲ့ အခါအချိန်မကုန်တော့ဘူးပေါ့''

''ဟုတ်ကဲ့''

အလိုက်သင့် ပြောနေမိသော်လည်း စိတ်ကမပါ။ ဗိုင်ရာမှ ထရင်း....

''တိုက်ဘက် လိုက်ဦးမလား၊ အပြီးသတ် အချောကိုင်တာတွေက အရေး ကြီးတယ် လေ၊ စိတ်တိုင်းကျ ဖြစ်အောင်ပါ။ ကျွန်တော်မရောက်

သေးရင်လဲ သွားကြည့်ပြီး လိုအပ်တာ၊ လိုချင်တဲ့ ပုံစံကို သူတို့ကို ပြောပေါ့''

''တိုက်ဘက်လဲ မလိုက်ချင်ဘူး ကိုမျိုးဝင်း ကျွန်မ တကယ်ငြိုးငြိုးငွေ့ငွေ့ ဖြစ်နေလို့ပါ''

အံတစ်ချက် ကြိတ်လိုက်သည်လား မဆိုနိုင်။ အခန်းပြင်သို့ ကိုမျိုးဝင်း ထွက်သွားမှ ရင်မှပေါ့၍ ကျန်ရစ်သည်။

* * *

## အခန်း ( ၇ )

ပန်းပင်များ ရေလောင်းနေရင်းမှ သူအလာကို မျှော်နေမိပြန်၏။ တွေ့နေရလေ ပိုလွမ်းလေ ဖြစ်ရသော လည်း နှလုံးသားမှာ အားတစ်ခုအဖြစ် တွယ်ငြိချင်သည်လေ။ သည်အခါမှသာ လွမ်းရ ဆွေးရမှုများကို ပျော်မွေ့လေမည်ပဲ။ နှလုံးသားကို သူသည်သာ ပိုင်စိုးလေသည်မို့ သူနှင့် ပတ်သက်၍ မျှော်လင့်မှုတို့ ဆုံးရှုံးရသည့်တိုင်တစ်ဘဝတာအတွက်လုံလောက်အောင် ဆောင်ကြဉ်းယူသွားချင်သေး၏။

မျှော်လင့်ချင်သေး၏။

ချစ်ရသူ ရင်ခွင်ထက်၌ ဘဝအမောတို့ကို ပြေပျောက်စေချင်သေးသည်ပဲ။ ချစ်စကားတို့ကို တစ်ဘဝတာလုံး ပြောချင်၏။ ထို့နည်းတူ သူ့နှုတ်ဖျားမှ ကြားချင်၏။ မနားတမ်း နားယူချင်သည်။ ပြောလိုက်ချင်သည်လေ။

ရင်တွင်းဖြစ် သံစဉ်လှိုင်းတို့က သာယာနာပျော်မှု မရှိလေတော့ပြီပဲ။ သက်ဆုံးတိုင် ရှိနေတော့မည်လေ။

သူနှင့်စတွေ့စဉ် ကတည်းက အိပ်ရာဝင်တိုင်း တောင်းခဲ့သည့်ဆုကို ယခုတိုင် မျှော်လင့်မှုတို့ အပြည့်ဖြင့် မြတ်ဘုရားရှေ့ ဆုတောင်း အခါခါ ဆိုမိတုန်း။

ချစ်ရသူနှင့် ဘဝဆက်တိုင်း ပေါင်းဖော်ရပါစေသားဟု သူ့ကို သတိအရမှာ နှုတ်မှ ဖွဖွ တောင်းဆု ဆိုလိုက်မိပြန်၏။

ဘယ်သူက ချစ်ရသူနှင့် ကွေကွင်းချင်ပါ့မည်လဲ။

ချစ်သူ့ ရင်ခွင်ထက် လုံခြုံသော ဘဝသည် အဘယ်မှာ ရှိပါမည်လဲ။

ချိုသော စကား၊ အယုအယ၊ အကြင်အနာ တို့သည် ချစ်သူကလွဲ၍ အဘယ်သူတို့ ဆောင်ကြဉ်းနိုင်လေမည်လဲ။

ဘဝအမောကို ပြေပျောက်စေနိုင်မည် တဲ့လဲလေ။

ထိုအရာတို့ ကွယ်ပျောက်မှု အတွက် သက်မဲ့ စက်ရုပ်တစ်ဦးနှယ် ဖြစ်ရမည်ပဲ။ သေသည် အထိ ကျမ်းမြည့်စွာဖြစ်ရတော့မည်လေ။

လက်မှ နာရီကို မြောက်ကြည့်လိုက်မိပြန်၏။



အလုပ်သမားတစ်ဦးဖြစ်သူ ဦးမြင့်ကျော်ကို တွေ့တော့ သူ့အကြောင်းကို မဖြစ် ဖြစ်တဲ့နည်းနှင့် မေးတော့မည်ဟု ယတိပြတ် ဆုံးဖြတ်မိနေ၏။

ဦးမြင့်ကျော် သည်မှာဘက်သို့ လျှောက်လာသည်ကို အနားသို့ ရောက်သည်အထိ စောင့်ခနမိလိုက်သည်။

"ဦးမြင့်ကျော် ဘယ်သွားမလို့လဲ ခဏလောက် အချိန် ရမလား"

"ဩော်....ရပါတယ်၊ အပြင် ဆေးလိပ် သွားဝယ်မလို့ အိမ်မှာ မေ့ကျန်ခဲ့တယ် လေ"

ရယ်တစ်ဝက် ပြောရင်း အနားသို့ လျှောက်လာ၏။ မေးဖို့ သင့် မသင့် ချိန်ဆမိ နေပြန်သည်။ နောက်ဆုံး ပင့်သက်ကို ချပြီး....

"ကိုသိဟ တစ်ယောက် အလုပ် မဆင်းတာ ကြာပြီ၊ ဘာများဖြစ်နေလို့လဲ အဲဒါ ဦးမြင့်ကျော် များ သိမလားလို့ပါ"

မေးပြီး ကြည့်နေဖြစ်၏။ ဦးမြင့်ကျော် မျက်နှာ တစ်ချက် ပျက်သွားပြီး ပင့်သက်ချကာ တိုက်သစ်လေးဘက်သို့ ငေးတွေ ကြည့်နေသေး၏။

"ပြောပါဦး"

သည်မှာဘက်သို့ ပြန်လှည့်လာသည်။

"နေခြည် မသိဘူးလား"

"ဟင့်အင်း"

"တကယ် မသိတာလား နေခြည်၊ ဆရာကိုမျိုးဝင်းကရော ပြောမပြဘူးလား"

"ဟင့်အင်း....တကယ်မသိတာပါ၊ ကိုမျိုးဝင်းကလဲ ပြောမပြဘူး"

ဦးမြင့်ကျော် ဘေးဆီဝေ့ဝဲကြည့်သည်။ ပြီးမှ သည်မှာဘက်သို့ ပြန်လှည့်ရင်း....

"ဟို....ဆရာကိုမျိုးဝင်းက အလုပ် နားခိုင်းလိုက်ပြီ၊ ဘာဖြစ်လို့လဲဆိုတော့တဲ့ နေခြည်က မမြင်ချင်ဘူး အလုပ်အပေါ် သစ္စာမရှိဘူး ပြောလို့တဲ့အဲဒါ"

"ဟင်...."

အံ့ဩတကြီးဖြစ်ခြင်းနှင့်အတူ ဝမ်းနည်းစိတ် ဒေါသစိတ်များ ဆင့်ကာဆင့်ကာ ဖြစ်ရပြန်သည်။

တိုက်သစ်လေးဘက်သို့ တစ်ချက် ပြန်ကြည့်ဖြစ်ပြန်၏။ အုံကိုတင်းစေ အောင် ကြိတ်ထားမိလိုက်သည်။ အားမဲ့ပုံရိပ်ကက မြင်လွှာမှာ ရစ်ရစ်ဝဲဝဲ။

"သွားလိုက်ဦးမယ်"

ပြောပြီး တုံ့ပြန်မှုကိုပင်မစောင့်တော့ဘဲ ဦးမြင့်ကျော်အနီးမှ သွက်သွက်လှမ်းသွား၏။

* * *



ရှုံးသူအတွက် အရှုံးတို့ကို ဆင့်စေသလသည်လား။ သို့တည်းမဟုတ် အရှုံးကို ထပ်ကာလောင်းလျက် အင်နှင့်အားနှင့်ဖိချက်စေသည်လားဟု တွေးဖြစ်နေ၏။

ရင်မှာ သူ့အတွက်ဝမ်းနည်းခြင်းကြီးစွာဖြစ်၍နေရ၏။ ကိုမျိုးဝင်းနှင့် ကံကြမ္မာအပေါ် ဒေါသတကြီးဖြစ်ကာ အံကိုတင်းစေ့အောင် ကြိတ်၍ ထားမိလေသည်။

ကိုယ့်အတွက်မူ အားငယ်ခြင်း၊ ယူကျုံးမရ ဖြစ်ခြင်းတို့ဖြစ်၍ နေရသည်ပဲ။ ရှင်သန်နေရသည်ကိုပင်မလိုလား၊ လက်မခံချင်တော့လောက်အောင် ဖြစ်၍ နေရသည်လေ။

အံတင်းထားပါလျက် အားမဲ့နေသည့်အဖြစ်။ မျက်ရည်တို့က မျက်တောင်အခတ်ကို စောင့်သင့် နေသည်မှန်းသိသော်လည်း ရီဝေသောအမြင်ကိုကြည်လင်စေရန်အတွက် မျက်တောင်မခတ်ဖြစ်။ ညောင်းညာသောမျက်ခွံကို သိမ်းနေဖြစ်ပြန်၏။

မရတော့သည့်အချိန်မှာ တစ်ဖျတ် ခတ်သည်။

မျက်ရည်ပူတို့ လိမ့်ကာဆင်း၏။

အနေခက် အားဖြခက်သော အချိန်တစ်ချိန်ပါလားဟု ယူကျုံးမရခြင်း ကြီးစွာတွေးဖြစ်ပြန်ပါ၏။

မျှော်သင့်မှု ပေးခြင်း မဟုတ်သော်လည်း နာကြည်းသွားမှာ၊ မုန်းမေ့သွားမှာ စိုးမိပါသည်လေ။ ချစ်သူ၏

အငြိုးအငြင်၊ အမုန်းအမဲ့ကို မည်သူသည်လက်ခံယူဝံ့မည်နည်း။ လက်ခံယူခဲ့သည့် အင်အားတို့မရှိပါလေ။

ဝေးရသည့်တိုင် ချစ်သူကို သတိတရ လွမ်းနေမိဦးမည်ပဲ။

သည်အဟိုင်းပင် ချစ်သူကလည်း ရှိနေစေချင်၏။

ခွဲခွာခြင်းမှာ နာကြည်းမှုတို့ ရောပြွန်းမနေစေချင်။ ချစ်ခြင်းဟူသည်ကို ပုံမပျက်စေချင်။ ကမ္ဘာ တည်သရွေ့ တည်မြဲစေချင်၏။

လမ်းအခွဲသည်ပင် ချစ်ခြင်း၏စေရာခံစားမှုအစုတို့ဖြင့် လမ်းခွဲစေချင်သည်။

နားလည်စွာ၊ နာကြည်းမှု မဟုတ်ပါလေ။

ခွင့်လွှတ်စွာ၊ စွန့်လွှတ်မှု မဟုတ်ပါလေ။

မတတ်သာ၍ လမ်းအခွဲ ဆိုသည်တို့ ရှိနေမှာပါ။ မည်သူက ကိုယ့်ချစ်သူနှင့် လမ်းခွဲချင်ပါမည်နည်း။

ထိုအသိတို့ ရှိနေစေချင်၏။

ရှိနေခြင်းဖြင့် ရင်မှာအချစ်တို့ တည်စေချင်၏။

ဒါသည်ပင် ချစ်ခြင်း၏ အနှစ်မဟုတ်ပါလား။

နှလုံးသားချင်းကား ထာဝရ နိုးစပ်နေစေချင်ပါသည်လေ၊

နေစေချင်ပါ၏။

* * *

## အခန်း ( ၈ )

''တစ်ဖက်အနေကကြည့်ရင် ဖြစ်သင့်ဖြစ်ထိုက်ပါတယ်၊ မင်းရှိနေတယ်ဆိုတော့ စိုးရိမ်မှာပေါ့၊ သိလျက်နဲ့ ခွင့်လွှတ်မယ်ဆိုတာ လူသားတိုင်းမှာ မရှိပါဘူးကွာ၊ ဒါပေမယ့် နေခြည်က မမြင်ချင်ဘူး၊ အလုပ်အပေါ် သစ္စာမရှိဘူး ပြောလို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး၊ မင်းပြောသလို မင်းတို့ဖြစ်ခဲ့ကြတယ်ဆိုတာ သိလို့နေမှာပေါ့''

ပြောပြီး အောင်ကျော်ဦး ဆေးလိပ်ဖွာသည်။ ကုက္ကိုပင်စည် ပြတ်ပေါ်မှ ထလိုက်ပြီး တူရူသို့ ငေးနေမိ၏။ အမြင်အားလုံးအတွက် အမှတ်အသား ရှိသည်ကား မဟုတ်။

"ဟိုစကား တစ်ခွန်းကတော့ မင်းအတွက် ဖြေသာစာပေါ့"

"ဘယ်စကားလဲ"

"သြော်.... ကို မြင့် ကျော် ကြား တယ် ဆို တဲ့ စကားလေ၊ ဘာတဲ့ ချစ်ခဲ့တယ်၊ ချစ်နေတုန်း မေ့လို့ရမှာ မဟုတ်ဘူး၊ နောက်လဲ ဒီအတိုင်းရှိနေမယ်ထင်တယ် ဆိုတဲ့ နေခြည့် စကားလေ၊ အဲဒီစကားနဲ့တင် နေခြည်ပြောတာ မဟုတ်နိုင်ဘူးလို့ ယူဆရင် ရနိုင်ပါတယ်"

ကိုမြင့်ကျော် ကြားခဲ့သည်ဆိုပြီး ပြောခဲ့သည့် စကားများကို ပြန်ကြားသည်။ ထိုစဉ်က အာရယ်မဟုတ် စကား ထပ်ပြောခဲ့သော ကိုမြင့်ကျော်စကား။ သက်ဆိုင်သူကို ပြောနေမိသေး မသိသည့်စကားအစု၊ အကြားမှာ ဘယ်မျှ ထိခိုက် နာကျင်သွားလေသည်လဲ၊ ပြောသူ ကိုမြင့်ကျော် ကိုယ်တိုင် မသိမိခဲ့သည့် စကားပါလားဟု တွေး၏။

ရင်၌မူ သမုဒ္ဒယရှပ်ကြွင်းအဖြစ် မသိမ်းမိပါပဲ ကိန်းကျန်ရစ်ခဲ့သည်ပဲ့။

"ပြီးခဲ့ပြီပဲလေ"

နှုတ်မှ ဖွဖွရေရွတ်ရင်း အံကိုတင်းတင်း ကြိတ်ထားလိုက်မိပြန်၏။ ကိုယ့်ကိုယ်ကိုအားတင်းသည့် စကားအဆုံးမှာ ကိုယ်တိုင်ပင် လက်ခံရန် ယုံကြည်ရန်မရ။



အမြတမ်း လွမ်းဆွတ် သတိရနေမိသည်ကို ကိုယ်တိုင်သာ အသိပင်။

အိမ်ဘက်သို့ နှစ်ယောက်သား လျှောက်၏။

လေအသုတ်တွင် ကြွေကျလာသောရွက်ဝါကရှေ့မှာ ဝဲ့ဝဲ့ဝဲရင်း ခြေခုံပေါ်မှာတင်သည်။ ဆတ်ခါချလိုက်မည် လုပ်ပြီးမှ မလုပ်ဖြစ်တော့ပြန်။ ခြေအလှမ်းမှာကျကျန်ရစ်ခဲ့သောရွက်ဝါကို လှည့်ကြည့်နေမိသေးသည်လေ။

သင်းသော စံပယ်နံ့ကို အရမှာ အောင်ကျော်ဦး နောက်သို့ ဆက်လိုက်၏။

"မင်းတို့အကြောင်းကို ကိုမျိုးဝင်း သိသွားရအောင် အလုပ်ထဲက ဘယ်သူတွေကို သွားပြောရင်ဖွင့်မိသေးသလဲ"

ရှိုက်ဖွာပြီး ဆေးလိပ်ကို ကမ်းပေးရင်း မေးသည်။ ယူလိုက်ပြီး မဖြေဖြစ်သေးဘဲ ဆေးလိပ်ကို ရှိုက်ဖွာနေမိသေး၏။

"ဟင့်အင်း၊ ဘယ်သူ့ကိုမှ မပြောပြမိပါဘူး၊ တစ်ဖက်သားနစ်နာနိုင်လောက်တဲ့စကားပဲကွာ၊ ငါဘယ်ပြောပြပါ့မလဲ၊ ပျက်စီးရာ ပျက်စီးကြောင်းလဲ ငါမတွေးမိဘူး၊ ဖြစ်ပြီးတာတွေအားလုံးကို ငါမေ့ပစ်ချင်တယ်၊ ရှေ့ဆက်ဖို့လဲ ငါမှမကြိုးစားခဲ့ဘဲကွာ၊ နစ်နာဆုံးရှုံးမယ့် အဖြစ်တွေကို ဦးတည်စေမယ့်ဟာပဲ"

အိမ်ပေါ်တက်ရအောင်ကွာဟု အောင်ကျော်ဦးပြောသည်ကို မတက်ချင်တော့ဘူးကွာဟု ပြန်ပြောလိုက်ပြီး ခုံတန်းလေးရှိရာသို့ လျှောက်လိုက်သည်။

"နေခြည့် မိဘတွေကရော မင်းကို အလုပ်ထုတ်လိုက်တဲ့အကြောင်းနဲ့ မင်းနဲ့ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းကို သိသေးသလား"

"အဲဒါတော့ မပြောတတ်ဘူး၊ သိသွားလဲ ဆရာ့လို နေမှာပေါ့ကွာ၊ သူတို့ အတွက်ကတော့ အမှိုက်ရှင်းလိုက်တယ်လို့ပဲ ယူဆမှာပေါ့"

ပြောပြီး ခုံတန်းတစ်ဖက်စွန်းတွင်ထိုင်သည်။ အောင်ကျော်ဦးပါ ဝင်ထိုင်လိုက်သဖြင့် အခင်းပြားအနည်းငယ် အိကျသွား၏။ လေဝှေ့လိုက်သဖြင့် ကုက္ကို ရွက်ဝါတို့ တသဲသဲကြွေကျလာ၏။ ကိုယ်ပေါ်သို့ကျလာသော ရွက်ဝါတို့ကို လက်ဖြင့် သပ်ခါလိုက်ပြီး....

"ငါ့ကို ထွက်ဖို့လာပြောတော့ ကိုမြင့်ကျော်ကတောင် စိတ်မကောင်းဘူး၊ ဟုတ်လို့လား ဆရာရယ်၊ ဆရာသိဟာအကြောင်း ကျွန်တော်တို့ အသိဆုံး ပါလို့ ဝင်ပြော တောင်းပန်ပေးသေးတယ်၊ ဆရာက လက်မခံတာလေ"

အမြင်သည် ယခုတိုင် မပျောက်သေး။ ဝမ်းနည်းမှုနှင့် နာကျင်လာရသော ရင်ခံစားမှုကို ဖုံးကွယ်ထားရသည့် ထိုခဏကို ပြန်လည် ခံစားလို့လာက ရပြန်၏။



ဆရာ့ဘက်က ဖြစ်သင့်ဖြစ်ထိုက် လုပ်သင့် လုပ်ထိုက် သည်ပဲဟု ဖြေတွေးတွေး နေမိပြန်၏။

နောက်....နေခြည်နဲ့ အပြင် ထွက်သွားတော့မှ ငါလဲပြန်လာခဲ့တာ ငါ့ကို ထုတ်ပစ်တဲ့အချိန်မှာ နေခြည့်ကို မရှိစေချင်တာနဲ့တူတယ်"

ပြောပြီး ပင့်သက်ကို ချမိနေပြန်၏။

* *

တစ်ယောက်တည်း တိတ်ဆိတ်စွာ နေခြင်းက နေခြည့်ကို သတိတရ ရှိလာစေပြန်သည်။ သည်အခါတော့ နောက်ဆုံး အတွေးပင် ဖြစ်စေတော့ဟု စိတ်ကို ချုပ်တီးမထားတော့ဘဲ ဖြစ်ချင်ရာ မျှော်လင့်ရာ မျှော်မှောဖွယ်တို့ကို စဉ်ဆက်မပြတ် တွေးယူသော်လည်း အားမဲ့သော ရင်မှာ အလွမ်း၊ အဆွေးတို့သာ ပိုကဲမင်းမူလေသည်နေခြည်။

သတိတရ လွမ်းဆွတ်ခြင်းဟု သိုင်းချုံလို့ထားလေ့သည်ပဲ။

နေခြည်ရေ....တမ်းတမိပြန်ပေါ့။

နေခြည်ရော သတိမှ ရမှ ရပါလေစ။

* * *

"မနက်ဖြန် ငါပြန်မယ်၊ မင်း ငါနဲ့ လိုက်ခဲ့ပါလား"

"မလိုက်ချင်ဘူးကွာ၊ အခုလိုပဲ လွတ်လွတ်လပ်လပ် နေချင်တယ်"

စကားအဆုံးမှာ ကျော်ဆန်းတင့် ကြည့်သည်။

"လိုက်သွားပါလားကွာစိတ်ပြေလက်ပျောက်ပေါ့"

ဟန်အောင်က ဝင်ပြောရင်း ခုံစွန်းတွင် ချထားသော ဆေးလိပ်ကို ယူပြီး မီးပြန်ညှိနေ၏။ ဆိုင်ပြင်သို့ လှည့်ထားသော မျက်နှာကို ပြန်မလှည့်ဖြစ်။ ရင်တွင်း ဆန္ဒအားလုံး မျက်နှာပြင်၌ ပုံပေါ်လွန်းနေပြန်သဖြင့် တစ်ပါးသူသို့ ကူးစက်မည်ကို သိသော်လည်း မထိန်းနိုင်သေးသည်မို့ သူတို့ကို မမြင်စေချင်။

"ငါ မနက် လာခေါ်မယ် မင်း အားလုံး အသင့်ပြင်ထားဟုက်လား သိဟ"

"ခေါ်သာခေါ်သွားကွာ မလိုက်လဲ အိပ်ဆေးခတ်ပြီးခေါ်"

ရယ်သဲ့သဲ့ ဟန်အောင့် အပြောစကားကို ကြားသော်လည်း မရယ်ဖြစ်။ ပေါ့ပါးသော ရယ်သံတို့ ချက်ချင်း ပျောက်လွင့်ကုန်၏။



"မနေ့က အောင်ကျော်ဦးကိုပြောလိုက်တုန်းက ဖြေသာပါတယ်ဆိုတဲ့ ကောင်ကလဲကွာ၊ ထင်တယ် ဒါကြောင့်မို့လို့ ငါက လိုက်ခဲ့လို့ခေါ်တာ၊ တစ်ယောက်တည်း နေတော့ ပိုပြီး သတိတရ ဖြစ်တာပေါ့ကွာ၊ အပေါင်းအသင်းနဲ့ မပြတ်တော့ ခဏတာ ဒမေ့ပျောက်နိုင်ရင်ပဲ ကောင်းတာပေါ့"

မေ့ပျောက်၍လည်း မရချင်။ မေ့ပျောက်၍လည်း မထားချင်ဟု ပြန်ကာ ပြောလိုက်ချင်သော်လည်း စကားသည် ရင်၌သာ ပျောက်၏။

"ဒီအတိုင်း နေလို့ကတော့ မင်းရောဂါပိုဆိုးမယ်"

"မေ့လို့မရ၊ မမေ့ချင်တာတော့ ရှိမှာပေါ့၊ ဒီထက်တော့ ပိုပြီး ဆိုးရွားစေမယ့် မျက်နှာပျက်ရာတွေ မဖြစ်ပါဘူးကွာ၊ မင်းတို့ကို ငါ ကတိပေးပါတယ် ငါ မလိုက်ချင်ဘူး၊ ဒီမှာပဲ အခုလို နေချင်တယ်"

ပြောပြီးသည်မှာ ဘယ်သို့ ပြန်လှည့်ကာ နေလိုက်မိပြန်သည်။ ကျော်ဆန်းထံမှ သက်ပြင်းချသံကို သဲ့သဲ့ ကြားလိုက်ရ၏။

"ငါလဲ မတတ်နိုင်ဘူး၊ ထိန်းချုပ်နေတာပဲကွာ"

ထပ်ကာပြောပြီး ဦးခေါင်းကိုငုံ့ထားဖြစ်ပြန်၏။ ပြောလိုက်သော စကားသံ၏ အားမဲ့မှုကို အားလုံး သိသွားမှာ စိုးမိနေပြန်၏။

"ဟုတ်ပါတယ် ငါတို့အဲဒါကို လက်ခံယုံကြည်ပြီးသားပါ၊ နေခြည့်ကို မေ့မေ့ ပျောက်ပျောက်ဖြစ်သွားဖို့၊ မဖြစ်သင့်တာတွေ ဖြစ်မှာစိုးလို့ မဟုတ်ဘူး၊ အလည်သဘော လိုက်စေချင်လို့ ခေါ်တာ၊ အေးလေ မင်းသဘောပါပဲ"

ကျော်ဆန်း ပြောပြီး ရေနွေးငှဲ့သည်ကို တွေ့၏။

စိတ်သည် လွင့်လွင့်ပျံ့ပျံ့ ဖြစ်ချင်ပြန်သည်။ ဖွင့်ထားသော သီချင်းခွေမှ ခင်မောင်တိုး၏ မေတ္တာမီးအိမ်သီချင်းက ပျံ့လွင့်လာပြန်၏။

ရင်သည် တိုင်းဆမဲ့။

"အင်းလေ ငါ လိုက်ခဲ့ပါ့မယ်"

"အကောင်းဆုံးပဲ သီဟ မင်းလိုက်သွား"

ဟန်အောင် စကားဆုံးတော့ သီချင်းသံသို့ စိတ်ကို လွှမ်းထားမိပြန်၏။

ဘယ်သူက ကိုယ့်ချစ်သူနှင့် အဝေးဆုံးမှာ နေချင်မှာတဲ့လဲ။

* * *

## အခန်း ( ၄ )

နှခင်၏ စူးစိုက်ကြည့် မျက်ဝန်းမှာ အကြင်နာရိပ်တို့ ပါလာသည်ကိုတွေ့၏။

"နှင်တို့ကလဲဟာ.... တကယ်နေနိုင်တယ်"

"နေနိုင်တယ်ရယ်လို့တော့ မဟုတ်ပါဘူးဟာ၊ အမြဲသတိရနေတာပါ၊ လာမယ် လာမယ်နဲ့ စိတ်ကတော့ ရောက်သား၊ အခုမှပဲ နှံခင်ရောက်လာတာနဲ့"

သီတာပြောရင်း ဆက်တီနောက်မှီကို ကျောကပ်လိုက်၏။ နှခင်အကြည့်တို့ ပြတင်းသို့ ရွေ့သွားပြီကို သတိထားဖြစ်မှ နှခင်ထံ တစ်ဝေ့ကြည့်နေမိလိုက်သည်ပဲ။

"သမီးတို့ကလဲကွယ်....၊ နေနိုင်လိုက်ကြတာ၊ နေခြည်ကလဲ အိမ်ထဲက အိမ်ပြင်မထွက်ဘူးလေ၊ အအေးသောက်လိုက်ကြဦး"

မေမေအခန်းတွင်း ဝင်လာကာ ယူလာသော အအေးပုလင်းများကို ချပေးရင်း ပြော၏။ အလုပ်မအားလို့ပါဟု သီတာပြော၏။

"အေးဟာ....နင့်အဖြစ်ကလဲ"

မေမေ အခန်းတွင်းမှ ထွက်သွားသည်နှင့် သီတာ ညည်းပြောပြောလာ၏။ နုခင်အကြည့်ဝိုင်းသို့ ပြန်လည်လာသည်။

"နင့်မိဘတွေကို ထပ်ပြီး မငြင်းဘူးလား"

"ပြောကြည့်ပြီးပြီလေ၊ ဘယ်လိုမှ ငြင်းလို့မှ မရတော့ဘဲ"

"ဒါဖြင့် လက်လျှော့လိုက်ပြီပေါ့"

သီတာမေးရင်း ကိုယ်ကို ရှေ့ကိုင်းသည်။ ဦးခေါင်းညိတ် ခေါင်းခါမပြုဖြစ်ပြန်။ ရင်မှာ ဒွိဟစိတ်တို့ ဖြစ်လာရပြန်သည်။

"နင်တို့ အားလုံးကြားပြီးရောပေါ့"

"အင်း- ကြားပြီးပြီ၊ အရင်က ငါတို့မလာတာ စိတ်မရှိပါနဲ့ဟာ၊ နင်တို့အဖြစ်ကို မကြည့်ရက် မမြင်ရက်လို့ပါ၊ အခုတော့ ဘာပဲ ပြောပြောလာရသွားရတာ ဘော်သေးတယ်လေ...."



နုခင်စကားဆုံးတော့ သူ့ကို သတိတရရှိ၍ လာရပြန်သည်ပဲ။ သီတာက အအေးစုပ်ပိုက်တံကို ပြန်ချတ်လိုက်ပြီး အကြည့်ဝေ့လာ၏။ သောက်လေဟာဟု နုခင်ကို ပြောဖြစ်၏။

"ငါ သူ့ကိုသနားတယ်ဟာ"

ပြောပြီး စကားကို ရပ်ထားမိပြန်၏။

"တစ်ခါတလေ ဘာပဲဖြစ်ဖြစ် ဆိုပြီး အိမ်ပေါ်က ဆင်းချင်တာယ်၊ အားလုံး အစီအစဉ်တွေ ဆွဲပြီးမှ ဒီလိုဖြစ်သွားမယ်ဆိုရင် မေမေတို့မျက်နှာပျက်ရမှာကို စိုးတယ်လေ၊ ငါ့မျှော်လင့်ချက်တွေကိုတော့ လက်မလျှော့သေးပါဘူး၊ ငါကြိုးစားနေဦးမှာပါ"

ပြောပြီး ပြတင်းမှ အပြင်သို့ငေး၏။ အတန်ကြာသည်အထိ တစ်ယောက်မျှ စကားမဟ။

"သူ ငါ့အပေါ် အသက်လောက် ချစ်တယ်ဆိုတာ ငါသိတယ်၊ ယုံသဲယုံတယ်၊ သူ့မျှော်လင့်ချက်တွေကို ဖြည့်ဆည်း မပေးနိုင်တဲ့ ငါ့ဘက်ကသာ...."

ရှေ့ဆက်ရန် စကားသည် လည်ဘွင်နင့်၏။ သူ့လိုပင် အသက်ပေးရလောက်အောင် ချစ်မိသူပါဟု ရင်တွင်းမှ ဖြစ်နေသည်ပဲ။

"ကံကြမ္မာပေါ့ဟာ.... ချစ်သူတိုင်း ညားကြ

တာမှ မဟုတ်ဘဲ၊ ငွေရှာရမှာတွေ လူမှုရေးတွေ ဘာအရေး ညာအရေးတွေကလဲ ရှိသေးတဲ့ဟာ”

သီတာ စကားဆုံးတော့ ပြေသာသလိုနေပေါ့ဟာဟု ပြောလာ၏။ မည်သို့မျှ မဖြေနိုင်သည့် ခံစားမှုအစုပါဟု ပြန်ကာ ပြောလိုက်ချင်သေး၏။

* *

“မောင်မျိုးဝင်း မရောက် လာ တာ တောင် တစ်ပတ်လောက် ရှိသွားပြီ”

“အလုပ်များနေလို့ နေမှာပါ”

မေမေ့ စကားကို ဖေဖေက ဖြေရင်း ဖတ်လက်စ သတင်းစာကို စားပွဲပေါ်သို့ လှမ်းပစ် တင်လိုက်သည်။ ပြတင်းပေါက်တွင် နားနေသော ငှက်ကလေးများကိုငေး ကြည့်နေဖြစ်၏။

“အခါတိုင်းလဲ အလုပ်ထဲကနေ ရောက်လာ တတ်သေးတာပဲဟာ၊ အခု ဒီက တိုက်ကိုတောင် အကြည့် ရောက်မလာတော့ဘူး၊ သူ့တပည့်တွေ နဲ့ပဲ လွှတ်ထားတော့တာ၊ နောက်ပြီး ဒီတစ်ပတ် ဖိတ်စာ ရိုက်ချင်တယ်လဲ ပြောသေးတယ်လေ”

“ပြောထားရင်တော့ ရောက်လာမှာပါ”



မေမေက ဖေဖေ့ထံ မျက်စိဝေ့ဝေ့ကြည့်၏။ ထိုင်ရာမှ အခန်းပြင်သို့ ထွက်မည်ပြင်သော်လည်း မထွက်ဖြစ်။

“သူ ရောက်မလာရင်လဲ ရသေးတယ်၊ ဖိတ်စာ က မရိုက်ရင် ရသေးတာပဲဟာ၊ အခုဟာက တိုက် ကို သူ့တပည့်မောင်သီဟလဲ ရောက်မလာဘူး”

“ဟုတ်လား”

မေမေ စကားဆုံးတော့ ဖေဖေ ကိုယ်ကို ရှေ့ကိုင်း ရင်း မေးသည်။ ပြီးတော့....အကြည့်ရောက်လာသည်မို့ မနေတတ်ပြန်။

သူ့ကို အလုပ်ထုတ်မည့် အကြောင်း မေမေတို့ မသိ သေးပါလားဟု တွေးမိနေသေး၏။

“အခု ဒီမှာ ဘာကျန်သေးလဲ”

“လက်သမား ပန်းရံကိစ္စတွေတော့ပြီးကုန်ပြီ ပြောတာပဲ၊ မီးရိုက်တာနဲ့ ဆေးသုတ်တာပဲ ကျန် တော့တယ်လေ”

“ဪ....ဒါကြောင့်မလာတာနေမှာပါ....”

ပြောပြီး ဖေဖေ ကိုယ်ကို နောက်သို့ပြန်မှီလိုက်သည်။

“သမီး... ဖုန်းလေး ဘာလေး ဆက်ပြီးမေး ကြည့်ပါဦးလား”

“မေမေမေးကြည့်လို့ ရတာပဲ”

စကားအဆုံးမှာ မေမေမကျေမနပ်ကြည့်လာ၏။ဟုတ် တာပဲ၊ မင်းဆက်လဲ ရတာပဲဟု ဖေဖေ ဝင်ပြောတော့ ဖေဖေ့ဘက် လှဲသွား၏။

"သမီး"

ခေါ်သံကြောင့် မေမေ့ဘက် လှည့်၏။

"မေမေတို့ကို အမှန်အတိုင်းပြောစမ်း၊ သမီးတို့ ဘာတွေအခန့်မသင့်ဖြစ်ကြသေးလဲ"

"ဘာမှ မဖြစ်ပါဘူး မေမေ"

"ဘာမှ မဖြစ်ပါဘူး ဆိုတာတော့ မဟုတ်နိုင်ဘူး၊ ငါ အစောဆီ ဖုန်းဆက်ကြည့်ဦးမယ်"

ပြောပြီး မေမေ ထိုင်ရာမှထသည်နှင့် ဧည့်ခန်းတွင်းမှ ထွက်ခဲ့သည်။

* * *

"သမီး....အစောက သမီးနဲ့ စကားပြောချင်တယ်တဲ့"

မေမေ့ စကားသံကြောင့် ရပ်နေရာ ပြတင်းပေါက်မှ ခွာပြီး အောက်ထပ်သို့ဆင်းခဲ့သည်။ မေမေ့အနားမှကပ်လိုက်လာသော်လည်း မျက်နှာမူ မကောင်း။

ဧည့်ခန်းတွင်းရောက်တော့ ဖေဖေလည်း ထိုနည်းတူ အားလုံးကို မျက်ကွယ်ပြုပြီးပုခက်ဘေးယှဉ်ချထားသော ဖုန်းကိုကောက်ကိုင်လိုက်သည်။



"သမီးလား"

"ဟုတ်ကဲ့ အန်တီ"

ဖုန်းခွက်ကိုကိုင်ပြီး ချောင်းဟန့်သည်နှင့် တစ်ဖက်မှ အမေး စ၏။ ခေါင်းညိတ်ပြမည် လုပ်ပြီးမှ မဖြစ်နိုင်ပါလား အသိဝင်ကာ အသံပေးလိုက်ရ၏။

"သား မလာတာ ဘယ်နှစ်ရက်ရှိသွားပြီလဲ"

"မသိဘူး အန်တီ"

သက်ပြင်းချသည် ထင်သည်။

"သားကြောင့် အန်တီတော့ စိတ်ညစ်တယ် သမီးရယ်၊ ပြန်လာရင် အလွန်အကျွံ မူးမူးလာတယ်၊ တချို့ရက်တွေဆို အိမ်ကိုတောင်မပြန်ဘူး၊ အလုပ်ထဲမှာအိပ်တယ် ပြောတာပဲ၊ မူးလာတိုင်း သမီးအကြောင်း အမြဲပြောတယ်၊ သားက သမီးကို မေးတယ်ဆို၊ ရည်းစားရှိခဲ့လားလို့၊ သမီးကရှိတယ်လို့ ပြန်ဖြေခဲ့တယ်ဆို၊ ဟုတ်လား"

"ဟုတ်တယ် အန်တီ"

အတန်ကြာသည်အထိ စကား မဆက်။ ပြတ်တောက်လျှင်လည်း ပြတ်တောက်တော့ဟု နောက်ဆုံး မျှော်လင့်မှုဖြင့် ပြောလိုက်မိသည်ပဲ။

ဖေဖေ့ဘက်လှမ်းကြည့်တော့ ရေနွေးပန်းကန်ကို မှုတ်သောက်နေသည်ကို မြင်၏။ မေမေ့ အကြည့် ပြတင်းသို့ ရောက်နေသည်ကိုတွေ့သည်။

"အဲဒီလိုပြန်ဖြေလိုက်တာကို သူ မကျေနပ်ချင်ဘူးသမီးရယ်၊ မောင်သီဟနဲ့ကိစ္စကိုပါ ထပ်ကြားလိုက်တော့ပိုဆိုးသွားတာပေါ့၊အဲ့ဒါတွေအားလုံးကိုသူခွင့်လွှတ်နိုင်သေးတယ်တဲ့၊ဒီနေ့အထိသမီးချစ်သူကိုမေ့လို့မရဘူး၊ နောင်လဲ ဒီအတိုင်းပဲ ဖြစ်လိမ့်မယ်ထင်တယ်ဆိုတဲ့ သမီးစကားက သူ့ကို တော်တော်လေး ထိခိုက်ရှာတာ၊ သ မီး ကို သားကအရမ်းစွဲလမ်းနေရှာတာပါသမီးရယ်၊ သမီးအနေနဲ့ခွဲခါစဆိုတော့ ဘယ်မေ့လို့ရဦးမှာလဲ၊ ဒါ ဖြစ်ထိုက်ပါတယ်သမီးရယ်၊ ဒါပေမယ့် အဲ့ဒါကိုသားကြားတော့ နားထဲ အဝင် ဆိုးသွားရှာမှာပေါ့၊ နောက်ကိုဆင်ဆင်ခြင်ခြင်ပြောပါသမီးရယ်၊အစစစီစဉ်ပြီးကာမှနှစ်ဖက်မျက်နှာပျက်ကြရမယ့်အလုပ်တွေလေ၊ ဒါ....အန်တီ့ အနေနဲ့ သမီးမိဘတွေဘက်က လိုက်ပြီးပြောတဲ့ စကားပါ"

မည်သို့မျှ ပြန်မဖြေဖြစ်။ ခဏနေတော့....

'ကဲ....အန်တီ ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ အန်တီ"

တစ်ဖက်မှ ဖုန်းချသည်နှင့် ကိုင်ထားသော ဖုန်းကိုပုခက်ပေါ်သို့ ပြန်တင်သည်။ ဖေဖေ ချောင်းဟန့်သံကိုကြား၏။



"ဖေဖေတို့အားလုံးသိပြီးပြီ ဆင်ခြင် ပြောဆိုပါ၊ သမီးကို တစ်ဖက်က ခွင့်လွှတ်လို့ တော်သေးတယ်၊ နို့မို့ မျက်နှာပျက်ရမှာ...."

ဟု ဖေဖေ ညည်းပြော ပြောလာ၏။

* * *

# အပိုင်း ( ၃ )

## အခန်း ( ၁ )

လိပ်စာ အရ သည် အဆောင်ပင် ဖြစ်မည် မှန်းကာ အဆောင်တံခါးဝတွင် ရပ်လိုက်သည်။ အဆောင်ရှိရာဘက် လှမ်းကြည့်သော်လည်း မည်သူ့ ကိုမျှ မတွေ့ရ။ အချို့ အခန်း များသာ ဖွင့်လျက်။ အခန်း အများစုကို သော့ တန်းလန်းနှင့် မြင်ရသည်။

အထဲဝင်ပြီး မေးမည် စိတ်ကူးပြီး အဆောင်ပိုင် အိမ် ဘက်သို့ လှမ်းအကြည့်မှာ အိမ်တွင်းမှ ထွက်လာသော အမျိုး သမီးကြီးကို မြင်သည်မို့ အပေါက်ဝ တွင်သာ ရပ်ရင်း မျှော်လှင့် တကြီး ကြည့်နေမိလိုက်၏။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ကျွန်မ ဟို....ကိုသီဟနဲ့ တွေ့ချင်လို့ပါ"

"ဩော်...."

မျက်မှောင် တတွန့်တွန့်၏။ ခဏနေတော့ ပြန်ဖြေသည်။

"မရှိဘူးကွယ့် ခရီး ထွက်သွားတယ်၊ လေးငါး ရက်လောက် ရှိသွားပြီ၊ ဘယ်သူ့လို့ပြောလိုက်ရမလဲ ပြန်လာရင် ပြောပေးမယ်လေ"

ရင်မှာ အပျော်တို့ လွင့်ပြေးကုန်၏။ ပင့်သက်ရှည်ကို ချမိလျက်သား ဖြစ်၍နေသည်။

"ဘယ်ကို သွားတယ်ဆိုတာ ပြောမပြနိုင်ဘူးလား အန်တီ"

"အဲဒါတော့ အန်တီ မသိဘူးကွယ့်၊ သူသွားခါနီး သူ့ သူငယ်ချင်း တွေတော့ မကြာခဏ ရောက်လာကြသား"

မည်သို့ လုပ်ရမည် လဲ အတန် တန် တွေးနေဖြစ်သေး၏။ ပူသော ဦးနှောက်က ခဏမှာ အဖြေ မရချင်။

သီတာ့ထံ သွားပြီး အကူအညီ တောင်းမည် စိတ်ကူးမိ၏။

"သွားခွင့်ပြုပါဦး ရှင်"

"ဩော်....အေးအေး ဘယ်သူလို့ ပြောလိုက်ရမလဲ"

"မပြောနဲ့တော့ အန်တီ"

ပြောပြီး ခြေကို သွက်သွက် လှမ်းသည်။ အရာရာတွင် နောက်ကျမှု၊ နှောင့်နှေးမှုတို့ မရှိစေချင်တော့။

* * *



ထည့်စရာ ရှိသည်များကို ခရီးဆောင် အိတ် အတွင်း အလျင် အမြန် ထည့်နေမိရင်း သီတာ ပြော လိုက်သော နယ်ကို အမြန် ပြန်ရွတ် နေမိ၏။ ငါပါ လိုက်ခဲ့ရမည် လားဟု သီတာ မေးသည်ကို မလိုက်နဲ့တော့ ငါ့ဘာသာ သွားမယ်ဟု ပြောဖြစ်ခဲ့၏။ သီတာ့ မျက်နှာမှ အပျော် ရိပ်တို့ကို ဆုပ်ဖမ်းမိခဲ့သေးသည်ပဲ။

သီတာက ခရီးစဉ် အားလုံးကို သူ သိရ သလောက် ပြောပြခဲ့သဖြင့် ခရီးလမ်း ဖြောင့်ဖြူးနိုင်မည် တွေး၏။

ခရီးဆောင် အိတ်ကို ပခုံးသိုင်း လွယ်လိုက်ပြီး အခန်း တွင်းမှ ထွက်သည်။ ပြီးစီး သွားပြီ ဖြစ်သော တိုက်သစ် လေးဘက် တစ်ချက်ကြည့်ရင်း သူ့ကို မြင်လွှာမှာ မြင်လာ မိသည်မို့ ခြေလှမ်းကို မရွေ့ဖြစ်ဘဲ အတန်ကြာ ငေးတွေ ကြည့်နေမိလိုက်သေး၏။

ဝေ့ခနဲ တိုက်လိုက်သော လေကြောင့် အသိကို ပြန် ထိန်းပြီး လှေကားကို စ ဆင်းသည်။

သူမည်သို့ ခံစားနေရပြီလဲ။ နေခြည့်ကို သတိမှ ရရဲ့ လားဟု တွေးမိနေသေး၏။ သတိတရ ရှိစေချင်သည်ပဲ လေ။ ဘယ်သူက ကိုယ့်ချစ်သူ၏ အမုန်းအမေ့ကို ရင်ဆိုင် ချင်ပါမည်လဲလေ။

* * *

ဟိုင်းလတ် အမြန် ကားလေးပေါ် လှမ်းတက်လိုက်ပြီး ဘယ်အချိန် ထွက်မည်လဲဟု မေးဖြစ်တော့ လူပြည့်တာနဲ့ ထွက်မှာပါဟု စကား ပြန်၏။ ကားပေါ်ရှိ လူ များကို ဝေ့ကြည့်တော့ တစ်ဝက်ကျော်ကျော်လောက်ပဲ ရှိသေးသည်ကို တွေ့၏။ ပင့်သက်ကိုချရင်း ရောက်ချိန် တန်တော့ ရောက်မှာပါဟု ရှေ့လောနေသော စိတ်ကို ဖြေရသည် လေ့။

"နေခြည်"

အသံကြောင့် မှေးစင်း ထားသော မျက်ဝန်းကို ဖွင့်ဖြစ်တော့ ကိုမျိုးဝင်းကို တွေ့၏။

"ဘယ်သွားမလို့လဲ"

"ကို....ကိုသီဟ နောက် လိုက်မလို့"

"ဪ....ဟုတ်ပါရဲ့၊ နယ် ခရီး ထွက်သွားတယ် ကြားတယ်"

ပြောပြီး ကားကို တစ်ဝေ့ကြည့်သည်။ ဘယ်မြို့လဲ မေးသဖြင့် ဖြေလိုက်သည်။

"မြို့ပေါ်တင်လား၊ ကျွန်တော်လဲ အဲဒီ မြို့ကို သွားမှာ လမ်းခရီး မပျင်းတော့ ဘူးပေါ့ဗျာ.... ဟုတ်လား"

"ဒါဆိုလဲ ကားပေါ် တက်လေ"



စကားဆုံးတော့ ကိုမျိုးဝင်း ကားပေါ် ရောက် လာ၏။

"ခရီးကလဲ ကြုံလွန်းတယ်ဗျာ....ဒီလို လုပ်ပါလား နေခြည်၊ သီဟ နေတဲ့လိပ်စာကို ကျွန်တော့် ပေးလိုက်ပါလား၊ ကျွန်တော် ဝင်ပြော ပေးမယ်လေ"

"ရတယ် ကိုမျိုးဝင်း.... ကျေးဇူးပဲ၊ ကျွန်မ ကိုယ်တိုင် သူနဲ့ တွေ့ချင်တယ်၊ ဒါ့ကြောင့် ပါ"

ရယ်တစ်ဝက် စကားဆုံးတော့ ကိုမျိုးဝင်း မျက်နှာ တည်သွားရင်း ကား နောက်ပိုင်းကို ငေးသည်ကိုတွေ့၏။

"ပြောမယ့်သာ ပြောရတာပါ၊ ကျွန်တော့် အမှားအတွက် သူ့ကို ရင်မဆိုင်ရဲသေးဘူး"

တိုးသဲ့သော စကား အဆုံးမှာ ကားစက်နှိုးသံကို ကြားရ၏။

"ကိုမျိုးဝင်းကရော ဘာသွားလုပ်မှာလဲ"

မေးပြီးမှ မေးသင့်မသင့် စဉ်းစား ပြီး အားနာ သွားရ၏။ ကိုမျိုးဝင်း သဲ့သဲ့ရယ်သည်ကို တွေ့မှ ရင်မှာ အေးသယောင်ရှိ၏။ ကားဘီး စအလှိမ့်မှာ ကိုယ်သည် ယိမ်းနွဲ့လျက် သူ့ကိုယ်နှင့် ထိ၏။

"အလည်အပတ် သဘောမျိုးပေါ့ဗျာ"

ရယ်တစ်ဝက် ပြောရင်း အပေါ် လက်ကိုင်တန်းကို လှမ်းကိုင်သည်။ ချိုင့်ခွက်တို့ကြောင့် ကားသည် မငြိမ်ချင်။ လှုပ်လှုပ်ယိမ်းယိမ်း ဖြစ်နေသည်မို့ လက်ကိုင်တန်းကို ဆုပ်ကိုင်ထားရင်း ကိုယ်ကိုထိန်းနေဖြစ်၏။

နှစ်ယောက်ကြား မည်သို့မျှ မပြောဖြစ်။

* * *

## အခန်း ( ၂ )

ပေါ်တီကို အောက်တွင် ကားရပ်သံ ကြားရပြီး ကြည့်လိုက်သောအခါ ကိုမျိုးဝင်း ကားပေါ်မှ ဆင်းလာသည်ကို တွေ့သည်။

ဖွင့်ထားသော တံခါးမှ အတွင်းသို့ ဝင်လာပြီး သည်မှာ ဘက်သို့ ဝေ့ဝဲကြည့်ကာ အပြုံး တစ်ဝက်နှင့် လျှောက်လာ၏။

ရှေ့ရှိဆက်တီခုံတွင် ဝင်ထိုင်ရင်း စီးကရက်တစ်လိပ်ကို မီးညှိ ရှိုက်ဖွာနေသေး၏။ ပြီးမှ ရှိုက်ဖွာပြီး မီးခိုးငွေ့များကို မှုတ်ထုတ်ရင်း—

"ဦးတို့ရော၊ နေခြည်"

"ဖေဖေနဲ့မေမေ အလှူတစ်ခုသွားတယ်"

ကိုမျိုးဝင်း ဆက်တီနောက်ကိုမှီလိုက်ပြီး ဆေးလိပ်ကို ရှိုက်ဖွာနေပြန်သည်။ ကော်ဖီဖျော်ပေးရန် ထိုင်ရာမှ ထသောအခါ–

"ဘယ်လဲနေခြည်"

"ကော်ဖီ သွားဖျော်မလို့ပါ"

"နေပါစေ နေခြည်၊ ကျွန်တော် မသောက်ချင်တော့ဘူး၊ ထိုင်ပါဦး"

စကားဆုံးတော့ ပြန်ထိုင်လိုက်သည်။

"ကျွန်တော် အချိန်ယူပြီး စဉ်းစားဆုံးဖြတ်ခဲ့တဲ့ဟာကို နေခြည်ကိုလဲ သိစေချင်တယ်လေ....၊ အဲဒါကို ပြောမလို့ ကျွန်တော် အခုရောက်ခဲ့တာပါ"

မျက်ဝန်း လှန်ကြည့်မိ၏။ ကိုမျိုးဝင်းက မှီထားသော ကိုယ်ကို ရှေ့သို့ကိုင်းထိုင်လိုက်ပြီး–

"ကျွန်တော် နေခြည့်အပေါ် မြတ်မြတ်နိုးနိုး ချစ်ခဲ့မိတယ်၊ ဒါကြောင့်လဲ ကျွန်တော့် အမေကို ဖွင့်ပြောပြီး နီးစပ်နိုင်ဖို့ကို ကြိုးစားခဲ့တယ်လေ၊ အခုဆိုရင် နီးစပ်ဖို့လဲ သိပ်မလိုတော့ပါဘူး၊ ဒါပေမယ့် ရယူပိုင်ဆိုင်လိုတဲ့ အချစ်နဲ့ နေခြည့်ကို စိတ်ဆင်းရဲအောင် လုပ်သလို ဖြစ်နေပြီလား၊ လုပ်နေမိပြီလားပေါ့လေ၊ ကျွန်တော်အဓိကထား စဉ်းစားလာမိတယ်"



ပြောပြီး တစ်ချက် ကြည့်ပြန်၏။ မည်သည့်စကားကို ပြန်ဆိုရမည်မသိစွာ ငိုင်တွေနေမိသည့်အဖြစ်။

"နေခြည်က ယနေ့အထိ သီဟာအပေါ် အချစ်မပျက်သေးဘူး၊ သတိတရ ရှိနေတယ် ဆိုတာ နေခြည်နေထိုင်ပုံရယ်၊ ပြောခဲ့တဲ့ စကားရယ်က သက်သေ ခိုင်နေတယ်လေ၊ တစ်ခု ကျွန်တော် ဖြတ်ပြီးပြောပါရစေ၊ အဲဒီလို သစ္စာကြီးစွာနဲ့ ချစ်သူအပေါ် အသက်ပေးရမလောက် ချစ်တတ်တဲ့ သူတွေကို ကျွန်တော်လေးစားတယ်၊ ချစ်သူရဲ့ တုံ့ပြန်မှုကို မမျှော်လင့်ဘဲ ပေးဆပ်မှု တစ်ခုတည်းနဲ့ လိုအင် အားလုံးမဟုတ်တောင် အတတ်နိုင်ဆုံး ဖြည့်ဆည်း ပေးတတ်ကြတဲ့ အချစ်မျိုးဆိုတာ ကျွန်တော်သိတယ်၊ ယုံကြည်တယ်လေ"

စကားရပ်ကာ ပြတင်းသို့ ငေးနေပြန်၏။

"ဒါပေမယ့် ကျွန်တော်က ရယူပိုင်ဆိုင်မှု တစ်ခုတည်းကိုသာကြည့်ပြီး ဒီလိုချစ်ခဲ့၊ သံယောဇဉ်ရှိခဲ့တဲ့ သီဟာကိုတောင် ပြိုင်ဘက် တစ်ဦးလို မြင်ပြီး လက်တွဲ ဖြုတ် ခဲ့မိ တယ်၊ ကျွန်တော် မှားတယ်ဗျာ"

စကားမဆက်ပြန်။ ပင့်သက်တစ်ချက်ချသည်ကို တွေ့၏။ ဘာတွေကို ဘယ်လိုပြောချင်၍ သည်မျှစကား မျိုးနေသည်ကို မသိပြန်။

"ဒါတွေ ထားပါတော့၊ ကျွန်တော့် အလို ဆန္ဒအရ နေခြည်နဲ့ ပေါင်းရပါပြီတဲ့၊ နေခြည့် အနေနဲ့ စိတ်ဆင်းရဲခြင်း ကြီးစွာနဲ့ အိမ်ထောင် သည်အဘဝကို ဖြတ်သန်းရလိမ့်မယ်၊ ကျွန်တော့် အနေနဲ့က စိတ်ချမ်းသာမယ်ပေါ့၊ ဒါ လတ်တလောအမြင်၊ နောက်ပိုင်းမှာ ဘာတွေ ဘယ်လို ဖြစ်လာနိုင်သလဲ၊ ချစ်သူနဲ့သာ အတူလက်တွဲနေနိုင်မယ်၊ မုန်းသူနဲ့ ဘယ်သူလက်တွဲနိုင်မလဲ၊ အဲဒီအခါ တစ်ချိန်မဟုတ် တစ်ချိန်မှာ နေခြည်ပဲဖြစ်ဖြစ် ကျွန်တော်ကပဲဖြစ်ဖြစ် သည်းခံနိုင်မှု ကုန်ဆုံးလာတဲ့အခါ ပဋိပက္ခတွေဖြစ်လာမယ်၊ အိမ်ထောင်ပြိုကွဲရင်လဲ ကွဲမှာပေါ့လေ...."

ပြောပြီး တစ်ငေးကြည့်ပြန်၏။

"အဲဒီအခါ ကျွန်တော့်အချစ်ဟာ အရာရောက်နိုင်ပါတော့မလား၊ အချစ်အမုန်းနှစ်ခုမှာ အချစ်ကိုပဲ လိုချင်မှာပေါ့၊ ကျွန်တော်မှ မရနိုင်တော့တာ၊ အဲဒီတော့ ချစ်မိသူ ကျွန်တော့်ဘက်က နေခြည်ကို စိတ်ချမ်းသာအောင် စွမ်းဆောင်ပေးရမယ်လို့ မြင်လာတယ်လေ....။

"အချစ်နဲ့ပဲ နားလည် ခွင့်လွှတ် ချင်တယ်၊ အမုန်းနဲ့ နာကြည်းမှုကို ရယူဖို့မရဲဘူး၊ မသင့်ဘူးပေါ့ဗျာ၊ ဒါကြောင့် နေခြည်နဲ့ညှိနှိုင်းဖို့အတွက်



ကျွန်တော် လာတာပါ၊ အဖြေကတော့ သိပြီးသားပါလေ"

ပြောပြီး ကိုမျိုးဝင်း ထိုင်ရာမှထသည်။ အံ့ဩခြင်းကြီးစွာဖြင့် ငေးစိုက်ကြည့်နေမိပြန်၏။

"ကျွန်တော် သွားမယ်၊ ဦးလေးနဲ့ အဒေါ် အလူသွားတယ်ဆိုတာမဟုတ်ပါဘူး၊ကျွန်တော်တို့ အိမ် ရောက်နေပါတယ်၊ အားလုံး ရှင်းပြခဲ့ပြီးမှ ကျွန်တော် ဒီကိုလာတာပါ၊နေခြည်တို့ ဘဝလမ်းမှာ တစ်ဦးနဲ့ တစ်ဦး နားလည်ဖြည့်ဆည်းမှုတွေနဲ့ လျှောက်လမ်းနိုင်ပါစေ"

ပြောပြီး အခန်းပြင်သို့ ထွက်သွား၏။

ကဝဲမောင်းထွက်သွားသည်အထိ၊ ရင်သည်မငြိမ်းချင်။

* *

## အခန်း ( ၃ )

"ကျွန်တော် လိုက်ခဲ့ချင်သေးတာ၊ ဒါပေမယ့်
နေခြည်နဲ့ တွေ့ရင် အကျိုးအကြောင်း အလုံးစုံ
ပြောပြပြီးကျွန်တော်ပြောထားတဲ့လိပ်စာအတိုင်း
လိုက်ခဲ့ဗျာ၊ ကျွန်တော် ရှိနေမယ်"

ကားပေါ်မှ ဆင်းဆင်းချင်း ကိုမျိုးဝင်း ပြော၏၊ အတန်ကြာ ထိုင်ခဲ့သဖြင့် နုံးချိချိဖြစ်၍နေ၏။

"ရှင်းပြပြီးတာနဲ့ ကိုမျိုးဝင်းဆီကို အရင်
လာခဲ့မယ်၊ကိုမျိုးဝင်းကို ကျွန်မလေးစားခင်မင်
မိပါတယ်၊ နောင်ကိုလဲ သွေးသားရင်း တစ်
ယောက်လို သဘောထားမိနေဦးမှာပါ"

စကားဆုံးတော့ ရယ်၍ တစ်ဝေ့ကြည့်လှာ၏။

"ကျွန်တော် လိုချင်တာ အဲဒါပဲ့ နေခြည်၊ မေတ္တာတရားနဲ့ ခွဲခွာဖို့ပါ၊ အမုန်း အာဃာတတွေနဲ့ ခွဲခွာဖို့ မသင့်ဘူးလေ"

ရယ်ရင်း ပြောလာ၏။ ကျွန်မလည်း ဒီအတိုင်းပါပဲဟု ပြောရင်း လိုက်ရယ်ဖြစ်၏။ ရင်မှ ပေါ့ပါးမှု တို့က မျက်နှာပြင်တွင် ပုံပေါ်လွန်းနေမည်ပဲလေ။

"တွေ့ရင် သီဟကိုပြောလိုက်ပါဦး၊ ကျွန်တော်က လက်ဆောင်စကား ပြောလိုက်တယ်လို့"

"ဘယ်လို ပြောလိုက်ရမလဲ"

ရယ်တစ်ဝက် မေးဖြစ်၏။

"ကျွန်တော် သူ့ကို ပြောခဲ့ဖူးတယ်၊ ချစ်သူအပေါ် အသက်ပေးမလောက်ချစ်ပြီး ကိုယ့်အတ္တကိုရှေ့တန်းမတင်ဘဲ ပေးဆပ်မှုဆိုတာနဲ့တစ်သက်တာလုံး ချစ်တတ်တဲ့သူတစ်ယောက်ဖြစ်ပါစေလို့"

"ကျွန်မလဲ ဒီအတိုင်းလိုက်နာပါမယ်၊ သူ့ကိုလဲ ပြောဖြစ်အောင် ပြောလိုက်ပါမယ်"

ပြောပြီး တစ်ဖေ့ ကြည့်ဖြစ်ပြန်၏။ ကိုမျိုးဝင်းက လမ်းပေါ်မှ ကျောက်စရစ်ခဲလုံးကိုဖိနှပ်ဦးဖြင့် လမ်းဘေးသို့ရောက်အောင် ရှပ်ကန်လိုက်၏ ပြီးမှ....

"ကဲ....ကျွန်တော်တို့ လမ်းခွဲကြဦးစို့၊ ကားသမားပြောလိုက်တဲ့စကားအရဆိုရင် အဲဒီလမ်းမကြီး အတိုင်း ဝင်သွား၊ ညာဘက် ဒုတိယလမ်းချိုးနော်၊ မှတ်မိတယ် မဟုတ်လား"



"မှတ်မိပါတယ်၊ ကျွန်မ သွားမယ်နော်"

စကား အဆုံးမှာ ကိုမျိုးဝင်း ဦးခေါင်း ညိတ်ကာ လက်ပြနှုတ်ဆက်၏။

*                    *                    *

"ဟိုရှေ့ကအိမ်ပဲ မမ၊ အဲဒီအိမ်မှာ ညွှန်သည်တစ်ယောက်လဲ ရောက်နေတယ်"

ကောင်မလေး လက်ညှိုးညွှန်ရာအိမ်သို့ လှမ်းကြည့်ရင်း ကောင်မလေးကို ကျေးဇူးစကား ပြောဖြစ်ကာ ဆက်လျှောက်လိုက်၏။

အိမ်ရှေ့ရောက်တော့ အိမ်ဝင်းထဲသို့ငေ့ဝဲ့ကြည့်မိလိုက်သေး၏။

"ကိုကျော်ဆန်း....ကိုကျော်ဆန်း"

ခေါ်ရင်း အိမ်ဝင်းထဲသို့ လှမ်းဝင်လိုက်သည်။ တံခါးဖွင့်ထားသည်မို့ တစ်ဦးဦးတော့ ရှိရမည်ဟုပဲ တွေး၏။

နောက်တစ်ခါထပ်ခေါ်မည်အပြုတွင်အိမ်နောက်ဘက်မှ ထွက်လာသော အရိပ်ကိုတွေ့၏။ ကိုယ်နေဟန်ကြောင့် ကိုကျော်ဆန်းဟု ချက်ချင်း သိမိနေ၏။

သိုင်းလွယ်ထားသော ခရီးဆောင် အိတ်ကို ပခုံးမှ ဖြုတ်ယူလိုက်ပြီး တွဲလွဲဆွဲထားလိုက်မိ၏။

"ဟင်....နေခြည်"

"ဟုတ်ပါတယ်၊ ကျွန်မနေခြည်ပါ ကိုကျော်ဆန်းရဲ့"

ရယ်တစ်ဝက် ပြောဖြစ်လိုက်၏။

"ဘာလာလုပ်တာလဲ"

"ကိုသီဟနောက်လိုက်ခဲ့တာ၊ သူရောရှိလား"

"ဟာ....အဲဒါမှ ဒုက္ခပဲ၊ ခဏနေဦးကျွန်တော် လက်ဆေး လိုက်ဦးမယ်၊ ထမင်း စားနေတာ ခေါ်သံကြားလို့"

ပြောပြီး အိမ်နောက်သို့ ပြန်ဝင်ဟန်ပြုသည်။

"သူရောလို့ မေးနေတာလေ"

"အခုနကတင် ရန်ကုန်ပြန်မယ် ဆိုပြီး ထွက်သွားလေရဲ့"

ရင်မှာ လပ်ဟာလို့ သွားရ၏။ မျှော်လင့်တကြီးရောက်သူအတွက် ဘယ့်အတွက် လွဲချော်မှုတို့ ဖြစ်ရပြန်တာလဲဟု အားမရနိုင်စွာ တွေးဖြစ်ပြန်သည်လေ။

"လိုက်ရင် မီနိုင်သေးလား"

"အဲဒါ ပြောလို့မရဘူး၊ လာဗျာ လက်ဆေး မနေတော့ပါဘူး၊ ကားဂိတ်ကိုလိုက်ကြရအောင်"



ပြောပြီး ကိုကျော်ဆန်း အိမ်ပေါ်မှ ဆင်း၏။ အနား မရောက်ခင် ခြေကိုပြန်လှည့်သည်။ ရင်မှာတင်းကျပ်လွန်းစွာ ဖြစ်၍ နေပြန်၏။

"လာ လာ....ဒီဘက်ဖြတ်လမ်းကလိုက်ကြတာ ပေါ့၊ သူလဲ အဲဒီဖြတ်လမ်းက သွားလို့ လွဲသွားတာ"

စကားအဆုံးမှာ ကိုကျော်ဆန်း နောက်မှ လိုက်ဖြစ်၏။

"ရောက်ကတည်းက အိမ်ကပ်တယ် မရှိဘူး၊ မြို့အစွန်က လွမ်းစေတီမှာပဲတစ်နေကုန်သွားသွား နေတတ်တယ်လေ၊ အဲဒါ ဒီနေ့ စောစော ပြန်ခဲ့ကွာ၊ ထမင်းအတူစားဖို့ ငါစောင့်နေမယ်မှာထားလို့ သူအပြန်စောတယ်၊ ဖြစ်ချင်တော့ နေခြည်နဲ့ကို ကားဂိတ်မှာ တွေ့ခဲ့တယ်ဆိုပြီး တားမရဘဲ ပြန်သွားတယ်လေ"

ရင်မှာ နင့်အောင် ခံစားလိုက်ရပြန်၏။ ဘာကြောင့် အဝေးဆုံးလမ်းများကို ရွေးချင်နေရသည်လဲဟုတွေးအမိမှာ ဖြစ်ပျက်ခဲ့သည့် ဒဏ်ကို နားလည်စွာ တွေးမိနေသည်လေ။

ကိုယ်တိုင်ပင် ခံစားခက်ခဲသည့် အဖြစ်ပေပဲ။

အရာရာသော မျှော်လင့်မှုအနာဂတ်တို့လုန်းစည်တော့မှာပါလေ။

*　　*　　*

"ကျွန်တော် အရင် သွားရှာကြည့်မယ်"

ကားဂိတ်နားအရောက်မှာ ကိုကျော်ဆန်း ပြောပြီး အပြေးသွားသည်။ လှမ်းနေသော ခြေကို ပိုသွက်အောင် လျှောက်၏။

မိပါစေဟု ရင်မှာ ဆုတောင်းနေ၏။ စိုးထိတ်မှုတို့ ရင်မှာ နေရာယူလို့ လာပြန်၏။ ကိုကျော်ဆန်း ကားဂိတ်သို့ ရောက်သွားပြီး လူတစ်ယောက်နှင့် စကားပြောသည်ကို တွေ့၏။ ပြီးတော့ သည်မှာဘက်သို့ လှမ်းကြည့်နေသည်ကို မြင်သည်။

မမီတော့ပြီပဲဟု တွေးသိကာ တင်းထားသောအားတို့ ယုတ်လျော့သွားလျက် ခြေလှမ်းသည်ပင် သိသိသာသာ နှေးလို့ သွားရပြန်လေသည်။

"အခုတင် ကားတစ်စီး ထွက်သွားတယ်တဲ့၊ အဲဒီကားပေါ် ပါသွားတယ်ပြောတာပဲ၊ ဟိုလူက ကျွန်တော့် အိမ်နားကလေ"

ပင့်သက်ကို ချလိုက်မိပြီး ကားထွက်သွားသည့် ဘက်ကို ငေးရီလို့ ကြည့်နေမိသည်ပဲ။ သူ့ခံစားမှု အားလုံးကို အလျင်အမြန် ပြေပျောက်စေချင်ပြီလေ။

"နောက်ဆုံးကားတော့ ရှိသေးတယ်"

"အဲဒါဆို....အဲဒီကားနဲ့ ကျွန်မ ရန်ကုန်ကို ပြန်လိုက်သွားမယ်"



"တစ်ရက် လောက် တော့ နေ လိုက် ပါဦး လား"

"ဟင့်အင်း မနေချင်တော့ဘူး"

ပြောပြီး ကားဂိတ်တွင် ရပ်ထားသော ကားသို့ လျှောက်လိုက်သည်။

"အေးဗျာ....ဒီကောင်ကလဲ ကျွန်တော် တားနေတဲ့ ကြားက အတင်း ပြန်သွားတာ။ ထမင်းတောင်စားမသွားဘူး။ ဒါနဲ့ နေခြည်ရော.... ခြောဲ....နေဦး၊ ကျွန်တော် တစ်ခုခုသွားဝယ် လိုက်ဦးမယ်။ ကားပေါ်မှာ စားသွားရတာပေါ့"

"ဝယ်မနေပါနဲ့တော့"

ကိုကျော်ဆန်းလက်ကိုလှမ်းဆွဲရင်း ပြောသည်။ ရပ်ထားသောကားပေါ်သို့ လှမ်းတက်တော့ ကိုယ်တစ်ဦးတည်းရှိသည်ကို သိပြီး ထွက်ဖို့ အချိန်ကြာဦးမည်ပဲ တွေးမိသည်မို့ တစ်ခုခု စားရန်တွေးမိသေး၏။

သူ့ဘာမှ စားသွားရမှာ မဟုတ်ဘူးဟု တွေးမိကာ ကိုယ်လည်း စားချင်သည့် စိတ်ပင်မရှိတော့။

* * *

## အခန်း (၅)

အဆောင်ရှေ့ရောက်တော့ မှောင်စပင်မျိုး နေပြီ။ သည်ပြန်ရောက်တော့လည်း လွမ်းစိတ်က မပြယ်ချင်။ ညတွင်းချင်းပင်ဇာတိသို့ ပြန်ရန်ဆိပ်ကမ်းသို့ ဆင်းမည် စိတ်ကူးမိသေး၏။ နွမ်းယဲ့ယဲ့ ဖြစ်နေမှုကိုသတိထားမိပြီး မိနက်မှပဲ စောစောထကာ သွားတော့မည် စိတ်ကူး၏။

အဆောင်တံခါးကို ဖွင့်ပြီး ခြံတွင်း လှမ်းဝင်လိုက်၏။ အိမ်ရှင်များနေရာ အိမ်ရှေ့မှ ဖြတ်လျှောက်ရင်း နေခဲ့ရာ အခန်းသို့ လှမ်းကြည့်ဖြစ်ပြန်သည်။

''ကိုသီဟ....ကိုသီဟ''

အိမ်ပေါ်မှ ခေါ်သံကြောင့် ခြေတန့်ရပ်ကာ လှည့်ကြည့်မိ၏။ အဆောင်ရှင်၏သား အနားသို့ ရောက်လာ၏။ လက်တွင်း၌ ပါလာသော စာအိတ်ကို ကမ်းပေးသဖြင့် ယူလိုက်သည်။

"မနက်က အမျိုးသမီး တစ်ယောက်က ပေးသွားတယ်တဲ့"

"ဘယ်သူတဲ့လဲ"

မျက်မှောင် တစ်ကုတ်တွန့်ရင်း အသိများကို စဉ်းစားနေဖြစ်ပြန်၏။ သီတာများ ဖြစ်လေမည်လား တွေးသည်။

"နာမည် ပြောမသွားဘူးတဲ့၊ ကိုသီဟ ခရီးထွက်သွားတယ်ဆိုလို့ ပြန်သွားတယ်တဲ့"

"ဩော်....ဒါဖြင့်လဲ ကျေးဇူးပါပဲကွာ"

ပြောပြီး အဆောင်ရှိရာဘက်သို့လျှောက်ရင်း စာအိတ်ကို ကြည့်မိသည်။

စာအိတ်ပေါ်တွင် မည်သည့်စာမျှမတွေ့ရသဖြင့် အသိတစ်ယောက်က အိတ်ပိတ်ပေးသွားသည်ပဲဟု တွေး၏။

အခန်းတွင်းပြန်ရောက်တော့ စာအိတ်ကိုဖောက်မည်ပြင်သေး၏။ နုံးချိနေမှုကြောင့် ရေအလျင်ချိုးရန် သတိရသည်။

* * *



ရေချိုးပြီးတော့ ဗိုက်ဟာနေသည်ကို သတိပြုမိသဖြင့် လမ်းထိပ်ထွက်ပြီး ထမင်းစားလိုက်သေးသည်။ ပြီးမှ အဆောင်သို့ ပြန်ခဲ့၏။

စိတ်သည် ပျံ့ပျံ့လွင့်လွင့် ရှိချင်ပြန်၏။

ကျောင်းဘက်သို့ လှည့်ချင်သော ခြေကို ပြန်ရုပ်ပြီး ပြန်ခဲ့ရသော်လည်း စိတ်ကမူ ကျောင်းတွင်းသို့ ရောက်ရှိသွားသည်ပဲ။

* * *

## အခန်း ( ၅ )

ရန်ကုန် ပြန်ရောက်တော့ ညအတန်နက်နေပြီ။ အိမ်သို့ ပြန်ပြီး မနက်မှ သူ့ထံသွားမည် စိတ်ကူးမိသေး၏။

စီးလာသော ကားဂိတ်အထွက်မှာ လူစောင့်သည်က တစ်မျိုး၊ လမ်းထက်ဝက်မှာလည်း ကားက ပျက်သေးသည်မို့ ရန်ကုန်အဝင်တွင် နောက်ကျလို့သွား၏။

ရန်ကုန်ရောက်ရောက်ချင်း သူ့ထံသွားမည် စိတ်ကူးသည် ပျက်ချင်ချင်။ ကံကြမ္မာသည် ဘယ့်အတွက် သည်အချိန်ထိ နှောင့်ယှက်ရလေသလဲဟု ယူကျုံးမရစွာ တွေးဖြစ်ခဲ့သည်လေ။

အချိန်တို့ကိုစောင့်စားရန် သတ္တိတို့မဲ့ခဲ့ပြီမို့ သူ့ထံသို့သာ အရောက်သွားမည် စိတ်ကူးခဲ့သည်ပဲ။

တွေ့မည်ယုံကြည်သော်လည်း မတွေ့မှာကိုစိုးရိမ်နေမိပြန်သည်။

* * *

## အခန်း ( ၆ )

အခန်းတွင်း ပြန်ရောက်သည်နှင့် စာကို ဖတ်ရန် စိတ်ကူးရ၏။ ပိတ်ထားသော စာအိတ်ကို စားပွဲစွန်းမှ လှမ်းယူလိုက်ပြီး ကွပ်ပျစ်ပေါ် လှဲလိုက်သည်။ ပွင့်နေသော အစမှ ဘောလ်ပင်ကို ထည့်ပြီး ပိတ်ထားသောစာအိတ်ကို ဖွင့်သည်။

စာရွက်ခေါက်ကို ဖြန့်လိုက်တော့ ဆရာ ကိုမျိုးဝင်း လက်ရေးဟု အသိမှာ ပင့်သက်ကို ချ လိုက် မိ လေ သည်။ တစ်ဆက်တည်းပင် နေခြည့်ကို မြင်ယောင်မိပြီး မျက်စိကို စုံမှိတ်ကာ မြင်လွှာမှ ပုံရိပ်ကို မပျောက်အောင် ထိန်းနေဖြစ်ပြန်သည်။



သီဟ....

ငါ့ကို ခွင့်လွှတ်ပါ။

အကျိုးအကြောင်း အားလုံးကိုတော့ မပြောချင်တော့ပါဘူး။ ငါ့ကိုယ်စား ရှင်းပြမယ့်သူ မင်းဆီကို ရောက်လာပါလိမ့်မယ်။

ငါ စိတ်ပြေလက်ပျောက် ခရီးတစ်ခုထွက်မယ်။ အဲဒါ လုပ်ငန်းတွေကို မင်း ပြန်ပြီးကြီးကြပ်ပေးပါဦး။

သူ့ကိုပါ နှုတ်ဆက်ခဲ့တယ်လို့ ပြောပေးပါ။

မျိုးဝင်း

စာဆုံးတော့ ဘယ်သူက ဘာတွေ ရှင်းပြမှာလဲ။ ဆရာကိုမျိုးဝင်း ဘာတွေ အမှားလုပ်မိခဲ့သလဲဟု တွေးနေပြန်၏။ နေ့စွဲကို ကြည့်တော့ သည်နေ့ နေ့စွဲဖြစ်နေသည်။

*　　*　　*

အခန်းတံခါးခေါက်သံကြောင့် အိပ်ရာ ကွပ်ပျစ်ထက်မှ ထ,လိုက်ရင်း စာကို စာအိတ်တွင်းသို့ ပြန်ထည့်လိုက်သည်။

စာအိတ်ကို စားပွဲပေါ် ပစ်တင်လိုက်ပြီး တံခါးရှိရာသို့ လျှောက်၏။ တံခါးကို ဖွင့်တော့ ခေါင်းရင်းခန်းမှ ကိုခင်လှိုင် ဖြစ်နေသည်ကို တွေ့၏။

"ရွှေ့မှာ ညည်းသည် ရောက်နေတယ်၊ အမျိုးသမီးပွဲဗျ၊ ခရီးဆောင်အိတ်တွေလဲ ပါတယ်၊ တစ်ခါတည်း အိမ်ပေါ်က ဆင်းလာခဲ့ပြီနဲ့ တူတယ်၊ သွက်သွက်လေး လုပ်ထားဗျာ၊ အဖတ်တင်တာပေါ့၊ ဒါနဲ့ ဘယ်တုန်းက ပြန်ရောက်လဲ ကိုသီဟ"

"သိပ် မကြာသေးဘူး ဘယ်သူတဲ့လဲ"

"အဲဒါ မမေးမိခဲ့ဘူး၊ သွားလိုက်ဦး"

ပြောပြီး သူ့အခန်းရှိရာသို့ လျှောက်သွား သဖြင့် အခန်းတံခါးကို ပြန်စေ့ပြီး အဆောင်ရွှေ့သို့ ထွက်ရန် လျှောက်ခဲ့သည်။

လျှောက်ရင်းမှ ခြံတံခါးဝတွင် ရပ်ရင်း သည်မှာဘက်သို့ ကြည့်နေသော နေခြည်ကို အမြင်မှာ ခြေလှမ်းသည် တန့်ရပ်လို့ သွားရပြန်၏။ ခရီးဆောင်အိတ်ကို လွယ်လျက် တွေ့သဖြင့် နေခြည်စွန့်စားလေပြီလား တွေးစဉ် အခုနက ဖတ်ခဲ့သော စာကို ပြန်သတိရမိပြန်၏။

အကျိုးအကြောင်း ရှင်းပြမည့်သူ မင်းဆိ လာလိမ့်မယ်ဟူသော စာသားကို သတိရမိပြီး ခြေကို သွက်အောင် ပြန်လှမ်း၏။ နေခြည့်မျက်နှာမှ အပြုံးတစ်စကို ရေးရေး တွေ့ရလေသည်။

"နေခြည်...."

အနား ရောက်ခင် နှုတ်မှ ခေါ်ဖြစ်နေ၏။

"နေခြည် ဘာလာလုပ်သလဲ"



"ပြေလည်သွားတာတော့ ပြောမလို့၊ ကိုကျော်ဆန်းဆီကိုလဲ ရောက်ခဲ့တယ်၊ အခုတင် ဒီကို ပြန်ရောက်တာ"

"ဘာရယ်....ကျော်ဆန်းဆီလဲ ရောက်ခဲ့တယ်၊ နောက်ပြီး အခုတင် ဒီကို ပြန်ရောက်တာ ဟုတ်လား"

"အင်း...."

နေခြည် ခေါင်းညိတ် ဖြေအပြီးမှာ တံခါးကိုဖွင့်ပြီး အပြင်သို့ ရောက်နေလေပြီ။ ကျော်ဆန်း တားသည်ကို ငြင်းဆန်မိခဲ့သည့်အဖြစ်ကို နောင်တရ၏။ ရင်မှာ ငြိမ့်ငြိမ့် ခုန်လှုပ်လျက် ဝမ်းသာမှုသည် အစားထိုး ဝင်ရောက်လို့ လာသည်။

"ဘာတွေ ဘယ်လို ပြေလည်သွားတာလဲဟင် နေခြည်"

"အသေးစိတ် ကိုတော့ မပြောတော့ဘူး၊ နောက်မှ ကိုမျိုးဝင်းက အစစ ပြေလည်အောင် လုပ်ပေးတယ်လေ၊ ကိုမျိုးဝင်းကို လေးလဲ့လေးစားတယ်၊ ခင်လဲ ခင်မင်မိလိုက်ဘယ်"

ပြောရင်း ဆို့နင့်လာသဖြင့် စကားစကို ရပ်ထားလိုက်မိသည်လား မပြောတတ်။

"ပြောပါဦး၊ ဒါဖြင့် အခုနေခြည် ကိုယ့်ဆီ အပြီးလာတာလား"

"အိမ်ပြန်ရဦးမယ်"

ပင့်သက်ကို ချလိုက်မိ၏။

"ဖေဖေနဲ့ မေမေကလဲ သဘောတူပါတယ်တဲ့"

"တကယ်...."

"အင်း....၊ ဩော်–ပြောဖို့မေ့နေတယ်၊ ဆရာကိုမျိုးဝင်းက စကားလက်ဆောင် ပါးလိုက်တယ်လေ...."

"ဆရာက ဘယ်မှာကျန်ခဲ့လဲ"

"ကိုကျော်ဆန်းတို့ မြို့မှာ"

ပြောပြီး တစ်ချက် ငိုင်သွားသည်ကို သတိထားဖြစ်ပြန်၏။

"နေခြည်လဲ့ သူ့စကားလက်ဆောင်ကို မြတ်နိုးတယ်၊ ချစ်သူအပေါ် အသက်ပေးမလောက်ချစ်ပြီး ကိုယ့်အတ္တကို ရှေ့တန်းမတင်ဘဲ ပေးဆပ်မှုဆိုတာနဲ့ တစ်သက်တာလုံး ချစ်တတ်တဲ့ လူတစ်ယောက် ဖြစ်ပါစေတဲ့"

ပင့်သက်ကိုချပြီးဖြစ်နေပြန်လေသည်။ ဆရာ သည့်နှယ်ရှေ့ဆောင် ပြသွားလေသည်လားဟု ရင်တွင်းမှပြောဖြစ်လိုက်၏။

"ဘယ်ကိုထွက်သွားဦးမယ် စိတ်ကူးလဲ"

"ဟင်...."



တွေနေမှုကြောင့် အမေးစကားကို မသဲကွဲလိုက်။

"ဘယ်ကိုထွက်သွားဦးမယ် စိတ်ကူးလဲလို့"

"ဩော်....သွားစရာရှိတာပေါ့၊ ကိုယ့်ချစ်သူရင်ခွင်ဆီကိုလေ"

ဖြေပြီး သဲ့သဲ့မျှရယ်ဖြစ်၏။ နေခြည်က ပခုံးစွန်းကိုမှေးမှီလာသည်။ လသည် တိမ်ဖြတ်သဖြင့် ပျောက်ကွယ်သွား၏။

လမ်းမီးသည် မျက်တောင်တစ်ဖျတ်ခတ်၏။

ပေးဆပ် ချင်သူအတွက် အရာရာမျှော်လင့်မှုတို့ ပြည့်စုံရလေပြီပဲဟု တွေးအမိမှာ ရင်သည် လှုပ်ရှားလို့ လာရသည်လေ။

**သက်ပိုင်စိုး**

၁၃-၁၁-၆၄